ပဲခူးစာစဉ်(၁၄)

# အရှင်ဇဝန(ပဲခူး)
# ကျောင်းထိုင်ဘုန်းကြီးမှတ်စု

ကိုသက်အောင်

GRAPHIC NAY WINN AUNG

စီစဉ်ပူဇော်သည်



# အရှင်ဇဝန(ပဲခူး)

မန္တလေး မလွန်ဆန်လှူ ဓမ္မကထိက
ပဲခူး စျေးကြီးဆန်လှူ ဓမ္မကထိက

ကိုသိန်းဝင်းထွန်း + မယုယုဝင်း ၊ သမီး-မဆုဝတီထွန်း မိသားစု မြတ်ဒါန ၊ ရန်ကုန်

အရှင်၉၀န (ပဲခူး)



# မာတိကာ


ကျွန်တော့် အမှာစာ

(ထွန်းလွင်၊ ဓမ္မာစရိယ၊ ဘီအေ)

| | | |
|---|---|---|
| လိုရာသုံးဆုပေး | – | ၁ |
| ဘုရားအနေကဇာတင်ပါဠိတော်များ | – | ၈ |
| ရှင်ပြုခြင်းကဏ္ဍ | – | ၁၇ |
| ဥပသမ္ပဒကဏ္ဍ | – | ၂၃ |
| ဝါဆိုဝါကပ် | – | ၆၄ |
| အဓိဋ္ဌာန်တင်ခြင်း | – | ၉၁ |
| ဝိကပ္ပနာပြုခြင်း | – | ၁၀၈ |
| ပစ္စုဒ္ဒိုရ်ပြုခြင်း | – | ၁၁၅ |
| ကထိနကဏ္ဍ | – | ၁၁၉ |
| အဋ္ဌသမောဓာနပရိဝါသကမ္မဝါစာ | – | ၁၅၁ |
| ဝတ္တက္ခန္ဓက ကဏ္ဍ | – | ၁၆၀ |
| အနန္တရာယိကက္ခန္ဓက ကဏ္ဍ | – | ၁၆၈ |
| သိမ်အကြောင်းသိကောင်းစရာ | – | ၁၇၂ |
| ရေစက်ချကဏ္ဍ | – | ၂၁၂ |

# ကျွန်တော့်အမှာစာ

ဝိနယသံဝိပ်ကျမ်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်များအတွက် အရေးတကြီး တပ်လှန့်ပေးထားသော စကားတစ်ခွန်းရှိသည်။ ထိုစကားမှာ...

"ဝိနည်းမတတ်၊ ကျောင်းထိုင်လတ်
အာပတ်မဆုံးရာ"

ဟူ၍ ဖြစ်သည်။

ကျောင်းထိုင်ပုဂ္ဂိုလ်သည် ဝိနည်းတတ်ရပေမည်။ ဝိနည်းနားလည်ရပေမည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းဟူသမျှ ဝိနည်းနှင့်ကင်းပြီး စားရမလို့၊ ဝတ်လို့မရ၊ နေလို့မရပေ။ အစစအရာရာ ဝိနည်း အသက်နှင့်သာ အသက်ဆက်နေကြရသည်။

ထိုတွင် ကျောင်းထိုင်ပုဂ္ဂိုလ်များအနေနှင့် အများတကာထက် ပို၍အရေးကြီးသည်။ ကျောင်းထိုင်ပုဂ္ဂိုလ်သည် မိမိအတွက်လည်း ဝိနည်း နားလည်ရမည်။ ဝိနည်းအရေးကြီးသည်။ မိမိနှင့် စပ်နွယ်ရာ တပည့် တပန်းတို့အတွက်လည်း မိမိက ရှေ့သွားခေါင်းဆောင်ဖြစ်ခြင်းကြောင့် ဝိနည်းအရေးကြီးပြန်သည်။

မှန်ပါသည်။ မိမိက တပည့်တပန်းများကို ဝိနည်းနှင့်အညီ စားတတ်အောင် နေတတ်အောင်၊ ပြောတတ်ဆိုတတ်အောင် စသည်ဖြင့် သွန်သင်ဆုံးမနိုင်ရမည်။ သို့ဖြင့် ကျောင်းထိုင်တော့မည်ဟု ရည်ရွယ်ချက်ထားလျှင် ဝိနည်းတတ်အောင်၊ နားလည်အောင်၊ သွန်သင်ဆုံးမနိုင် အောင် အရင်ဆုံး ဝိနည်းကို ဆည်းပူးထားရပေမည်။

ကျောင်းထိုင်ပုဂ္ဂိုလ် ဝိနည်းမကျွမ်းကျင်လျှင် မိမိနှင့်တကွ

တချို့သော ပုဂ္ဂိုလ်တို့သည် (ဝိရိယဝတော ကိံ နာမ ကမ္မံနသိဇ္ဈတိ) ဝိရိယရှေ့ထား ကြိုးစားသွားမှ ကုသိုလ်များများ ရသည်သာဟူ၍ ဝိရိယကို အကြီးအမှူးပြုကာ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်တတ်ကြပါပေကုန်၏။

တချို့သော ပုဂ္ဂိုလ်တို့သည် (စိတ္တဝတော ကိံ နာမ ကမ္မံနသိဇ္ဈတိ) စိတ်သာရှင်စော ဘုရားဟောသည်ဟူ၍ စိတ်ကို အကြီးအမှူးပြုကာ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်တတ်ကြ ပါပေကုန်၏။

တချို့သော ပုဂ္ဂိုလ်တို့သည် (ဝိမံသဝတော ကိံ နာမ ကမ္မံနသိဇ္ဈတိ) ပညာရှိမှ ကြံသမျှ လုံးစုံကိစ္စပြီးသည်သာဟူ၍ ပညာကို အကြီးအမှူးပြုကာ ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ် တတ်ကြပါပေကုန်၏။

ဤကဲ့သို့ ဆန္ဒ ဝိရိယ စိတ္တ ဝိမံသဟု ခေါ်ဆိုအပ်သော အဓိပတိတရား လေးပါးတို့တွင် မိမိတို့ အလိုရှိအပ် တောင့်တ အပ်၊ မြတ်နိုးအပ် ပန်ဆင်အပ်သော အဓိပတိတရား တစ်ပါး ပါးကို လက်ကိုင်ထားရှိကြကုန်လျက်။

မိမိတို့ သန္တာန်ဝယ် မဖြစ်ကုန်သေးသော အကုသိုလ် တရားများကို မဖြစ်အောင် ကြိုတင် တားဆီးနိုင်သော သမ္မပ္ပဓာန် လုံ့လ။

မိမိတို့သန္တာန်ဝယ် အစမထင် သံသရာတစ်ခွင်မှစ၍ ယနေ့တိုင်အောင် ဖြစ်ခဲ့ကုန်ပြီးသော အကုသိုလ်တရားများကို

အကျိုးပေးခွင့် မရအောင် အကြွင်းမဲ့ ပယ်သတ်နိုင်သော သမ္မပ္ပဓာန်လုံ့လ။

မိမိတို့သန္တာန်ဝယ် မဖြစ်ဘူးကုန်သေးသော ဒါန သီလ သမာဓိ ပညာ ကုသိုလ်တရားများကို ဖြစ်ပေါ်လာအောင် ကြိုးစားအားထုတ်နိုင်သော သမ္မပ္ပဓာန်လုံ့လ။

မိမိတို့သန္တာန်ဝယ် ဖြစ်ခဲ့ကုန်ပြီးသော ဒါန သီလ သမာဓိ ပညာ ကုသိုလ်တရားများကိုလည်း နိဗ္ဗာန်တိုင် တိုးပွား စည်ပင်အောင် ကြိုးစား အားထုတ်နိုင်သော သမ္မပ္ပဓာန်လုံ့လ။

ဤကဲ့သို့ ဆိုအပ်ခဲ့ပြီးသော သမ္မပ္ပဓာန်တရား လေးပါး တို့နှင့် ကိုယ်စီကိုယ်ငှ ပြည့်စုံကြပြီးလျှင် ...


ဒုက္ခသစ္စာကို ပိုင်းခြား၍ သိနိုင်ခြင်း၊

သမုဒယသစ္စာကို ပယ်ခွာနိုင်ခြင်း၊

နိရောဓသစ္စာကို မျက်မှောက်ပြုနိုင်ခြင်း၊

မဂ္ဂသစ္စာကို ပွားများနိုင်ခြင်းဟု ခေါ်ဆိုအပ်သော မဂ် ကိစ္စလေးချက် တစ်ပြိုင်နက် ဖြစ်ကြကုန်လျက် ...

မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း သူတော် ကောင်းတရား ဘဝမခြား ကြိုးစားအားထုတ်နိုင်လွယ်ကြသည် ဖြစ်ကြပါစေ ...။



# ဘုရားသုံးဆုပေး (၃)

**"ပူဇာစ ပူဇနေယျာနံ ဧတံ မင်္ဂလ မုတ္တမံ"** ဟူသော သုတ္တန်ပါဠိ လာရှိသည်နှင့်အညီ ပူဇော်သင့် ပူဇော်အပ် ပူဇော်ထိုက်သော ဘုရား၊ တရား၊ သံဃာ ဤရတနာမြတ်သုံးပါး အပေါင်းတို့၏ ဂုဏ်ရည်ကို ယုံကြည်၍ ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကာယ သက္ကစ္စဂါရဝပဏာမ ကုသိုလ်ကံ စေတနာ၊ ယနေ့ယခု (      ) ကုသိုလ်ဒါန ပြုလုပ်လှူဒါန်းရသော ဒါနကုသိုလ်ကံ စေတနာ၊ ထိုမှတစ်ပါး နေ့စဉ်နေ့တိုင်း မိမိတို့အိမ်၌ တတ်အားသမျှ ပြုလုပ်လှူဒါန်းရသော ဘောဇနဒါန ကုသိုလ်ကံ စေတနာ၊ ဆောက်တည်လတ္တံ့ဖြစ်သော သီလကုသိုလ်ကံစေတနာ ဤသို့ပေါင်းအပ် များမြတ်သော ကောင်းမှုကုသိုလ်ကံ စေတနာ အပေါင်းတို့ကြောင့် သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပတည်းဟူသော သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာတို့နှင့်တကွ စည်းစိမ်ဥစ္စာ

ရတနာ့ရွှေမွေတို့၏ ပြည့်စုံခြင်းဟူသော ဓနသမ္ပတ္တိ၊ အဆင်းအ် ပြည့်စုံခြင်းဟု ဆိုအပ်သော ဝဏ္ဏသမ္ပတ္တိ၊ အသက်ရှည်ခြင်းအ် ပြည့်စုံခြင်းဟု ဆိုအပ်သော အာယုသမ္ပတ္တိ၊ တန်ခိုး ဣဒ္ဓိပါဒ်နှင့် ပြည့်စုံခြင်းဟု ဆိုအပ်သော ဣဒ္ဓိသမ္ပတ္တိ ဤသို့သော သမ္ပတ္တိစက် လေးချက်နှင့် ပြည့်စုံကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ် ပန်ဆင်အပ်သော ပဋိသန္ဓေ မနောရာ-မဘိရာ-မနာရာ-မသေရာဖြစ်သော အသင်္ခတဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်ကို လျင်မြန်စွာ မကြာခဏ ရောက်ကြရသည် ဖြစ်ကြပါစေ။

* ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏာဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။

* ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏာဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ၊
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။

## ပဋ္ဌာနပစ္စယုဒ္ဒေသပါဠိ

* ဟေတုပစ္စယော အာရမ္မဏပစ္စယော အဓိပတိပစ္စယော အနန္တရပစ္စယော သမနန္တရပစ္စယော သဟဇာတပစ္စယော အညမညပစ္စယော နိဿယပစ္စယော ဥပနိဿယပစ္စယော ပုရေဇာတပစ္စယော ပစ္ဆာဇာတပစ္စယော အာသေဝနပစ္စယော ကမ္မပစ္စယော ဝိပါကပစ္စယော အာဟာရပစ္စယော ဣန္ဒြိယပစ္စယော ဈာနပစ္စယော မဂ္ဂပစ္စယော သမ္ပယုတ္တပစ္စယော ဝိပ္ပယုတ္တပစ္စယော အတ္ထိပစ္စယော နတ္ထိပစ္စယော ဝိဂတပစ္စယော အဝိဂတပစ္စယောတိ။

## "ဇယန္တော" အစရှိ ဂါထာများ

ဇယန္တော ဗောဓိယာမူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယဿု ဇယမင်္ဂလေ။
အပရာဇိတပလ္လင်္ကေ၊ သီသေ ပုထဝိပုက္ခလေ။

အဘိသေကေ သဗ္ဗဗုဒ္ဓါနံ၊ အဂ္ဂပ္ပတ္တော ပမောဒတိ။
သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု။
ပဒက္ခိဏံ ကာယကမ္မံ၊ ဝါစာကမ္မံ ပဒက္ခိဏံ။
ပဒက္ခိဏံ မနောကမ္မံ၊ ပဏိဓိ တေ ပဒက္ခိဏာ။
ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟသဗ္ဗေဟိ ဉာတိဘိ။

## ပထမ ဗုဒ္ဓဝန္ဒနဥဒါန်းဂါထာ နိဿယ

**ပဟာကာရက** – အိုမင်းပိုင်နက်၊ နာမင်းပိုင်နက်၊ သေမင်းပိုင်နက်၊ အပါယ်မင်းပိုင်နက် သူ့စားကျက်၌ မြေကွက်ဂရန် အမိန့်ခံ၍ ရုပ်နာမ်ယှက်လိမ် ခန္ဓာအိမ်ကို ကြိမ်ဖန်များစွာ တည်ဆောက်လာတဲ့ တဏှာယောက်ျား ဟယ် ...လက်သမား။

**ပုနပ္ပုနံ** – အမှန်းအဆ ဂဏန်းမပြနိုင်သော ဘဝ အတန်တန် အဖန်ဖန် အထပ်ထပ်။

**ဇာတိ** – နာ၊ အို၊ သေရေး ဒုက္ခဘေးတို့ လုံးထွေးရောယှက် ကြိုးသွယ်ဆက်၍ ဖြစ်လျက်သနွေ တည်နေရခြင်း သည်။

**ယသ္မာ** – အကြင်ကြောင့်။

**ဒုက္ခာ** - ပြောပြလို့မကုန်၊ လောကဓာတ် ထိုထို ဘုံတွင် အဖုံဖုံ အစုံစုံ ညှဉ်းဆဲလှသဖြင့် ဆင်းရဲတကာ့ ဆင်းရဲကြီးပါ တကား။

**တသ္မာ** - ထိုသို့ ညှဉ်းဆဲ ဆင်းရဲလှလေသော ကြောင့်။

**ဂဟာကာရံ** - ကပ်ကမ္ဘာအနန္တတွင် လပ်ကွာလို့ မကျန် ရအောင် သတ္တဝါ မှန်သမျှတို့၏ ဘဝ တစ်ပင်တိုင်ခန္ဓာအိမ်၊ လေးပင်တိုင် ခန္ဓာ အိမ်၊ ငါးပင်တိုင် ခန္ဓာအိမ်တွေကို အကြိမ်ကြိမ် အဖန်ဖန် ကန်ထရိုက်ဆွဲပြီး လျှင် တစ်ယောက်တည်း ဆောက်လို့လာ သော တဏှာယောကျ်ား လက်သမား ကို။

**ဂဝေသန္တော** - ဘယ်လို ဘယ်က ဘယ်သူကစ၍ ဖြစ် ပျက်ရ သနည်းဟု နိသ္ဿရည်းမခံ သိပ် သည်းစွာ ကြံဖန်လျက် ကိုယ်ပိုင်ဉာဏ် အဟုန်စွမ်းဖြင့် စုံစမ်းရှာဖွေလို့ သာခဲ့ရ သော။

**အဟံ** - ငါဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်။

**အနိဗ္ဗိသံ အညာဏံ အဝိန္ဒန္တော**-သင့်ကို လှမ်း၍ အတင်းဖမ်း ကိုင် မြင်စွမ်း နိုင်တဲ့ ကိုယ်ပိုင်ဉာဏ် မှန်ပြောင်း အလင်းရောင် ဉာဏ်အပေါင်း

ကို ကောင်းကောင်းပိုင်ပိုင် လက်ကိုင် မရနိုင်သေးသည်ဖြစ်၍။

**အဇေနကစာတိသံသာရံ** - ဘုရားမြတ် ဒီပင်္ကရာနှင့် သုမေဓာ ရသေ့ဘဝမှာ တွေ့ကြစဉ်အခါက စပြီး လျှင် ရက်၊ လ၊ နှစ်တွေ သင်္ချာဇ် တွက်စစ်လို့ ရေခဲ့သော် သင်္ချေ လေးရပ် ထိမ်းအမှတ်ဖြင့် တစ်သိန်းကပ် ကာလ ပတ်လုံး။

**သန္ဓာဝိသံ-သံသရိ** - ခန္ဓာအိမ် အကြိမ်ကြိမ်ဆောက်လျက် သံသရာ ပြန်ကာရောက်ပြီးလျှင် တုံ့ ခေါက် လှည့်လည်၍ လာခဲ့ရလေပြီ တကား။

**ဝါ** - ရုပ်နာမ် နှစ်ရပ် ခေါင်းဆောင်လျက် အလောင်းကောင် သေစရာ မပြတ်နိုင် သဖြင့် မြေကမ္ဘာတွင် ခြေရာတွေ ထပ် အောင် လှည့်ပတ်ကာ ကျင်လည်ခဲ့ရလေ ပြီ သတည်း။

**ဂဟကာရက** - တဏှာယောကျ်ား ဟယ်...လက်သမား။

**တွံ** - ချဲ့ချင်တိုင်းချဲ့၊ ဖွဲ့ချင်တိုင်းဖွဲ့၊ လှည့်ချင် တိုင်း လှည့်တတ်တဲ့ တကယ့်ယောကျ်ား သင်တဏှာ လက်သမားကို။

**မယာ** - အိုမှုတစ်ဖြာ နာမှုတစ်တွေ သေမှုတစ်ဖုံ ကြောက်မက်ဖွယ် ဝိုင်းအုံ၍ လက်နက် စုံအောင် ပစ်ဖောက်သည့် ရန်သူတို့ လက်အောက်၌ စုံထောက်ခန်းခွင့်ကာ ဖြစ်ထွန်းလို့ ပေါ်လာရပါသော ငါဘုရား သခင် ကိုယ်တော်မြတ်သည်။

**ဒိဗ္ဗော** - ဗောဓိပင်အောက် အလင်းရောင် အမြင် ပေါက်သဖြင့် သင်ဆောက်တဲ့အိမ်တွေပါ မနိဗ္ဗွေကွန့်မြူးလျက် လက်ပူးလက်ကြပ် ယခုတွေ့မြင်အပ်သည်။

**အသိ** - ဖြစ်ပေပြီ။

**ပုန** - နောက်ထပ်တစ်ဖန် ပြန်လှန်ကွန့်လျက် လွန့်တက် တော်လှန်ကာ။

**ဂေဟံ** - ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးခု တိုင်ခြေပြု၍ သွေးစုသားစု ရိုးစုတပ်ဆင် ဒိုင်းမြားတင်လျက် ကိုယ်တွင်ဖြစ်လာ ဒွတ္တိံသာကို ညီညာစပ်နှော ငါ့ခန္ဓာအိမ် အတ္တဘောကို။

**နကာဟသိ** - သင် ဘယ်လိုစိမ် ဘယ်လိုဖန်လို့မှ ဉာဏ် နိစ္စမ်းထုတ် ကြံစည်လုပ်ဆောင်နိုင်လိမ့် မည် မဟုတ်ပေ။

ဆာ - ကာမဂုဏ်ငါးပါး လာဘ်လက်ဆောင် တံစိုးစားပြီးလျှင် ဆိုးဝါးယုတ်မာ တိုးပွားရှည်ကြာအောင် ကြီးထွားလို့လာခဲ့သော သင်တဏှာယောက်ျား လက်သမား၏။

သမ္ဘာ - တစ်ခုမကြွင်း ခပင်းဉသုံ ကိရိယာအစုံ အကုန်လုံး ဖြစ်သော။

ဟသုကာ - ညစ်ပုရှုပ်နှောက် အဆောက်အအုံ အကုတန်ဆာ ·အတူပါလျက် ထောင့်ငါးရာ စက်တွဲဖက်ပူးဝင် အခြင် ဒိုင်းမြားအလား တူစွာ သုံးထောင်ဝက် ကိလေသာတို့ကို။

ဘဂ္ဂါ - ကမ္မကွယ်နိ ဉာဏ်လက်နက် ဝရဇိန်ဖြင့် ချိန်ရွယ်ပစ်ခွင်း၍ အမြစ်အရင်း အုတ်ပန့်က်တို့ပါ နုတ်ဖျက် ချိုးပွဲအပ်ကုန်ပြီ။

ဂဟကူဋ် - သင်ဆောက်လုပ်ပြီး ခန္ဓာကိုယ် တိုက်အိမ်ကြီး၏ ထွတ်ထိပ်မှာ မိုးကာလွှမ်းချုပ် အဝိဇ္ဇာ တည်းဟူသော ခေါင်အုပ်ကိုလည်း။

ဝိသင်္ခတံ - အရဟတ္တမဂ် ဉာဏ်လက်နက်ဖြင့် ခွာဖျက်လွှင့်ပစ် အပ်ပြီ။


စိတ္တံ - ညစ်နှောက်ပူကင်း သန့်ရှင်းအေးကြည် ငါဘုရား၏ စိတ်နှလုံးတော်သည်။

**ဝိသဓါရဂတ်** - ဤကမ္ဘာလောကဓာတ်တွင် အတော မသတ် ရှုပ်ပွေသည့် အလုပ်တွေ ဓာတ် သိမ်းလျက် အငြိမ်းဓာတ် နိဗ္ဗာန်ဟု "အသင်္ခတ" စားကျက်တွင်းသို့ သက်ဆင်း ဝင်ရောက်ခဲ့ရလေပြီ။

**တဏှာနံ** - သံသရာဘုံခွင်မှာ ခန္ဓာအိမ်တွေ စီစဉ်၍ စည်ပင် သာယာရုံးထောင်လျက် မဆုံး အောင်ချဲ့ထွင်ကြတဲ့ ပပဥ္စတရား တဏှာ တည်းဟူသော လက်သမားတို့၏။

**ခယ်** - ကိလေသာ စာရင်းအင်းနှင့် အသင်း အပင်းတွေပါ အကုန်ဖျက်တတ်တဲ့ ထက်မြက် ပြင်းထန်ခယ ခေါ်တဲ့ အရဟတ္တ မဂ်ဉာဏ်ကို။

**အမ္ဗုဂါ** - ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၍ ထိုင်ရာမထ ယခုကိုယ်တိုင် အလင်းရောင် လက်ကိုင် ရခဲ့လေတော့သတည်း။



# ရှင်ပြုခြင်းကထာ

ရှေးအခါက မောင်ရှင်လောင်းများမှာ ဘုန်းကြီးကျောင်းသားများ ဖြစ်၍ ကြိုတင်ပြီး သင်္ကန်းကပ်၊ သင်္ကန်းတောင်း၊ သရဏဂုံ စသည်များကို ရက်ပေါင်းများစွာ သင်ပေးကြသည်။ ယခုအခါမူ အတန်းကျောင်းသားများ ဖြစ်၍ ကြိုတင်သင်ပေးမှု အားနည်းလျက် ရှိသည်။ ရှင်ပြုရာတွင် အဓိက ကိစ္စမှာ ဆရာရော ရှင်လောင်းတပည့်ပါ သရဏဂုံပီသအောင် ဆိုတတ်မှု ကိစ္စပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ရှင်လောင်းများကို ဘုန်းကြီးကျောင်းပို့ကာ ကြိုတင်၍ သင်္ကန်းတောင်း စသည် သင်ပေးစေသင့်ကြသည်။ သို့မှ ရှင်ပြုရကျိုး နပ်ပေမည်။

**"ဆံရိတ်တစ်ခန်း၊ သင်္ကန်းပေးတုံ၊ သရဏဂုံပေးပြား၊ ညှိသုံးပါး၊ ခေါ်ပြား ပဗ္ဗဇ္ဇာ"** ဟူသည့်အတိုင်း ရှင်ပြုမှုသည် ကိစ္စသုံးပါး ရှိသည်။

၁။ ဆံရိတ်ခြင်း တစ်ပါး၊

၂။ သင်္ကန်းပေးခြင်း တစ်ပါး၊

၃။ သရဏဂုံပေးခြင်း တစ်ပါး၊

**ဆံရိတ်ခြင်း**-ဆံရိတ်ဖို့ မောင်ရှင်လောင်းများ ကျောင်းရောက်လာလျှင် ဆံရိတ်မည့်အကြောင်း သံဃာအား အပလောကန-ကံဖြင့် ပန်ကြားပြီးမှ ရိတ်ရမည်။ ထိုသို့ ဆံပင်ရိတ်ရာတွင် မောင်ရှင်လောင်းအား တစပဥ္စက ကမ္မဋ္ဌာန်းကို သင်ပေးရမည်ဟု အဋ္ဌကထာဆရာ မိန့်သည်။

**"ငါ၏ ကိုယ်မှာ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ-တို့သာ ရှိပါကုန်သည်တကား။ စက်ဆုပ်စရာ ရွံစရာ ဖြစ်ကုန်၏။ သတ္တဝါလည်း မဟုတ်ကုန်။ အသက်လည်း မဟုတ်ကုန်"**

ဟူသော တစပဥ္စက ကမ္မဋ္ဌာန်းကို ဆံချစဉ် ဆိုစေရမည်။ မရလျှင် ဆရာက ချပေးရမည်။ ဆံချ ရေချိုးရာအခါ နနွင်းသုတ်လိမ်းခြင်းကား လှနဲ့ပျောက်အောင် လုပ်ခြင်းဖြစ်သည်။

**သင်္ကန်းပေးခြင်း**-"**ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ယောစွမ်းနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ**" ဟူသည်နှင့်အညီ ကျောင်းထိုင် အင်္ဂါနှင့် ပြည့်စုံသော ဥပဇ္ဈာယ်ဆရာသည် သင်္ကန်းပေးခြင်း ဟူသော ဒုတိယပဗ္ဗဇ္ဇအမှုကို အစိုးတရ ပြုလုပ်ထိုက်သည်။ ဥပဇ္ဈာယ်အင်္ဂါနှင့် ပြည့်စုံသော ဆရာတော်က ရှင်လောင်းကို သင်္ကန်းပေးလိုက်တော့ဟု စေခိုင်းလျှင် ရဟန်းငယ်လည်း

သက်န်းပေးကောင်းသည်။ မနိုင်းစေပါမူ ဥပဇ္ဈာယ်၏ ကိုယ်စား ပြု၍ သင်္ကန်းပေးလျှင်လည်းရပါသည်။

ဥပဇ္ဈာယ်အင်္ဂါနှင့် မပြည့်စုံသော ရဟန်းတို့သည် မိမိတို့၏ တပည့်ရှင်လောင်းများကို သင်္ကန်းပေး ရှင်ပြုသော အခါ "ဤလောက၌ အင်္ဂါနှင့် ပြည့်စုံကုန်သော ဆရာတော် အရှင်မြတ်တို့ ရှိကုန်၏။ ထိုအရှင်မြတ်တို့၏ကိုယ်စား သင်္ကန်း ဝတ်ပေးအံ့"ဟု နှလုံးသွင်း၍ ပေးကုန်ရာသည်။

ယခုကာလ၌ မောင်ရှင်လောင်းအား မိမိပိုင်သင်္ကန်းကို ဆရာအား ရှေးဦးစွာကပ်ပြီးမှ ဆရာပြန်ပေးသော သင်္ကန်းကို ဝတ်ရုံမှုပြုသည်။ ဆရာက ပေးသော သင်္ကန်းမဟုတ်လျှင် မဝတ်ကောင်း၊ ဝတ်က လိင်္ဂထေနက=အသွင်ခိုးသူ ဖြစ်၍ သာသနာတော်၌ပင် မနေကောင်းတော့။ ထို့ကြောင့် သင်္ကန်း ကပ်မှု၊ သင်္ကန်းတောင်းမှု၊ ရှင်အဖြစ်တောင်းမှုများ စနစ်တကျ ဖြစ်အောင် ရှေးဆရာများ စီစဉ်ထားခဲ့ကြသည်။

## သင်္ကန်းကပ်

**သကလဝဋ္ဋဒုက္ခနိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။**

အရှင်ဘုရား–အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ လွတ် မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ တပည့် တော်၏ လက်၌ရှိသော ဤသင်္ကန်းကို ယူတော်မူ၍ တပည့်

တော်ကို သနားသမှုအကြောင်းပြုလျက် ရှင်သာမဏေ ပြုပေးတော်မူပါကုန် အရှင်ဘုရား။

## သက်နိုးတောင်း

သကလဝဋ္ဋဒုက္ခနိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ။

အရှင်ဘုရား-အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ အရှင်ဘုရား လက်ခံရှိသော ထိုသင်္ကန်းကို ပေးတော်မူ၍ တပည့်တော်ကို သနားသမှု အကြောင်းပြု၍ ရှင်သာမဏေ ပြုပေးတော်မူပါကုန် အရှင်ဘုရား။

## ရှင်အဖြစ် တောင်းမှု

ဘန္တေ သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ၊ ဒုတိယမ္ပိ၊ တတိယမ္ပိ။

အရှင်ဘုရား-သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းပန်ပါ၏။ အရှင်ဘုရား-သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို (၂)ကြိမ်မြောက် တောင်းပန်ပါ၏။ အရှင်ဘုရား-သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို (၃)ကြိမ်မြောက် တောင်းပန်ပါ၏။

ထုတေသနစာကြည့်တိုက်
စာသနာ့ဝော်သွင်းကား


**သရဏဂုံပေးခြင်း**-သရဏဂုံပေးမှု၌ ဥပဇ္ဈာယ်ဆရာကိုယ်တိုင်ပေးမှုသည်သာ ကျမ်းဂန်တို့၌လာ၏။ သင်္ကန်းပေးမှုကဲ့သို့ ဥပဇ္ဈာယ်ဆရာက စေခိုင်း၍သော် လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာ၏ ကိုယ်စားပြု၍သော် လည်းကောင်း ပေးခြင်းငှာ သင့်ရပါသည်။

သရဏဂုံပေးခြင်း၌ နိဂ္ဂဟိတန္တနှင့်လည်း ပေးရ၏။ မကာရန္တနှင့်လည်း ပေးရ၏။ နိဂ္ဂဟိတန္တ ဆိုသည်ကား- သေးသေးတင်နှင့်ရှိသော အက္ခရာတို့၌ ခံတွင်းဟိုကို ပိတ်ခြင်းအဆုံးရှိသည်ကိုပြု၍ ရွတ်ဆိုခြင်းတည်း။ မကာရန္တ ဆိုသည်လည်း ထိုအတူ ခံတွင်းတို့ကို ပဝ်ခြင်းအဆုံး ရှိသည်ကိုပြု၍ ရွတ်ဆိုခြင်းပင် ဖြစ်၏။ အထူးမှုကား နိဂ္ဂဟိတ်မည်သည် ရှေ့သရကိုမှီသော ဗျည်းအထူးဖြစ်၍ ဗုဒ္ဓံ-၌ ဓ-ဗျည်းနှင့်မှီရာတူ၏။ ရွတ်ဆိုသောအခါ ဓ-ဗျည်းနှင့် နိဂ္ဂဟိတ်အကြား၌ အသံတစ်မျိုးအခြား မရှိစေမူ၍ တစ်ချက်တည်းပြု၍ ရွတ်ဆိုရာ၏။ ဓ-ဗျည်း ပီသသည်နှင့် တစ်ပြိုင်နက် ခံတွင်းပိတ်မှုကို ပြုရာ၏။ ခံတွင်းပိတ်မှု နောက်ကျမနေစေရာ။ မ-အက္ခရာမှာမူကား ဤနေရာ၌ သရမရှိသော်လည်း နောက်သရကိုမှီသော ဗျည်းမျိုးဖြစ်၍ ဗုဒ္ဓမ်၌ ဓ-ဗျည်းနှင့် မှီရာကွဲပြား၏။ ထို့ကြောင့် မကာရန္တနှင့် ရွတ်ဆိုသောအခါ၌ ဓ-ဗျည်းအက္ခရာနှင့် မ-အက္ခရာအကြား၌ အတန်ငယ်ခြားပြီးမှ နှုတ်ခမ်းပိတ်မှု ပြုရာ၏။

၂၄၉၆

ရှင်ပြုရာတွင် ဆရာလည်း ပီသ၊ တပည့်လည်း ပီသ၊ ဥဘတော သုဒ္ဓိဖြစ်မှ သာမဏေဖြစ်နိုင်ရာ ဆရာ, တပည့် နှစ်ဦးလုံး အတူကြိုးစားသင့်သည်။ ထိုသရဏဂုံ ပီသ အောင်မြင်ခဲ့လျှင် တတိယမ္ပိသံဃံသရဏံ ဂစ္ဆာမိ-အဆုံးတွင် ရှင်သာမဏေအစစ် ဖြစ်တော့သည်။

သရဏဂုံအဆုံးတွင် သာမဏေဖြစ်သော်လည်း မိမိကျင့်ရမည့် သိက္ခာပုဒ်များ ကျေပွန်ရန် (၁၀) ပါး သီလကို ဆက်လက်ဆောက်တည်စေသည်။ ရှင်သာမဏေသည် အပြစ်ကြီး, အပြစ်ငယ်ကို အနီးကပ် ကြည့်ရှုဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာနှင့် ကင်း၍ မနေကောင်းသောကြောင့် "**ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ**-အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါ"ဟု (၃)ကြိမ် ဆို၍ ဥပဇ္ဈာယ်ယူရသည်။ ဥပဇ္ဈာယ်ဆရာက "**ပါသာဒိကေန သမ္ပာဒေဟိ**"ဟု တိုက်တွန်းစကား ပြောကြားရသည်။

လိင်(၁၀)ပါးတွင် တစ်ပါးပါးကို ပြုမိသော် သရဏဂုံပျက်၏။ သင်္ကန်းပေးမှုကား မပျက်၊ လူဖြစ်သည်မဟုတ်၊ နောင်ရှောင်ကြဉ်ပါမည်ဟု ကတိပြုလျှင် သဲဒဏ်, ရေဒဏ် ပေး၍ သရဏဂုံထပ်ပေးရ၏။ နောင်လွန် ကျူးပြန်အံ့၊ ထပ်မံ၍ သရဏဂုံပေးအပ်၏။ နောင်ရှောင်ကြဉ်မည်သူ မဟုတ်တော့ဟု ယူဆလျှင် လူဝတ်လဲ၍ တစ်ခါတည်း ထွက်သွားစေအပ်၏။

**နမော တဿ ဘဂဝတော အရဟတော**
**သမ္မာသမ္ဗုဒ္ဓဿ။**

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော။ ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ အယံ တေ ပတ္တော **(အာမ ဘန္တေ)**။ အယံ သံဃာဋိ၊ **(အာမ ဘန္တေ)**။ အယံ ဥတ္တရာသင်္ဂေါ၊ **(အာမ ဘန္တေ)**။ အယံ အန္တရဝါသကော။ **(အာမ ဘန္တေ)**။ ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ။

သုဏာတု မေ ဘန္တေ သံဃော နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။

သုဏာသိ နာဂ၊ အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ 'အတ္ထီ'တိ

ဝတ္တဗ္ဗံ၊ အသန္တံ 'နတ္ထီ'တိ ဝတ္တဗ္ဗံ၊ မာ ခေါ ဝိတ္ထာယိ၊ မာ ခေါ မင်္ကု အဟောသိ၊ ဧဝံ တံ ပုစ္ဆိဿန္တိ၊ "သန္တိ တေ ဧဝရူပါ အာဗာဓာ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော၊ မနုဿော.သိ၊ ပုရိသော.သိ၊ ဘုဇိဿော.သိ၊ အဏဏော.သိ၊ န.သိ ရာဇဘဋော၊ အနုညာတော.သိ မာတာပိတူဟိ၊ ပရိပုဏ္ဏံ တေ ပတ္တစီဝရံ၊ ကိံနာမော.သိ၊ ကော နာမော တေ ဥပဇ္ဈာယော" တိ။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။ **("အာဂစ္ဆာဟီ"တိ ဝတ္တဗ္ဗော)**။ ။သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။ ။သုဏာသိ နာဂ၊ အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ၊ သန္တံ "အတ္ထီ"တိ ဝတ္တဗ္ဗံ၊ အသန္တံ "နတ္ထီ"တိ ဝတ္တဗ္ဗံ၊ သန္တိ တေ ဧဝရူပါ အာဗာဓာ၊ ကုဋ္ဌံ၊ **(နတ္ထိ ဘန္တေ)**။ ဂဏ္ဍော၊ **(နတ္ထိ ဘန္တေ)**။

ကိလာသော၊ (**နတ္ထိ ဘန္တေ**)။ အပမာရော၊ (**နတ္ထိ ဘန္တေ**)။၊ မနုဿောသိ၊ (**အာမ ဘန္တေ**)။ ပုရိသောသိ၊ (**အာမ ဘန္တေ**)။ ဘုဇိဿောသိ၊ (**အာမ ဘန္တေ**)။ အဏဏောသိ၊ (**အာမ ဘန္တေ**)။ နသိ ရာဇဘဋော၊ (**အာမ ဘန္တေ**)။ အနုညာတောသိ မာတာပိတူဟိ၊ (**အာမ ဘန္တေ**)။ ပရိပုဏ္ဏဝီသတိဝဿောသိ၊ (**အာမ ဘန္တေ**)။ ပရိပုဏ္ဏံ တေ ပတ္တစီဝရံ၊ (**အာမ ဘန္တေ**)။ ကိံနာမောသိ၊ (**အဟံ ဘန္တေ နာဂေါ နာမ**)။ ကော နာမော တေ ဥပဇ္ဈာယော၊ (**ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရော နာမ**)။

## ပြောင်းမြို့ ဧယျမေဒနီ ဒုတိယဆရာတော်၏ ရဟန်းလောင်းဆုံးမခန်း

ယခုအခါ ကမ္မဝါစာ ရွတ်ဖတ်ရာ၌ လွယ်ကူစေရန် အလို့ငှာ ရဟန်းလောင်း၏အမည်ကို **နာဂ** ဟု မှည့်ပါ၏။ ရဟန်းလောင်းကလည်း မိမိအမည်ကို နာဂ ဟူ၍မှတ်ပါ၊ သံဃာတော် အရှင်သူမြတ်တို့ကလည်း ရဟန်းလောင်း၏ အမည်ကို နာဂဟူ၍ မှတ်တော်မူကြပါကုန်ဘုရား၊ ရဟန်းလောင်း၏ ဥပဇ္ဈာယ်ဆရာအမည်ကို **တိဿ** ဟူ၍ မှည့်ပါ၏။ ရဟန်းလောင်း၏ ဥပဇ္ဈာယ်ဆရာကလည်း မိမိအမည်ကို တိဿဟူ၍ မှတ်တော်မူပါ၊ သံဃာတော်အရှင်သူမြတ်တို့ကလည်း ရဟန်းလောင်း၏ ဥပဇ္ဈာယ်ဆရာအမည်ကို တိဿ-ဟူ၍ မှတ်တော်မူကြပါကုန်ဘုရား။

## ဥပဇ္ဈာယ်ယူစေခြင်း

**ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော**။ ပဌမံ၊ ရှေးဦးစွာ။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာပေတဗ္ဗော၊ ယူစေအပ်၏။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ နာဂ၊ နာဂအမည်ရှိသော ပဥ္စင်းလောင်း။ တွံ၊ သင်သည်။ ပဌမံ၊ ရှေးဦးစွာ။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ (ဝါ) အမြဲထုံးပြ ဆိုဆုံးမ၍ လောကဓမ္မ ကျိုးနှစ်ဝဖြင့် တောင့်တလေ့ရှိ ကြောင့် ကြကြည့်လျက် မိဘသဖွယ် ဥပဇ္ဈာယ်ကို။ ဂဏှ၊ ယူဦးလော့။ (**ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ**–သုံးခေါက်ဆို၍ ဥပဇ္ဈာယ် ယူ)။

**သပိတ်, သင်္ကန်းပြောကြားခြင်း**။ ။ဥပဇ္ဈံ ဂါဟာပေ တွာ ပတ္တစီဝရံ အာစိက္ခိတဗ္ဗံ။ ။ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ကို။ ဂါဟာ ပေတွာ၊ ယူစေပြီး၍။ ပတ္တစီဝရံ၊ သပိတ်တစ်လုံး သုံးထည် သော သင်္ကန်းကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားအပ်၏။ ပြောကြား ရမည်။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကား တော်ကြောင့်။ နာဂ၊ နာဂအမည်ရှိသော ပဥ္စင်းလောင်း။ တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်တစ်လုံး သုံးထည်သော သင်္ကန်းကို။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။

**အယံ တေ ပတ္တော**။ ။ အယံ၊ ဤရှေ့၌ ချထား အပ် သော သပိတ်သည်။ တေ၊ သင်ပဥ္စင်းလောင်း၏။ ပတ္တော၊ ကိုယ်ပိုင် သပိတ်ဟူ၍မှတ်။

**အယ် သံဃာဒိ။** ။အယ်၊ ဤရှေ့၌ချထားအပ်သော ဒုကုဋ်ပညတ် နှစ်ထပ်သင်္ကန်းကြီးသည်။ တေ၊ သင်ပဥ္စင်းလောင်း၏။ သံဃာဋိ၊ ကိုယ်ပိုင်သမုတ် ဒုကုဋ်ပညတ် နှစ်ထပ်သင်္ကန်းကြီး ဟူ၍မှတ်။

**အယ် ဥတ္တရာသင်္ဂေါ**။ အယ်၊ မရှည်မတို ကြည်ညိုဖွယ်တောင်း ညာလက်မောင်းဖြင့် သွယ်ပေဟင်းနေချိ ဤဧကသီသည်။ တေ၊ သင် ပဥ္စင်းလောင်း၏။ ဥတ္တရာသင်္ဂေါ၊ ကိုယ်ဝတ်တင်ချိ ဧကသီဟူ၍ မှတ်။

**အယ် အန္တရဝါသကော**။ ။အယ်၊ ဤခါး၌မပြတ်ဝတ်ဆင်အပ်သော သင်းပိုင်သည်။ တေ၊ သင်ပဥ္စင်း လောင်း၏။ အန္တရဝါသကော၊ ကိုယ်ပိုင်ခြားမှတ် မှားမစပ်သည့် ခါးဝတ်သင်းပိုင် ဟူ၍မှတ်။

## ဟတ္ထပါသ်မှ အပသို့ထုတ်ခြင်း

**ဂစ္ဆ အမုမှိ ဩကာသေ တိဋ္ဌာဟိ**။ ။နာဂ၊ နာဂတည်ခင်း အမည်နှင်းသည့် ပဥ္စင်းလောင်း။ ဂစ္ဆ၊ စံပြတည်ငြိမ် ဣန္ဒြေစောင့်ချုပ် နောက်သို့ဆုတ်၍ လက်အုပ်သွင်ကြာ ထေရ်သံဃာကို ညွတ်ကာရိုသေ သွားတည့်ချေ။ အမုမှိ ဩကာသေ၊ သံဃာ့ဘောင်မှ နှစ်တောင့်တစ်ထွာ ခေါ်ရာ ဟတ္ထပါသ် လွတ်လောက်ရာ ထိုအရပ်၌။ တိဋ္ဌာဟိ၊ သတိစိတ်ယှက် ဦးထိပ်ရွက်၍ ငြိမ်သက်ရိုန်သေ ဣန္ဒြေဖြင့် မသွေစောင်းလှည့် ပြောင်း မကြည့်ဘဲ တည့်တည့်မတ်မတ် ခြေစုံကပ်၍ ရပ်နေချေဦးလော့။

## အနုသာသနဥတ်

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အနုသာသေယျံ။

## ဆုံးမခြင်း

သုဏာသိ နာဂ။ ။နာဂ၊ နာဂပညတ် အမည်မှတ်သည့် ပဉ္စင်း လောင်း။ တွံ၊ သင်သည်။ သုဏာသိ၊ နှလုံးစိတ်အား ငြိမ်ငြိမ်ထားလျက် နားစေ့စေ့ထောင်။ အယံ ကာလော၊ လူနှင့်သံဃာ ချဉ်းကပ်လာသည့် ဤအခါကာလသည်ကား။ တေ၊ သင်ပဉ္စင်းလောင်း၏။ သစ္စကာလော၊ သဘောရင်းခံ ခြင်းမချန်ဘဲ အမှန်စကား လျှောက်ထားရမည့် အခါပေတည်း။ ဘူတကာလော၊ မနောသိန်လုပ် မတိမ်မြုပ်ဘဲ အဟုတ်ကိုသာ လျှောက်ကြားရမည့် အခါပေတည်း။ ယံ၊ အကြင် ငါ့ရှင် ပဉ္စင်းလောင်း၏ အကြောင်းရင်းစစ် ရမည်အဖြစ်ကို ရခြင်း မရခြင်းနှင့် မြောက်တင်လာလတ် သံဃာတော် အရှင်မြတ် တို့မှာ အာပတ်သင့်ခြင်း မသင့်ခြင်း အကြောင်းသည်။ ဇာတံ၊ အမြင်အကြားဖြင့် ထင်ရှားဖြစ်၏။ တံ၊ ထိုအကြောင်းကို။ သံဃမဇ္ဈေ၊ သင့်အရေးကြောင့် စည်းဝေးရောက်လာ သံဃာ တော်တို့၏အလယ်၌။ ပုစ္ဆန္တေ၊ ရဟန်းအဖြစ် ဘဝသစ်ဖို့ စစ်ဆေး မေးမြန်းသည်ရှိသော်။ သန္တံ၊ မိမိကိုယ်တွင် အမြင် အားဖြင့် ထင်ရှားရှိ သည်ကို။ အတ္ထိတိ၊ ရှိပါသည်ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ ပြောဆိုလျှောက်ထား ရမည်။ အသန္တံ၊ ပဗ္ဗ အန္တရာယ်

ဖြစ်ဖွယ်တစ် မိမိကိုယ်ဝယ် မရှိသည်ကို။ နတ္ထိတိ၊ ပစ္စဝေ အန္တရာယ် ဖြစ်ဖွယ်ကြောင်းရာ မရှိပါဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ ပြောဆိုလျှောက်ထားရမည်။ မာ ခေါ ဝိတ္ထာယိ၊ ရှု့တိုးရှု့တွန့် မလျှောက်ဝံ့ သလိုမရှိလင့်။ မာ ခေါ မင်္ကုအယောသိ၊ ပရိသတ် အကြား ရက်ဖွယ်များကို ငါ့အား အလီလီ မေးမေးမည်လားဟု ရှိုးထားမျက်နှာ မသာမရှိလင့်။ ဓဝံ၊ ဤဆိုလတ္တံ့သောနည်း ဖြင့်။ တံ၊ သင်ပဉ္စင်းလောင်းကို။ ပုစ္ဆိဿန္တိ၊ ရဟန်းဘဝ လှလှဖြစ်ရေး မေတ္တာရှေးပြင့် စစ်ဆေးမေးမြန်းကြကုန်လိမ့် လတ္တံ့။ ကိံ ပုစ္ဆိဿန္တိ၊ အဘယ်သို့ စစ်ဆေးမေးမြန်းကြကုန် လိမ့်လတ္တံ့ နည်းဟူမူကား။

**(မာ ခေါ ဝိတ္ထာယိ–ဆွေမှု၊ ဝိတ္ထာသိ–ကား ပါဠိပျက်၊ မောဂ္ဂလ္လာန်–၃အုပ်၊ ၂၇၄–မန္တလေး မြစတော်ပုံနှိပ်တိုက်ရိုက်မှာကြည့်)။**

## ရဟန်းလောင်းအား ဆုံးမခြင်း

န ဘိက္ခဝေ ပဉ္စဟိ အာဗာဓေဟိ ဖုဋ္ဌော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိဒုက္ကဋဿ။

**(ဝိနည်း မဟာဝါ ၁၀၃–ဆွေ)**

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ၊ ငါးပါးကုန်သော၊ အာဗာ ဓေဟိ၊ အရေပြားရောဂါ အနာကြီးမျိုး အနာဆိုးတို့နှင့်။ ဖုဋ္ဌော၊ တွေ့ထိပင်ပန်း မခံ့ကျန်း၍ မြင်ဘမ်းမလှသူကို။ န ပဗ္ဗာ ဇေတဗ္ဗော၊ ရှင် ရဟန်းမပြုပေးအပ်။ ယော၊ အကြင် ရဟန်း သည်။ ပဗ္ဗာဇေယျ၊ ရှင်ရဟန်းပြု၍ ပေးငြားအံ့။ အာပတ္တိ

ဒုက္ကဋသြ၊ ဒုက္ကဋ်အာပတ်သင့်စေ။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားစကားတော်ကြောင့်။ တော၊ သင်၏ ကိုယ်မှာ။ (၁) ကုဋ္ဌ၊ သမင်နီ သမင်နက် သမင်ရက်မျိုး အနာဆိုးလည်းကောင်း။ (၂) ဂဏ္ဍော၊ သားရေကိုဖုံး တစ်ကိုယ်လုံး၌ အလုံးကြိတ်ကွဲ သွေးသံရဲ၍ စိုရွဲပြည်ဝပ် တရွတ်ရွတ်နှင့် ကြည်ညှတ်မသာ ထွတ်မြင်းအနာ အိုင်းအမာ လည်းကောင်း။ (၃) ကိလာသော၊ တင်းတိပ်ပွေးညှင်း ခရသင်းနှင့် ဆင်ညှင်းကြီးမျိုး အနာဆိုးလည်းကောင်း။ (၄) သောသော၊ ရှူနာရှိုက်နာ ကြက်သွာချောင်းဆိုး မောနာပန်းနာမျိုး လည်းကောင်း။ (၅) အပမာရော၊ ခွေးရူး ဝက်ရူး သည်းခြေရူးနှင့် ဘီလူးဖမ်းစား မြေဘုတ်များကြောင့် စကားသွပ်ပေါ် သတိပျော့လျက် မေ့လျော့တတ်သော အနာလည်းကောင်း။ ဧဝရူပါ၊ ဤသို့သဘောရှိကုန်သော။ အာဗာဓာ၊ အနာကြီး အနာဆိုး အနာမျိုးတို့သည်။ သန္တိ၊ ရှိကုန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိသန္တိ၊ သိလိုရေးနှင့် မေးမြန်းကြကုန်လိမ့် လတ္တံ့။

တိရစ္ဆာနဂတော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။

**(ဝိနည်းမဟာဝါ ဆဋ္ဌ-၁၂၁)**

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပသမ္ပန္နော၊ ရဟန်းမဖြစ်ထိုက်သော။ တိရစ္ဆာန ဂတော၊ တိရစ္ဆာန်ကို။ န ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံ၍ မပေးအပ်။ ဥပသမ္ပန္နော၊ ရဟန်းခံ၍ ပေးပြီးသော တိရစ္ဆာန်ကို။ နာသေ တဗ္ဗော၊ ရဟန်းသွင်ဖောတ်

ဖျက်ဆီးအပ်၏။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တွံ၊ သင်ပဥ္စင်းလောင်းသည်။ မနုဿော၊ လူကမှားသည် လူသားစစ်စစ်သည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိသဗ္ဗော၊ သိလိုရေးနှင့် စစ်ဆေးမေးမြန်းကြကုန် လိမ့်လတ္တံ့။

ပဏ္ဍကော ဘိက္ခဝေ အနုပသမ္ပန္နော န ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော နာသေတဗ္ဗော။ (မဟာဝါ ဆဋ္ဌ-၁၁၉)

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပသမ္ပန္နော၊ ဘုရား သာသနာ ထွန်းနိုက်ခါဝယ် သိက္ခာရှက်ထမ်း ရဟန်းမဖြစ် ထိုက်သော။ ပဏ္ဍကော၊ ပဏ္ဍုက်ကို။ န ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံ၍ မပေးအပ်။ ဥပသမ္ပန္နော၊ ရဟန်းခံ၍ပေးပြီးသော ပဏ္ဍုက်ကို။ နာသေတဗ္ဗော၊ ရဟန်းသွင်ဇာတ် ဖျက်ဆီးအပ်၏။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏စကားတော်ကြောင့်။ တွံ၊ သင်သည်။ ပုရိသော၊ နပုန်းပဏ္ဍုက် မဟုတ်ဣတ္ထိ ပုရိသလိင် မမြုပ်တိမ်ဘဲ ရုပ်အိမ်မကော ပုမ္ဘောထင်ရှား မြတ်ယောကျ်ားသည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိသဗ္ဗော၊ သိလိုရေးဖြင့် မေးမြန်းကြကုန်လိမ့် လတ္တံ့။

န ဘိက္ခဝေ ဒါသော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ **(မဟာဝါ ဆဋ္ဌ-၁၀၇)**

ဘိက္ခဝေ၊ ရဟန်းတို့။ ဒါသော၊ သူတစ်ပါး၏ ငွေသားပေးညွှန် ခိုင်းစေကျွန်ကို။ န ပဗ္ဗာဇေတဗ္ဗော၊ သာသနာ့ဝန်ထမ်း

ရှင်ရဟန်းပြု၍ မပေးအပ်။ ယော၊ အကြင်ရဟန်းသည်။ ပဗ္ဗာဇေယျ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြုပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်စေ။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တွံ၊ သင်သည်။ ဘုဖိသော၊ တော်လှန်ရင်းမြစ် သူတစ်ပါးကျေးကျွန်အဖြစ်မှ လွတ်သောသူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိသဗ္ဗော၊ သိလိုရေးဖြင့် စစ်ဆေးမေးမြန်းကြကုန်လိမ့် လတ္တံ့။

န ဘိက္ခဝေ ဣဏာယိကော ပဗ္ဗာဇေ တဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ **(မဟာဝါ ဆဋ္ဌ- ၁၀၇)**

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဏာယိကော၊ သူတစ်ပါး ကြွေးမြီတင်ရှိသော သူကို။ န ပဗ္ဗာဇေတဗ္ဗော၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြု၍ မပေးအပ်။ ယော၊ အကြင် ရဟန်းသည်။ ပဗ္ဗာဇေယျ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြု၍ ပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်စေ။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တွံ၊ သင်သည်။ အဏဏော၊ သူတစ်ပါးကို ယူငြားရေးမှီ ကြွေးမြီမတင် သန့်စင်သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိသဗ္ဗော၊ သိလိုရေးဖြင့် စစ်ဆေးမေးမြန်းကြကုန်လိမ့် လတ္တံ့။

န ဘိက္ခဝေ ရာဇဘဋော ပဗ္ဗာဇေတဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။ **(မဟာဝါ ဆဋ္ဌ-၁၀၄)**

ဘိက္ခဝေ၊ ရဟန်းတို့။ ရာဇဘဋော၊ မင်းပါးစိုးခွင် သက်မွေးအင်ကြောင့် လေးပင်ထကြွား မင်းခစားကို။ န ပဗ္ဗာဇေတဗ္ဗော၊ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းပြု၍ မပေးအပ်။ ယော၊ အကြင်ရဟန်းသည်။ ပဗ္ဗာဇေယျ၊ ရှင်ရဟန်းပြု၍ ပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ် အာပတ်သင့်စေ။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တွံ၊ သင်သည်။ ရာဇဘဋော၊ မင်းပါးစိုခွင် သက်မွေးအင်ကြောင့် ဝင်ရောက်လေငြား မင်းခစား ယောကျာ်းသည်။ န အသိ၊ မဖြစ်ဘဲ ရှိပါ၏လော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ စစ်ဆေး မေးမြန်းကြ ကုန်လိမ့်လတ္တံ့။

န ဘိက္ခဝေ အနနုညာတော မာတာပိတူဟိ ပုတ္တော ပဗ္ဗာဇေ တဗ္ဗော၊ ယော ပဗ္ဗာဇေယျ၊ အာပတ္တိ ဒုက္ကဋဿ။

(မဟာဝါ ဆဋ္ဌ–၁၁၆)

ဘိက္ခဝေ၊ ရဟန်းတို့။ မာတာပိတူဟိ၊ မေရဗဟို ကျေးဇူးပိုသား မိဘနှစ်ပါးတို့သည်။ အနနုညာတော၊ ငါ့သား ပန်းခက် ပုလဲရွက်ကယ် အသက်တူမျှ မောင်လူလုသည် ဗုဒ္ဓမြတ်စွာ သာသနာမှာ ဓမ္မာတရား ဝင့်ပြတ်ငြားဖို့ ကြိုးစား ရာမွေ ရအောင်နေဟု သက်ဝေသားလျာ ယခုအခါတွင် ဖန်ဝါ တင်လွှမ်း ဝတ်သင်္ကန်းနှင့် ရဟန်းပြုလေ ခွန်းမြွက်ခြွေ၍ မဖေနူးညွတ် ခွင့်မလွှတ်အပ်သော။ ပုတ္တော၊ သားကို။ န ပဗ္ဗာဇေတဗ္ဗော၊ ရှင်ရဟန်းပြု၍ မပေးအပ်။ ယော၊ အကြင် ရဟန်းသည်။ ပဗ္ဗာဇေယျ၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းပြု၍

ပေးပြောအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်စေ။ ဣတိဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တွံ၊ သင်သည် (ဝါ) သင့်ကို။ မာတာပိတူဟိ၊ မြင်းမိုရ် တောင်နှယ် ကျေးဇူးကြွယ်သည့် နှစ်သွယ်သော မိဘတို့သည်။ အနုညာတော၊ မမေ့သက်စု ရဟန်းမှုကို ပြုလေနှုးညွှတ် ခွင့်လွှတ်အပ်သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိဿန္တိ၊ သိလိုရေးဖြင့် စစ်ဆေးမေးမြန်း ကြကုန်လိမ့်လတ္တံ့။

န ဘိက္ခဝေ ဉိနဝီသတိဝဿော ပုဂ္ဂလော ဥပသမ္ပာဒေတဗ္ဗော၊ ဥပသမ္ပန္နော ယထာဓမ္မော ကာရေတဗ္ဗော။

**(မဟာဝါ ဆဋ္ဌ-၁၂၉)**

ဘိက္ခဝေ၊ ရဟန်းတို့။ ဉိနဝီသတိဝဿော၊ သန္ဓေတည်စအချိန်မှလျှင် နှစ်လချင့်တွက် ဤသည့်ရက်တွင် အသက်တိတိ နှစ်ဆယ် မပြည့်သေးသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ပညတ် သတ်မှတ်ခေါ်ထွေ လူသာမဏေကို။ န ဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံ၍ မပေးအပ်။ ဥပသမ္ပန္နော၊ ရဟန်းခံပေးပြီးသော လူသာမဏေကို။ ယထာဓမ္မော၊ ဝိနည်း ညွှန်ကြားကံအားလျော်စွာ။ ကာရေတဗ္ဗော၊ ဆုံးဖြတ်အပ်၏။ ဣတိဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တွံ၊ သင်သည်။ ပရိပုဏ္ဏဝီသတိဝဿော၊ သန္ဓေတည်စ အချိန်မှလျှင် နှစ်လချင့်တွက် ဤသည့်ရက်၌ အသက် နှစ်ဆယ်ပြည့်ဖြိုးကြွယ်သူသည်။ အသိ၊ ဖြစ်ပါ၏လော။ ဣတိပိ၊

ဤသို့လည်း။ ပုစ္ဆိသည်ကို၊ စစ်ဆေးမေးမြန်းကြောင့် လိမ့်လတ္တံ့။

န ဘိက္ခဝေ အပတ္တစီဝရကော ဥပသမ္ပာ ဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

(မဟာဝါ ဆဋ္ဌ–၁၂၅)

ဘိက္ခဝေ၊ ရဟန်းတို့။ အပတ္တစီဝရကော၊ သပိတ်, သင်္ကန်း မရှိသောသူကို။ န ဥပသမ္ပာဒေ တဗ္ဗော၊ ရဟန်းပြု၍ မပေးအပ်။ ယော၊ အကြင် ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ ရဟန်းပြု၍ပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ် သင့်စေ။ ဣတိဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကား တော်ကြောင့်။ တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်တစ်လုံး သုံးထည်သော သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပါပြီလော။ ဣတိပိ၊ ဤသို့လည်း။ ပုစ္ဆိသည်ကို၊ စစ်ဆေး မေးမြန်းကြောင့် လိမ့်လတ္တံ့။ ။ နာဂ၊ နာဂမည်သွင်း သိဖွယ်နင်းသည့် ပဉ္စင်းလောင်း။ တွံ၊ သင်သည်။ ကိံနာမော၊ အဘယ်အမည်ရှိ သော သူသည်။ အသိ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌေန၊ သိလိုရေးဖြင့် စစ်ဆေး မေးမြန်းသည်ရှိသော်။ အဟံ ဘန္တေ နာဂေါနာမာတိ၊ တပည့်တော်သည် နာဂ အမည်ရှိသူပါ ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ ပြောဆိုပြန်ကြား လျှောက်ထားရမည်။

န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာ ဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပဇ္ဈာယကော၊ ဥပဇ္ဈာယ်မရှိ သူကို။ န ဥပသမ္ပာဒေ တဗ္ဗော၊ ရဟန်းပြု၍မပေးအပ်။ ယော၊

အကြင် ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ ရဟန်းပြု၍ပေးငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်စေ။ ဣတိ ဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ တေ၊ သင့်၏။ ဥပဇ္ဈာယော၊ ပြစ်ကြီးပြစ်ငယ် အသွယ်သွယ်ကို ဘယ်ဝယ် မလပ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည်။ ကောနာမော၊ အဘယ်အမည် တင်ချီမြွက်ခြွေ ထေရ်ဖြစ်ပါသနည်း။ ။ဣတိ၊ ဤသို့။ ပုစ္ဆန္တေ၊ သိလိုရေးဖြင့် စစ်ဆေးမေးမြန်းသည် ရှိသော်။ ဥပဇ္ဈာ ယော မေ ဘန္တေ အာယသ္မာတိဿတ္ထေရောနာမ မာတိ၊ တပည့်တော်၏ ဖြစ်ပေါ်သမျှ အပြစ်အာဝတို့ကို ကင်းပစေ လတ် ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာသည် အရှင်တိဿ မထေရ် အမည်ရှိပါသည် ဘုရားဟူ၍။ ဝတ္တဗ္ဗံ၊ ပြောဆိုပြန် ကြား လျှောက်ထားရမည်။

တေဘုမ္မက ဒုက္ခဝဋ်မှ လွတ်လိုသည့်အနေ ဤသိမ်မြေ အရပ်သို့ ချဉ်းကပ်လာညောင်း ပဠင်းလောင်း အမောင်နာဂ- သမ္မုတိသံဃာ ထေရ်မဟာတို့က ဥတ္တိစတုတ္ထ ဒေါသအပြစ် ဖြစ်မဖြစ်ကို မေးစိစစ်သည့်ကာလ ဤသဒ္ဒပဗန္ဓဖြင့် ပြောပြ ထင်ရှား လျှောက်ထားလော့-ဟု သင့်အား ငါ စစ်ကြောထုံးပြ ဆုံးမအပ်ပြီ၊ ယခုအခါ ဤနေရာ၌ ကောင်းစွာကျနွှေ ထိန်း စောင့်ပေလျက် ရပ်မြဲရပ်တည်၍ နေဦးလော့။ ဥပသမ္ပဒကံ ဆောင်ရန် ယခု စည်းဝေးပြုကြသည့် သမ္မုတိသံဃာ ထေရ် မဟာတို့က-သုဏာတု မေ ဘန္တေ သံဃော-အစ အာဂစ္ဆေ ယျ-အဆုံး နိဂုံးဒေသနာ ကမ္မဝါစာဖြင့် မိန့်မှာကာလ အခါ

ကျမှ ဆယ်ဝလက်စုံ ကြာပဒုံကို ကြည်ယုံဦး၌ ပူးကာစိုက် လျက် ဦးတိုက်ခါလာခဲ့ရမည်–ပဥ္စင်းလောင်း အမောင် နာဂ။

## ဩသာရဏာဉတ်

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ အနုသိဋ္ဌော သော မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါ အာဂစ္ဆေယျ။

**(အာဂစ္ဆာဟီတိ ဝတ္တဗ္ဗော)**။

## ပဥ္စင်းအဖြစ် တောင်းပန်စေခြင်း

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ဒုတိယမ္ပိ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။ တတိယမ္ပိ ဘန္တေ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု မံ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

ဘန္တေ၊ အရှင်ဘုရားတို့။ သံဃံ၊ သိမ်အပြင်၌ စည်းဝေး ရောက်လာ မြတ်သံဃာကို။ ဥပသမ္ပဒံ၊ ရဟန်းပဥ္စင်း၏ အဖြစ်ကို။ ယာစာမိ၊ တောင်းပန်ပါ၏ အရှင် ဘုရား။ ဘန္တေ၊ အရှင်ဘုရားတို့။ သံဃော၊ သံဃာတော်သည်။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပံ၊ အစဉ်သနားသည်ကို။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု–ဥဒ္ဓရတု၊ မည်းညစ်မှုဆို အကုသိုလ်အဖို့မှ ဖြူစင် သော ကုသိုလ်အဖို့၌ တည်ပါစေဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်

ဘုရားတို့။ (လ)။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု-ဥဒ္ဒရတု၊ သံသရာတည်း ဟူသော ဝဲသြဃရေအယဉ်မှ ထုတ်နုတ်ယူငင်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ပို့ဆောင်ကယ်တင်တော်မူပါဘုရား။ ။တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ ဘန္တေ၊ အရှင်ဘုရားတို့။ (လ)။ ဥပါဒါယ၊ အကြောင်းပြု၍။ ဥလ္လုမ္ပတု-ဥဒ္ဒရတု၊ ယုတ်နိမ့်ရာပေ လူသာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်၌ တည်ပါစေဘုရား။

## ပုစ္ဆကသမ္မုတိဉတ်

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

## မေးစစ်ခြင်း

နာဂ အမည်ရှိသော ပဉ္စင်းလောင်း- နားစေ့စေ့ထောင်၊ ဤအခါ သည်ကား-သင်ပဉ္စင်းလောင်း၏ မှန်သည်ကိုသာ လျှောက်ထားရမည့် အခါတည်း။ ဟုတ်သည်ကိုသာ လျှောက်ထားရမည့် အခါတည်း။ အကြင် အပြစ်နှင့် ဂုဏ်အလုံးစုံသော သဘောတရားသည် သင့်ကိုယ်မှာ ဖြစ်ပေါ်ပေ၏။ ထိုသဘောတရားကို မေးပေအံ့။ မိမိကိုယ်တွင် ထင်ရှားရှိသည်များကို ရှိပါသည် ဘုရားဟူ၍ လျှောက်ထားရမည်။ မိမိကိုယ်တွင် ထင်ရှားမရှိသည်များကို မရှိပါဘုရားဟု လျှောက်ထားရမည်။

သင်ပဉ္စင်းလောင်း၏ ကိုယ်မှာ ဤသို့ သဘောရှိသော အနာကြီး အနာဆိုး အနာမျိုး တို့သည် ရှိသလော။ နူနာ ရှိသလား-**(မရှိပါဘုရား)**။ ထွတ်မြင်းအနာ အိုင်းအမာ ရှိသလား-**(မရှိပါဘုရား)**။ ယားယံ ပေါက်ပြဲ ပွေးကြီး ဝဲကြီး စွဲသော အနာများ ရှိသလား-**(မရှိပါဘုရား)**။ ရှူနာရှိုက်နာ ကြက်ညှာ ချောင်းဆိုး မောနာ ပန်းနာမျိုးများ ရှိသလား-**(မရှိပါဘုရား)**။ ဝက်ရူး ကြက်ရူး ဘီလူးဖမ်းစား မြေဘုတ်များကြောင့် စကား သွပ်ပေါ် သတိကျေ လျက် မေ့လျော့ တတ်သော အနာမျိုးများ ရှိသလား-**(မရှိပါဘုရား)**။ သင်သည် လူသားစင်စစ်ဖြစ်သည် မှန်ပါသလား-**(လူသားစစ်စစ် ဖြစ်ပါသည်ဘုရား)**။ သင်သည် ယောကျ်ားစင်စစ် ဧကန်ဖြစ်သည် မှန်ပါသလား-**(ယောကျ်ား စင်စစ် ဖြစ်သည် မှန်ပါသည် ဘုရား)**။ သင်သည် သူ့ကျွန် အဖြစ်မှ လွတ်ပါသလား-**(သူ့ကျွန်အဖြစ်မှ လွတ်ပါသည် ဘုရား)**။ သင်သည် သူ့ကြွေးမတင် သန့်ရှင်းစင်သူ ဖြစ်ပါ သလား-**(သူ့ကြွေးမတင် သန့်ရှင်းစင်သူ ဖြစ်ပါသည်ဘုရား)**။ သင်သည် မင်းမှုထမ်းသူ ဟုတ်ပါသလား-**(မင်းမှုထမ်းသူ မဟုတ်ပါဘုရား)**။ သင်သည် မိဘနှစ်ဦးတို့က အနူးအညွတ် ခွင့်လွှတ်အပ်သူ ဖြစ်ပါသလား-**(မိဘနှစ်ဦးတို့က အနူး အညွတ် ခွင့်လွှတ်အပ်သူ ဖြစ်ပါသည်ဘုရား)**။ သင်သည် အသက် နှစ်ဆယ် ပြည့်ကြွယ်ဝသူ ဖြစ်ပါသလား-**(အသက် နှစ်ဆယ် ပြည့် ကြွယ်ဝသူ ဖြစ်ပါသည်ဘုရား)**။ သင်မှာ သပိတ်တစ်လုံး သုံးထည်သော သင်္ကန်း ပြည့်စုံပါသလား-

**(သပိတ်တစ်လုံး သုံးထည်သော သင်္ကန်း ပြည့်စုံပါသည် ဘုရား)**။ သင်သည် အဘယ်မည်ရှိသူ ဖြစ်ပါသနည်း၊ **(တပည့်တော်သည် နာဂ အမည်ရှိသူ ဖြစ်ပါ သည်ဘုရား)**။ သင်၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်မည်ရှိ သောထေရ် ဖြစ်ပါသနည်း။ **(ဘုရား တပည့်တော်၏ ဥပဇ္ဈာယ် ဆရာသည် တိဿထေရ် ဖြစ်ပါသည်ဘုရား)**။

**မှတ်ချက်**။ ။( )ကွင်းအတွင်း စကားများသည် ရဟန်းလောင်းက ဖြေဆိုရမည့် စကားများ ဖြစ်လေသည်။

## ဥပသမ္ပဒကမ္မဝါစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ပရိသုဒ္ဓေါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏဿ ပတ္တစီဝရံ၊ နာဂေါ သံဃံ ဥပသမ္ပဒံ ယာစတိ အာယသ္မတာ တိဿေန

ဥပဇ္ဈာယေန၊ သံဃော နာဂံ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာ ယသ္မတော ခမတိ နာဂဿ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ၊ တတိယမ္ပိ ဧတ မတ္ထံ ဝဒါမိ။ ဥပသမ္ပန္နော သံဃေန နာဂေါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

**သတိ**။ ။ကမ္မဝါစာဆရာကို အဋ္ဌကထာ, ဋီကာ ဆရာတို့က သုံးယောက်ဖတ်ခွင့်ပြုသည်၊ လေးယောက် မရွတ်ဖတ်အပ်၊ အကျယ်သိလိုမူ ဉာဏာသယ ဓေယျမေဒနီ ကမ္မဝါစာမှာကြည့်၊ အကျယ်ပါရှိ၏။

## ဥပသမ္ပဒဒွန္ဒကမ္မဝါစာကျ

အနုဇာနာမိ ဘိက္ခဝေ ဒွေ တယော ဧကာနုဿာဝနေ ကာတုံ၊ တဉ္စ ခေါ ဧကေန ဥပဇ္ဈာယေန၊ နတွေဝ နာနုပဇ္ဈာယေနာတိ ဝစနတော၊ အယံ ပန ဒွန္ဒကမ္မဝါစာ။

## ဝါကျဒွန္ဒအနုသာသန

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော၊ ဥပဇ္ဈံ ဂါဟာပေတွာ ပတ္တစီဝရာနိ အာစိက္ခိတဗ္ဗာနိ။ ဣမေ တုမှာကံ ပတ္တာ၊ (**အာမ**

**ဘန္တေ)**။ ဣမာ သံယာဋ္ဌိယော၊ **(အာမ ဘန္တေ)**။ ဣမေ ဥတ္တရာသင်္ဂါ၊ **(အာမ ဘန္တေ)**။ ဣမေ အန္တရဝါသကာ၊ **(အာမ ဘန္တေ)**။ ဂစ္ဆထ အမုမှိ ဩကာသေ တိဋ္ဌထ။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါစ နာဂေါစ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံစ နာဂံစ အနုသာသေယျံ။

သုဏာထ နာဂါ အယံ တုမှာကံ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ သံဃမဇ္ဈေ ပုစ္ဆန္တေ သန္တံ 'အတ္ထီ' တိ ဝတ္တဗ္ဗံ အသန္တံ 'နတ္ထီ' တိ ဝတ္တဗ္ဗံ၊ မာ ခေါ ဝိတ္ထာယိတ္ထ၊ မာ ခေါ မင်္ကု အဟုဝတ္ထ။ ဧဝံ တုမှေ ပုစ္ဆိဿန္တိ၊ သန္တိ တုမှာကံ ဧဝရူပါ အာဗာဓာ၊ ကုဋ္ဌံ၊ ဂဏ္ဍော၊ ကိလာသော၊ သောသော၊ အပမာရော၊ မနုဿာ အတ္ထ၊ ပုရိသာ အတ္ထ။ ဘုဇိဿာ အတ္ထ၊ အဏဏာ အတ္ထ၊ န အတ္ထ ရာဇဘဋာ၊ အနုညာတာ အတ္ထ မာတာပိတူဟိ၊ ပရိပုဏ္ဏာ ဝီသတိဝဿာ အတ္ထ၊ ပရိပုဏ္ဏာနိ တုမှာကံ ပတ္တစီဝရာနိ၊ ကိန္နာမာ အတ္ထ၊ ကော နာမော တုမှာကံ ဥပဇ္ဈာယော။

သုဏာတု မေ ဘန္တေ သံဃော၊ နာဂေါစ နာဂေါစ နာဂေါစ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ အနုသိဋ္ဌာ သောစ သောစ သောစ မယာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ နာဂေါစ နာဂေါစ နာဂေါစ အာဂစ္ဆေယျုံ။

သံဃံ ဘန္တေ ဥပသမ္ပဒံ ယာစာမ၊ ဥလ္လုမ္ပတု အမှေ

ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။ဒုတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။ ။တတိယမ္ပိ ဘန္တေ သံဃံ ဥပသမ္ပဒံ ယာစာမိ၊ ဥလ္လုမ္ပတု အမှေ ဘန္တေ သံဃော အနုကမ္ပံ ဥပါဒါယ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံစ နာဂေါ အယံစ နာဂေါ အယံစ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ နာဂံစ နာဂံစ နာဂံစ အန္တရာယိကေ ဓမ္မေ ပုစ္ဆေယျံ။

သုဏာသိ နာဂ၊ အယံ တေ သစ္စကာလော၊ ဘူတကာလော၊ ယံ ဇာတံ၊ တံ ပုစ္ဆာမိ။ သန္တံ 'အတ္ထိ' တိ ဝတ္တဗ္ဗံ အသန္တံ 'နတ္ထိ' တိ ဝတ္တဗ္ဗံ၊ သန္တိ တေ ဧဝရူပါ အာဗာဓာ၊ ကုဋ္ဌံ၊ (**နတ္ထိ ဘန္တေ**)။ ဂဏ္ဍော၊ (**နတ္ထိ ဘန္တေ**)။ ကိလာသော၊ (**နတ္ထိ ဘန္တေ**)။ သောသော၊ (**နတ္ထိ ဘန္တေ**)။ အပမာရော၊ (**နတ္ထိ ဘန္တေ**)။ မနုဿော အတ္ထိ၊ (**အာမ ဘန္တေ**)။ ပုရိသော အတ္ထိ၊ (**အာမ ဘန္တေ**)။ အဏဏော အတ္ထိ၊ (**အာမ ဘန္တေ**)။ န အတ္ထိ ရာဇဘဋော၊ (**အာမ ဘန္တေ**)။ အနုညာတော အတ္ထိ မာတာပိတူဟိ၊ (**အာမ ဘန္တေ**)။ ပရိပုဏ္ဏဝီသတိ ဝဿော အတ္ထိ၊ (**အာမ ဘန္တေ**)။ ပရိပုဏ္ဏံ တေ ပတ္တစီဝရံ၊ (**အာမ ဘန္တေ**)။ ကိံနာမော အသိ၊ (**အဟံ ဘန္တေ နာဂေါနာမ**)။ ကောနာမော တေ ဥပဇ္ဈာယော၊ (**ဥပဇ္ဈာယော မေ ဘန္တေ အာယသ္မာ တိဿတ္ထေရောနာမ**)။

**မှတ်ချက်။** ။ ကမ္မဝါစာကား ပဥ္စင်းလောင်း တစ်ဦး အတွက်သာ တိုက်ရိုက်ခွင့်ပြုချက် ရှိသည်။ နှစ်ယောက်, သုံးယောက်သော ပဥ္စင်းလောင်း တို့အတွက် ခွင့်ပြုချက်မရှိ။ သို့တစေ ဤကမ္မဝါစာကား ပါဠိတော်နှင့်အညီ ဖွင့်ပြသော အဋ္ဌကထာ၊ ဝဇိရဗုဒ္ဓိဋီကာတို့အလို ကမ္မဝါစာဖြစ်သည်။

## ဥပသမ္ပဒ ဒွန္ဒကမ္မဝါစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံစ နာဂေါ အယံစ နာဂေါ အယံစ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမိမေသံ ပတ္တစီဝရံ၊ နာဂေါစ နာဂေါစ နာဂေါစ သံဃံ ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော နာဂံစ နာဂံစ နာဂံစ ဥပသမ္ပာဒေယျ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံစ နာဂေါ အယံစ နာဂေါ အယံစ နာဂေါ အာယသ္မတော တိဿဿ ဥပသမ္ပဒါပေက္ခာ၊ ပရိသုဒ္ဓါ အန္တရာယိကေဟိ ဓမ္မေဟိ၊ ပရိပုဏ္ဏမိမေသံ ပတ္တစီဝရံ၊ နာဂေါစ နာဂေါစ နာဂေါစ သံဃံ

ဥပသမ္ပဒံ ယာစန္တိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သံဃော နာဂံစ နာဂံစ နာဂံစ ဥပသမ္ပာဒေတိ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ယဿာယသ္မတော ခမတိ နာဂဿစ နာဂဿစ နာဂဿစ ဥပသမ္ပဒါ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဒုတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။တတိယမ္ပိ ဧတမတ္ထံ ဝဒါမိ။ ။ဥပသမ္ပန္နာ သံဃေန နာဂေါစ နာဂေါစ နာဂေါစ အာယသ္မတာ တိဿေန ဥပဇ္ဈာယေန၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## ဩဝါဒ

တာဝဒေဝ ဆာယာ မေတဗ္ဗာ၊ ဥတုပ္ပမာဏံ အာစိက္ခိတဗ္ဗံ၊ ဒိဝသဘာဂေါ အာစိက္ခိတဗ္ဗော၊ သံဂီတိ အာစိက္ခိတဗ္ဗာ၊ စတ္တာရော နိဿယာ အာစိက္ခိတဗ္ဗာ၊ စတ္တာရိ အကရဏီယာနိ အာစိက္ခိတဗ္ဗာနိ။

## နိဿယလေးပါး။ (ဆွမ်း)

ပိဏ္ဍိယာလောပဘောဇနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော သံဃဘတ္တံ ဥဒ္ဒေသဘတ္တံ နိမန္တနံ သလာကဘတ္တံ ပက္ခိကံ ဥပေါသထိကံ ပါဋိပဒိကံ။ **(အာမ ဘန္တေ)**။

## (သက်န်း)

ပံသုက္ကူလစိဝရံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော ခေါမံ ကပ္ပါသိတံ ကောသေယျံ ကမ္ဗလံ သာဏံ ဘင်္ဂ။

**(အာမ ဘန္တေ)**။

## (ကျောင်း)

ရုက္ခမူလ သေနာသနံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေကလာဘော ဝိဟာရော အဍ္ဎယောဂေါ ပါသာဒေါ ဟမ္မိယံ ဂုဟာ။

**(အာမ ဘန္တေ)**

## (ဆေး)

ပူတိမုတ္တဘေသဇ္ဇံ နိဿာယ ပဗ္ဗဇ္ဇာ၊ တတ္ထ တေ ယာဝဇီဝံ ဥဿာဟော ကရဏီယော၊ အတိရေက လာဘော သပ္ပိ နဝနီတံ တေလံ မဓု ဖာဏိတံ **(အာမ ဘန္တေ)**။

*အကရဏီယလေးပါး*

## ပထမပါရာဇိက

ဥပသမ္ပန္နေန ဘိက္ခုနာ မေထုနော ဓမ္မော န ပဋိသေဝိ တဗ္ဗော အန္တမသော တိရစ္ဆာနဂတာယပိ၊ ယော ဘိက္ခုဝေ မေထုနံ ဓမ္မံ ပဋိသေဝတိ၊ အသမဏော ဟောတိ အသက္ယ

ပုတ္တိယော။ သေယျထာပိ နာမ ပုရိသော သီသစ္ဆိန္နော အဘဗ္ဗော တေန သရီရဗန္ဓနေန ဇီဝိတုံ၊ ဧဝမေဝ ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝိတွာ အသမဏော ဟောတိ အသကျ ပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။ (**အာမ ဘန္တေ**)

## ဒုတိယပါရာဇိက

ဥပသမ္ပန္နေန ဘိက္ခုနာ အဒိန္နံ ထေယျသင်္ခါတံ န အာဒါတဗ္ဗံ အန္တမသော တိဏသလာကံ ဥပါဒါယ။ ယော ဘိက္ခု ပါဒံဝါ ပါဒါရဟံဝါ အတိရေက ပါဒံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယတိ၊ အသမဏော ဟောတိ အသကျ ပုတ္တိယော။ သေယျထာပိ နာမ ပဏ္ဍုပလာသော ဗန္ဓနာ ပမုတ္တော အဘဗ္ဗော ဟရိတတ္တာယ၊ ဧဝမေဝ ဘိက္ခု ပါဒံဝါပါဒါရဟံဝါ အတိရေကပါဒံဝါ အဒိန္နံ ထေယျသင်္ခါတံ အာဒိယိတွာ အသမဏော ဟောတိ အသကျပုတ္တိယော။ တံ တေ ယာဝဇီဝံ အကရဏီယံ။ (**အာမ ဘန္တေ**)။

## တတိယပါရာဇိက

ဥပသမ္ပန္နေန ဘိက္ခုနာ သဉ္စိစ္စ ပါဏော ဇီဝိတာ န ဝေါရောပေတဗ္ဗော အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ။ ယော ဘိက္ခု သဉ္စိစ္စ မနုဿဝိဂ္ဂဟံ ဇီဝိတာ ဝေါရောပေတိ အန္တမသော ဂဗ္ဘပါတနံ ဥပါဒါယ၊ အသမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ ပုထုသိလာ ဒွေဓာ ဘိန္နာ အပ္ပဋိသန္ဓိကာ ဟောတိ၊ ဧဝမေဝ ဘိက္ခု သဉ္စိစ္စ

မနသဝိဂ္ဂဟ် ဒိဝိတာ ဝေါရောပေတွာ အသမဏော ဟောတိ အသကျပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။
**(အာမ ဘန္တေ)။**

## စတုတ္ထပါရာဇိက

ဥပသမ္ပန္နေန ဘိက္ခုနာ ဥတ္တရိမနုဿဓမ္မော န ဥလ္လပိတဗ္ဗော အန္တမသော "သုညာ ဂါရေ အဘိရမာမိ"တိ၊ ယော ဘိက္ခု ပါပိစ္ဆော ဣစ္ဆာ ပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပတိ ဈာနံဝါ ဝိမောက္ခံဝါ သမာဓိံဝါ သမာပတ္တိံဝါ မဂ္ဂံဝါ ဖလံဝါ၊ အသမဏော ဟောတိ အသကျပုတ္တိယော။ သေယျထာပိ နာမ တာလော မတ္ထကစ္ဆိန္နော အဘဗ္ဗော ပုန ဝိရုဠှိယာ၊ ဧဝမေဝ ဘိက္ခု ပါပိစ္ဆော ဣစ္ဆာပကတော အသန္တံ အဘူတံ ဥတ္တရိမနုဿဓမ္မံ ဥလ္လပိတွာ အသမဏော ဟောတိ အသကျပုတ္တိယော၊ တံ တေ ယာဝဇီဝံ အကရဏီယံ။ **(အာမ ဘန္တေ)**

**မှတ်ချက်။** ။ဒွန္နကမ္မဝါစာလေးမျိုးရှိရာ အချို့ဆရာတော်များက သမူဟာပေက္ခဒွန္နကမ္မဝါစာ ရွတ်ဖတ်မှုကို သဘောကျသည်။ သမ္ဗန္ဓေ ဝါ ပန ဝတ္တဗ္ဗေ ဝဝတ္ထိတံ၊ ဝဝတ္ထိတေ ဝါ ဝတ္တဗ္ဗေ အသမ္ဗန္ဓံ ဝဒတိ၊ ဇဝံ ဝုတ္တောပိ ကမ္မဝါစာ န ကုပ္ပတိ၊ (ပရိဝါ အဋ္ဌကထာ-ဆဋ္ဌ ၂၄၈) ယခုခေတ် အများအားဖြင့် ရဟန်းခံပြီးသား ပုဂ္ဂိုလ်များ သိမ်ထပ် ရဟန်းခံကြသည်။ ဤနှင့်စပ်၍ ဝိနယာလင်္ကာရ

ဋီကာ–၃၃၊ ကမ္မာကမ္မဝိနိစ္ဆယကထာ စာမျက်နှာ–၂၁၇၊ ၂၁၈ ၌ အဆိုအမိန့်ရှိသည်။ ကြည့်ပါလေ။

## သြဝါဒနိဿယ

တာဝဒေဝ၊ သိမ်အတွင်းဝယ် ပဋ္ဌင်း ဖြစ်ငြား ခြားမဲ့ကာလ ထိုခဏ၌ပင်လျှင်။ ဆာယာ၊ တစ်သူ, နှစ်သူ ဟူသော အရိပ်ကို။ မေတဗ္ဗာ၊ နှိုင်းရှည့်တိုင်းတာရမည်။

**(လူရိပ်–ဖဝါး–ဗိလာ၊ အချိန်၊ စက်စံတော်ချိန်နာရီ… မိနစ်အချိန်တွင် သင်ရဟန်းအဖြစ်သို့ ရောက်သည်ဟူ၍မှတ်)။**
ဥတုပ္ပမာဏံ၊ ဆောင်း, နွေ, မိုးဟု ဥတုသုံးပါး အပိုင်းအခြားကို။ အာစိက္ခိတဗ္ဗံ၊ ပြောကြားရမည်။ (…ဥတု…လဆ…ရက် **နေ့တွင် သင်ရဟန်းအဖြစ်သို့ ရောက်သည်ဟူ၍မှတ်)။**
ဒိဝသဘာဂေါ၊ နေ့အဖို့ကို။ အာစိက္ခိတဗ္ဗော၊ ပြောကြားရမည်။ (…ဥတု…လဆ…ရက်**နေ့တွင် သင်ရဟန်းအဖြစ်သို့ ရောက်သည်ဟူ၍မှတ်)။**

သင်္ဂီတိ၊ အရိပ်ဥတု နေ့ဟုဆိုကြောင်း သုံးပါးအပေါင်းကို။ အာစိက္ခိ တဗ္ဗာ၊ နောက်နောင်သမယ အချိန်ကာလဝယ် အဘိဝါဒန သာမိစိကမှ စသည်အရာ ဝါကြီးဝါငယ် ရွေးချယ်ပြုရန် ဝေဖန်ပိုင်းခြား ပြောကြားရမည်။

**(အတိတ်သာသနာတော်…ခု၊ မြန်မာကောဇာသက္ကရာဇ် …ခုနှစ်၊…ဥတု၊ …ပက္ခ၊ …လဆ…ရက်၊ …နေ့၊ နေ့တက်**

**(နေကျ)...ဖဝါး၊ ...ဖိလာ၊ စက်နာရီ နံနက် (ညနေ)...နာရီ ...မိနစ် အချိန်တွင် မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်သည်ဟူ၍ မှတ်သားထားလေ)။**

**နိဿယ-ကရဏီယ၊ အကရဏီယအခန်း။** ။စတ္တာရော၊ လေးပါးကုန်သော။ နိဿာယ၊ မှီရာပစ္စည်းတို့ကို။ အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်ကုန်၏။ စတ္တာရိ၊ လေးပါးကုန်သော။ အက ရဏီယာနိစ၊ မပြုကျင့်အပ်သည်တို့ကိုလည်း။ အာစိက္ခိတဗ္ဗာ၊ ပြောကြားအပ်ကုန်၏။ ဣတိဝစနတော၊ ဤသို့သော ဘုရားရှင်၏ စကားတော်ကြောင့်။ အာစိက္ခိဿံ၊ ပြောကြားပေအံ့။

(၆)။ **။မှီဝဲအပ်သည်လေးပါး။** ။ပိဏ္ဍိယာလောပ ဘောဇနံ၊ သလုံးမြင်းခေါင်း ခြေနှစ်ချောင်းဖြင့် အိမ်ပေါင်းများစွာ ရပ်ခံပါ၍ ရလာသောဆွမ်းကို။ နိဿာယ၊ မှီခိုအားထား၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ သလုံး မြင်းခေါင်း ခြေနှစ်ချောင်းဖြင့် အိမ်ပေါင်းများစွာ ရပ်ခံပါ၍ ရလာသောဆွမ်း မှီငြမ်းပြုကာ ထိုရဟန်း ဖြစ်ရာ၌။ တေ-တယာ၊ သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ်လုံး။ (ဝါ) သိက္ခာပုဒ်တော် ရပ်ခေါ်ကိုယ်မှီ တည်သမျှ ကာလပတ်လုံး။ ဥဿာဟော၊ မနေမနား သတိထား၍ ကြိုးစား အားထုတ်ခြင်းကို။ ကရဏီယော၊ ပြုအပ်၏။ ပြုရမည်။ ပြုလေ။ အတိရေကလာဘော၊ ရှေးဘုန်းရှေးကံ ကျိုးပေးသန်၍ သုံးရန်ဆောင်အပ် လာဘ်သပ်ပကာ ပေါ်များ

ပါမူကား။ သံဃာဘတ္တံ၊ လုံးစုံသံဃာ ရည်ညွှန်းကာဖြင့် သဒ္ဓါဖြူလှူပ် လှူအပ်သော ဆွမ်းကိုလည်းကောင်း။ ဥဒ္ဒေသဘတ္တံ၊ သံဃာမျှားမှ ညွှန်ကြားသတ်မှတ် ဥဒ္ဒေသဘတ်ကို လည်းကောင်း။ နိမန္တနံ၊ ဆွမ်းလှူဒကာ စေတနာရောက် သဒ္ဓါပေါက်၍ ရွေးကောက် ပိတ်အပ် နိမန္တနဘတ်ကို လည်းကောင်း။ သလာကဘတ္တံ၊ စာရေးတန်မဲပတ်၍ လှူအပ်သော သလာကဘတ်ကိုလည်းကောင်း။ ပက္ခိကံ၊ လဆုတ် လဆန်းပက္ခမှန်း၍ လှူဒါန်းအပ်သော ဆွမ်းကို လည်းကောင်း။ ဥပေါသထိကံ၊ ဥပုသ်နေ့၌ မှတ်၍ကြည်ဖြူ လှူအပ်သော ဥပေါသထိက ဘတ်ကိုလည်းကောင်း။ ပါဋိပဒိကံ၊ ဥပုသ်မှထွက် နောက်တစ်ရက်၌ မှတ်လျက်လှူအပ်သော ပါဋိပဒိကဘတ်ကို လည်းကောင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ ဘုဉ်းပေးသုံးဆောင်ကောင်းသေး၏။ သုံးဆောင်လေဦးလော့။

**(အာမ ဘန္တေ)။**

ပံသုကူလစီဝရံ၊ မြေမှုန့်မြေဓာတ် အလိမ်းလိမ်းကပ်သော သင်္ကန်းကို။ နိဿာယ၊ အမှီပြု၍။ ယာပဗ္ဗဇ္ဇာ၊ အကြင်ရဟန်း အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ မြေမှုန့်မြေဓာတ် အလိမ်းလိမ်းကပ်သည့် ပံသုကူသင်္ကန်းကို မှီငြမ်းပြု၍ ထိုရဟန်းဖြစ်ရာ၌။ တေ–တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက် ရှည်သမျှ ကာလပတ်လုံး။ (ဝါ) သိက္ခာပုဒ်တော်ရပ်ခေါ် ကိုယ်မှီ တည်သမျှကာလပတ်လုံး။ ဥဿာဟော၊ မနေမနား သတိထား၍ ကြိုးစားအားထုတ်ခြင်းကို။ ကရဏီ

ယော၊ ပြုအပ်၏။ ပြုရမည်။ ပြုလေ။ အတိရေကလာသော၊ ရှေးဘုန်း ရှေးကံ ကျိုးပေးသန်၍ အလွန်တရာ လာဘ်သပ်ပေါ များပါမူကား။ ခေါမံ၊ ခေါမတိုင်းမှိ သမိုင်းတည်သည့် ခံချည် သက်န်းကိုလည်းကောင်း။ ကပ္ပါသိကံ၊ ဝါချည်သက်န်းကို လည်းကောင်း။ ကောသေယျံ၊ ပိုးချည်သက်န်းကို လည်း ကောင်း။ ကမ္ဗလံ၊ သကလပ်သက်န်းကို လည်းကောင်း။ သာဏံ၊ သျှမ်ချည် သက်န်းကိုလည်းကောင်း။ ဘင်္ဂံ၊ ဘန်ချည် သက်န်းကို လည်းကောင်း။ (ဝါ) ချည်အရပ်ရပ် ရောနှောစပ် လျက် ရက်အပ်သော သက်န်းကိုလည်းကောင်း။ ပရိဘုဉ္ဇိတဗ္ဗံ၊ ဝတ်ရုံသုံးဆောင်ခံကောင်းသေး၏။ သုံးဆောင်လေဦးလော့။

**(အာမ ဘန္တေ)**။

ရက္ခမူလသေနာသနံ၊ ရှာဖွေရာဝယ် ရလွယ်ဘိတောင်း သစ်ပင်ရင်းတည်းဟူသောကျောင်းကို။ နိဿာယ၊ အားကိုး တစ်ခု အမှီပြု၍။ ယာ ပဗ္ဗဇ္ဇာ၊ အကြင်ရဟန်းအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ရလွယ်ဘိတောင်း သစ်ပင်တည်းဟူသော ကျောင်းကို ခိုအောင်းသမှု အမှီပြုကာ ထိုရဟန်း ဖြစ်ရာ၏။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ရှည် သမျှ ကာလပတ်လုံး။ (ဝါ) သိက္ခာပုဒ်တော် ရပ်ခေါ်ကိုယ်မှိ တည်သမျှ ကာလပတ်လုံး။ ဥဿာဟော၊ မနေမနား သတိ ထား၍ ကြိုးစားအားထုတ် ခြင်းကို။ ကရဏီ ယော၊ ပြုအပ်၏။ ပြုရမည်။ ပြုလေ။ အတိရေကလာသော၊ ရှေးဘုန်းရှေးကံ ကျိုးပေးသန်၍ ဖြိုးလျှံဝေဆာ လာဘ်များပါမူကား။ ဝိဟာရော၊

အမိုးနှစ်ဖက် မျက်နှာကြက်နှင့် အုန်းလက်ထိုးလတ် လေးဘက် တပ်၍ မိုးအပ်သော ကျောင်းကိုလည်းကောင်း။ အနယောဂေါ၊ ဂဠုန်တောင်ဟပ် တစ်ဖက်ရပ်ဖြင့် မိုးအပ်သော ကျောင်းကို လည်းကောင်း။ ပါသာဒေါ၊ ထုပိကာဦး ငှက်ပျောမှုးနှင့် အထူး အဆန်း မြင်သူပန်းမှု ကိုးခန်း ဆယ်ထပ် ထီးတင်အပ်သော ပြာသာဒ်ရှည်ကိုလည်းကောင်း။ ဟမ္မိယံ၊ ထီးထွတ်မတပ် ပြာသာဒ်ဦးပြည်းကို လည်းကောင်း။ ဂုဟာ၊ ဥမင်လိဏ်ခေါင်း တိုက်ဂူကျောင်း ကိုလည်းကောင်း။ ပရိဘုဥ္စိတဗ္ဗာ၊ နေထိုင်သုံး ဆောင်ကောင်းသေး၏။ သုံးဆောင်လေဦးလော့။

**(အာမ ဘန္တေ)။**

ပူတိမုတ္တဘေသဇ္ဇံ၊ နွားကျင်ပုပ်ဖြင့် စိမ်လုပ်အပ်သော ဆီးဖြူသျှိသျှား သဖန်းခါး စသောဆေးကို။ နိဿာယ၊ အမှီပြု ၍။ ယာပဗ္ဗဇ္ဇာ၊ အကြင် ရဟန်းအဖြစ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ နွားကျင်ပုပ်ဖြင့် စိမ်လုပ်အပ်သော ဆီးဖြူ သျှိသျှား သဖန်းခါးစသောဆေးကိုမှီ၍ ထိုရဟန်းဖြစ်ရာ၌။ တေ-တယာ၊ သင်ပဥ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်ရှည်သမျှ ကာလပတ် လုံး။ (ဝါ) သိက္ခာပုဒ်တော် ရပ်ခေါ်ကိုယ်မှီ တည်သမျှကာလ ပတ်လုံး။ ဥဿာဟော၊ မနေမနား သတိထား၍ ကြိုးစားအား ထုတ်ခြင်းကို။ ကရဏီ ယော၊ ပြုအပ်၏။ ပြုရမည်။ ပြုလေ။ အတိရေကလာဘော၊ ရှေးဘုန်း ရှေးကံ ကျိုးပေးသန်၍ အလွန် တရာ လာဘ်များပါမူကား။ သပ္ပိ၊ ထောပတ်ကိုလည်း ကောင်း။ နဝနီတံ၊ ဆီဦးကိုလည်းကောင်း။ တေလံ၊ ဆီကို

လည်းကောင်း။ ဖာဏိတံ၊ တင်လဲကိုလည်းကောင်း။ ပရိဘုဉ္ဇိ တဗ္ဗံ၊ မှိဝဲသုံးဆောင်ကောင်းသေး၏။ သုံးဆောင်လေဦးလော့။ **(အာမ ဘန္တေ)**။

## မမှိဝဲအပ်သည့်လေးပါး

ဥပသမ္ပန္နေန၊ ဖြူစင်ကြောင်းရပ် စုပေါင်းစပ်သဖြင့် ကောင်းမြတ်သောပဉ္စင်းအဖြစ်သို့ ရောက်ရှိပြီးသော။ ဘိက္ခုနာ၊ ရဟန်းမည်သည်။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ တိရစ္ဆာန ဂတာယပိ၊ တိရစ္ဆာန်မဒ္ဒသော် လည်းကောင်း။ မေထုနော၊ ရာဂပြောထူ သဘောတူသော သူနှစ်ယောက်တို့၏ ဥစ္စာဖြစ် သော။ ဓမ္မော၊ ရွာသူတို့၏အကျင့်ကို။ နပဋိသေဝိ တဗ္ဗော၊ မမှိဝဲအပ်။ မမှိဝဲကောင်း။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ မေထုနဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝတိ၊ မှိဝဲအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အဿမဏော၊ ကိလေသာငြိမ်းချမ်း ရဟန်းကောင်းမဟုတ်သည်။ အသကျ ပုတ္တိယော၊ သာကီဝင် မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိ နာမ၊ နှိုင်းတုစရာ ဥပမာမည်သည်ကား။ သီသ စ္ဆိန္နော၊ ဦးခေါင်းလည်ရပ် ပြတ်လေပြီးသော။ ပုရိသော၊ ယောကျ်ားသည်။ တေန သရီရဗန္ဓနေန၊ ထိုကိုယ်နှင့် ခေါင်း နှစ်ပါးပေါင်း၍ ကောင်းအောင် တဖန် နောက်စပ်ပြန်သဖြင့်။ ဇီဝိတုံ၊ အသက်တစ်ဖန် ရှေးပုံဟန်သို့ ပြန်ရှင်ခြင်းငှာ။ အဘဗ္ဗော သေယျထာပိ နာမ၊ မထိုက်တန်သကဲသို့။ ဧဝမေဝ၊

ဤအတ္ထသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ မေထုနံ ဓမ္မံ၊ မေထုန်အကျင့်ကို။ ပဋိသေဝိတွာ၊ မှီဝဲမိသည်ရှိသော်။ အဿမဏော၊ ရဟန်း မဟုတ်သည်။ အသက္ကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအမှုကို။ တေ-တယာ၊ သင် ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ အသက်သိက္ခာ ကိုယ်မှာတည်သမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုမကျင့်အပ်။ မပြုမကျင့်လေလင့်။ (**အာမ ဘန္တေ**)။

ဥပသမ္ပန္နေန၊ ပဉ္စင်းအဖြစ်သို့ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟန်းမည် သည်။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ တိဏသလာကံ၊ မြက်ဝါးခြမ်း ကို။ ဥပါဒါယ၊ အစပြု၍။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ပစ္စည်းကို။ ထေယျသင်္ခါတံ၊ ခိုးယူလိုမှုစိတ်အစုဖြင့်။ န အာဒါတဗ္ဗံ၊ မယူအပ်။ မယူကောင်း။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ပါဒံဝါ၊ ငါးပဲယူမှတ် တမတ်ကိုသော် လည်းကောင်း။ ပါဒါရဟံဝါ၊ တမတ်ထိုက်သော ဥစ္စာကိုသော်လည်းကောင်း။ အတိရေကပါဒံဝါ၊ တမတ် တမတ်တန်ထက် အလွန်ကိုသော်လည်းကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ပစ္စည်းကို။ ထေယျသင်္ခါတံ၊ ခိုးယူလိုမှုစိတ်အစုဖြင့်။ အာဒိယတိ၊ ခိုးယူမိအံ့။ သော ဘိက္ခု၊ ထိုရဟန်းသည်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသက္ကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ **သေယျထာပိ နာမ၊ နှိုင်းတုစရာ ဥပမာသော်ကား။**

ဗန္ဓနာ၊ ရှက်ရိုး ညှာတံမှ။ ပဝုတ္တော၊ ကြွေကျလေပြီးသော။ ပဏ္ဏုပလာသော၊ သစ်ရွက်ရော်သည်။ ဟရိတတ္တာယ၊ စိမ်းလန်းတဖန် ဖြစ်ပြန်ခြင်းငှာ။ အဘဗ္ဗော သေယျထာပိ နာမ၊ မထိုက်တန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပါဒံဝါ၊ ငါးပဲယူမှတ် တမတ်ကိုသော် လည်းကောင်း။ ပါဒါရဟံဝါ၊ တမတ်တန်ကို သော်လည်းကောင်း။ အတိရေကပါဒံဝါ၊ တမတ်တစ်မတ်ထက် အလွန်ကိုသော်လည်းကောင်း။ အဒိန္နံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူ့ပစ္စည်းကို။ ထေယျသင်္ခါတံ၊ ခိုးယူလိုမှု စိတ်အစုဖြင့်။ အာဒိယိတွာ၊ ခိုးယူမိသောကြောင့်။ အဿမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအမှုကို။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်မှာတည်သမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုမကျင့်အပ်။ မပြုမကျင့်လေလင့်။ **(အာမဘန္တေ)**။

ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ပြီးသော။ ဘိက္ခုနာ၊ ရဟန်းမည်သည်။ သဉ္စိစ္စ၊ သေစေခြင်းငှာ စေတနာနှင့်တကွ အားထုတ်၍။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ ကုန္ထကိပိလ္လိကံ၊ ခြပုန်း ပုရွက်ကို။ ဥပါဒါယ၊ အစပြု၍။ ပါဏော၊ သတ္တဝါကို။ ဇီဝိတာ၊ ရုပ်နာမ် နှစ်ထွေ ဇီဝိတိန္ဒြေမှ။ န ဝေါရောပေတဗ္ဗော၊ မချအပ်။ မချကောင်း။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သဉ္စိစ္စ၊ သေစေခြင်းငှာ

စေတနာနှင့်တကွ အားထုတ်၍။ အန္တမသော၊ အယုတ်ဆုံး အားဖြင့်။ ဂန္ထပါတနံ၊ ကိုယ်ဝန်ကျဆေး ပေးကမ်းခြင်းကို။ ဥပါဒါယ၊ အစပြု၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သော ကိုယ်ကို။ ဇီဝိတာ၊ ရုပ်နာမ်နှစ်ထွေ ဇီဝိတိန္ဒြေမှ။ (ဝါ) အသက်မှ။ ဝေါရောပေတိ၊ ကျစေအံ့။ ချအံ့။ သောဘိက္ခု၊ ထိုရဟန်းသည်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ သေယျထာပိ နာမ၊ နှိုင်းတုစရာ ဥပမာမည်သည်ကား။ ဒွေဓာ၊ နှစ်စိတ် နှစ်ဖြာ။ ဘိန္နာ၊ ကွဲလေပြီးသော။ ပုထုသိလာ၊ ကျောက်တုံးကြီးသည်။ အပ္ပဋိသန္ဓိကာ၊ တဖန်စေ့စပ် အစေးကပ်အောင် မဇာတ်ကောင်းသည်။ ဟောတိ သေယျထာပိနာမ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဘိက္ခုနာ၊ ရဟန်းသည်။ သဉ္စိစ္စ၊ သေစေလိုပါ စေတနာနှင့်တကွ အား ထုတ်၍။ မနုဿဝိဂ္ဂဟံ၊ လူဇာတ်ဖြစ်သော ကိုယ်ကို။ ဇီဝိတာ၊ ရုပ်နာမ် နှစ်ထွေ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတွာ၊ ချမိသောကြောင့်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအမှုကို။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်သမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုမကျင့်အပ်။ မပြုမကျင့်လေလင့်။ **(အာမ ဘန္တေ)**။

ဥပသမ္ပန္နေန၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့ ရောက်ပြီး

သော။ ဘိက္ခုနာ၊ ရဟန် မည်သည်။ အန္တမသော၊ အယုတ်ဆုံး
အားဖြင့်။ သုညာ ဂါရေ၊ လူသံသူသံ မဆူညံသည့် ဟောဝန်
ရိပ်သာဆိတ်ငြိမ်ရာ၌။ အဘိရမာ မိတ်၊ ရဟန်းတရား ကြိုးစား
လေ့ပျော် ငါမွေ့လျော်၏ဟူ၍။ ဥတ္တရိမနုဿ ဓမ္မော၊ မြတ်
သော လူများ၏ ဈာန် မဂ် ဖိုလ်တရားကို။ န ဥလ္လပိတဗ္ဗော၊
ဝါကြွားသသော စိတ်မနောဖြင့် မပြောမဆိုကောင်း။ ယော
ဘိက္ခု၊ အကြင်ရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာစိုးမိုး အလိုဆိုး
ရှိသည်ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုဆိုးသည် လွှမ်းမိုး
နှိပ်စက်အပ်သည် ဖြစ်၍။ ဈာနံဝါ၊ မဟဂ္ဂုတ် လောကုတ္တရာ
နှစ်ဖြစ်သောဈာန်ကို လည်းကောင်း။ ဝိမောက္ခံဝါ၊ ဝိမောက္ခ
ကိုသော် လည်းကောင်း။ သမာဓိံဝါ၊ သမာဓိကိုသော်လည်း
ကောင်း။ သမာပတ္တိံဝါ၊ သမာပတ်ကိုသော် လည်းကောင်း။
မဂ္ဂံဝါ၊ မဂ်ကို သော်လည်းကောင်း။ ဖလံဝါ၊ ဖိုလ်ကိုသော်
လည်းကောင်း။ အသန္တံ၊ မိမိကိုယ်တွင် ထင်ရှားမရှိသော။
အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိ မနုဿဓမ္မံ၊ မြတ်သောလူ
များ၏ ဈာန် မဂ် ဖိုလ်တရားကို။ ဥလ္လပိတွာ၊ ဝါကြွားပြောဆိုမိ
သောကြောင့်။ အသမဏော၊ ရဟန်းမဟုတ်သည်။ အသကျ
ပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။
ဟောတိ၊ ဖြစ်၏။ သေယျထာပိ နာမ၊ နှိုင်းတုစရာ ဥပ မာမည်
သည်ကား။ မတ္ထကစ္ဆိန္နော၊ လည်ဆစ်လည်ရပ် ကျိုးပြတ်လေ
ပြီးသော။ တာလော၊ ထန်းပင်ငုတ်သည်။ ပုန ဝိရုဠှိယာ၊
ဖူးသျှောက် ဖူးလက် စူးစူးတက်၍ ပေါ်ထွက်တာဖန် စည်ကား

ပြန်ခြင်းငှာ။ အဘဗ္ဗောသေယျထာပိ၊ မထိုက်တန် သကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ ဘိက္ခု၊ ရဟန်းသည်။ ပါပိစ္ဆော၊ ယုတ်မာစိုးမိုး အလိုဆိုးရှိသည် ဖြစ်၍။ ဣစ္ဆာပကတော၊ အလိုဆိုးသည် လွှမ်းမိုးစိတ်ထက် နှိပ်စက်အပ်သည် ဖြစ်၍။ အသန္တံ၊ ထင်ရှားမရှိသော။ အဘူတံ၊ မဟုတ်မမှန်သော။ ဥတ္တရိမနုဿဓမ္မော၊ မြတ်သောလူများ၏ ဈာန် မဂ် ဖိုလ် တရားကို။ ဥလ္လပိတွာ။ ဝါကြွားသဘော စိတ်မနောဖြင့် ပြောဆိုမိသောကြောင့်။ အသမဏော၊ ရဟန်း မဟုတ်သည်။ အသကျပုတ္တိယော၊ သာကီဝင်မင်းသား ဘုရားသားတော် မဟုတ်သည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုအမှုကို။ တေ-တယာ၊ သင်ပဉ္စင်းသစ်သည်။ ယာဝဇီဝံ၊ သိက္ခာပုဒ်တော် ကိုယ်၌တည်နေသမျှ ကာလပတ်လုံး။ အကရဏီယံ၊ မပြုမကျင့်အပ်။ မပြုမကျင့်လေလင့်။ (အာမ ဘန္တေ)။

## ဒေသနာကြား ဒေသနာခံပုံ

**ရဟန်းငယ်ကစ၍ ကြားပါ။** ။ အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာရောစယာမိ။

**အကြီး။** ။သာဓု သာဓု သာဓု။

**အငယ်။** ။အဟံ ဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။

**အကြီး။** ။ပဿသိ အာဝုသော တာ အာပတ္တိယော။

**အငယ်**။ အာမဘန္တေ ပဿာမိ။
**အကြီး**။ ။အာယတိံ အာဝုသော သံဝရေယျာသိ။
**အငယ်**။ ။ သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
**အကြီး**။ ။သာဓု သာဓု သာဓု။

(ဤသို့ အငယ်ရဟန်းက တစ်ခေါက်ကြားပြီးသောအခါ အကြီး ရဟန်းက ပြန်၍ အောက်ပါအတိုင်းကြားရမည်)

**အကြီး**။ ။အဟံ အာဝုသော သဗ္ဗာ အာပတ္တိယော အာရောစယာမိ။
**အငယ်**။ ။သာဓု သာဓု သာဓု။
**အကြီး**။ ။အဟံ အာဝုသော သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ တာ တုယှမူလေ ပဋိဒေသေမိ။
**အငယ်**။ ။ပဿထ ဘန္တေ တာ အာပတ္တိယော။
**အကြီး**။ ။အာမ အာဝုသော ပဿာမိ။
**အငယ်**။ ။အာယတိံ ဘန္တေ သံဝရေယျာထ။
**အကြီး**။ ။သာဓု သုဋ္ဌု အာဝုသော သံဝရိဿာမိ။
**အငယ်**။ ။သာဓု သာဓု သာဓု။

## အငယ်ကတစ်ခေါက်ပြန်ကြားပုံမှာ

**အငယ်**။ ။အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိ ယော အာပဇ္ဇိံ တာ တုမှမူလေ ပဋိဒေသေမိ။

အကြီး။ ။ပဿသိ အာဝုသော တာ အာပတ္တိယော။
အငယ်။ ။အာမဘန္တေ ပဿာမိ။
အကြီး။ ။အာယတိ အာဝုသော သံဝရေယျာသိ။
အငယ်။ ။သာဓု သုဋ္ဌု ဘန္တေ သံဝရိဿာမိ။
အကြီး။ ။သာဓု သာဓု သာဓု။

## သိက္ခာချစရာမှတ်စုလွှာ

ရဟန်းတစ်ပါး လူထွက်မယ်၊ သိက္ခာချမယ်ဆိုလျှင်-

၁။ စိတ္တ = လူထွက်လိုစိတ်ရှိနေရမယ်။

၂။ ခေတ္တ = **သာမဏေရောတိ + မံ + ဓာရေဟိ =** တပည့်တော်ကို+ရှင်သာမဏေအဖြစ်+ မှတ်ယူတော် မူပါဟု လည်းကောင်း၊ **ဂိဟီတိ+မံ+ဓာရေဟိ**=တပည့်တော် ကို+လူအဖြစ်မှတ်တော်မူပါဟု လည်း ကောင်း၊ ခေတ်ပုဒ်များဖြင့် ဆိုရပါ မယ်။

၃။ ကာလ = ပစ္စုပ္ပန်ကာလဖြင့်သာ ပြောဆိုလျှောက် ထားရပါမယ်။

၄။ ပယောဂ = ဝစီပယောဂဖြင့် နှုတ်ဖွင့် ပြောဆို လျှောက်ထားရပါမယ်။

၅။ ဇာန = မိမိပြောဆိုလျှောက်ထားချက်တွေကို သိရှိနားလည် သူ ဖြစ်ရပါမယ်။

၆။ ပုဂ္ဂလ = လူဇာတ်ဖြစ်သူ ပုဂ္ဂိုလ်ထံမှာ ဖြစ်ရပါမယ်။

ဒီအင်္ဂါ (၆)ပါးနှင့် ညီညွတ်ပြည့်စုံမှ သိက္ခာချခြင်း၊ လူထွက်ခြင်းကိစ္စ ပြီးမြောက်အောင်မြင်ပါတယ်။ (၁) နံပါတ် လူထွက်လိုစိတ်ရှိဖို့က အဓိက အရေးကြီးဆုံးဖြစ်ပါတယ်။

## သဘာဝကျကျသိက္ခာချ

ရဟန်းပြုခဲ့စဉ်က လူအဖြစ်မှ ရှင်သာမဏေအဖြစ်၊ ရှင်သာမဏေ အဖြစ်မှ ရဟန်းအဖြစ်သို့ ကူးပြောင်းခဲ့စဉ် အတိုင်း လူအဖြစ်ပြန်ပြောင်းတဲ့အခါ ရဟန်းအဖြစ်မှ ရှင်သာမဏေအဖြစ်၊ ရှင်သာမဏေအဖြစ်မှ လူအဖြစ်သို့ ပြန်ပြောင်းလျှင် ပိုပြီးသဘာဝကျမယ်လို့ ယူဆခဲ့တဲ့အတွက် သိက္ခာချတဲ့အခါ **"သာမဏေရောတိမံဓာရေဟိ"**ဟု ရှင်သာမဏေအဖြစ် ချပြီးမှ **"ဂိဟီတိမံဓာရေဟိ"**ဟု လူအဖြစ် ချပေးပါတယ်။

**ဗုဒ္ဓံပစ္စက္ခာမိ၊ ဓမ္မံပစ္စက္ခာမိ၊ သံဃံပစ္စက္ခာမိ။**

ဘုရားကိုစွန့်ပါ၏၊ တရားကို စွန့်ပါ၏၊ သံဃာကို စွန့်ပါ၏ဆိုတဲ့ ခေတ္တပုဒ်တွေလည်း ပါနေပါတယ်။

ရဟန်းအဖြစ်မှ လူအဖြစ်ပြောင်းတာဟာ ဘုရား၊ တရား၊ သံဃာကို စွန့်ပယ်တာမဟုတ်တဲ့အတွက် တစ်ကြိမ်တစ်ခါမှ ဗုဒ္ဓံပစ္စက္ခာမိစတဲ့ ပုဒ်များကို မသုံးပါ။ သာမဏေရောတိမံဓာရေဟိ=ဂိဟီတိမံဓာရေဟိ ဟူသော ပုဒ်များလောက်

ဖြင့် အင်္ဂါ(၆)ပါးနှင့် အညီ သိက္ခာချလျှင် လုံလောက်ပြီဟု ယူဆပါတယ်။

## ဆောင်ပုဒ်များ

- စိတ်၊ ခေတ်၊ ကာလ၊ ပယောဂ၊ ဌာန၊ ပုဂ္ဂလ
- သိက္ခာချရန်၊ ဆင့်ဂံ၊ အမှန်ညီစေရာ။

ဥပသမ္ပဒ အခန်းပြီး၏။





# ဝါဆို ဝါကပ်

ဝါဆိုဝါကပ်ခြင်းသည် ပုရိမိကာ ဝါကပ်ခြင်း၊ ပစ္ဆိမိကာ ဝါကပ်ခြင်း ဟု ဝါကပ်ခြင်း (၂) မျိုးရှိသည်။ ဝါဆိုလပြည့်ကျော် (၁)ရက်နေ့သည် ပုရိမိကာ ဝါကပ်ရာနေ့ဖြစ်၏။ အန္တရာယ် ကြုံတွေ့၊ အကြောင်းမညီညွတ်လျှင် ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့သည် ပစ္ဆိမိကာ ဝါကပ်ရာနေ့ ဖြစ်၏။

ဝစီဘေဒ-နှုတ်မြွက်၍ ဝါဆို ဝါကပ်ရာတွင် စကား အပြည့်အစုံဆို၍ ဝါကပ်နည်း၊ စကားအပြည့်အစုံကို မဆိုမူ၍ ဝါကပ်နည်းဟု (၂)မျိုးရှိသည်။ ဝါဆိုဝါကပ်ပြုရာကျောင်းသည်-

၁။ အမိုးနှင့် ပြည့်စုံခြင်း၊

၂။ အကာအရံနှင့် ပြည့်စုံခြင်း၊

၃။ တံခါးအိမ်၊ တံခါးဖွဲ့၊ တံခါးရွက်နှင့် ပြည့်စုံခြင်း၊

၄။ ဝါတွင်း (၃)လ အမြဲနေရန် ကျောင်းဖြစ်ခြင်း။

အထက်ပါ အင်္ဂါ(၄)မျိုးနှင့် ပြည့်စုံသော ကျောင်းဖြစ်အံ့။

**"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"** ဟု အပြည့်အစုံဆို၍ ဝါကပ်ရမည်။

ကျောင်းမဟုတ်သော ခရီးသွားဆဲ လှည်း၊ လှေ၊ သင်္ဘော စသည်တို့မှာ အမိုး, အကာ, တံခါးနှင့်တကွ ယာယီကုဋိပြုလုပ်၍ ဝါကပ်ရာ၌ **"ဣဓ ဝဿံ ဥပေမိ"** ဟု စကားအပြည့်အစုံ မဆိုမူ၍ ဝါကပ်ရ၏။ ကျောင်းမဟုတ်သောကြောင့် ဝိဟာရ-သဒ္ဒါ မပါစေရ။ လှေ, လှည်း စသည်တို့၌ ဝါကပ်ရာတွင် ဝါတွင်းမှာပင် မိမိအလိုရှိရာအရပ် ရောက်က ဆင်းနေရမည်။ ထိုမှာမှာပင် ဝါကျွတ်စေရမည်။ ထို့ကြောင့် တေမာသံ-သဒ္ဒါကို မဆိုရခြင်းဖြစ်သည်။ အကယ်၍ လှေ, သင်္ဘော စသည်ပေါ်၌ ဝါကျွတ်သည့်တိုင်အောင် နေရမည်ဖြစ်လျှင် တေမာသံ-သဒ္ဒါ ဆိုသင့်ပါသည်။

ဝါဆိုရန် ကုဋိကျောင်းကိုမှ မရလျှင် လှေ, လှည်း စသည်သို့ဝင်၍ **"ဣဓ ဝဿံ ဝသိဿာမိ"** ဟု စိတ်အာလယမှု ကို ပြု၍ ဝါကပ်ရာ၏။ အင်္ဂါနှင့်ပြည့်စုံသော ကျောင်းမှာပင် "ဤကျောင်း၌ (၃)လပတ်လုံး ငါနေမည်" ဟု စိတ်ဖြစ်လျှင် ဝါကပ်ခြင်း မြောက်ပါသည်။

## ဝါပန်ခြင်း

(၇)ရက်အတွင်း ပြုလုပ်ဖွယ်ကိစ္စရှိ၍ ခရီးသွားလျှင် ဝါပန်၍ သွားရသည်။ ယင်းသို့ သွားရာတွင် **"သီတင်းသုံးဖော်၊ မိ-ဖ သော်၊ မခေါ်သွားထိုက်ပါ"** ဆိုသည့်အတိုင်း

ရဟန်း, ရဟန်းမ, သာမဏေ, သာမဏေရီ, သိက္ခမာန်-ဟူသော သီတင်းသုံးဖော် (၅)ဦးနှင့် အမိအဖတို့၌ အကြောင်းကိစ္စရှိလျှင် ကပ္ပိယစကားဖြင့် မပင့်မခေါ်သော်လည်း "**အဇ္ဇ သတ္တာဟေ ပဋိနိဝတ္တေဿာမိ**" ဟူ၍လည်းကောင်း၊ "**သတ္တာဟဗ္ဘန္တရေ ပဋိနိဝတ္တေဿာမိ**" ဟူ၍လည်းကောင်း ဝါပန်ဆို၍ သွားရမည်။ နှုတ်ကမဆိုသော်လည်း (၇)ရက်အတွင်း ပြန်လာမည်ဟု နှလုံးသွင်း၍ သွားလျှင်လည်း ဝါမပျက်ပါ။

ဆိုခဲ့ပြီးသူ (၇)ယောက်မှ တစ်ပါးသော သူတို့၏ အကြောင်းကိစ္စ ရှိခဲ့လျှင် ကပ္ပိယစကားဖြင့် ပင့်လျှောက်မှ သွားသင့်သည်။

**ဣစ္ဆာမိ ဒါနဉ္စ ဒါတုံ၊ ဓမ္မဉ္စ သောတုံ၊ ဘိက္ခူ စ ပဿိတုံ**-ဟူသော ပါဠိစကား။

အရှင်မြတ်တို့အား မည်သည့်ဝတ္ထုကို လှူလိုပါသည်၊ ဟောကြားအပ်သော တရားတို့ကို နာယူလိုပါသည်၊ မျက်နှာတော်ကို ဖူးမြော်လိုပါသည်-ဟူသော မြန်မာစကားများသည် ကပ္ပိယစကားများ ဖြစ်၏။ ထိုကပ္ပိယစကားဖြင့်ပင့်မှ ဝါပန်သွားကောင်းသည်။ ဝါပန်ထွက်သွားပြီးမှ ထီးမေ့ကျန်ခြင်း၊ ဖိနပ်မေ့ကျန်ခြင်း စသည်တို့ကြောင့် တိုက်တွင်းသို့ တစ်ဖန် ပြန်ရောက်ခဲ့သော် ပန်ပြီးဝါ ပျက်၏။ တိုက်သို့ ပြန်ဝင်မိသည့်နေ့၌ မသွားရ၊ တိုက်တွင်း တစ်အရုဏ်ရအောင် နေပြီး နောက်နေ့မှ ဝါပန်သွားရသည်။ တိုက်သို့ပြန်ဝင်မိသည့်နေ့ပင် တစ်ဖန်

ဝါပန်၍ သွားမိနဲ့အုံ၊ ဝါပျက်၏ဟု ဆိုကြ၏။ သင်ခြင်ဟု လယ်တီဆရာတော်ကြီး မှတ်ချက် ရေးထားသည်။

**"လဆန်း(၉)ရက်၊ ဝါပန်ထွက်၊ ပြန်ရက်မရှိပြီ"** ဟု ဆိုသည့်အတိုင်း သီတင်းကျွတ်လဆန်း(၉)ရက်နေ့၌ သဗ္ဗာဟ ဆောင် ဝါပန်၍သွားသောရဟန်းအာ. ရောက်ရာဌာန သတ္တာဟ အရက်၌ ဝါကျွတ်ပြီဖြစ်၍ မူလ ကျောင်းတိုက်သို့ တစ်ဖန် မပြန်လိုက မပြန်ဘဲ နေနိုင်သည်။ ပြန်လိုက ပြန်နိုင်သည်၊ ဝါပျက်မှု မရှိပေ။

## ဥပုသ် အပြား

**သံဃဂဏ၊ ပုဂ္ဂလ၊ သုံး၀ ပြုသူပြား။**

**သုတ္တုဒ္ဒေသာ၊ ပါရိသုဒ္ဓိ၊ စိဋ္ဌာန်ဘိ၊ တြိ ပြုပုံပြား။**

**စာတုဒ္ဒသီ၊ ပန္နရသီ၊ သာမဂ္ဂီ၊ သုံးလီ နေ့အပြား။**

ဥပုသ်သည် ပြုသူပုဂ္ဂိုလ်အားဖြင့် သံဃာ့ဥပုသ်၊ ဂဏ ဥပုသ်၊ ပုဂ္ဂလဥပုသ်-ဟူ၍ (၃)ပါး ရှိ၏။ ပြုသောအခြင်းအရာ အားဖြင့် သုတ္တုဒ္ဒေသ ဥပုသ်၊ ပါရိသုဒ္ဓိဥပုသ်၊ အဓိဋ္ဌာန်ဥပုသ် ဟူ၍ (၃)ပါးရှိ၏။ နေ့အပြားအားဖြင့် စာတုဒ္ဒသီဥပုသ်၊ ပန္နရသီဥပုသ်၊ သာမဂ္ဂီဥပုသ်ဟူ၍ (၃)ပါး ရှိ၏။

ဥပုသ်နေ့ ခဏ္ဍသိမ်အတွင်း သံဃာ့အလယ် ပါတိမောက် ပါဠိတော် ကို ရွတ်ဆိုမှုသည် သုတ္တုဒ္ဒေသဥပုသ်မည်၏။ ထို သုတ္တုဒ္ဒေသဥပုသ်ကို သံဃာသည် ပြုအပ်၏။

## ပါရိသုဒ္ဓိ ဥပုသ်

ပါရိသုဒ္ဓိဥပုသ်မှာ အချင်းချင်း လျှောက်ကြားသော ပါရိသုဒ္ဓိဥပုသ်၊ သံဃာ့ထံမှာ လျှောက်ကြားသော ပါရိသုဒ္ဓိ ဥပုသ်ဟူ၍ (၂)မျိုးရှိ၏။

ရဟန်း(၂)ပါးသာရှိသော ကျောင်းဖြစ်အံ့၊ ပုဗ္ဗကရဏ (၄)ပါးပြု၍ ပါရိသုဒ္ဓိဥပုသ် ပြုရာ၏။ သိမ်ဥ္စတည်၍ ဒေသနာ ကြားပြီးလျှင် သီတင်းကြီး က **"ပရိသုဒ္ဓေါ အဟံ အာဝုသော၊ ပရိသုဒ္ဓေါတိ မံ ဓာရေဟိ"** ဟုဆို၍ ပါရိသုဒ္ဓိ ကြားရာ၏။ သီတင်းငယ်က "သာဓု-သာဓု"ဟုဆိုပြီးနောက် **"ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"**ဟုဆို၍ ပါရိသုဒ္ဓိ ကြားရာ၏။ သီတင်းကြီးက "သာဓု-သာဓု"ဟုဆိုရာ၏။ (အကျွန်ုပ်သည် အာပတ်မှ စင်ကြယ်ပါ၏၊ အကျွန်ုပ်ကို အာပတ်မှ စင်ကြယ်သူဟူ၍ မှတ်တော်မူကြပါ"ဟု ဆိုလို သည်။)

ရဟန်း (၃)ပါးရှိသော ကျောင်းဖြစ်အံ့၊ ဗျတ္တပဋိဗလ ဖြစ်သော ရဟန်းတစ်ပါးက ဥတ်ထားပြီး ပါရိသုဒ္ဓိဥပုသ် ပြုရာ၏။

**သုဏန္တု မေ အာယသ္မန္တာ အဇ္ဇုပေါသထော ပန္နရသော၊ ယဒါယသ္မန္တာနံ ပတ္တကလ္လံ မယံ အညမညံ ပါရိသုဒ္ဓိဥပေါသထံ ကရေယျာမ**-ဟု ဥတ်ထားပြီး သီတင်းကြီးစဉ် အတိုင်း **"ပရိသုဒ္ဓေါ အဟံ အာဝုသော ပရိသုဒ္ဓေါတိ မံ ဓာရေထ"**ဟုပြု၊

(သုံးကြိမ်ဆိုလေ့ရှိသည်။) ကျန်သိတင်းငယ် (၂)ပါးတို့က "သာဓု-သာဓု"ဟုဆိုပြီးလျှင် **"ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"**ဟုဆိုပြလေ၊ သိတင်းကြီးက "သာဓု-သာဓု"ဟု ခေါ်ရာ၏။ ဥတ်ထားရာဝယ် စာတုဒ္ဒသီ ဥပုသ် ဖြစ်အံ့၊ အဖွုပေါ်သထော စာတုဒ္ဒသော-ဟု ပြောင်းဆိုလေ။

## သံဃာကြား ပါရိသုဒ္ဓိ

"ကျောင်းတိုက်တစ်ခုဝယ် ရဟန်းတော်များ သံဃာ ဥပုသ်ပြုပြီးမှ အချို့ရဟန်းတော်များ ရောက်လာလျှင် ဥပုသ် ပြုနှင့်ပြီးသော သံဃာထံ၌ နောက်မှလာသော ရဟန်းများက **"ပရိသုဒ္ဓေါ အဟံ ဘန္တေ၊ ပရိသုဒ္ဓေါတိ မံ ဓာရေထ"**ဟု အသီးသီး ဆို၍ ပါရိသုဒ္ဓိဥပုသ် ပြုအပ်၏။

## အဓိဋ္ဌာန် ဥပုသ်

ကျောင်း၌ ရဟန်းတစ်ပါးသည်သာရှိလျှင် အဓိဋ္ဌာန် ဥပုသ်ပြုရာ၏။ ထိုရဟန်းသည် ဥပုသ်နေ့၌ သိမ်အပြင်ဝယ် တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏ (၄)ပါးကိုပြု၍ အဖော် ရဟန်းများကို စောင့်စားဦးမည်။ အဖော်ရဟန်း မလာတော့ပြီဟု စိတ်ချရမှ အဓိဋ္ဌာန်ဥပုသ် ပြုရသည်။ ပန္နရသီနေ့ ဖြစ်အံ့၊ **"အဇ္ဇ မေ ဥပေါသထော ပန္နရသော အဓိဋ္ဌာမိ"** ဟု (၃)ကြိမ် ဆို၍ ပြုရာ၏။ စာတုဒ္ဒသီနေ့ဖြစ်အံ့၊ **"အဇ္ဇ မေ ဥပေါသထော စာတုဒ္ဒသော အဓိဋ္ဌာမိ"** ဟု ဆိုရာ၏။

**အချုပ်မှာ-**

သံဃာဖြစ်က သုတ္တဒွေသ ဥပုသ် ပြုရာ၏။
ဂဏဖြစ်က ပါရိသုဒ္ဓိ ဥပုသ် ပြုရာ၏။
ပုဂ္ဂလဖြစ်က အဓိဋ္ဌာန် ဥပုသ် ပြုရာ၏။

## ပဝါရဏာ

**ဆောင်ပုဒ်။** **။သံဃ ဂဏ၊ ပုဂ္ဂလ၊ သုံး၀ ပဝါရဏာ။**
**တေ-ဒွေ-ဧက၊ ဝါစိကနှင့် သမာနဝသံ။**
**ဤလေးတန် ဆိုဟန်ပြားသည်သာ။**

ဟူသော လင်္ကာဆောင်ပုဒ်နှင့်အညီ (၅)ပါး၊ (၅)ပါး ထက် အလွန်ရှိသော ရဟန်းတော်များပြုအပ်သော ပဝါရဏာ သည် သံဃပဝါရဏာ မည်၏။ (၂)ပါး၊ (၃)ပါး၊ (၄)ပါးရှိသော ရဟန်းတော်များ ပြုအပ်သော ပဝါရဏာသည် ဂဏ ပဝါရဏာ မည်၏။ (၁)ပါးတည်းသော ရဟန်းပြုအပ်သော ပဝါရဏာ သည် ပုဂ္ဂလပဝါရဏာမည်၏။

## သံဃပဝါရဏာ

(၅)ပါး၊ (၅)ပါးထက် အလွန်ရှိသော ရဟန်းများသည် ခဏ္ဍာသိမ်၌ ပုဗ္ဗကရဏ ပုဗ္ဗကိစ္စများပြုပြီး ပဝါရဏာပြုရမည်။ ထိုပဝါရဏာပြုရာ၌ ဗျတ္တပဋိဗလ ဖြစ်သော ရဟန်းက **"သုဏာတု မေ ဘန္တေ သံဃော၊ အဇ္ဇပဝါရဏာ ပန္နရသီ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ပဝါရေယျ"** ဟု ဥတ်

ထားရမည်။ ဤဥတ်မှာ ပဝါရဏာအားလုံးကို သိမ်းယူနိုင်၍ သဗ္ဗသင်္ဂါဟိက ဉတ်ဟု ခေါ်သည်။

ဥတ်ထားပြီးနောက် မထေရ်ကြီးက စတင်၍ ပဝါရဏာ ပြုရမည်။ ပဝါရဏာပြုပုံမှာ "**သံဃံ အာဝုသော ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တော အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ**" ဟု (၃)ကြိမ် ဆိုရမည်။ ကြွင်း သံဃာများက သာဓုခေါ် ကြရသည်။ ဤနည်းအားဖြင့် သိတင်းစဉ်တိုင်း တစ်ပါးချင်း ပဝါရဏာ ပြုရမည်။

တေဝါစိက ပဝါရဏာ၌ သံဃော တေဝါစိကံ ပဝါရေယျ-ဟု ဥတ်ပါဠိဝယ် တေဝါစိကံ-သဒ္ဒါ ထည့်ဆိုပြီး (၃)ကြိမ် ပဝါရဏာပြုရမည်။ အန္တရာယ်ရှိခဲ့သော် အန္တရာယ်ကို ထောက်၍ "**ဒွေဝါစိကံ ပဝါရေယျ၊ ဧကဝါစိကံ ပဝါ ရေယျ၊ သမာနဝဿိကံ ပဝါရေယျ**"ဟု လျော်သလို ဥတ်ထားရမည်။ ဒွေဝါစိက ဥတ်ထားလျှင် တစ်ပါးချင်း ဒုတိယမ္ပိ တိုင်ရုံ (၂)ကြိမ်သာ ဆိုပါ၊ ဧကဝါစိက ဥတ်ထားလျှင် တစ်ကြိမ်သာ ဆို၍ ပြုပါ၊ သမာနဝဿိကံ-ဟု ဥတ်ထားခဲ့လျှင် ဝါတူချင်း ပေါင်း၍ (၃)ကြိမ်စီ ဆိုကာ ပဝါရဏာပြုရမည်။

## ဂဏ ပဝါရဏာ

ဂဏပဝါရဏာသည် ဂဏဥပုသ်ကဲ့သို့ အချင်းချင်းပြုသော ပဝါရဏာ၊ သံဃထံဝယ်ပြုသော ပဝါရဏာ-ဟု

(၂)မျိုးရှိ၏။ အချင်းချင်းပဝါရဏာပြုရာ၌ ကျောင်းတစ်ကျောင်းတွင် သံဃာ(၂)ပါးရှိအံ့၊ သီတင်းကြီးရဟန်းက **"အဟံ အာဝုသော အာယသ္မန္တံ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒတု မံ အာယသ္မာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ"** ဒုတိယမ္ပိ၊ တတိယမ္ပိ (၃)ကြိမ်ဆို၍ ပဝါရဏာပြုရာ၏။ သီတင်းငယ်က "သာဓု၊ သာဓု"ဟု ခေါ်ဆိုပြီးနောက် အာဝုသော နေရာ၌ ဘန္တေဟု ပြင်ဆို၍ ပဝါရဏာ ပြုရမည်။ ကျောင်းတစ်ကျောင်း၌ သံဃာ (၃)ပါးရှိအံ့၊ ဗျတ္တပဋိဗလဖြစ်သော ရဟန်းက **"သုဏန္တု မေ အာယသ္မန္တာ၊ အဇ္ဇ ပဝါရဏာ ပန္နရသီ၊ ယဒိ အာယသ္မန္တာနံ ပတ္တကလ္လံ၊ မယံ အညမညံ ပဝါရေယျာမ"** ဟု ဉတ်ထားပြီး သီတင်းကြီးစဉ် အတိုင်း ပဝါရဏာ ပြုရာ၏။

**"အဟံ အာဝုသော အာယသ္မန္တေ ပဝါရေမိ ဒိဋ္ဌေန ဝါ သုတေန ဝါ ပရိသင်္ကာယ ဝါ၊ ဝဒန္တု မံ အာယသ္မန္တာ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿာမိ"** ဟု သီတင်းကြီးကဆို၍ ကျန်(၂)ပါးက "သာဓု-သာဓု" ခေါ်ဆိုကြ၍ အဟံ အာဝုသောနေရာတွင် "အဟံ ဘန္တေ" ဟု ပြောင်းလဲဆို၍ ပဝါရဏာပြုရာ၏။ သံဃာ(၄)ပါးရှိလျှင် ဉတ်ထားရာ၌ အာယသ္မန္တာ နေရာတွင် အာယသ္မန္တောဟု ပြောင်းလဲဆိုရုံသာ ထူးသည်။ ကြွင်းသော အစီအစဉ်များ အတူတူဖြစ်သည်။

**သံဃာ့ထံဝယ် ပြုပုံ**–ဥပုသ်နေ့ဝယ် ဥပုသ်ပြုမည့် သံဃာက များ၍ ရဟန်းတော်များ ဥပုသ်ပြုပြီးသော် ထိုသံဃာများ၏ အထံ၌ ပဝါရဏာပြုမည့် ရဟန်းများက တစ်ပါးစီ တစ်ပါးစီ "သံဃံ ဘန္တေ ပဝါရေမိ" စသည် ဆို၍ ပဝါရဏာပြုရာ၏။ သီးခြား ပဝါရဏာ ဉတ်မထားရပေ။

## ပုဂ္ဂလ ပဝါရဏာ

သံဃာတစ်ပါးတည်းသာ ကျောင်း၌နေသော ရဟန်းသည် ဥပုသ်နေ့ ဝယ် သိမ်အပြင်၌ တံမြက်လှည်းခြင်းစသော ပုဗ္ဗကရဏ (၄)ပါးကိုပြု၍ အဖော်ရဟန်းများကို စောင့်ရမည်။ လာမည့် အဖော်ရဟန်း မရှိနိုင်တော့ဟု စိတ်ချရမှ **"အဇ္ဇ မေ ပဝါရဏာ ပန္နရသီ အဓိဋ္ဌာမိ"**ဟု (၃)ကြိမ်ဆို၍ ပဝါရဏာ ပြုရာ၏။ (၁၄)ရက်နေ့ဖြစ်အံ့၊ ပန္နရသီအစား စာတုဒ္ဒသီဟု ဆိုရုံသာထူးသည်။

## သာမဂ္ဂီဥပုသ် ပဝါရဏာ

ကျောင်းတိုက်တစ်ခု၌ ဥပုသ်ပဝါရဏာပြု၍ မဖြစ်နိုင် လောက်အောင် အငြင်းကြီး ဖြစ်နေအံ့၊ အဓိကရဏ်း ပြေငြိမ်းရာနေ့၌ ဥပုသ် ပဝါရဏာကို ပြုရာ၏။ ထိုဥပုသ် ပြုရာနေ့သည် သာမဂ္ဂီဥပုသ်နေ့ဖြစ်၏။ ပဝါရဏာပြုရာနေ့သည် သာမဂ္ဂီပဝါရဏာနေ့ဖြစ်၏။

ထိုတွင် တစ်နှစ်လုံးအတွင်း၌ ပကတိဥပုသ်နေ့ကို ချန်လှပ်၍ ကြွင်းသော အဓိကရဏ်း ပြေငြိမ်းရာနေ့သည်

သာမဏေဥပုသ်ပြုနိုင်ရာနေ့ ဖြစ်၏။ သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်း လပြည့်အတွင်း စာတုဒ္ဒသီ၊ ပန္နရသီနေ့တို့ကိုချန်လှပ်၍ ကြွင်းသော အဓိကရဏ်း ပြေငြိမ်းရာနေ့သည် သာမဂ္ဂီပဝါရဏာ ပြုနိုင်ရာနေ့ ဖြစ်၏။

## သင်္ကန်းဟူသော မိုရာ

**ဘိန္နပဋပစ္စရောတိ ဘိက္ခု**–တန်ပိုး အတွေ့အထိ, အဆင်းအားဖြင့် ပျက်သော အဝတ်ကို ဆောင်တတ်သောကြောင့် ဘိက္ခု(ရဟန်း)မည်၏–ဟူသော ပါရာဇိကဏ်ပါဠိတော်အရ သင်္ကန်းနှင့်ပတ်သက်၍ ဂုဏ်တင်ကာ (ဘိက္ခု)ရဟန်းဟူသော အမည်ကို ရသောကြောင့် ရဟန်းတော်များသည် သင်္ကန်းနှင့် ပတ်သက်သော အကြောင်းအရာတို့ကို သိသင့်ကြပေသည်။

"စီဝရ"ဟူသော ပါဠိမာဂဓ၏ "သင်္ကန်း"ဟူသော ဝေါဟာရသည် ရဟန်းသာမဏေတို့ ဝတ်ရုံးဆောင်မသော အဝတ်အထည်ဖြစ်သည်။ သင်္ကန်းသည် အဝတ်အားလုံးတို့တွင် အမြတ်ဆုံးဖြစ်သည်။ လူအဖြစ်ဖြင့် ရဟန္တာဖြစ်ခဲ့သော် ရဟန်းပြုလျှင်ပြု၊ မပြုလျှင် အရဟတ္တဖိုလ်၏ ကြီးမားမြင့်မြတ်သော ဂုဏ်ကျေးဇူးကို လူ့အသွင် လူ့အဝတ်သည် ယုတ်ညံ့ရကား မခံယူနိုင်သောကြောင့် ရဟန္တာဖြစ်သော..နေ့မှာပင် ပရိနိဗ္ဗာန် စံဝင်ရ၏။ ရဟန်းပြုပါက အရဟတ္တဖိုလ်၏ ကြီးမားမြင့်မြတ်သောဂုဏ်ကို ဂုဏ်ကြီး မြတ်သော သင်္ကန်းက ခံယူနိုင်သောကြောင့် ပရိနိဗ္ဗာန် မဝင်စံဘဲနေနိုင်သည်။

ထို့ပြင် လူဖြစ်သော အနာဂါမ်သည် ယာနေ့ပြုသစ်စ သာမဏေ ကလေးကိုပင် သက်န်းဖျက် ဝန်ခိုးကြောင့် ရှိခိုး ဦးချရ၏။

ထို့အပြင် သင်္ကန်းသည် ကယိန်းအားနီသင် အကျိုး အမျိုးမျိုးတို့ကို ရစေမှု၌ အရေးကြီးသော အကြောင်းရင်း ဖြစ်သည်။

သင်္ကန်းသည် သာသနာတော်ကွယ်ခြင်း၊ သာသနာတော် မကွယ်ခြင်း၌ အရေးကြီးသော မှတ်တိုင်ဖြစ်သည်။ သင်္ကန်းတို့ ကို မစွန့်သေးဘဲ ဝတ်ရုံသုံးဆောင်နေသေးသမျှ လိင်္ဂသာသနာ မကွယ်သေး၍ သာသနာရှိနေသေး၏ဟု ဆိုရပါမည်။ သင်္ကန်း ကို မသုံးဆောင်တော့ဘဲ စွန့်မှ လိင်္ဂသာသနာကွယ်၍ သာသနာ တော် မရှိတော့ဘဲ ကွယ်၏ဟု ဆိုရပါမည်။

ဤသို့လျှင် သာသနာတော်နှင့် ပတ်သက်၍ သင်္ကန်း သည် အလွန် အရေးကြီးပါသည်။

စီဝရဟူသော ယင်းသင်္ကန်းသည်-

၁။ ပံသုကူလစီဝရ၊

၂။ ဂဟာပတိစီဝရ၊

ဟူ၍ မူရင်းအားဖြင့် (၂)မျိုး ရှိသည်။

(၁) ပံသုကူလစီဝရ-ပံသုကူ သင်္ကန်းဟူသည် လူတို့ အသုံးမပြုလို တော့သဖြင့် အမှိုက်ပုံ၊ သုသာန် စသည်တို့၌ စွန့်ပစ်အပ်သော မြေမှုန့် အလိမ်းလိမ်း ကပ်ငြိပေကျံနေ၍ စက်ဆုပ်ဖွယ်ဖြစ်နေသော အဝတ်တို့ကို ကောက်ယူလျက်

ဆွေးမြည့်နေသည်ကို ဖြတ်၍ ဖွတ်လျှော်ကာ ချုပ်ဆိုးပြီး ဝတ်အပ်သော သင်္ကန်းဖြစ်သည်။

(၂) ဂဟပတိစိဝရ–လူတို့လှူအပ်သော သင်္ကန်းဟူသည် လူဒါယကာ ဒါယိကာမတို့က စေတနာသဒ္ဓါတရားဖြင့်ဖြစ်စေ၊ အလှူခံသောကြောင့် ဖြစ်စေ၊ တစ်စုံတစ်ခုသောအကြောင်းကြောင့်ဖြစ်စေ လှူသောသင်္ကန်း ဖြစ်ပါသည်။

သာသနာတော် ရှေးဦးပိုင်း ပထမဗောဓိဟူသော ဝါတော် (၂၀) အတွင်း၌ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာများ ပံသုကူ သင်္ကန်းကိုသာ ဝတ်ရုံ သုံးဆောင်ကြရပါသည်။ ဒါယကာ, ဒါယိကာမတို့လှူသော သင်္ကန်းကို ဝတ်ရုံ, မသုံးဆောင်ရသေးပါ။

နောက်ပိုင်းမှာ ဆေးဆရာဇီဝကသည် မြတ်စွာဘုရားအား ဆေးကုသ ပေးပြီး "မြတ်စွာဘုရား–တပည့်တော်အား ဆုတစ်ခု ပေးတော်မူပါဘုရား၊ ဆုကတော့ စဏ္ဍပဇ္ဇောတမင်းသည် တပည့်တော်အား ဆေးကုသခ ဆုပေးသော သိဝေယျက တိုင်းဖြစ် တန်ဖိုးများစွာထိုက်သော အဝတ်အစုံကို လှူခွင့်ဆု ပေးတော်မူပါဘုရား၊ အလှူခံတော်မူပါဘုရား၊ ရဟန်းသံဃာအားလည်း ဒါယကာ, ဒါယိကာမတို့ လှူသော သင်္ကန်း (ဂဟပတိစိဝရ)ကို ဝတ်ရုံသုံးဆောင်ခွင့်ပြုတော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်ရ ကား–"**အနုဇာနာမိ ဘိက္ခဝေ ဂဟပတိစီဝရံ**" အစရှိသည်ဖြင့် ဒါယကာ, ဒါယိကာမတို့ လှူသောသင်္ကန်းကို ဝတ်ရုံသုံးဆောင်ခွင့်ပြုတော်မူသောကြောင့်

ရဟန်းသံဃာများ ဒါယကာ, ဒါယိကာမတို့လှူသော သင်္ကန်းကို ချမ်းသာ လွယ်ကူစွာ ဝတ်ရုံ သုံးဆောင်ကြရလေသည်။

သင်္ကန်းနှင့်ပတ်သက်၍ ရှေးဦးပိုင်းမှာ အပြတ်အတောက် မရှိ ပကတိ (အပြန့်)အတိုင်းသော ပိတ်များကို ဆိုးရည်ဆိုး၍သာ ဝတ်ရုံ သုံးဆောင် နေကြသည်ကို လူများ ကဲ့ရဲ့သောကြောင့် "**န ဘိက္ခဝေ အစ္ဆိန္နကာနိ စီဝရာနိ ဓာရေတဗ္ဗာနိ၊ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ**=ရဟန်းတို့ မပြတ်မတောက် အပ်ကုန်သော သင်္ကန်းဝတ်ကို မဆောင်အပ်ကုန်၊ အကြင်ရဟန်းသည် ဆောင်ငြားအံ့၊ ထိုရဟန်းဒုက္ကဋ် အာပတ်သင့်စေ"ဟု ပညတ်တော်မူပြီးနောက် မြတ်စွာဘုရားသည် အရှင်အာနန္ဒာနှင့်တကွ ဒက္ခိဏာဂိရိအရပ်သို့ ခရီးဒေသစာရီကြွချီတော်မူရာ မဂဓတိုင်းသားတို့၏ လယ်ကွက်များကို မြင်တော်မူ၍ အရှင်အာနန္ဒာအား လယ်ကွက်များကို နမူနာယူလျက် သင်္ကန်း၏ အခန်းအကွက်တို့ကို စီမံနိုင်းသောကြောင့် အရှင်အာနန္ဒာ စီမံသော အခန်းအကွက်တို့ဖြင့် သင်္ကန်းဖြစ်ပေါ်လာပါသည်။

ဒါယကာ, ဒါယိကာမများအနေဖြင့် ရဟန်းတော်များ သာသနာ့ တာဝန်ကို ဆောင်ရွက်ရာ၌ အဝတ်သင်္ကန်းနှင့် ပတ်သက်၍ မပင်မပန်းစိမ့်သောငှာ လည်းကောင်း၊ ဟိရိဩတ္တပ္ပဟူသော လောကပါလ တရားနှစ်ပါး တို့နှင့် ပြည့်စုံစေခြင်းငှာ လည်းကောင်း၊ ကြည်ညိုဖွယ်ဖြစ်စေခြင်းငှာ လည်းကောင်း၊ လောကီလောကုတ္တရာ ချမ်းသာသုခကို ရစေခြင်းငှာ လည်းကောင်း ငွေကုန်ကြေးကျခံ၍ လှူဒါန်းကြခြင်း ဖြစ်ရကား

အလှူရှင် ဒါယကာ, ဒါယိကာမတို့လည်း အကျိုးများ၊ မိမိတို့လည်း သင်္ကန်းနှင့် ပတ်သက်သော ဝိနည်းပြစ်ကင်းအောင် သင်္ကန်း၌ ပြုသင့်ပြုအပ်ထိုက်သော ဝိနည်းကံများကို ပြုလုပ်သင့်ပေသည်။

## သင်္ကန်း (၉)မျိုး

**သင်း–ကိုယ်–ဒု–အိပ်၊ မျက်–ပရိတ်–၊ နိသိဒ်–မိုး–အမာ**–ဟူသော ဝိနယသံခိပ်လင်္ကာအရ–

၁။ **အန္တရဝါသက** = သင်းပိုင် (ခါးဝတ်သင်္ကန်း)။

၂။ **ဥတ္တရာသင်္ဂ** = ကိုယ်ရုံ (ဧကသီ)။

၃။ **သံဃာဋိ** = ဒုကုဋ် (ဒုကုဋ်သင်္ကန်း၊ ထပ်သင်္ကန်းကြီး၊ စပ်သင်္ကန်းကြီး)။

၄။ **ပစ္စတ္ထရဏ** = အိပ်ရာခင်း၊ အပေါ်လွှမ်း။

၅။ **မုခပုဉ္ဆနစောဠ** = မျက်နှာသုတ်ပဝါ။

၆။ **ပရိက္ခာရစောဠ** = ရေစစ်ပဝါ၊ လက်သုတ်ပဝါ၊ သပိတ်အိတ် စသော အတိုအထွာ ပရိက္ခရာ အဝတ်အမျိုးမျိုး။

၇။ **နိသီဒန** = နိသီဒိုင်အခင်း (ဆွမ်းစားရာ စသည်တို့၌ ခင်းထိုင်၍ ညဥ့်အခါ သင်းပိုင်အတွင်း၌ ဝတ်ရသော သင်္ကန်း)။

၈။ **ဝဿိကသာဋိက** = မိုးရေခံသင်္ကန်း (မိုးရွာရာအခါ လူမြင်ကွင်း မိုးရေထဲ၌ ရေချိုးသော အခါ ဝတ်ရုံ၍ ချိုးရသော သင်္ကန်း)။

၉။ **ကဏ္ဍုပ္ပဋိစ္ဆာဒိ** = အမာလွှမ်းသင်္ကန်း (အနာပေါက်သောအခါ၌ သွေး,ပြည် စသည်တို့အတွက် ဝတ်ရုံရသော သင်္ကန်း)

ဤသို့အားဖြင့် သင်္ကန်း(၉)မျိုး ဖြစ်သည်။

ဤသင်္ကန်း(၉)မျိုးတို့တွင် အန္တရဝါသက၊ ဥတ္တရာသင်္ဂ၊ သံဃာဋိ အားဖြင့် သုံးမျိုးတို့ကို တိစီဝရိတ်(သင်္ကန်းသုံးထည်) ဟု ခေါ်ကြသည်။ ပရိက္ခရာ(၈)ပါးတို့တွင် ဤသင်္ကန်းသုံးထည် သာ ပါသည်။ ကျန်သင်္ကန်းတို့ မပါဝင်ပေ။

ဤသို့ အဝတ်မှန်သမျှကို ရှင်ရဟန်းတို့ သုံးဆောင်ခဲ့သော် သင်္ကန်းဟူ သော အမည်ပညတ်တင်ကာ သင်္ကန်း(၉)ထည်ကို မြတ်စွာဘုရား ခွင့်ပြု တော်မူခဲ့သော်လည်း ယခုခေတ်၌ တိစီဝရိတ် (သင်္ကန်း ၃-ထည်)တို့ကိုသာ သင်္ကန်းဟု အသိအမှတ်ပြုကြပြီး ကြွင်းသော မျက်နှာသုတ်ပဝါကြီး၊ အိပ်ရာခင်း စသည်တို့ကိုကား သင်္ကန်းဟူ၍ပင် သိသူနည်းပါးလှပေသည်။

ယခုခေတ်၌ မိုးရေခံသင်္ကန်း၊ အမာလွှမ်းသင်္ကန်း၊ နိသီဒိုင် သင်္ကန်းတို့သည် အသုံးအစွဲ မရှိတော့ပေ။ နေကထိုင်ခေါ် ထိုင်စရာအခင်းကလေးကိုပင် နိသီဒိုင်ဟု အသိအမှတ်ပြု ယူဆနေကြပါသေးသည်။

## သက်နှင်း၏ ပမာဏများ

**ငါးတောင်၊ တောင်ဆုပ်၊ သုံးတောင်ဆုပ်၊ ဒုကုဋ် ကိုယ်ရုံမှာ။**

**အလျားထိုဟန်၊ နှစ်တောင်နံ၊ တင်ရန်သင်းပိုင်မှာ။**

ဟူသော ဤဝိနယသံခိပ်လင်္ကာသည် အောက်ထစ်ဆုံး ပမာဏကို ပြခြင်းဖြစ်ပါသည်။

**ဥက္ကဋ္ဌပရိစ္ဆေဒေန သုဂတစီဝရတော ဦနကံ ဝဋ္ဋတိ၊ လာမကပရိစ္ဆေ ဒေန ပန သံဃာဋိယာ ဥတ္တရာသင်္ဂဿ စ ဒီဃတော မုဋ္ဌိပဉ္စကံ တိရိယံ မုဋ္ဌိတ္တိကပမာဏံ ဝဋ္ဋတိ၊ အန္တရဝါသကော ဒီဃတော မုဋ္ဌိပဉ္စကော တိရိယံ ဒိယဍ္ဎဟတ္ထော ပိ ဝဋ္ဋတိ**–ဟု ဝိနယသင်္ဂဟအဋ္ဌကထာ၌ မိန့်တော်မူသောကြောင့်–

**(၁+၂)သံဃာဋိ**ဟူသော ဒုကုဋ်(ထပ်သင်္ကန်း)နှင့် ဥတ္တရာသင်္ဂ ဟူသော ကိုယ်ရုံ(ကောသိ) သင်္ကန်း(၂)မျိုးတို့၌ အကြီးဆုံး အားဖြင့် မြတ်စွာ ဘုရား၏ သင်္ကန်းတော်လောက်မရှိဘဲ ယုတ်လျော့စေ ငယ်စေရမည်။ အောက်ထစ်ဆုံး အငယ် ဆုံးအားဖြင့် ပကတိပုရိသဟူသော ယခုခေတ် လူတို့၏ အတောင်အထွာ အတိုင်းအတာအားဖြင့် အလျား (၅)တောင်ဆုပ် (၄–တောင်ပြည့်နှင့် တောင်ဆုပ်တစ်ခု)၊ အနံ(၃) တောင်ဆုပ် (၂–တောင်ပြည့်နှင့် တောင်ဆုပ် တစ်ခု)ရှိမှ အဓိဋ္ဌာန် တင်နိုင်၊ ဝိကပ္ပနာ ပြုနိုင်သည်။

ပကတိပုရိသဟူသော ယခုခေတ်လူတို့၏ **အတောင်**
အထွာအတိုင်း အတာအားဖြင့် မြတ်စွာဘုရား၏ သင်္ကန်းတော်
သည် အလျား(၂၀)တောင်၊ ၆-သစ်၊ **အနံ** (၁၃)တောင် ၁-
ထွာ ရှိသည်။

ယခုခေတ် ရဟန်းတော်များ ဝတ်ရုံသော ဒုကုဋ်နှင့်
ကိုယ်ရုံသင်္ကန်းတို့ကို မြတ်စွာဘုရား၏ သင်္ကန်းတော်လောက်
လည်း မကြီးစေရဘဲ အလယ်အလတ်အားဖြင့် မိမိတို့နှင့်
သင့်လျော်သလို ပြုနိုင်ပါသည်။

(၃) **အန္တရဝါသက** ဟူသော ခါးဝတ်သင်းပိုင်၌ အလျားမှာ
ဒုကုဋ်နှင့် ကိုယ်ရုံတို့အတိုင်းပင်ဖြစ်သည်။ **အနံ**မှာ
အငယ်ဆုံး (၂)တောင်ရှိမှ အဓိဋ္ဌာန်တင်နိုင် ဝိကပ္ပနာ
ပြုနိုင်သည်။

များသောအားဖြင့် မိမိ(ဝတ်မည့်သူ)၏ အတောင်အထွာ
အတိုင်း အရှည်အားဖြင့် ဒုကုဋ်နှင့် ကိုယ်ရုံကို အလျား (၅)
တောင်ထွာ၊ သင်းပိုင် ကို အလျား(၅)တောင်ထွာ၊ **အနံ** (၂)
တောင်ထွာပြုလျှင် ဝတ်ရုံ၍ အသင့်လျော်ဆုံး ဖြစ်ပါသည်။

(၄) **ပစ္စတ္ထရဏ**=အိပ်ရာခင်း၊ အပေါ်လွှမ်း အတိုင်းအရှည်
ပမာဏမထား ပါ၊ ပြုချင်သလောက် ပြုနိုင်ပါသည်။
အိပ်ရာခင်းသည်လည်း ရဟန်းအသုံးအဆောင် အဝတ်
ဖြစ်၍ သင်္ကန်းပင်ဖြစ်ပါသည်။ အနည်းဆုံး အလျား
(၁)တောင်နှင့်(၁)ထွာ၊ အနံ(၁)ထွာနှင့် (၆)လက်သစ်
ရှိခဲ့သော် အဓိဋ္ဌာန်တင်မှု၊ ဝိကပ္ပနာမှုတို့ကို ပြုရမည်။

**မှတ်ချက်။** ။တစ်ဆယ့်နှစ်လက်သစ်ကို တစ်ထွာ၊ နှစ်ထွာကို တစ်တောင်ဟု မှတ်ယူရမည်။

(၅) **မုခပုဉ္ဆနစောဠ**=မျက်နှာသုတ်ပဝါ၊ အတိုင်းအရှည် ပမာဏ မထားပါ၊ ပြုချင်သလောက် ပြုနိုင်ပါသည်။ မျက်နှာသုတ်ပဝါသည်လည်း ရဟန်း အသုံးအဆောင် အဝတ်ဖြစ်၍ သင်္ကန်းပင်ဖြစ်ပါသည်။ အနည်းဆုံး အလျား(၁)တောင်နှင့်(၁)ထွာ၊ အနံ(၁)ထွာနှင့် ခြောက်လက်သစ် ရှိခဲ့သော် အဓိဋ္ဌာန်တင်မှု၊ ဝိကပ္ပနာမှုတို့ကို ပြုရမည်။

(၆) **ပရိက္ခာရစောဠ**=ကိစ္စအထွေထွေတို့၌ အသုံးပြုရန် အသုံးအဆောင် ပရိက္ခာရ အဝတ်များဖြစ်သည်။ အတိုင်းအရှည်ပမာဏမထားပါ။ (တိစီဝရိတ်သင်္ကန်း သုံးထည်မှ စ၍) အလျား(၁)တောင်နှင့် (၁)ထွာ၊ အနံ (၁)ထွာနှင့် (၆)လက်မသစ် အနည်းဆုံးရှိသော အဝတ် အတိုအစများကို အဓိဋ္ဌာန်တင်မှု ပြုရမည်။

(၇) **နိသီဒန**=နိသီဒိုင်သင်္ကန်း၊ ဤနိသီဒိုင်သင်္ကန်းကို ပညတ်ခွင့်ပြုတော် မူခြင်းမှာ ရဟန်းတော်များ အိပ်သောအခါ အိပ်မက်မက်၍ သုတ်ထွက်သဖြင့် ကိုယ်နှင့် သင်္ကန်း၊ ကျောင်း၊ အိပ်ရာနေရာများ ပေကျံနေ၍ မပေကျံရအောင် အကာအကွယ်အနေဖြင့် ကာယဂုတ္တ (ကိုယ်ကို စောင့်ရှောက်ဖို့ရာ)၊ စီဝရဂုတ္တ (ဝတ်ရုံထားသော သင်္ကန်းကို စောင့်ရှောက်ဖို့ရာ)၊ သေနာသနဂုတ္တ (ကျောင်းအိပ်ရာ

နေရာကို စောင့်ရှောက်ဖို့ရာ) ခွင့်ပြုပညတ်တော်မူသော သက်န်းဖြစ်သောကြောင့် သင်းပိုင်၏ အတွင်းမှ ဝတ်ရသော သုတ်နီးသက်န်း ဖြစ်သည်။

မအိပ်သောအခါ၌ ခင်း၍ထိုင်လိုကလည်း ထိုင်နိုင်ရန် ခွင့်ပြုတော်မူသော သက်န်းဖြစ်သည်။ ဆွမ်းစားသောအခါ တင်ပျဉ်ခွေထိုင်၍ ဝဲယာ အမြိတ်(၂)ခုတို့ကို ဒူးနှစ်ဖက်ပေါ်၌ ဖုံးလွှမ်း၍ အလယ်အမြိတ်အဆာကို ရှေ့တည့်တည့်အလယ်၌ ဖုံးလွှမ်း၍ ယင်းအပေါ်၌ သပိတ်ကို ပိုက်၍ ဆွမ်းဘုဉ်းပေးရသည်။

ယခုခေတ်၌ ခင်း၍ ထိုင်အပ်သော အခင်းငယ်ကလေးကို နေကထိုင်ဟု ခေါ်ကြသည်။ ထိုနေကထိုင်ဟူသော အခင်းငယ်ကလေး၌ အဆာမရှိပေ။ ယခုခေတ် နေကထိုင် (နေရာထိုင်) ခေါ်သောအခင်းကလေးများသည် (နိသီဒနသန္တတံ ပန ဘိက္ခုနာ (ပ) ဒသာ ဝိဒတ္ထိ) အစရှိသော မာတိကာ ပါဠိတော်၊ (အနုဇာနာမိ ဘိက္ခဝေ နိသီဒနဿ ဒသံ ဝိဒတ္ထိ)ဟူသော ပါစိတ်ပါဠိတော်၊ (နိသီဒနံ နာမ သဒသံ ဝုစ္စတီတိ သန္တ တသဒိသံ သန္ထရိတွာ ဧကသ္မိံ အန္တေ သုဂတ ဝိဒတ္ထိပဒေသေ ဒွိသု ဌာနေသု ဖာလေတွာ တိဿော ဒသာ ကရိယန္တိ၊ တာဟိ ဒသာဟိ သဒသံ နာမ ဝုစ္စတိ) ဟူသော ပါစိတ် အဋ္ဌကထာတို့ကို ထောက်၍ နိသီဒိုင်မဟုတ်ဟု သိသာပေသည်။

**သင်းပိုင်အတွင်းမခံ၍ ဝတ်သောအခါ နောက်ခါးဘက်မှ**

ပတ်၍ ဝတ်ပြီး **အဆာသုံး**ခုရှိသည်တွင် အလယ်သား**အဆာ**ကို **နောက်မှ**ရှေ့သို့ပို့လျက် ရှေ့မိုက်၌ ကြိုးစသည်ဖြင့် တွဲချည်ထားရမည်။ ထိုအခါ ဘောင်းဘီ ဝတ်ထားသလို ဖြစ်နေပေလိမ့်မည်။

နိသီဒိုင်သင်္ကန်းကို ယခုခေတ်လူတို့၏ အတိုင်းအတာအားဖြင့် အကြီးဆုံးအလျား(၄)တောင်နှင့် (၁)ထွာ၊ အနံ (၃)တောင်နှင့် (၉)လက်မသစ်၊ အမြိတ်အဆာကို မူလနိသီဒိုင်၏ အလျားဘက်မှဖြစ်စေ၊ အနံဘက်မှဖြစ်စေ (၂)တောင်နှင့် (၆)လက်သစ် ပြုရမည်။ ထို့ထက်ပို၍ မပြုရ၊ ငယ်လျှင်သာ ငယ်ရမည်။

**(၈) ဝဿိကသာဋီ**=မိုးရေခံသင်္ကန်း၊ မိုးရွာသောအခါ လူမြင်ကွင်း မိုးရေထဲ၌ အဝတ်မဆီး အချည်းအနှီး **ရေချိုး**လျှင် အမြင်မတော်သဖြင့် ဝတ်ရုံ၍ရေချိုးရန် (တစ်ပိုင်းဝတ်၊ တစ်ပိုင်းခြုံရုံ၍ ရေချိုးရန်) ပညတ်ခွင့် ပြုတော်**မူ**သော သင်္ကန်းဖြစ်သည်။ မိုးတွင်းလေးလ အခါ၌သာ **အသုံး**ပြုရမည်။

ပညတ်ခွင့်ပြုတော်မူရင်းအကြောင်းမှာ စတုမဟာပဒီပိကာခေါ် လေးကျွန်းလုံးနှံ့သော မိုးကြီးရွာသောအခါ ကျောင်းရေတံစက်မြိတ်အောက် စသည် လူမြင်ကွင်း၌ **အဝတ်မရှိ** ကိုယ်လုံးတီးရေချိုးနေကြသော ရဟန်းတို့ကို အကြောင်းပြု၍ ကျောင်းအမ ဝိသာခါ ဒါယိကာမကြီး လျှောက်ထားတောင်းပန်သောကြောင့် မိုးတွင်း မိုးရွာရာ၌ လူမြင်ကွင်း မိုးရေထဲဝယ် ရေချိုးသောအခါ တစ်ပိုင်းဝတ်၊ တစ်ပိုင်းခြုံ၍ ရေချိုးခွင့်ပြု

ပညတ်တော်မူသော သက်န်းဖြစ်သဖြင့် မိုးရေခံ သင်္ကန်းဟု ခေါ်ဟာရ ပြုထားပါသည်။

ယခုခေတ် ပကတိလူတို့၏ အတိုင်းအတာအားဖြင့် အလျား(၁၃) တောင်နှင့် (၁)ထွာ၊ အနံ (၅)တောင်၊ (၁)ထွာနှင့် (၃)လက်သစ် အလွန်ဆုံး ပြုရမည်။ ထို့ထက်ပို၍မပြုရ။ လျော့လျှင်သာလျော့ရမည်။ ယခုခေတ်၌ အသုံးမပြုတော့။

(၉) **ကဏ္ဍုပ္ပဋိစ္ဆာဒိ**=အမာ (အနာ) လွှမ်းသင်္ကန်း၊ အနာ ပေါက်သော အခါ၌သာ ဝတ်ရုံးနေကြ သင်္ကန်းများကို သွေး,ပြည်စသော အနာ၏ အညစ်အကြေးတို့ မပေကျံအောင် ခေတ္တခဏ ဝတ်ရုံရန် ခွင့်ပြုတော်မူသောသင်္ကန်း ဖြစ်သည်။

ယခုခေတ် ပကတိလူတို့၏ အတိုင်းအတာအားဖြင့် အလျား (၉)တောင်၊ အနံ (၄)တောင်နှင့်(၁)ထွာဖြစ်သည်။ ထို့ထက်ပို၍ မပြုရ၊ လျော့လျှင်သာ လျော့ရမည်။ ယခုခေတ်၌ အသုံးမပြုတော့ပေ။

အဓိဋ္ဌာန် ဝိကပ္ပနာတို့နှင့်ပတ်သက်၍ ယခုခေတ် ပကတိလူတို့၏ အတိုင်းအတာအားဖြင့် အောက်ထစ်ဆုံး (အငယ်ဆုံး) အလျား(၁)တောင်နှင့် (၁)ထွာ၊ အနံ(၁)ထွာနှင့် (၆)လက်သစ် ရှိသော အဝတ်တို့ကို အဓိဋ္ဌာန် ဝိကပ္ပနာ ပြုရမည်။ ထို့ထက် ပိုခဲ့သော် ဆိုဖွယ်မရှိပြီ၊ သာ၍ပင် ပြုရမည်။ ခြင်ထောင်၊ ခေါင်းအုံး၊ ကော်ဇော၊ ဖုံတို့ကိုကား အဓိဋ္ဌာန် ဝိကပ္ပနာ ပြုဖွယ်မလိုပေ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ **မုတင်္ဂဘေဒကော ပန ဧတေသံ ဝဏ္ဏမာနံ အံသကာသာဝမေဝ ဝဋ္ဋတိ။ တဉ္စ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ**-ဟု အလျား ၃-တောင်၊ အနံ ၁-ထွာရှိသော အံသကာသာဝ ဟူသော အံသကိုသ်(ပခုံးတင်ချွေးခံသင်္ကန်း)ဟု တွေ့ရပါသေး၏။ ယင်းကို ပရိက္ခာရစောဠထဲသို့ သွင်းကလည်း သွင်းနိုင်သည်။

## သင်္ကန်းနှင့်ပတ်သက်၍ ပြုဖွယ်ရာများ

ရဟန်းတော်များ အမြဲသီတင်းသုံးနေရသော သင်္ကန်းများနှင့် ပတ်သက်၍ မြတ်စွာဘုရား ခွင့်ပြုပညတ်တော်မူထားသော ပြုလုပ်ဆောင် ရွက်ဖွယ်ရာတို့ကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။ ပြုလုပ်ဆောင်ရွက် ရသည်မှာလည်း ဝန်မလေးပါ၊ အလေ့အထ မရှိ၊ သတိမထားသောကြောင့် မပြုလုပ် မဆောင်ရွက်ဖြစ်ခြင်းသာ ဖြစ်ပါသည်။ မပြုလုပ်မဆောင်ရွက်ပါက ဝိနည်းအပြစ်များ ဖြစ်ပါသည်။ "**သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဉှိတဗ္ဗံ**" (ရဟန်းတို့-ဝိနည်းကို ကျင့်လိုသော ရဟန်းသည် မသိက သိအောင်ပြုရမည်၊ မသိလျှင် မေးရမည်၊ မေးပြီး အဖန်ဖန် ကြံစည်ရမည်)ဟု ဟောတော်မူသောကြောင့် သင်္ကန်းနှင့် ပတ်သက်၍ အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်း၊ ပစ္စုဒ္ဓိုရ်ပြုခြင်း၊ ကပ္ပဗိန္ဒုထိုးခြင်းတို့ကို သိသင့်သိထိုက် ပြုသင့်ပြုထိုက်ပေသည်။ မပြုပါက ဝိနည်းပြစ်ရောက်ပါလိမ့်မည်၊ အာပတ်သင့်မည်ဟု ဆိုလိုပါသည်။

(၁) **အဓိဋ္ဌာန်တင်ခြင်းဟူသည်**-မိမိပိုင်ဥစ္စာဟု အသိအမှတ်ပြုခြင်း၊ (ဝါ) မိမိပိုင်ဥစ္စာဟု ဆောက်တည်ခြင်း၊ (ဝါ) မိမိပိုင်ဥစ္စာဟု မိမိစိတ်ကို ခိုင်မြဲစွာ တည်စေခြင်း၊ (ဝါ) မိမိပိုင် ဥစ္စာဟု မိမိစိတ်၌ ခိုင်မြဲစွာထားခြင်း ဖြစ်သည်။

(၂) **ဝိကပ္ပနာပြုခြင်းဟူသည်**-မိမိပိုင်ဥစ္စာဟု အသိအမှတ်ပြု တွယ်တာမှုမှ ကင်းပြတ်အောင် အလှူးစိမ်မှုပြု၍ ပေးခြင်းဖြစ်သည်။ (ဝါ) မိမိ၏ ဥစ္စာအဖြစ်မှ ကင်းအောင် ပြုလုပ်ခြင်းဖြစ်သည်။

(၃) **ပစ္စုဒ္ဓရဏပြုဟူသည်**-အဓိဋ္ဌာန်ကို တစ်ဖန်ပြန်နုတ်ခြင်း၊ မိမိပိုင် ဥစ္စာဟု မသိမ်းပိုက် မယူဆောင်တော့ဘဲ တစ်ဖန်ပြန်၍ ထုတ်ပစ်မှုဖြစ်သည်။ (ရွှန့်ခြင်းဟုလို။)

(၄) **ကပ္ပဗိန္ဒုထိုးခြင်းဟူသည်**-သင်္ကန်းရခဲ့သော် စိမ်းညိုရောင်၊ ရွှံ့ညွန်ရောင်၊ အမည်း(မဲ)ရောင်တို့တွင် တစ်မျိုးမျိုးကို အဆင်းပျက်အောင် သင်္ကန်းထောင့်၌ ထိုးခြင်းဖြစ်သည်။ ရဟန်းတို့၏သင်္ကန်းကို မှတ်မိအောင် အမှတ်အသား ရေးထားခြင်းကို ကပ္ပဗိန္ဒုထိုးသည့်ဟု ခေါ်သည်။

ထို အဓိဋ္ဌာန်တင်ခြင်းစသော လေးမျိုးတို့တွင် **"နဝါသန ပါရုပ နပဂ်ံစီဝရံ လဘိတွာ တဿ နိဋ္ဌိတရဇနဿ ယဿိ တသ္မိံ ဝါ ပဒေသေ ကံသနီလေန ဝါ"** စသည်ဖြင့် ကခ်ါ ဝိတရဏီအဋ္ဌကထာ၌ ဝတ်ရုံလောက်သော အဝတ် သင်္ကန်းကို ရ၍ ဆိုးပြီးသော ထိုသင်္ကန်း၏ အမှတ်မရှိသော အရပ်၌ ကြေးညိုရောင် အစရှိသော အရောင်ဖြင့် ကပ္ပဗိန္ဒု ထိုးရမည်ဟူ၍

မိန့်ဆိုရာ၌ နိဝါသနပါရုပနပဂံ စီဝရံ လဘိတွာ၊ ပတ်ရုံလောက်သော အဝတ်သင်္ကန်းကိုရ၍ဟု (အဝတ်သင်္ကန်း ရခါစ၌ဟူ၍) အထူးအားဖြင့် မိန့်ဆိုသောကြောင့် လည်းကောင်း။

**"တိစီဝရံ အဓိဋ္ဌဟန္တေန ရဇိတွာ ကပ္ပဗိန္ဒုံ ဒတွာ ပမာဏယုတ္တမေဝ အဓိဋ္ဌာတဗ္ဗံ"**ဟု ဝိနယသင်္ဂဟအဋ္ဌကထာ၌ တိစီဝရိတ်သင်္ကန်းကို အဓိဋ္ဌာန်တင်လိုသော ရဟန်းသည် ဆိုးပြီးသောသင်္ကန်းကို ကပ္ပဗိန္ဒုထိုးပြီး၍ အတိုင်းအရှည် ပမာဏနှင့်ယှဉ်သော သင်္ကန်းကိုသာလျှင် အဓိဋ္ဌာန်တင်အပ်၏ဟု မိန့်ဆိုသောကြောင့်လည်းကောင်း၊ ကပ္ပဗိန္ဒုထိုးပြီးမှ အဓိဋ္ဌာန်တင်ရမည် ဖြစ်သောကြောင့် ကပ္ပဗိန္ဒုထိုးပုံကို ရှေးဦးစွာပြပေအံ့။

## ကပ္ပဗိန္ဒု ထိုးခြင်း

ဘိက္ခုပါတိမောက် သုဒ္ဓပါစိတ် သုရာပါနဝဂ် ရှစ်ခုမြောက် **"နဝံ ပန ဘိက္ခုနာ စီဝရလာဘေန"** အစရှိသော ဒုဗ္ဗဏ္ဏကရဏ သိက္ခာပုဒ်အရ သင်္ကန်းအသစ်ရခဲ့သော် ဆိုးသင့်ပါက ဆိုးပြီး၊ ဆိုးပြီးသားသင်္ကန်းဖြစ်ခဲ့သော် မဆိုးတော့ဘဲ စိမ်းညိုရောင်ကိုဖြစ်စေ၊ ရွှံ့ညွှန်ရောင်ကိုဖြစ်စေ၊ အမည်း(အမဲ) ရောင်ကိုဖြစ်စေ၊ ဤသုံးမျိုးမှ အခြားတစ်ပါး မည်းနက်သော အရောင်မျိုးတို့တွင် တစ်မျိုးမျိုးကိုဖြစ်စေ၊ သင်္ကန်း၏ ဒေါင့်၌ (အခြားနေရာ၌ဖြစ်စေ) အဆင်းပျက်အောင် ကပ္ပဗိန္ဒု ထိုးရမည်။ (ရဟန်းများ၏ အပ်သော အပြောက်အလုံးကို ထိုးခြင်း၊ ရေးခြင်း ဖြစ်သည်။)

ကပ္ပိယဗိန္ဒုထိုးသောအခါ သင်္ကန်း၏ တစ်ခုသော ထောင့်၌ဖြစ်စေ၊ နှစ်ခုသော ထောင့်၌ဖြစ်စေ၊ သုံးခုသောထောင့်၌ဖြစ်စေ၊ လေးထောင့်စလုံး၌ ဖြစ်စေ **"ယသ္မိံ တသ္မိံ ဝါ ပဒေသေ"**ဟု မိန့်ဆိုသောကြောင့် သင်္ကန်း၏ အလယ်၌ဖြစ်စေ၊ သင်္ကန်း၏ မည်သည့်နေရာ၌မဆို ဥဒေါင်း၏ မျက်ကွင်းပမာဏ(သို့မဟုတ်)ကြမ်းပိုးကောင်၏ ကျောက်ကုန်း ပမာဏ ခန့်မျှ ရှိစေရမည်။ (အလယ်က ကွက်လပ် ပ'ဝိုင်းကဲ့သို့ မဖြစ်စေရ) အလယ်သားပါပြည့်အောင် ယင်ဆင်ရှားရှား ထိုးရမည်။ တစ်နေရာ၌ အပြောက်အဝိုင်းတစ်ခုသာ ထိုးရမည်။ တစ်နေရာတည်း မနီးမဝေး နှစ်ခု သုံးခု စသည့် သုံးပွင့်ဆိုင် လေးပွင့်ဆိုင် စသည် မထိုးရပါ။ **"ကပ္ပဗိန္ဒုံ ကရောမိ"**ဟု ဆိုရန် မလိုပါ။ ရေးထိုးရုံသာ ဖြစ်ပါသည်။ ရေးထိုးရုံမျှဖြင့် ကပ္ပဗိန္ဒုထိုးခြင်းကိစ္စ ပြီးတော့သည်။

ကပ္ပဗိန္ဒုထိုးရမှုနှင့် ပတ်သက်၍ တိတ္ထိများသည် လည်းကောင်း၊ ရဟန်းများသည် လည်းကောင်း၊ ခရီးသွားကြရာ၌ လူဆိုးများက အဝတ်သင်္ကန်းများကို လုယူထားကြပြီး မကြာမီ နောက်ပိုင်း မင်းမှုထမ်းတို့က လူဆိုးများကို ဖမ်း၍ ပစ္စည်းများကို ရှာဖွေသောအခါ နီးရာပါအဝတ်သင်္ကန်းများကို တွေ့ရှိရသဖြင့် သိမ်းယူပြီး ပြန်ပေးသောအခါ တိတ္ထိတို့၏ အဝတ်များနှင့် ရဟန်းတို့၏ သင်္ကန်းများကို ခွဲခြားရန် ခက်ခဲမှု ဖြစ်ရသည်ကို အကြောင်းပြု၍ နောင်အခါ ဤအဖြစ်မျိုးစသည် ဖြစ်ခဲ့သော် ခွဲခြားသိနိုင်ရန် မြတ်စွာဘုရား သည် ရဟန်းများ မိမိသင်္ကန်းကို

ကပ္ပဗိန္ဒုထိုး၍ အမှတ်အသားပြုစေသောအားဖြင့် သိက္ခာပုဒ်ကို ပညတ်တော်မူပါသည်။

**မှတ်ချက်။** ။ဤပြဿနာသည် သင်္ကန်းကို အခန်းအကွက် ဖြတ်၍ ပြုရန် ပညတ်တော်မမူမီက ဖြစ်ခဲ့ခြင်းဟု ထင်မိပါသည်။

ဤသို့ အဝတ်သင်္ကန်းရခဲ့သော် တိစီဝရိတ်ကို အပ်သော နည်းဖြင့် ကောင်းစွာဆိုးရမည်။ ဆိုးပြီးသားဖြစ်ခဲ့သော် ဆိုးရန် မလိုပါ။ မိုးရေခံ သင်္ကန်း, အမာလွှမ်း သင်္ကန်းတို့ကိုကား အနည်းငယ်သင့်ရုံသာ ဆိုးကလည်း အပ်ပါသည်။ ထိုသို့ဆိုးပြီး နောက် ကပ္ပဗိန္ဒုထိုးပြီးမှသာ အဓိဋ္ဌာန်တင်မှုကို ပြုရပါမည်။

ဒုကုဋ်, ဧကသီ, သင်းပိုင်, မိုးရေခံသင်္ကန်း, အမာလွှမ်း သင်္ကန်း-ဟူသော သင်္ကန်း(၅)ထည်တို့ကိုသာ ဝတ်ရုံသော သင်္ကန်းမျိုးဖြစ်သောကြောင့် ဆိုးမှု ကပ္ပဗိန္ဒုထိုးမှုတို့ကို ပြုပြီးမှ အဓိဋ္ဌာန်တင်ရမည်။ ကြွင်းသော အိပ်ရာခင်း, မျက်နှာသုတ် ပဝါ, နိသီဒိုင်, အဝတ်အတိုအထွာ ဟူသော ပရိက္ခာရ စောဠ တို့ကိုကား ဝတ်ရုံသော သင်္ကန်းမျိုး မဟုတ်သောကြောင့်ဆိုးမှု ကပ္ပဗိန္ဒုထိုးမှုတို့ ပြုရန်မလိုပေ။ ရဟန်းတို့ အသုံးအဆောင် အဝတ်များဖြစ်သောကြောင့်သာ သင်္ကန်းဟု ခေါ်ရခြင်းဖြစ် သည်။

**ဝိနယသံခိပ်။** **။သုံးထည်အရိုး၊ ကောင်းစွာဆိုး၊ မာ,မိုး သင့်ရုံ သာ။**

**ကပ္ပဗိန္ဒု၊ ထိုးရိုးပြု၊ သင်း,ဒု,ကိုယ်,မိုး,မာ။**

## အဓိဋ္ဌာန်တင်ခြင်း

သင်္ကန်းကို အဓိဋ္ဌာန်တင်ခြင်းဟူသည် ဂုဏ်အဝတ်သင်္ကန်းသည် မိမိကိုယ်ပိုင်သင်္ကန်းဟု အမှတ်ပြုခြင်း၊ (မိမိစိတ်၌ စွဲမြဲစွာ တည်ထားခြင်း) ဖြစ်သည်။ ယင်းကိုပင် ဆောက်တည်ခြင်းဟု ဆိုပါသည်။

မိမိပိုင်သင်္ကန်းဟု အသိအမှတ်ပြုပြီး ဆောက်တည်ထားသော အဓိဋ္ဌာန်တင်ထားသော သင်္ကန်းဟု ခေါ်ပါသည်။

အဓိဋ္ဌာန်သင်္ကန်းနှင့် ပတ်သက်၍-

**"ပထမံ တိစီဝရံ တိစီဝရမိဋ္ဌာနေန အဓိဋ္ဌာတဗ္ဗံ၊ ပုန ပရိဟရိတုံ အသက္ကောန္တေန ပစ္စုဒ္ဓရိတွာ ပရိက္ခာရစောဠံ အဓိဋ္ဌာတဗ္ဗံ၊ နတွေဝအာဒိတော ဝ ဣဒံ ဝုတ္တံ"** ဟု ဝဇိရဗုဒ္ဓိဋီကာ၌ (ရှေးဦးစွာ တိစီဝရိတ်သင်္ကန်းကို ဒုကုဋ်၊ ဧကသီ၊ သင်းပိုင်ဟူသော တိစီဝရိတ်အဓိဋ္ဌာန် ဖြင့် အဓိဋ္ဌာန်တင်အပ်၏။ တစ်ဖန် ဆောင်ခြင်းငှာ မစွမ်းနိုင်သော ရဟန်းသည် ပစ္စုဒ္ဓိုရ်ပြု၍ ပရိက္ခာရစောဠ အဓိဋ္ဌာန်ကို တင်အပ်၏။ ရှေး၌အစမှာ သာလျှင် ဤပရိက္ခာရစောဠ အဓိဋ္ဌာန်တင်မှုကိုမဆိုအပ်)ဟု မိန့်တော်မူသောကြောင့်-

**အဓိဋ္ဌာန်တင်ခြင်းသည်-**

(၁) တိစီဝရိတ်အဓိဋ္ဌာန်တင်ခြင်း။

(၂) ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်းအားဖြင့် နှစ်မျိုး ရှိရမည်။ တိစီဝရိတ်ကိုလည်း သုံးထည်လုံးပေါင်း၍

အမိဋ္ဌာန်မတင်ရ၊ တစ်တည်စီသာ အသီးသီးတင်ရမည်။

**တိစီဝရိတ်အဓိဋ္ဌာန်တင်ခြင်းသည်-**

(၁) အနီးအဓိဋ္ဌာန်တင်ခြင်း။ (မိမိ၏ နှစ်တောင့်ထွာ အတွင်းပါသ်၌ရှိသော တိစီဝရိတ်သက်န်းကို အဓိဋ္ဌာန်တင်ခြင်း ဖြစ်သည်။)

(၂) အဝေးအဓိဋ္ဌာန်တင်ခြင်း။ (မိမိ နှစ်တောင့်ထွာ အတ္တပါသ်မှ အပ၌ရှိသော တိစီဝရိတ်သက်န်းကို အဓိဋ္ဌာန်တင်ခြင်း ဖြစ်သည်။

ဤသို့ (၂)မျိုး ရှိသည်။

**အနီး တိစီဝရိတ်ကိုအဓိဋ္ဌာန်တင်ခြင်းသည်လည်း-**

(၁) ကိုယ်ဖြင့်အဓိဋ္ဌာန်တင်ခြင်း။ (သက်န်းကို ကိုယ်ဖြင့် ထိ၍ နှုတ်ဖြင့်မဆိုဘဲ စိတ်ဖြင့်မှတ်၍ တိစီဝရိတ်သက်န်းကို အဓိဋ္ဌာန်တင်ခြင်း ဖြစ်သည်။)

(၂) နှုတ်ဖြင့်အဓိဋ္ဌာန်တင်ခြင်း။ (ကိုယ်ဖြင့် မထိဘဲ နှုတ်ဖြင့်သာ ဆို၍ တိစီဝရိတ် အဓိဋ္ဌာန်တင်ခြင်း ဖြစ်သည်။)

ဤသို့ (၂)မျိုး ရှိသည်။

အနီး-ကိုယ်ဖြင့် ဒုကုဋ်သက်န်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် မိမိ၏ (၂)တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ရှိနေသော ဒုကုဋ်သက်န်းကို လက်ဖြင့်ကိုင်၍ (သို့မဟုတ်) ကိုယ်အင်္ဂါ တစ်ခုခုဖြင့်

ထိ၍ **"ဣမံ သယာင်္ဂ အဓိဋ္ဌာမိ"**ဟု (စိတ်ဖြင့်သာမှတ်ပြီး နှုတ်မှ စကားသံမထွက်စေဘဲ) အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဣမံ-ဤအဝတ်သင်္ကန်းကို။ သံယာင်္ဂ-ငါ၏ ကိုယ်ပိုင် ဒုကုဋ်သင်္ကန်း (ထပ်သင်္ကန်းကြီး)ဟူ၍။ အဓိဋ္ဌာမိ-စိတ်၌ခိုင်မြဲစွာ အသိအမှတ်ပြုထားပါ၏။ (ဝါ) ဆောက်တည်ပါ၏။

အနီး-ကိုယ်ဖြင့် ကောသိသင်္ကန်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် ရှေးနည်းအတူ **"ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"**ဟု အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဣမံ-ဤအဝတ်သင်္ကန်းကို။ ဥတ္တရာသင်္ဂံ-ငါ၏ ကိုယ်ပိုင် ကောသိ (ကိုယ်ရုံ)သင်္ကန်းဟူ၍။ အဓိဋ္ဌာမိ-စိတ်၌ခိုင်မြဲစွာ အသိအမှတ်ပြုထားပါ၏။ (ဝါ) ဆောက်တည်ပါ၏။

အနီး-ကိုယ်ဖြင့် သင်းပိုင်သင်္ကန်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် ရှေးနည်းအတူ **"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"**ဟု အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဣမံ-ဤအဝတ်သင်္ကန်းကို။ အန္တရဝါသကံ-ငါ၏ ကိုယ်ပိုင် (ခါးဝတ်) သင်္ကန်းဟူ၍။ အဓိဋ္ဌာမိ-စိတ်၌ ခိုင်မြဲစွာ အသိအမှတ် ပြုထားပါ၏။ (ဝါ) ဆောက်တည်ပါ၏။

အနီး-နှုတ်ဖြင့် ဒုကုဋ်သင်္ကန်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် မိမိ၏နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ ရှိနေသော ဒုကုဋ်

သက်န်းကို ကိုယ်ဖြင့် မထိဘဲ **"ဣမံ သံဃာဋိ အဓိဋ္ဌာမိ"** ဟု နှုတ်ဖြင့် အဓိဋ္ဌာန်တင်ရမည်။

အနီး-နှုတ်ဖြင့် ဧကသီသက်န်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် ရေးနည်းတူ **"ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"** ဟု အဓိဋ္ဌာန်တင်ရမည်။

အနီး-နှုတ်ဖြင့် သင်းပိုင်သက်န်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် ရေးနည်းတူ **"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"** ဟု အဓိဋ္ဌာန်တင်ရမည်။

အဝေး၌ရှိသော သက်န်းကို အဓိဋ္ဌာန်တင်ရာ၌ နှုတ်ဖြင့် တင်ခြင်းမျိုးသာ ရနိုင်ပါသည်။

အဝေး၌ရှိသော ဒုကုဋ်သက်န်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် မိမိ၏ (၂)တောင့်ထွာ ဟတ္ထပါသ်မှ အပဖြစ်သော အဝေး၌ ရှိသော သက်န်းကို သက်န်းရှိရာအရပ်ကို စိတ်ဖြင့်မှန်း၍ **"ဧတံ သံဃာဋိ အဓိဋ္ဌာမိ"**ဟု နှုတ်ဖြင့် အဓိဋ္ဌာန် တင်ရမည်။

**(အနက်)** ဧတံ-ထိုအဝတ်သက်န်းကို။ (အကြွင်းတူပြီ)

အဝေး၌ရှိသော ဧကသီသက်န်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် ရေးနည်းအတူ **"ဧတံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"** ဟု နှုတ်ဖြင့်ဆို၍ အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဧတံ-ထိုအဝတ်သက်န်းကို။ (အကြွင်းတူပြီ)

အဝေး၌ရှိသော သင်းပိုင်သက်န်းကို အဓိဋ္ဌာန်တင်လိုခဲ့သော် ရေးနည်းအတူ **"ဧတံ အန္တရဝါသကံ အဓိဋ္ဌာမိ"** ဟု နှုတ်ဖြင့်ဆို၍ အဓိဋ္ဌာန် တင်ရမည်။

**(အနက်)** ဖတ်-ထိုအဝတ်သင်္ကန်းကို။ (အကြွင်းတူပြီ)

ဤသို့လျှင် ဝိနည်းတိစီဝရိတ် ဆောင်ရာ၌ ဒုကုဋ်, ဧကသီ, သင်းပိုင် ဟူသော တိစီဝရိတ် သင်္ကန်းတို့ကို အသီးအသီး တစ်ထည်စီ သူ့အမည်ဖြင့်သာ အဓိဋ္ဌာန်တင်ရမည်။ **ဣမံ တိစီဝရံ အဓိဋ္ဌာမိ**-စသည်ဖြင့်ပေါင်း၍ အဓိဋ္ဌာန်မတင်ရပါ။ တိစီဝရိတ်မှ ကြွင်းသော သင်္ကန်းတို့ကိုမူ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ဖြစ်စေ၊ ဝိကပ္ပနာပြု၍ဖြစ်စေ ထားရမည်။

တိစီဝရိတ်သင်္ကန်းတို့ကို သူ့အမည်နှင့်သူ အသီးအသီး အဓိဋ္ဌာန် တင်ထားခဲ့သော ဝတ်ခြင်း၊ ရုံခြင်း၊ ခြုံခြင်းအားဖြင့် သုံးဆောင်နေရမည်။ အကယ်၍ ဝတ်ခြင်း၊ ရုံခြင်း၊ ခြုံခြင်းအားဖြင့် မသုံးဆောင်ခဲ့သော် အရုဏ်တက်ချိန်၌ မိမိ၏ (၂)တောင်ထွာ ဟတ္ထပါသ်အတွင်း၌ ရှိစေရမည်။

ဤသို့ပြုရခြင်းသည် မိမိ၏ ကိုယ်ပိုင် ဒုကုဋ်သင်္ကန်း၊ မိမိ၏ ကိုယ်ပိုင် ဧကသီသင်္ကန်း၊ မိမိ၏ ကိုယ်ပိုင် သင်းပိုင်သင်္ကန်းဟု အသိ အမှတ်ပြု အဓိဋ္ဌာန်တင်ထားသောကြောင့် ဂရုတစိုက် အလေးအမြတ် (သံ၊ သာမိမှတ်မှတ်) ပြုရခြင်း၊ စောင့်ရှောက်ရခြင်း ဖြစ်သည်။

ဤသို့မပြုဘဲ ညဉ့်ကင်းခဲ့သော် ဒုတိယကထိန၊ ဥဒ္ဒေါသိတ သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။ တိစီဝရိတ်သင်္ကန်း သုံးထည်လုံးဖြစ်စေ၊ နှစ်ထည်ဖြစ်စေ၊ တစ်ထည်ဖြစ်စေ ညဉ့်ကင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းတို့တွင် တစ်ထည်တည်း ဖြစ်စေ၊ နှစ်ထည်ဖြစ်စေ၊ သုံးထည်လုံး ဖြစ်စေ၊ မိမိ၏(၂)တောင့်ထွာ ဟတ္ထပါသ်မှအပ အဝေးအရပ်၌ ကျန်ရစ်ခဲ့သောကြောင့် ညဥ့်ကင်းတော့မည်ဟု ထင်လျှင် အရုဏ်မတက်မီအချိန်၌ သင်္ကန်းရှိရာအရပ်ကို စိတ်က မှန်း၍ **"ဧတံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"** စသည်ဖြင့် ပစ္စုဒ္ဓိုရ်ပြုလိုက်လျှင် နိဿဂ္ဂိပါစိတ် အာပတ်မသင့်တော့ပါ။ အရုဏ်တက်ပြီးသော အခါမှ အဝေးအရပ်၌ရှိသော သင်္ကန်းကို စိတ်ကမှန်း၍ **"ဧတံ သံဃာဋိံ အဓိဋ္ဌာမိ"** စသည်ဖြင့် အဓိဋ္ဌာန်တင်ရမည်။

တိစီဝရိတ် အဓိဋ္ဌာန်တင်ထားပြီးသော သင်္ကန်းရှိပြီး ဖြစ်လျက် နောက်ထပ်သင်္ကန်းအပိုရခဲ့သော် ထိုအပိုရသော သင်္ကန်းကို အဓိဋ္ဌာန်မတင်ဘဲဖြစ်စေ၊ ဝိကပ္ပနာမပြုဘဲ ဖြစ်စေ အလွန်ဆုံး (၁ပ)ရက်သာထားနိုင်၏။ အာပတ်မသင့်။ (၁၀)ရက် ကို လွန်ခဲ့သော် နိဿဂ္ဂိပါစိတ် အာပတ်သင့်ပါသည်။

ဒုကုဋ်သင်္ကန်း၊ ဧကသီသင်္ကန်း၊ သင်းပိုင်သင်္ကန်း၊ မိုးရေခံ သင်္ကန်း၊ အမာလွှမ်းသင်္ကန်း၊ နိသီဒိုင်သင်္ကန်းတို့ကို ပတ်ရုံရသော သင်္ကန်းများ ဖြစ်သောကြောင့် **ဣမံ သံဃာဋိံ အဓိဋ္ဌာမိ**–စသောအားဖြင့် သူ့အမည်ဖြင့် အသီးသီး အဓိဋ္ဌာန် တင်ထားသည်ရှိသော် အဓိဋ္ဌာန်သင်္ကန်း ဒုကုဋ် တစ်ထည်၊ ဧကသီတစ်ထည် စသည်ဖြင့် တစ်ထည်စီသာ ရှိရမည်။ အဓိဋ္ဌာန်တင် ဒုကုဋ်(၂)ထည်၊ (၃)ထည်၊ အဓိဋ္ဌာန်တင် ဧကသီ(၂)ထည်၊ (၃)ထည် စသည် မရှိစေရပါ။

အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ ပရိက္ခာရစောဠတို့ကို ကား ဝတ်ရုံရသော သင်္ကန်းမျိုး မဟုတ်သောကြောင့် အထည် များစွာကိုပင် အဓိဋ္ဌာန်တင်၍ ထားကောင်းပါသည်။

ဒုကုဋ်သင်္ကန်းစသည် သင်္ကန်းအပို နောက်ထပ်ရခဲ့သော် ထိုနောက် ထပ်ရသော အပိုသင်္ကန်းကို အဓိဋ္ဌာန်တင်လိုပါက နဂိုက အဓိဋ္ဌာန်တင်ထားပြီးသော သင်္ကန်းကို **"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"** စသည်ဖြင့် ပစ္စုဒ္ဓိုရ်ပြုပြီးမှ နောက်ထပ်အပိုရသော သင်္ကန်းကို **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"** စသည်ဖြင့် အဓိဋ္ဌာန် တင်ရမည်။

နောက်ထပ်အပိုရသောသင်္ကန်းကို အဓိဋ္ဌာန်မတင်လို ခဲ့သော် **"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"** ဟု ဝိကပ္ပနာပြုထားပါက အဓိဋ္ဌာန်မတင်သောကြောင့် အာပတ်မသင့်တော့ပေ။ ဝိကပ္ပနာ ပြုထားသော သင်္ကန်းရှင် မိမိအနေဖြင့် ထိုဝိကပ္ပနာ ပြုထားသော သင်္ကန်းကို သိမ်းဆည်းထားရုံမျှသာ ထားခွင့်ရှိသည်။ မိမိဝတ်ရုံ သုံးဆောင်ခြင်း၊ သူတစ်ပါးအား ပေးခြင်း စသည်တို့ကိုကား ပြုလုပ်ခွင့်မရှိသေးပေ။

ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်းသည်–

၁။ (က) အနီးအဓိဋ္ဌာန်တင်ခြင်း။
   (ခ) အဝေးအဓိဋ္ဌာန်တင်ခြင်း။
၂။ (က) ကိုယ်ဖြင့်အဓိဋ္ဌာန်တင်ခြင်း။
   (ခ) နှုတ်ဖြင့်အဓိဋ္ဌာန်တင်ခြင်း။
၃။ (က) သင်္ကန်းတစ်ထည်တည်းကိုသာ အဓိဋ္ဌာန်တင်ခြင်း။

(ခ) သင်္ကန်းအများကို အဓိဋ္ဌာန်တင်ခြင်း–

အားဖြင့် အမျိုးမျိုး ရှိပါသည်။

(၁) အနီးအဓိဋ္ဌာန်တင်ခြင်း၊ အဝေးအဓိဋ္ဌာန်တင်ခြင်း။

(၂) ကိုယ်ဖြင့်အဓိဋ္ဌာန်တင်ခြင်း၊ နှုတ်ဖြင့်အဓိဋ္ဌာန်တင်ခြင်းတို့သည် တိစီဝရိတ် အဓိဋ္ဌာန်တင်ခြင်းနှင့် သဘောတူဖြစ်သည်။

ရဟန်းတို့၏ ကိစ္စအထွေထွေတို့၌ အသုံးပြုရန်ဖြစ်သော အလျား (၁)တောင့်ထွာ၊ အနံ(၁)ထွာနှင့် လက်(၆)သစ် အနည်းဆုံးရှိသော အဝတ်အတိုအထွာများကို ပရိက္ခာရစောဠ ဟူသော အမည်ဖြင့် အဓိဋ္ဌာန်တင်ရမည်။

အနီး,တစ်ထည်–ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုခဲ့သော် **"ဣမံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"**ဟု အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဣမံ စီဝရံ–ဤအဝတ်သင်္ကန်းကို။ ပရိက္ခာရစောဠံ–ငါ၏ ကိုယ်ပိုင် ရဟန်းအသုံးအဆောင် ပရိက္ခရာဖြစ်သော အဝတ်သင်္ကန်းဟူ၍။ အဓိဋ္ဌာမိ–စိတ်၌ ခိုင်မြဲစွာ အသိအမှတ်ပြုထားပါ၏။ (ဝါ) ဆောက်တည်ပါ၏။

အနီး,အများ–ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုခဲ့သော် **"ဣမာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"**ဟု အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဣမာနိ စီဝရာနိ–ဤအဝတ်သင်္ကန်းကို။ ပရိက္ခာရစောဠာနိ–ငါ၏ကိုယ်ပိုင် ရဟန်း အသုံးအဆောင်

ပရိက္ခာရာဖြစ်သော အဝတ်သင်္ကန်းဟူ၍။ အဓိဋ္ဌာမိ- စိတ်၌ ခိုင်မြဲစွာ အသိအမှတ် ပြုထားပါ၏။ (ဝါ) ဆောက်တည်ပါ၏။

အနီး,အများ-ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုခဲ့သော် **"ဧတံ စီဝရံ ပရိက္ခာရစောဠံ အဓိဋ္ဌာမိ"**ဟု (၃) ကြိမ် အဓိဋ္ဌာန်တင်ရမည်။

**(အနက်)** ဧတံ စီဝရံ-ထိုအဝတ်သင်္ကန်းကို။ (အကြွင်းတူပြီ)

အဝေး,အများ-ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လိုခဲ့သော် "ဧတာနိ စီဝရာနိ ပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ"ဟု အဓိဋ္ဌာန် တင်ရမည်။

**(အနက်)** ဧတာနိ စီဝရာနိ-ထိုအဝတ်သင်္ကန်းကို။ (အကြွင်း တူပြီ)

တိစီဝရိတ် သင်္ကန်းသုံးထည်နှင့်တကွ မည်သည့်အဝတ် သင်္ကန်းမျိုးကိုမဆို ပရိက္ခာရစောဠဟူသောအမည်ဖြင့် အဓိဋ္ဌာန် တင်ကောင်းပါသည်။

တိစီဝရိတ် သင်္ကန်းကို သံဃာဋိ-စသော အမည်ဖြင့် တိစီဝရိတ် အဓိဋ္ဌာန် မတင်လိုလျှင် စီဝရဟူသော သာမည အမည်ဖြင့် ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်နိုင်ပါသည်။

ဤသို့ သံဃာဋိ-စသော အမည်ဖြင့် တိစီဝရိတ်ကို စီဝရဟူသော သာမညအမည်ဖြင့် ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ထားခဲ့သော် မိမိနှင့် ညဉ့်ကင်းခြင်းကြောင့် အာပတ်မသင့် ပါ။ ဝိကပ္ပနာ, ကစ္ဆုပ္ပဋိစ္ဆာဒိ(ရှ်)ပြုရန် မလိုတော့ဘဲ ထားချင်သလို

ထားနိုင်၊ ဝတ်ရုံသုံးဆောင်ချင်သလို ဝတ်ရုံ သုံးဆောင်နိုင်ပါ ၏ဟူသည်။

အကျဉ်းချုပ်အားဖြင့် သင်္ကန်း(၉)ထည်တို့တွင် ဒုကုဋ်၊ ကောသိ၊ သင်းပိုင်၊ မိုးရေခံသင်္ကန်း၊ အမာလွှမ်းသင်္ကန်းတို့သည် ဝတ်ရုံရသော သင်္ကန်းများဖြစ်သောကြောင့် ဒုကုဋ်၊ ကောသိ၊ သင်းပိုင်ဟူသော တိစီဝရိတ်တို့ကို ကောင်းစွာဆိုးရမည်။ မိုးရေခံသင်္ကန်းနှင့် အမာလွှမ်းသင်္ကန်းတို့ကိုကား အသင့်အတင့် အဆင်းပျက်ရုံမျှဆိုးနိုင်သည်။ ဆိုးပြီးနောက် ကပ္ပဗိန္ဒု ထိုးရမည်။ ထို့နောက်မှ အဓိဋ္ဌာန်တင်ရမည်။

အဓိဋ္ဌာန်တင်လိုခဲ့သော် အကယ်၍ အဓိဋ္ဌာန်တင်ပြီးသား အဟောင်း သင်္ကန်းရှိနေပါမူ ထိုသင်္ကန်းကို **"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"**ဟုဆိုကာ ပစ္စုဒ္ဓိရ်ပြုပြီးမှ **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"**ဟုဆိုကာ အဓိဋ္ဌာန်တင်ရမည်။ ပစ္စုဒ္ဓိရ်ပြုအပ်သော သင်္ကန်းများကို ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်ထားရမည်။ သို့မဟုတ် ဝိကပ္ပနာ ပြုထားရသည်။

အကယ်၍ အဓိဋ္ဌာန်တင်ပြီးသား အဟောင်းမရှိခဲ့သော် ပစ္စုဒ္ဓိရ်ပြုရန် မလိုတော့ဘဲ **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"**ဟုဆို၍သာ အဓိဋ္ဌာန်တင်ရမည်။ ကြွင်းသော သင်္ကန်းတို့ကိုလည်း ဤအတူ ပြုရမည်။ အဝေးဖြစ်မူ ဧတံ–ဟု ပြောင်းလဲဆိုရမည်။

ဝဿိကသာဋိကာ–ဟူသော မိုးရေခံသင်္ကန်းကို ဝါဆိုလပြည့်ကျော် (၁)ရက်နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့

တိုင်အောင်သော မိုး(၄)လ အတွင်း၌သာ အဓိဋ္ဌာန်တင်ပြီးသား မိုးရေခံအဟောင်းရှိခဲ့သော် **"ဣမံ ဝဿိကသာဋိကံ ပစ္စုဒ္ဓရာမိ"** ဟုဆိုကာ ပစ္စုဒ္ဓိုရ်ပြုပြီးမှ **"ဣမံ ဝဿိကသာ ဋိကံ အဓိဋ္ဌာမိ"** ဟုဆိုကာ အဓိဋ္ဌာန်တင်ရမည်။ အဓိဋ္ဌာန်တင်ပြီးသား မိုးရေခံ သင်္ကန်းဟောင်းမရှိခဲ့သော် ပစ္စုဒ္ဓိုရ်ပြုရန်မလိုဘဲ အဓိဋ္ဌာန်သာ တင်ရမည်။ မိုး(၄)လလွန်သော် ဆောင်းလေးလ၊ နွေ(၄)လတို့၌ အခြား သော သီတင်းသုံးဖော်တို့ထံ၌ **"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"**ဟုဆိုကာ ဝိကပ္ပနာပြုထားရမည်။

ကဏ္ဍုပ္ပဋိစ္ဆာဒိ–ဟူသော အမာလွှမ်းသင်္ကန်းကို အနာရှိသော အခါ၌သာ အဓိဋ္ဌာန်တင်ပြီးသား အမာလွှမ်း အဟောင်းရှိခဲ့သော် **"ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ ပစ္စုဒ္ဓရာမိ"**ဟုဆိုကာ ပစ္စုဒ္ဓိုရ်ပြုပြီးမှ **"ဣမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ"**ဟုဆိုကာ အဓိဋ္ဌာန်တင်ရမည်။ အဓိဋ္ဌာန်တင်ပြီးသား အမာလွှမ်း သင်္ကန်းဟောင်း မရှိခဲ့သော် ပစ္စုဒ္ဓိုရ်ပြုရန်မလိုဘဲ အဓိဋ္ဌာန်သာ တင်ထားရမည်။ အနာပျောက်ခဲ့သော် အခြားသော သီတင်း သုံးဖော်တို့ထံ၌ **"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"**ဟုဆိုကာ ဝိကပ္ပနာပြုထားရမည်။

နိသီဒိုင်သင်္ကန်းကို ကပ္ပဗိန္ဒုထိုးရန်မလို၊ အဓိဋ္ဌာန်သာ တင်ရမည်။ အဓိဋ္ဌာန်တင်လိုသော် အဓိဋ္ဌာန်တင်ပြီးသား နိသီဒိုင်အဟောင်းရှိမူ အဟောင်းကို **"ဣမံ နိသီဒနံ ပစ္စုဒ္ဓရာမိ"** ဟုဆိုကာ ပစ္စုဒ္ဓိုရ်ပြုပြီးမှ **"ဣမံ နိသီဒနံ အဓိဋ္ဌာမိ"** ဟုဆိုကာ အဓိဋ္ဌာန်တင်ရမည်။ အဓိဋ္ဌာန်တင်ပြီးသား နိသီဒိုင် အဟောင်းမရှိမူ ပစ္စုဒ္ဓိုရ်ပြုရန်မလိုဘဲ အဓိဋ္ဌာန်သာ တင်ရမည်။

တိစီဝရိတ် သုံးထည်နှင့်တကွ မိုးရေးခံ, အမာလွှမ်း, နိသီဒိုင်ဟူသော ဤသင်္ကန်း(၆)ထည်တို့သည် အဓိဋ္ဌာန်တင်ပြီးသား သင်္ကန်း(၁)ထည်စီသာ ရှိရမည်။

တိစီဝရိတ်သင်္ကန်း သုံးထည်သာလျှင် သံဃာဋိ-စသောသူ့အမည် နှင့်သူ အဓိဋ္ဌာန်တင်ထားခဲ့မူ ညဉ့်မကင်းရ။ ညဉ့်ကင်းလျှင် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။ ယင်းတိစီဝရိတ်သင်္ကန်းတို့ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ထားခဲ့မူ ညဉ့်ကင်းခြင်းကြောင့်လည်း နိဿဂ္ဂိပါစိတ် အာပတ်မသင့်။

ပရိက္ခာရစောဠသင်္ကန်း၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာခင်းတို့ကို သူ့ အမည်နှင့်သူ အဓိဋ္ဌာန်မတင်ရပါ။ ပရိက္ခာရစောဠအဓိဋ္ဌာန်သာ တင်ရမည်။

သင်္ကန်း (၉)ထည်လုံးကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ကောင်းသည်။ ဤသို့ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ထားခဲ့သော် တိစီဝရိတ်နှင့် ညဉ့်ကင်း ခြင်းကြောင့် အာပတ်မသင့်တော့။ အလိုရှိတိုင်း သုံးချင်သလို သုံးနိုင်တော့သည်။

## အဓိဋ္ဌာန်ကျခြင်း

အဓိဋ္ဌာန် ချခြင်းဟူသည် တင်ထားသော အဓိဋ္ဌာန်ပျက်သွားခြင်း၊ စွန့်သွားခြင်းဖြစ်သည်။

## အဓိဋ္ဌာန်ကျခြင်း၏ အကြောင်း (၈)ပါး+(၉)ပါး

**ဝိနယသံနိပ်လင်္ကာ**။ ။ပေးစွန့်ခိုးယူ၊ ကျွမ်းဝင်ယူ၊
လူထွက်ချ သိက္ခာ။

သေဆုံးလိင်ပြန်၊ ပစ္စုဒ္ဒိ၊ ရှစ်တန်ကျမိဋ္ဌာ။
သင်း,ကိုယ်,ဒုအား၊ ပေါက်မှုပွား၊
ကိုးပါးကျမိဋ္ဌာ။

၁။ **သူတစ်ပါး**အား ပေးစွန့်ခြင်း။

၂။ **သူတစ်ပါး**တို့ ခိုးယူ, လုယူသွားခြင်း။

၃။ အကျွမ်းဝင်၍ ဝိဿသဂ္ဂါဟ–ယူနည်းဖြင့် ယူသွားခြင်း။

၄။ ဘိက္ခုဖြစ်စေ, ဘိက္ခုနီဖြစ်စေ လူထွက်အံ့ဟူသော စိတ်ဖြင့် လူတို့၏ အဝတ်ကိုဝတ်ကာ လူတို့အသွင်ကို ယူခြင်း။

၅။ ဘိက္ခုတို့ သိက္ခာချခြင်း။

၆။ သင်္ကန်းရှင် ဘိက္ခုဖြစ်စေ၊ ဘိက္ခုနီဖြစ်စေ သေဆုံးသွားခြင်း။

၇။ လိင်ပြန်ခြင်း (ပုရိသလိင်မှ ဣတ္ထိလိင်သို့ ဖြစ်စေ၊ ဣတ္ထိလိင်မှ ပုရိသလိင်သို့ဖြစ်စေ ပြောင်းသွားခြင်း။)

၈။ ပစ္စုဒ္ဓိုရ်ပြုခြင်း။

ဤရှစ်ပါးသော အဓိဋ္ဌာန်ကျခြင်း၏ အကြောင်းတို့သည် သင်္ကန်း (၉)ထည်လုံးနှင့် သက်ဆိုင်သော အကြောင်းများဖြစ်သည်။ ဤအကြောင်း ရှစ်ပါးတို့တွင် တစ်ပါးပါးကြောင့် တင်ထားသော အဓိဋ္ဌာန်ကျသည်။

၉။ အနည်းဆုံး လက်သန်း၏ လက်သည်းခွံ ပမာဏမျှ ပေါက်ခြင်း၊ သင်းမိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်ဟူသော

တိစီဝရိတ်ဝယ် အထက် အကြောင်း ရှစ်ပါးတို့၌ ဤပေါက်ခြင်းဟူသော အကြောင်းတစ်ပါးကို ထပ်တိုး၍ အဓိဋ္ဌာန်ကျခြင်း၏အကြောင်း (၉)ပါး ဖြစ်သည်။ ဤ(၉)ပါးတို့တွင် တစ်ပါးပါးကြောင့် တင်ထားသော အဓိဋ္ဌာန်ကျသည်။

အနည်းဆုံး လက်သန်း၏ လက်သည်းခွံ ပမာဏမျှ ပေါက်ခြင်းဟူ သည့် သင်္ကန်း၏ အနားပတ်လည်၌ ပေါက်ရုံမျှ ဖြင့် အဓိဋ္ဌာန်မကျပါ။

တိစီဝရိတ်သုံးထည်တို့၌ အလျားစွန်းမှ (၁)ထွာ၏ အတွင်း၌ဖြစ်စေ၊ ဒုကုဋ်နှင့်ကိုယ်ရုံ၌ အနံစွန်းမှ လက်(၈) သစ်အတွင်း၌ဖြစ်စေ၊ သင်းပိုင်၌ အနံစွန်းမှ လက်(၄)သစ်၏ အတွင်း၌ဖြစ်စေ ချည်မျှင်ကလေးတစ်မျှင်မျှ မကျန်အောင် ထုတ်ချင်းခတ် ပေါက်ပါမှ အဓိဋ္ဌာန်ကျပါသည်။ အပေါက်ကို ဖာပြီးပါက ပြန်၍ အဓိဋ္ဌာန်တင်နိုင်ပါသည်။

**မှတ်ချက်**။ ။လူထွက်ခြင်းဟူသော နံပါတ်(၄)အကြောင်း၏ အရကို သင်္ကန်းရှင်သည် ဘိက္ခုနီဖြစ်၍ (သိက္ခာချရန် မလိုသည့် အတွက်) လူထွက်ခြင်းဟူ၍လည်းယူကြပါသည်။ ဝိနယာ လင်္ကာရ ဋီကာ၌ **"ဘိက္ခု ဝါ ဟောတု ဘိက္ခုနီ ဝါ ဟီနာယာဝတ္တိသာမိတိ စိတ္တေန ဂိဟိလိင်္ဂဂ္ဂဟဏေန စီဝရံ အဓိဋ္ဌာနံ ဝိဇဟတိ"**ဟု မိန့်ဆိုတော်မူသောကြောင့် ဘိက္ခုဖြစ်စေ ဘိက္ခုနီ ဖြစ်စေ လူထွက်အံ့ဟူသော

စိတ်ဖြင့် လူ၏အသွင်ကိုယူခြင်း ဟူသော လူထွက်ခြင်းကို ယူလိုက်ပါသည်။

သပိတ်ကို အဓိဋ္ဌာန်တင်ခြင်း၊ သပိတ်အဓိဋ္ဌာန်ကျခြင်းတို့သည် သင်္ကန်းနှင့် တူသည်။

သပိတ်ရ၍ အဓိဋ္ဌာန်တင်လိုခဲ့သော် အဓိဋ္ဌာန်တင်ပြီးသားသပိတ်ဟောင်းကို **"ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ"** ဟုဆိုကာ ပစ္စုဒ္ဓိုရ်ပြုပြီးမှ နောက်ရသော သပိတ်ကို **"ဣမံ ပတ္တံ အဓိဋ္ဌာမိ"** ဟုဆိုကာ အဓိဋ္ဌာန်တင်ရမည်။ ပစ္စုဒ္ဓိုရ်ပြုအပ်ပြီးသော သပိတ်ကို ဝိကပ္ပနာ ပြုထားရမည်။ အဓိဋ္ဌာန်တင်ပြီးသား သပိတ် မရှိပါမူ **"ဣမံ ပတ္တံ အဓိဋ္ဌာမိ"** ဟုဆိုကာ အဓိဋ္ဌာန် တင်ရမည်။ (ပစ္စုဒ္ဓိုရ်ပြုရန် အကြောင်း မရှိ။)

**(အနက်)** ဣမံ-ဤခွက်ကို။ ပတ္တံ-ငါ၏ ကိုယ်ပိုင် သပိတ်ဟူ၍။ အဓိဋ္ဌာမိ-စိတ်၌ခိုင်မြဲစွာ အသိအမှတ်ပြုထားပါ၏။ (ဝါ) ဆောက်တည်ပါ၏။

အနီးတင်၌ "ဣမံ"၊ အဝေးတင်၌ "ဧတံ"ဟု သင်္ကန်းအတိုင်း ပြောင်းလဲ၍ ဆိုရမည်။ သပိတ်ကို အဓိဋ္ဌာန်တင်ရာ၌ တစ်လုံးတည်းသာ အဓိဋ္ဌာန်တင်ရသည်။ သပိတ်များကို အဓိဋ္ဌာန် မတင်ရ။ အဓိဋ္ဌာန်တင်ပြီးသော သပိတ်မှတစ်ပါး အပိုသပိတ်ရှိလျှင် ဝိကပ္ပနာ ပြုထားရမည်။

အနီးတင်ခြင်း၊ အဝေးတင်ခြင်း၊ ကိုယ်ဖြင့် တင်ခြင်း၊ နှုတ်ဖြင့်တင်ခြင်း လေးမျိုးတို့ကိုသာ ရပါသည်။ သပိတ်ရခဲ့သော် အဓိဋ္ဌာန် မတင်ဘဲ (သို့မဟုတ်) ဝိကပ္ပနာမပြုဘဲ ထားပါက

(၁၀)ရက်လွန်ပါမူ နိဿဂ္ဂိပါစိတ်၊ ပတ္တဝဂ်၊ ပထမသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်သည်။

သပိတ်အဓိဋ္ဌာန်ကျခြင်း၏ အကြောင်းတို့သည် တိစီဝရိတ် သင်္ကန်းကဲ့သို့ပင် (၉)ပါးဖြစ်သည်။ ထို(၉)ပါးတို့တွင် ရှေ့(၈)ပါးသည် သင်္ကန်းအတိုင်း ဖြစ်သည်။

ပေါက်ခြင်းဟူသော အဓိဋ္ဌာန်ကျခြင်း၏ အကြောင်း၌ "ပေါက်၏" ဟူသည် သပိတ်အနားရေး၏ အောက် လက်(၂) သစ်မှစ၍ အမှတ်မရှိသော အရပ်၌ (ဆန်စပါးမျိုး ၇-မျိုး တို့တွင် အသေးငယ်ဆုံးဖြစ်သော) ဆပ်ဆန် ထမင်းစေ့ ဝင်လောက်သော အပေါက်ဖြစ်ခဲ့သော် တင်ထားသော အဓိဋ္ဌာန် ကျသည်။

ထိုအပေါက်ကို သံမှုန့်ဖြင့်ဖြစ်စေ၊ တန်သင်းဖြင့် (စို့ဖြင့်) ဖြစ်စေ နဂိုအတိုင်းဖြစ်အောင် ပြုပြင်ဖာထေးပြီးခဲ့သော် (၁၀) ရက်အတွင်း၌ တစ်ဖန် အဓိဋ္ဌာန်တင်ရမည်။ မတင်ခဲ့သော် နိဿဂ္ဂိပါစိတ်အာပတ် သင့်၏။

## သပိတ်များ အသုံးဆောင်နည်း

အကယ်၍ ရဟန်းတစ်ပါးသည် သပိတ်အများရ၍ ထိုသပိတ်တို့ကို သူတစ်ပါးအား မပေးလိုဘဲ မိမိတစ်ပါးတည်း သုံးဆောင်လိုမူ သပိတ်အားလုံးကို အဓိဋ္ဌာန်မတင်ရဘဲ ဟစ်လုံးသော သပိတ်ကိုသာ အဓိဋ္ဌာန်တင်ပါ။ ထို့နောင်မှ နောက်တစ်နေ့၌ အဓိဋ္ဌာန်တင်ထားသော ထိုသပိတ်ကို ပစ္စုဒ္ဓိရ်ပြုပြီး

နောက်တစ်လုံးကိုအဓိဋ္ဌာန်တင်ပါ။ ဤသို့သောနည်းဖြင့် နေ့စဉ်ပြုလုပ်၍ အနှစ်တစ်ရာတိုင်အောင် သုံးဆောင်ကောင်း၏ဟု အဋ္ဌကထာတို့၌ မိန့်ဆိုရကား သပိတ်နှင့် သင်္ကန်းသည် အဓိဋ္ဌာန်မှုစသည်၌ တူသောကြောင့် သင်္ကန်းအများကိုလည်း သပိတ်ကဲ့သို့ ပြုလုပ်၍ သုံးဆောင်က ဖြစ်ပါလိမ့်မည်။

**အဓိဋ္ဌာန်ခန်း ပြီး၏။**



# ဝိကပ္ပနာပြုခြင်း

ဝိကပ္ပနာပြုခြင်းဟူသည် မိမိသင်္ကန်း, မိမိဥစ္စာဟု အမှတ်အသား မပြုတော့ဘဲ ဘိက္ခု, ဘိက္ခုနီ, သာမဏေ ယောကျာ်း, သာမဏေမိန်းမ, သိက္ခမာန်–ဟူသော သီတင်းသုံးဖော် ငါးယောက်တို့တွင် တစ်ယောက်ယောက်အား ပေးလိုက်ရာ မိမိသင်္ကန်း, မိမိဥစ္စာဟု အမှတ်သညာ ကင်းသွားတော့သဖြင့် သီတင်းသုံးဖော် ငါးဦးတို့တွင် တစ်ဦးဦးအား ပေးသည်ကိုပင် (မိမိကိုယ်ပိုင် ဥစ္စာအဖြစ်မှ ကင်းအောင်ပြုခြင်းဟူသော) ဝိကပ္ပနာ ပြုခြင်းဟု ခေါ်ပါသည်။

သင်္ကန်းရခဲ့သော် အဓိဋ္ဌာန်မပြုလိုသဖြင့် ဝိကပ္ပနာပြုလိုက်ခြင်းသည် အခြားသူအား ပေးရာရောက်သွားသည့်အတွက် မိမိကိုယ်ပိုင်ဥစ္စာမဟုတ်ရာ ရောက်သွားသောကြောင့် (၁၀)ရက်လွန်သော်လည်း နိဿဂ္ဂိပါစိတ် အာပတ် မသင့်တော့ပါ။ (တာဝန်ပေါ့အောင်လုပ်ခြင်းဖြစ်သည်။)

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌ **"ဝိကပ္ပိယပေ ဝိကပ္ပနံ၊ သက်ပ္ပနံ စိန္တနန္တိ အတ္ထော**–အပ်အောင် ကြံစည် ပြုလုပ်ခြင်းသည် ဝိကပ္ပနာ မည်၏"ဟု မိန့်ဆိုတော်မူပါသည်။

အပ်အောင် ကြံစည်ပြုလုပ်ရာ၏–ဟုဆိုသော်လည်း သိမ်း သိမ်းဆည်း၍ ထားခြင်းငှာသာအပ်သေးသည်။ သုံးဆောင် ခြင်းငှာ လည်းကောင်း၊ သူတစ်ပါးအား ပေးစွန့်ခြင်းငှာလည်း ကောင်း မအပ်သေးပါ။

ဝိကပ္ပနာသည်–

**၁။ သမ္မုခါ ဝိကပ္ပနာ**=သင်္ကန်းပိုင်ရှင်၏ မျက်မှောက်၌ ဖြစ်သော ဝိကပ္ပနာ၊(တစ်နည်း) သင်္ကန်းပိုင်ရှင်၏ နှုတ်ဖြင့် ပြုအပ်သော ဝိကပ္ပနာ။

**၂။ ပရမ္မုခါ ဝိကပ္ပနာ**=သင်္ကန်းပိုင်ရှင်၏ မျက်ကွယ်၌ ဖြစ်သော ဝိကပ္ပနာ၊ (တစ်နည်း) ဝိနည်းမိုရ်ဟူသော ရဟန်း တစ်ပါးပါး၏ နှုတ်ဖြင့်ပြုအပ်သော ဝိကပ္ပနာအားဖြင့် (၂)ပါး ရှိသည်။

**မှတ်ချက်**။ ။ဝိနည်းမိုရ်ဟူသော ရဟန်း တစ်ပါးပါးဟူသည် ယခုခေတ်၌ တာဝန်ပေးသော ဝိနိစ္ဆယ ဆုံးဖြတ် ချက်ချသော ဝိနည်းမိုရ်မျိုးကို မဆိုလိုပါ။ ဝိကပ္ပနာ ပြုမှုဟူသော ဝိနည်းထံ၌ လိမ္မာကျွမ်းကျင်သော ရဟန်းတစ်ပါးပါးဟု ဆိုလိုပါသည်။ အဓိဋ္ဌာန် တင်မှု ဝိကပ္ပနာပြုမှု, ပစ္စုဒ္ဓိုရ်ပြုမှုတို့သည် ဝိနည်းကံ တစ်မျိုး ဖြစ်ကြပါသည်။

ထိုနှစ်ပါးတို့တွင် သမ္မုခါဝိကပ္ပနာသည်-

၁။ သင်္ကန်းရှင် ရဟန်းသည် မိမိဝိကပ္ပနာပြုလိုသော ဘိက္ခု၊ ဘိက္ခုနီ၊ သာမဏေ၊ သာမဏေမ၊သိက္ခမာန်ဟူသော သီတင်းသုံးဖော် (၅)ဦးတို့တွင် တစ်ဦးဦးအနီး၌ ရှိနေစဉ် သင်္ကန်းရှင် ရဟန်းကိုယ်တိုင် တိုက်ရိုက်ပြုသော ဝိကပ္ပနာ တစ်မျိုး။

၂။ သင်္ကန်းရှင် ရဟန်းသည် မိမိဝိကပ္ပနာပြုလိုသော သီတင်းသုံးဖော် က အဝေးမှာရှိနေရကား မိမိမပြုဘဲတိသည် ဖြစ်၍ ဝိနည်းမိုရ် ဟူသော ရဟန်းတစ်ပါးပါးက တစ်ဆင့် ပြုပေးရသော ဝိကပ္ပနာတစ်မျိုးအားဖြင့် (၂) မျိုးပြားသည်။

ထို(၂)ပါးတို့တွင်-

နံပါတ်(၁)အရ သင်္ကန်းရှင် ရဟန်းကိုယ်တိုင် တိုက်ရိုက် သင်္ကန်း တစ်ထည်တည်းကို ဝိကပ္ပနာပြုလိုခဲ့သော် မိမိ၏အနီး၌ ရှိနေသော သီတင်းသုံးဖော်ငါးဦးတို့တွင် တစ်ဦးဦး၏ အထံ၌ **“ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ”**ဟု ဆို၍ ဝိကပ္ပနာ ပြုရမည်။ ဤသို့ ဝိကပ္ပနာ ပြုပြီးပါက ထိုသင်္ကန်းကို မူလ သင်္ကန်းရှင် ရဟန်းသည် သိုမှီးသိမ်းဆည်းထားရုံသာ ထားနိုင်ပါသည်။ အာပတ်လည်း မသင့်တော့ပါ။ မိမိ၏ သင်္ကန်းမဟုတ်သေး သောကြောင့် ဝတ်ရုံခြင်းစသည်ကိုကား မပြုအပ်သေးပါ။ ဝတ်ရုံခြင်း စသည်ကို ပြုခဲ့သော် သုရာပါနဝဂ်၊ နဝမသိက္ခာ ပုဒ်ဖြင့် ပါစိတ်အာပတ် သင့်ပါသည်။

ဝိကပ္ပနာပြုပေးခံရသူက “မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ

ဝိသဇ္ဇေဟိ ဝါ ယယာပစ္စယံ ကရောဟိ”ဟုဆိုကာ ဝိကပ္ပနာ ပြန်ပြီး (ပစ္စုဒ္ဓိုရ်ပြုပြီး)မှ မူလသင်္ကန်းပိုင်ရှင် ရဟန်းသည် ထိုသင်္ကန်းကို ဝတ်ရုံခြင်း စသည်ကို ပြုခြင်းငှာ အပ်သည်။ အာပတ်မသင့်ပါ။

**(အနက်)** ဣမံစီဝရံ- ဤသင်္ကန်းကို။ တုယှံ- သင့်အား။ ဝိကပ္ပေမိ-ဝိကပ္ပနာ ပြုပါ၏။ မယှံ-ငါ၏။ သန္တကံ- ဥစ္စာဖြစ်သော သင်္ကန်းကို။ (တွံ-သင်သည်။) ပရိဘုဉ္ဇ-ဝါ-သုံးဆောင်မူလည်း သုံးဆောင်ပါ လော့။ ဝိသဇ္ဇေဟိ-ဝါ-သူတစ်ပါးအား ပေးစွန့်မူလည်း ပေးစွန့်ပါလော့။ ယထာပစ္စယံ-အကြောင်းအား လျော်စွာ။ ကရောဟိ-ပြုပါလော့။

**မှတ်ချက်**။ ။အနီး၌ရှိသော သင်္ကန်းအများကို ဝိကပ္ပနာ ပြုလိုခဲ့သော် **“ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ”**ဟု ဝိကပ္ပနာပြုရမည်။ **“မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ”**ဟု ဝိကပ္ပနာပြန်ရမည်။

အဝေး၌ရှိနေသော သင်္ကန်းတစ်ထည်ကို **“ဧတံ စီဝရံ တုယှံ ဝိကပ္ပေမိ”**ဟု ဝိကပ္ပနာပြုရမည်။ သင်္ကန်းအများကို **“ဧတာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ”**ဟု ဝိကပ္ပနာပြုရမည်။ ဝိကပ္ပနာပြန်မှာ အနီးနှင့်အတူတူပင် ဖြစ်သည်။ (ဝိကပ္ပနာ အရာ၌-ဣမံ သံဃာဋိံ-စသည်ဖြင့် သင်္ကန်း အမည်အသီးသီး မဆိုရဘဲ သာမညအမည်ဖြစ်သော “စီဝရ”ဟူ၍သာ ဆိုမည်။

နံပါတ်(၂)–အရ အဝေး၌ရှိနေသူအား သင်္ကန်း(၁)ထည်ကို ဝိကပ္ပနာ ပြုလိုခဲ့သော် ရဟန်းတစ်ပါးပါးထံသို့သွား၍ မိမိပေးလိုသော အဝေးနေ သီတင်းသုံးဖော်၏အမည်ကို ပြောကြားပြီး (ဥပမာ–ဦးတိဿအား ပေးလိုပါ၏ဟု ပြောကြားပြီး) **"ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ"**ဟု ဆိုကာ ဝိကပ္ပနာပြုရမည်။ ဤသို့ပြုကာမျှဖြင့် သိုမှီးသိမ်း ထားရုံသာ ထားကောင်းသေး၏။ သုံးဆောင်ခြင်း စသည်ကို မပြုအပ်သေး။ ပြုခဲ့သော် အာပတ်သင့်မည်။ ထို့နောက်မှ အပြောခံရသူရဟန်းက **"တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"**ဟု ဆိုကာ ဝိကပ္ပနာပြန် (ပစ္စုဒ္ဓိုရ်ပြု) ရမည်။ ဤသို့ ပြုပြီးမှ သာ ဝတ်ရုံသုံးဆောင်ခြင်း စသည်တို့ကိုပြုခြင်းငှာ အပ်တော့သည်။

**မှတ်ချက်**။ ။အနီး, အဝေး၊ အနည်း, အများပြုပုံပါဠိများကို ရှေးနည်းအတိုင်း ပြောင်းလဲဆိုရမည်။

## ပရမ္မုခါဝိကပ္ပနာပြုပုံ

**(ပရမ္မုခါဝိကပ္ပနာ၌ အပြားမရှိ)**

သင်္ကန်းရှင်ရဟန်းသည် ဝိကပ္ပနာပြုနည်းကို မကျွမ်းကျင်သဖြင့် ရဟန်းတစ်ပါးပါးထံသို့ သွားပြီး တပည့်တော်၏ ဤသင်္ကန်းကို ဝိကပ္ပနာ ပြုရန် အရှင်ဘုရားအား ပေးပါ၏ - ဟူ၍ မြန်မာလိုဖြစ်စေ၊ **"ဣမံ စီဝရံ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ"**ဟု ပါဠိလိုဖြစ်စေ ဆို၍ ပေးရမည်။ ထိုအခါ ဝိကပ္ပနာ

ပြုပေးမည့်ရဟန်းက အရှင်ဘုရား ဝိကပ္ပနာပြုလိုသူကား အဘယ်သူပါနည်းဟုမေးလျှင် သီတင်းသုံးဖော် (၅)ဦးတို့တွင် အဘယ်ကျောင်းမှ အဘယ်သူပါဟု (ဥပမာ–ဦးတိဿပါဟု) ပြောရမည်။ ထိုအခါ ဝိကပ္ပနာပြုပေးမည့်ရဟန်းက **"အဟံ ဣမံ စီဝရံ တိဿဿ ဘိက္ခုနော ဒမ္မိ"**ဟုဆိုကာ ဝိကပ္ပနာ ပြုပေးရမည်။ ဤမျှဖြင့် သိမ်းသိမ်းဆည်း၍ ထားရုံသာ အပ်သေး၏။ ထို့နောက် ဝိကပ္ပနာ ပြုပေးသော ရဟန်းက **"တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"**ဟုဆိုကာ ဝိကပ္ပနာပြန် (ပစ္စုဒ္ဓိရ်ပြု) ပေးရမည်။ ထိုအခါမှစ၍ သုံးဆောင်ခြင်းစသည် အပ်တော့၏။

**မှတ်ချက်။** ။အနီး, အဝေး၊ အနည်း, အများတို့ကို ရေးနည်း အတိုင်း ပြောင်းလဲ၍ ဆိုရမည်။

**(အနက်)** ဣမံ စီဝရံ။ ဤသင်္ကန်းကို။ တုယှံ–အရှင်ဘုရားအား။ ဝိကပ္ပနတ္ထာယ–ဝိကပ္ပနာပြုရန်။ (အဟံ–တပည့်တော်သည်။) ဒမ္မိ–ပေးပါ၏။ အဟံ–ငါသည်။ ဣမံစီဝရံ–ဤသင်္ကန်းကို။ တိဿဿ–တိဿ မည်သော။ ဘိက္ခုနော–ရဟန်းအား။ ဒမ္မိ–ပေးပါ၏။

တိဿဿ–တိဿမည်သော။ ဘိက္ခုနော–ရဟန်း၏။ သန္တကံ–ဥစ္စာဖြစ်သော သင်္ကန်းကို။ ပရိဘုဉ္ဇဝါ–ဝတ်ရုံ သုံးဆောင်မှုလည်း သုံးဆောင်ပါ လော့။ ဝိသဇ္ဇေဟိ ဝါ–သူတစ်ပါးတို့အား ပေးစွန့်မှုလည်းပေးစွန့်ပါလော့။ ယထာပစ္စယံ–အကြောင်းအားလျော်စွာ။ ကရောဟိ–ပြုပါလော့။

## ဝိကပ္ပနာ ၂-မျိုး အထူး

သက်န်းရှင် ရဟန်းကိုယ်တိုင် ဝိကပ္ပနာပြု၍ ဝိကပ္ပနာ အပြုခံရသော သူက ဝိကပ္ပနာပြန် (ပစ္စုဒ္ဓိုရ်ပြု)ပေးခြင်းသည် သမ္မုခါဝိကပ္ပနာ။

အခြားသောရဟန်းက ဝိကပ္ပနာပြုပေး၍ ထိုအခြားသော ရဟန်းက ပင် ဝိကပ္ပနာပြန် (ပစ္စုဒ္ဓိုရ်ပြု)ပေးခြင်းသည် သမ္မုခါ ဝိကပ္ပနာ။

**မှတ်ချက်**။ ။သာပိတ်၌လည်း ဤသက်န်းနည်းအတိုင်း **ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ**-စသည်ဖြင့် အနီး, အဝေး၊ အနည်း,အများတို့ သင့်သလိုပြောင်းလွှဲ၍ ဆိုရမည်။

**ဝိကပ္ပနာခန်း ပြီး၏**။



# ပစ္စုဒ္ဒိုရ်ပြုခြင်း

ပစ္စုဒ္ဒိုရ်ပြုခြင်းဟူသည် အဓိဋ္ဌာန်ကို စွန့်မှု၊ အဓိဋ္ဌာန်ကို ချမှုသည် လည်းကောင်း၊ မိမိကိုယ်ပိုင်ဥစ္စာဟူ၍ မသတ်မှတ်တော့ဘဲ တစ်ဖန်ပြန်၍ ထုတ်ပစ်မှု၊ ကိုယ်ပိုင်ဥစ္စာအဖြစ်မှ ရုပ်သိမ်းမှု၊ မူလသက်န်းပိုင်ရှင် ရဟန်းအလိုရှိသလို သုံးစွဲနိုင်အောင် ပေးမှုသည်လည်းကောင်း ပစ္စုဒ္ဒိုရ်ဟူသော ဝိနည်းကံတစ်မျိုး ဖြစ်ပါသည်။

ထိုပစ္စုဒ္ဒိုရ်သည်-

၁။ နိဿဂ္ဂိပါစိတ် ပထမကထိနသိက္ခာပုဒ်၌ ပြအပ်သော အဓိဋ္ဌာန်ကို တစ်ဖန်ထုတ်ခြင်း၊ ပြန်နုတ်ခြင်း၊ ရုပ်သိမ်းခြင်း၊ ပစ္စုဒ္ဒိုရ်တစ်မျိုး။

၂။ သုရာပါနဝဂ် နဝမသိက္ခာပုဒ်၌ပြအပ်သော မိမိဥစ္စာအဖြစ်မှ တစ်ဖန်ပြန်၍ ထုတ်ခြင်း၊ အခွင့်ပေးခြင်း ပစ္စုဒ္ဒိုရ်တစ်မျိုး အားဖြင့် (၂)မျိုးရှိသည်။

ကို(၂)မျိုးတွင်-

(၁) နိဿဂ္ဂိပါစိတ် ပဌမကထိနသိက္ခာပုဒ်၌ ပြအပ်သော ရုပ်သိမ်းခြင်း၊ ပစ္စုဒ္ဓိုရ်ဟူသည် အဓိဋ္ဌာန်ကို ပြန်၍ ရုပ်သိမ်းခြင်း ဖြစ်သည်။

နဂိုမူလ ဒုကုဋ်သင်္ကန်း စသည်ကို **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"** စသည်ဖြင့် မိမိ၏ ကိုယ်ပိုင်ဥစ္စာအဖြစ် အသိအမှတ် ပြု ဆောက်တည်ခြင်းဟူသော အဓိဋ္ဌာန်တင်ထားခဲ့ရာ နောက်ထပ် ဒုကုဋ်သင်္ကန်း စသည် အသစ်ရသဖြင့် (အဓိဋ္ဌာန်သင်္ကန်း ၂-ထည်မရှိကောင်းရကား) အသစ်ကို အဓိဋ္ဌာန်တင်လိုသောကြောင့် အဓိဋ္ဌာန်တင်ပြီးသော အဟောင်းကို အဓိဋ္ဌာန်စွန့်သောအားဖြင့် **"ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ"**ဟု ပစ္စုဒ္ဓိုရ်ပြုရမည်။

**(အနက်)** ဣမံ သံဃာဋိံ-ဤဒုကုဋ်သင်္ကန်းကို။ ပစ္စုဒ္ဓရာမိ-ပစ္စုဒ္ဓိုရ် ပြုပါ၏။ (ဝါ) ကိုယ်ပိုင် ဒုကုဋ်သင်္ကန်း အဖြစ်မှ ရုတ်သိမ်းပါ၏။

ဤသို့ အဓိဋ္ဌာန်တင်ပြီးသား အဟောင်းကို ပစ္စုဒ္ဓိုရ်ပြုပြီးမှ အသစ်ကို **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"**ဟု အဓိဋ္ဌာန် တင်ရမည်။ (ဥတ္တရာသင်္ဂ စသည်တို့၌လည်း ဤအတူတည်း။)

ဤကား သင်္ကန်းအသစ်ကို အဓိဋ္ဌာန်တင်လိုသဖြင့် အဓိဋ္ဌာန်တင်ထားပြီးသော သင်္ကန်းအဟောင်းကို **အဓိဋ္ဌာန်မှ** ရုပ်သိမ်းမှု (ဝါ) ကိုယ်ပိုင်ဥစ္စာအဖြစ်မှ ရုတ်သိမ်းမှု **အဓိဋ္ဌာန်စွန့်မှု** အဓိဋ္ဌာန်ချမှုဟူသော ပဌမကထိနသိက္ခာပုဒ်၌ ပြအပ်သော ပစ္စုဒ္ဓိုရ်ပြုခြင်းဖြစ်ပါသည်။

(၂) သုရာပါနဝဂ် န၀မသိက္ခာပုဒ်၌ ပြအပ်သော ပစ္စုဒ္ဓိုရ်ဟူသည် မူလသက်န်းပိုင်ရှင် ရဟန်း အလိုရှိသလို သုံးစွဲနိုင်အောင် အခွင့်ပေးခြင်း ဖြစ်သည်။

နဂိုမူလက ဒုကုဋ်သင်္ကန်း စသည်ကို **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"** စသည်ဖြင့် မိမိ၏ကိုယ်ပိုင်ဥစ္စာအဖြစ် အသိအမှတ်ပြု ဆောက်တည်ခြင်းဟူသော အဓိဋ္ဌာန်တင်ထားခဲ့ရာ ယင်း အဓိဋ္ဌာန်တင်ထားသော ဒုကုဋ်စသည်ကို ညဉ့်ကင်းခြင်းကြောင့် အာပတ်မသင့်အောင် တာဝန်ပေါ့အောင် သီတင်းသုံးဖော် ငါးဦးတို့တွင် တစ်ဦးဦးထံသို့ကပ်၍ **"ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ"** ဟု မိမိ၏ဥစ္စာအဖြစ်မှ ကင်းအောင် ဝိကပ္ပနာပြုပြီး ဝိကပ္ပနာ အပြုခံရသော ရဟန်းက **"မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ"** ဟုဆိုကာ ဝိကပ္ပနာပြန်ခြင်းသည် သုရာပါနဝဂ် န၀မသိက္ခာပုဒ်၌ ပြအပ် သော ပစ္စုဒ္ဓိုရ်ပြုခြင်းဖြစ်သည်။

**(အနက်)** မယှံ–ငါ၏။ သန္တကံ–ဥစ္စာဖြစ်သောသင်္ကန်းကို။ ပရိဘုဉ္ဇဝါ–ဝတ်ရုံသုံးဆောင်မှုလည်း သုံးဆောင်ပါ လော့။ ဝိသဇ္ဇေဟိဝါ–သူတစ်ပါးအား ပေးစွန့်မှုလည်း ပေးစွန့်ပါလော့။ ယထာပစ္စယံ–အကြောင်းအား လျော်စွာ။ ကရောဟိ–ပြုပါလော့။ **(တိဿဿ ဘိက္ခုနော သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ**–ဟူသော ဝိကပ္ပနာပြန်မှု သည်လည်း ပစ္စုဒ္ဓိုရ်ပြုခြင်းပင် ဖြစ်ပါသည်။)


ဤသို့လျှင် ပစ္စုဒ္ဓိုရ်ပြုခြင်းသည် လိုရင်းအကျဉ်းချုပ် အားဖြင့်–

၁။ ပထမကထိန သိက္ခာပုဒ်အရ သင်္ကန်းသစ်ကို အဓိဋ္ဌာန်တင်လိုသဖြင့် အဓိဋ္ဌာန်တင်ပြီးသားသင်္ကန်းဟောင်းကို အဓိဋ္ဌာန် စွန့်ခြင်းသော ပစ္စုဒ္ဓိုရ်တစ်မျိုး။

၂။ သုရာပါနဝဂ် နဝမသိက္ခာပုဒ်အရ အဓိဋ္ဌာန်တင်ထားသော ဝိနည်းကံ၏ တာဝန်ပေါ့အောင် ဝိကပ္ပနာပြုထားသည်ကို သုံးချင်သလို သုံးနိုင်အောင် အခွင့်အရေးပေးခြင်း၊ ဝိကပ္ပနာပြန် ခြင်းဟူသော ပစ္စုဒ္ဓိုရ်တစ်မျိုးအားဖြင့် (၂)မျိုးရှိသည်။

**မှတ်ချက်**။ ။သပိတ်၌လည်း "ဣမံ ပတ္တံ" စသည် ပြောင်းလွှဲ၍ ဆိုရုံပင်။ သင်္ကန်းနှင့်အားလုံး တူ၏။ အဓိဋ္ဌာန်တင်မှုစသည်တို့ကို ရှေးဆရာစဉ်ဆက်တို့သည် အလေးဂရုပြုသောအားဖြင့် (၃)ကြိမ်ထပ်၍ ဆိုကြရပါသည်။

**ပစ္စုဒ္ဓိုရ်ခန်း ပြီး၏။**





# ထိနကဏ္ဍ ကထိန်အကြောင်း

**ကထိန ဝိဂ္ဂဟ**။ ကထယတိ ပဉ္စာနိသံသေ အညတ္ထ ဂန္တုံ အဒတွာ သံဂဏှာတိ သံခိပိတွာ ဂဏှာတီတိ ကထိနံ-ဟူသော ဝစနတ္ထ ကြောင့် လည်းကောင်း။ ကေစိ-ဆရာတို့ အလို ကထယတေ သီလာဃ တေ ပသံသိယတေ ဗုဒ္ဓါဒီဟိ တိ ကထိနံ-ဟူသော ဝစနတ္ထကြောင့် လည်းကောင်း ကထိန် မည်၏။ ။အကျိုးငါးပါး အခြားသွားခွင့် မပေးဘဲ ပေါင်းယူ တတ်သည်ကား ကထိန်။ ဤကား အက္ခရစိန္တကာ ဆရာတို့ အလို။ ။ဘုရားစသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ် သောကြောင့် ကထိန်။ ဤကား ကေစိဆရာတို့အလို။

**ကထိန်ခင်းခွင့် ဘယ်သူရလဲ**။ ။ပုရိမဝါ ကပ်ရောက်ပြီး ဝါမကျိုးသော ရဟန်းတို့ ရလေသည်။ ကထိန်ကဲဆောင်ရာမှာ အရေအတွက်အားဖြင့် အနည်းဆုံး ကထိန်သင်္ကန်းပေးသူ လေးဦး၊ ခင်းသူတစ်ဦး၊ ပေါင်းငါးဦး ရှိရလေသည်။ အချို့ ဆရာတို့ကား ပဉ္စဝဂ်သံဃာပြုအပ်သော အမှုဟု ယူ၍ ပဉ္စဝဂ်

သံဃာတို့အား အပ်၏-ဟုဆိုလေသည်။ ကေစိတို့ စကားသည် စမ္မေယျခန္ဓကဌ် ဟောတော်မူအပ်သော စကားနှင့် မညီပေ၊ သူတို့၏ အလိုဆန္ဒမျှသာ။ ။သင်္ကန်းပြည့်စုံနေသူချည်း ဖြစ်လျှင် မဟာဝါ ကထိနခန္ဓက အဋ္ဌကထာ၌ ဟောတော်မူသည့်အတိုင်း ပုဗ္ဗကရဏဇာနန-စသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသူ ဖြစ်ရမည်။

သံဃာက ကထိန်သင်္ကန်းပေးအပ်သူ၊ ဘယ်သူ့အား ပေးသင့်သနည်း၊ ဓိဏ္ဏာစိဝရ-ပုဂ္ဂိုလ်အား ပေးသင့်သည်၊ ဓိဏ္ဏာစိဝရပုဂ္ဂိုလ်တွေ များနေပါက ပရိသတ်များသော ပုဂ္ဂိုလ်ကြီးအား ပေးသင့်သည်။ ထိုပုဂ္ဂိုလ်မှ တစ်နေ့ချင်း သင်္ကန်းကိစ္စ လုံးဝ ပြီးစီးအောင် ဆောင်ရွက်၍ ကထိန်ခင်းစွမ်း နိုင်မည်၊ အမှန် ပုဂ္ဂိုလ်အကြီးဆုံးဖြစ်၍ အခြေအရံ နည်းပါးခဲ့လျှင် သံဃာထေရ်ကြီးအား ကူညီ၍ ပေးသင့်သည်။ ထို့ကြောင့် ထေရ်ကြီး ဓိဏ္ဏာစိဝရကို အရှင်ဘုရားများ အထိန်ဖျင်စ ခံယူတော်မူပါ၊ တပည့်တော်တို့ ကူညီလုပ်ဆောင်ပေးပါမည်-ဟု ပြောဆိုသင့်သည် ဟူ၍ ဆို၏။

**(မဟာဝါ အဋ္ဌကထာကထိနခန္ဓက ဆဋ္ဌမူစာမျက်နှာ-၃၈၉)**

ဤအဋ္ဌကထာ အလိုအရ ဓိဏ္ဏာစိဝရပုဂ္ဂိုလ်အား ပေးရမည်၊ ပုဗ္ဗကရဏဇာန စသည်တို့ကိုကား ကထိန်ခံပုဂ္ဂိုလ် ကိုယ်တိုင် နားမလည် စေကာမူ ပတ်ဝန်းကျင် စာဘတ်ပေတတ် ဝိနည်းမှိရိပုဂ္ဂိုလ်၏ သွန်သင်ပြသမှုဖြင့် ပြီးစေနိုင်သည်-ဟု ဆိုလိုပေသည်။ ကထိန်ခင်းသင်္ကန်းသည် ဒုကုဋ်ဖြစ်လျှင်

**(ဣမာယ သံဃာဥ္ဈာယ ကထိနံ အတ္ထရာမိ)** ကေသိဖြစ်လျှင် **(ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ)** သင်းပိုင်ဖြစ်လျှင် **(ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ)** ဟုဆို၍ ကထိန်ခင်း၊ ထို့နောက် ကထိန်ခင်းသော ရဟန်းက **(အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါဟိ)** ဟုဆို၍ အနုမောဒနာ ပြုကြရန် ဘိုက်တွန်းမှု ပြုပါလေ၊ ကထိန်ခင်းသော ရဟန်းသည် သတင်း ငယ်ဖြစ်က **(အတ္ထတံ ဘန္တေ)** စသည်ဖြင့်ဆိုပါလေ၊ ထို့နောက် အာနိသင် ရထိုက်သော ရဟန်းများ အနုမောဒနာပြုပါလေ၊ ပုရိမ ဝဿံ ဝုဋ္ဌ–ချည်းဖြစ်သော်လည်း အနုမောဒနာပြုသော ရဟန်းတို့သာ ကထိန်အာနိသင်ကို ရကုန်၏။ အနုမောဒနာ မပြုသော ရဟန်းတို့ကား မရကြကုန်။

**အမည်မှည့်ခြင်း**။ ။ယခုအခါ ကမ္မဝါစာ ရွတ်ဖတ်ရာ၌ လွယ်ကူ စေရန် အလို့ငှာအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ကထိန် ခံထိုက်သော အရှင်မြတ်ကို **တိဿ** ဟူ၍ မှည့်ပါ၏။ အရှင် မြတ်က မိမိအမည်ကို တိဿ–ဟူ၍ မှတ်တော်မူပါ။

## ကထိနတ္ထာရကမ္မဝါစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော

ဣမံ ကထိနစီဝရံ တိဿသံ ဘိက္ခုနော ဒဒေယျ ကထိနံ အတ္ထရိတုံ၊ သော ဥတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ဣဒံ သံဃဿ ကထိနစီဝရံ ဥပ္ပန္နံ၊ သံဃော ဣမံ ကထိနစီဝရံ တိဿသံ ဘိက္ခုနော ဒေတိ ကထိနံ အတ္ထရိတုံ။ ယဿာယသ္မတော ခမတိ ဣမဿ ကထိနစီဝရဿ တိဿသံ ဘိက္ခုနော ဒါနံ ကထိနံ အတ္ထရိတုံ။ သော တုဏှဿ၊ ယဿ နက္ခမတိ။ သော ဘာသေယျ။

ဒိန္နံ ဣဒံ သံဃေန ကထိနစီဝရံ တိဿသံ ဘိက္ခုနော ကထိနံ အတ္ထရိတုံ။ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ ။

**မှတ်ချက်**။ ။ကထိန်ခံသော ရဟန်းအား နောက်ထပ် သံဃိကဝေစု မပေးအပ်၊ ပေးလိုလျှင် ပန်ကြား၍ ပေးအပ်၏။ အလှူရှင်တို့က အခြံအရံ လှူဖွယ်ဝတ္ထုကိုပါ ကထိန်ခံသူအား လှူဒါန်းပါ၏-ဟုဆို၍ လှူရာ၌ သံဃာ အစိုးမရ၊ ကထိန် ခံသူသာ အစိုးရ၏ ။

## ကထိနုဒ္ဓါရကမ္မဝါစာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗု ဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ကထိနံ ဥဒ္ဓရေယျ။ သော ဥတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ကထိနံ ဥဒ္ဓရတိ။ ယဿာယသ္မ တော ခမတိ ကထိနဿ ဥဗ္ဘာရော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

ဥဗ္ဘတံ သံဃေန ကထိနံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

**ကထိန်ဘာပြုလို့ နုတ်ရသလဲ။** ။ကထိန်ခင်းသော ကျောင်းတိုက်၌ ရှိသမျှသံဃာ အညီအမျှရစေရန် ရည်စူး၍ ဒါယကာက သံဃဿ ဒေမ–ဟုဆို၍ လှူဒါန်းသော်လည်း ထိုအဝတ်သင်္ကန်းဟူသမျှကို ကထိန်မခင်း သူတို့ မရထိုက်၊ ကထိန်ခင်းသူကိုသာ အစိုးရကုန်၏၊ ထို့ကြောင့် လာဘ် အညီအမျှ မရနိုင်၊ ကထိန်နုတ်လျှင်မူကား သံဃာအားလုံး အစိုးရ၍ လာဘ်အညီအမျှရနိုင်၏၊ သို့ဖြစ်၍ လာဘ်အညီအမျှ ရစေရန် သံဃိက သင်္ကန်းများစွာ လှူလိုသော ဒါယကာ တစ်ဦးဦးက ကထိန်နုတ်တော်မူကြပါဟု တောင်းပန်အံ့၊ ကထိန်ခင်းထားခြင်းကြောင့် ရထိုက်သော သင်္ကန်းထက် ဝေစုသင်္ကန်းများလျှင် နုတ်အပ်၏၊ နည်းလျှင် မနုတ်အပ်၊ အဟုအံမျှဖြစ်လျှင် ဒါယကာ၏ သဒ္ဓါတရားကို စောင့်ရှောက် သော အားဖြင့် နုတ်အပ်၏၊ မနုတ်ဘဲ ပန်ကြား၍ပေးလျှင် မှုနိုင်၏၊ ပန်ကြားသော အခါ တစ်ပါးပါးက သဘောမတူဟု ကန့်ကွက်လျှင် ကထိန်မခင်းသူတို့အား မပေးကောင်း–ဟုမှတ်၊ ဤ ဉတ္တိဒုတိယကံဖြင့် နုတ်ပြီးသောအခါ ဤကျောင်း၌ ကထိန်ခင်းသူတို့အား အာနိသင်ငါးပါး မရနိုင်တော့ပြီ။

**ခင်းပြီးသော ကထိန်နုတ်၍ နောက်နောက် ကထိန် ခင်းသင့်, မခင်းသင့်။** ။ဤနေရာ၌ ကင်္ခါဝိတရဏီဂဏ္ဌိ ဟောင်း ဆရာတို့က ပါဠိ အဋ္ဌကထာ ဋီကာတို့၌ တိုက်ရိုက် ခွင့်ပြုချက်မရှိ၍ နုတ်ပြီးနောက် နောက်ကထိန် မခင်းသင့်ပြီ-ဟု ဆိုတော်မူကြ၏။ ကင်္ခါဝိတရဏီ မဟာ ဋီကာကျမ်းပြု ဆရာတော်က ပါဠိ အဋ္ဌကထာ ဋီကာတို့၌ တိုက်ရိုက်အား ဖြင့်သော်လည်းကောင်း အရိပ်အမြွက်အားဖြင့်လည်းကောင်း တားမြစ်ချက်မရှိ၍ ရှေးကထိန်နုတ်ပြီးနောက် ကထိန်ခင်း သင့်၏ဟု ဆိုတော်မူ၏။ ဤသို့ ဝါဒနှစ်ဖြာ ကွဲပြားရာ၌-(ဝိနယ မဟာဝဂ္ဂအဋ္ဌကထာ ကထိနခန္ဓက-၃၈၉)ဖြင့် စိစစ်ရာ၏၊ ဤအဋ္ဌကထာလာ-တသ္မိံ အနတ္ထ တေသဒ္ဒန္တ ရိုက် ဖြင့် ရှေးခင်းပြီးသော ကထိန်နုတ်၍ နောက်တစ်ဖန် ကထိန် ခင်းသင့်၏-ဟူသော ဗျတိရေက အနက်ကိုလည်း ပြီးစေ၏။ ထို့ကြောင့် ကင်္ခါဝိတရဏီမဟာဋီကာဝါဒ သင့်မြတ်၏၊ ကထိန်ခွင့်ပြုရသော အကြောင်းနှင့်လည်း လျော်၏။

## ကထိန်ခင်းမှု

ကထိန်ခင်းမှုဟူသော ဝေါဟာရသည်"ကထိန"ဟူသော ပါဠိမာဂဓမှ ဆင်းသက်လာသော ပါဠိသက်မြန်မာ ဝေါဟာရ ဖြစ်သည်။

**ကေနဋ္ဌေန ကထိနန္တိ၊ ထိရဋ္ဌေန**-ဟူသော သာရတ္ထ ဋီကာအရ အနာမန္တစာရ-အစရှိသော အကျိုးငါးပါးတို့ကို

ကထိန်းခင်းရာကျောင်းတိုက် အာရာမ်အတွင်း၌သာ မြဲမြံခိုင်ခံ့စွာ တည်နေအောင် ထားနိုင်စွမ်းသော သတ္တိရှိသောကြောင့် လည်းကောင်း။

**ကေနဋ္ဌေန ကထိနံ၊ သင်္ဂဟဋ္ဌေန**–ဟူသော ကခ်ေါ အဋ္ဌကထာအရ တပေါင်းလပြည့်ကိုင်အောင် ကထိန်ခင်းရသော ရဟန်းတို့အား။ အနာမန္တ စာရ–အစရှိသော အကျိုး ငါးပါးတို့ဖြင့် ချီးမြှောက်တတ်သောကြောင့် လည်းကောင်း။

**ကထိယတေ သိလာဃိယတေ ဗုဒ္ဓါဒိဟိတိ ကထိနံ**–ယူသော ဝိနယာလင်္ကာရဋီကာအရ တပေါင်းလပြည့်တိုင်အောင် ရဟန်းတော်များ အား အချို့သော အာပတ်တို့ကို မသင့်ရောက်အောင် ပြုလုပ်ပေးတတ်ရကား ဘုရားအစရှိသော သူတော်ကောင်းတို့သည် ချီးမွမ်းအပ်သော အမှုဖြစ်သောကြောင့် လည်းကောင်း ကထိန်မည်ပါသည်။

ကထိန်ခေတ်(ဝါ)ကထိန်သင်္ကန်းလှူရသော အခါကာလ၊ ကထိန် ခင်းရသော အခါကာလသည် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် (၁)လ၏ အတွင်း၌သာ ဖြစ်ပါသည်။

ဝါဆိုလပြည့်ကျော်(၁)ရက်နေ့၌ ဝါဆို၍ ဝါမကျိုး၊ ဝါမပြတ်သော ပုရိမဝါသား သံဃာသည်သာ ကထိန်ခင်းရပါမည်။ ပုရိမဝါဆိုသော်လည်း ဝါကျိုး၊ ဝါပြတ်သော သံဃာသည် လည်းကောင်း၊ ဝါခေါင်လပြည့်ကျော် (၁)ရက်နေ့မှ ဝါဆိုသော ပစ္ဆိမဝါသားသံဃာသည်လည်းကောင်း ကထိန် မခင်းနိုင်ပါ။

ကထိန်သင်္ကန်းလှူဒါန်းရန် မည်သူ့အားမျှ အရိပ်အမြွက် ကလေးကိုသော်မျှ မပြောရပါ၊ မပြောကောင်းပါ။ ကထိန် သင်္ကန်းသည် မိုးကောင်းကင်ပေါ်မှ ကျလာသောရေသည် သူတစ်ပါးမပြုလုပ်ရဘဲ သူ့အလိုလို သက်ဆင်း လျောကျလာ သကဲ့သို့ အလှူရှင်များသည် သူတို့၏ စေတနာသဒ္ဓါ အလျောက် လာရောက်၍ သံဃာအား လှူဒါန်းသော သင်္ကန်း ဖြစ်သည်။ ဤသို့သော သင်္ကန်းဖြင့်သာ ကထိန်ခင်းရပါသည်။

အလှူရှင်များသည် ကျောင်းတိုက် အာရာမ်အတွင်းသို့ လာ၍ သံဃာအားလှူသော သင်္ကန်းဖြင့်သာ ကထိန်ခင်းရပါ သည်။ ပုဂ္ဂိုလ်အား၊ ဂိုဏ်းအားလှူသော သင်္ကန်းဖြင့် ကထိန် မခင်းကောင်းပါ။

သင်္ကန်းလှူရာ ကျောင်းတိုက်အာရာမ်အတွင်း ပုရိမဝါ ဆို၍ ဝါကျွတ်သော သံဃာသည်သာ ကထိန်ခင်းကောင်းပါ သည်။ အခြားသံဃာများ ဤကျောင်းတိုက်အတွင်း၌ ကထိန်း မခင်းကောင်းပါ။

သံဃာ ကထိန်ခင်းဟုဆိုသော်လည်း သံဃာသည် အင်္ဂါ (၈)ပါးနှင့် ပြည့်စုံ၍ သင်္ကန်းမရှိ နွမ်းရိခေါင်းပါးသော ရဟန်းအား မြတ်စွာဘုရား အာဏာထားတော်မူသည့် ဝိနည်းကံ ဟူသော ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန် ခင်းလိုသော သင်္ကန်းကိုပေး၍ ပုဂ္ဂိုလ်သည် ကထိန်ခင်းရပါသည်။ ရဟန်း အားလုံး သင်္ကန်း ပြည့်စုံစွာ ရှိနေခဲ့ပါမူ မထေရ်ကြီး ခင်းရ

ပါမည်။ မထေရ်ကြီးမခင်းလိုခဲ့သော် မထေရ်ကြီး ညွှန်ကြား
သော ရဟန်း ခင်းရပါမည်။

ပုဂ္ဂိုလ်ကထိန်ခင်းသော်လည်း သံဃာသည် ဉတ်ကမ္မဝါ
စာဖြင့် ပေးသောသင်္ကန်းဖြင့် ခင်းရာ၊ သံဃာက အနုမော
ဒနာပြုခြင်းဖြစ်သောကြောင့် သံဃာ ခင်းသည်ပင် မည်ပါသည်။

## ကထိန်ခင်းထိုက်သော အင်္ဂါ (၈)ပါး

၁။ **ပုဗ္ဗကရဏံ ဇာနာတိ** (ရှေးဦးစွာ ပြုဖွယ်အမှုကို
သိရမည်။)

၂။ **ပစ္စုဒ္ဓါရံ ဇာနာတိ** (သင်္ကန်း ပစ္စုဒ္ဓိုရ်ပြုမှုကို သိရ
မည်။)

၃။ **အဓိဋ္ဌာနံ ဇာနာတိ** (သင်္ကန်း အဓိဋ္ဌာန်တင်မှုကို
သိရမည်။)

၄။ **အတ္ထာရံ ဇာနာတိ** (ကထိန်ခင်းမှုကို သိရမည်။)

၅။ **မာတိကံ ဇာနာတိ** (မာတိကာ ၈-ပါးကို သိရမည်။)

၆။ **ပလိဗောဓံ ဇာနာတိ** (ပလိဗောဓ ၂-ပါးကို သိရ
မည်။)

၇။ **ဥဒ္ဓါရံ ဇာနာတိ** (ကထိန်နုတ်ခြင်း ဥဗ္ဘာရ ၂-ပါး
ကို သိရမည်။)

၈။ **အာနိသံသံ ဇာနာတိ** (ကထိန်၏ အကျိုးအာနိသင်
၅-ပါးကို သိရမည်။)

**ဆောင်ပုဒ်။** **။ပုဗ္ဗကရဏံ၊ ပဗ္ဗဇ္ဇံ၊ မိဋ္ဌာန်အတ္ထာရ။**
**မာတိကာ ပေါဓိ၊ ဥဒ္ဓါရံ၊ နိသံအင်ရှစ်ဝ။**

(၁) **ပုဗ္ဗ ကရဏံ ဓာနာတိ**–ရှေးဦးစွာ ပြုဖွယ်အမှုကို သိရမည်ဟူသည်–

**ဓောဝနဉ္စ ဝိစာရဏေစ၊ ဆေဒနံ ဗန္ဓနမ္ပိစ။**

**သိဗ္ဗနံ ရဇနံ ကပ္ပံ၊ ပုဗ္ဗကိစ္စန္တိ ဝုစ္စတိ–** ဟူသော ဝိနယဝိနိစ္ဆယဋီကာကို မှီးလျက် **(လျှော်,စီ,ဖြတ်, တွဲ, ချုပ်, ဆိုးနဲ, ထိုးမြဲ ခွန်ပုဗ္ဗ)**–ဟူသော သင်္ဂဟတို့အရ–

(က) သင်္ကန်းလျာ အဝတ်ပုဆိုးကို ကော်များစင်အောင် ဖွပ်လျှော် ခြင်း။

(ခ) ငါးခန်း, ခုနစ်ခန်းစသည်ဖြင့် ဖြတ်ရန် စီစဉ်ရခြင်း။

(ဂ) စီရင်ထားသည့် အတိုင်း ပိတ်ကို ဓားဖြင့် (ကတ်ကြေးဖြင့်) ဖြတ်ရခြင်း။

(ဃ) ချုပ်သောအခါ မမှားရအောင် ဖြတ်ပြီးသား ပိတ်စများကို အပိုင်းတစ်ခုနှင့် တစ်ခု တွဲစပ်ထားရခြင်း။

(င) တွဲစပ်ထားသည်တို့ကို အပ်ဖြင့်ချုပ်ရခြင်း။

(စ) ချုပ်ပြီးခဲ့သော် ဆိုးရည်ဖြင့် ဆိုးရခြင်း။

(ဆ) ကပ္ပဗိန္ဒုထိုးရခြင်းအားဖြင့် ပုဗ္ဗကရဏ (၇)ပါးကို သိရမည်။

ဤသို့ပြုရခြင်းသည် ရှေးခေတ် စက်မှုလက်မှုမထွန်းကား သေးရကား သင်္ကန်းလှူသည်ဟုဆိုသော်လည်း သင်္ကန်းအဖြစ်သို့ မရောက်သေးသော သင်္ကန်းလျာ ပိတ်ဖြူများကိုသာ လှူကြသောကြောင့် ကပ္ပဗိန္ဒုထိုးမှုမှ တစ်ပါးသော ရှေ့ (၆)ပါးတို့ကို ပြုရခြင်းဖြစ်ပါသည်။

ယခုခေတ်၌ကား စက်မှုလက်မှုထွန်းကားနေ၍ ချုပ်ပြီး ဆိုးပြီးသော သင်္ကန်းတို့ကိုသာ လှူကြသောကြောင့် ပုဗ္ဗကရဏ (၇)ပါးတို့တွင် ရှေ့ (၆)ပါးတို့ကို မလိုတော့ဘဲ နောက်ဆုံး ပုဗ္ဗကရဏဖြစ်သော ကပ္ပဗိန္ဒုထိုးမှု ကိုသာ ပြုရပါတော့မည်။ ဤသို့လျှင် ပုဗ္ဗကရဏ ဟူသော ရှေးဦးစွာ ပြုဖွယ်အမှုကို သိရပါမည်။

(၂) **ပစ္စုဒ္ဒါရံ ဇာနာတိ**–သင်္ကန်း ပစ္စုဒ္ဒိုရ်ပြုမှုကို သိရမည် ဟူသည်–

ကထိန်ခင်းမည့် ရဟန်းသည်–ရှေးယခင်က အဓိဋ္ဌာန် တင်ထားပြီး သော သင်္ကန်းရှိခဲ့သော် ထိုအဓိဋ္ဌာန်တင်ပြီးသား သင်္ကန်းဟောင်းကို (ဒုကုဋ်ဖြင့်ခင်းလိုမူ) အဓိဋ္ဌာန်တင်ပြီး ဒုကုဋ်ကို **“ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ”**ဟု၊ (ကောသိဖြင့် ခင်းလိုမူ) အဓိဋ္ဌာန်တင်ပြီး ကောသိကို **“ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ”**ဟု၊ (သင်းပိုင်ဖြင့် ခင်းလိုမူ) အဓိဋ္ဌာန်တင်ပြီး သင်းပိုင်ကို **“ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ”**ဟု ပစ္စုဒ္ဒိုရ် ပြုရမည်။ ဤသို့လျှင် ပစ္စုဒ္ဒိုရ်ပြုမှုကို သိရမည်။

**မှတ်ချက်**။ ။တိစိဝရိတ်သင်္ကန်း(၃)ထည်လုံးဖြင့် ကထိန်မခင်းရ၊ တစ်ထည်တည်းဖြင့်သာ ကထိန်ခင်းရမည်။ ကထိန်ခင်းကောင်းသည်။

**(၃) အဓိဋ္ဌာန် ဇာနာတိ**–သင်္ကန်းအဓိဋ္ဌာန်တင်မှုကို သိရမည် ဟူသည်–

ကထိန်ခင်းမည့် သင်္ကန်းအသစ်ကို (အကယ်၍ ဒုကုဋ်ဖြင့် ခင်းလိုမူ) **"ဣမံ သံဃာဋိံ အဓိဋ္ဌာမိ"**ဟု၊ (ဧကသီဖြင့် ခင်းလိုမူ) **"ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ"**ဟု၊ (သင်းပိုင်ဖြင့် ခင်းလိုမူ) **"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"**ဟု အဓိဋ္ဌာန်တင်ရမည်။ ဤသို သင်္ကန်းအဓိဋ္ဌာန်တင်မှုကို သိရမည်။

**(၄) အတ္ထာရံ ဇာနာတိ**–ကထိန်ခင်းမှုကို သိရမည် ဟူသည်–

(အကယ်၍ ဒုကုဋ်ဖြင့် ခင်းလိုမူ) **"ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ"**ဟု၊ (ဧကသီဖြင့် ခင်းလိုမူ) **"ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ"**ဟု၊ (သင်းပိုင်ဖြင့် ခင်းလိုမူ) **"ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ"**ဟု ဆို၍ ခင်းရမည်။

**အနက်**။ ။(ဣမာယ သံဃာဋိယာ–ဤဒုကုဋ်သင်္ကန်းဖြင့်။ ဣမိနာ ဥတ္တရာ သင်္ဂေန–ဤဧကသီသင်္ကန်းဖြင့်။ ဣမိနာ အန္တရဝါသကေန–ဤသင်းပိုင်သင်္ကန်းဖြင့်။) ကထိနံ–ကထိန်ကို။ အတ္ထရာမိ–ခင်းပါ၏။ ဤသို့ ကထိန်ခင်းမှုကို သိရမည်။

(၅) **မာတိကာ ဓာနာတိ**–မာတိကာ (၈)ပါးကို သိရမည် ဟူသည်–

(က) **ပက္ကမ နန္တိကာ**–ကထိန်အာနိသင်ကိုရသော ရဟန်းသည် ချုပ်ပြီး ဆိုးပြီးသော သင်္ကန်းကိုယူ၍ ဤကျောင်းသို့ မပြန်တော့ဟု နှလုံးပြု၍ အရပ်တစ်ပါးသို့ ဖဲသွားခဲ့သော်၊ ကျောင်းတိုက်၏ အရာမ်ကို လွန်သည်နှင့်တစ်ပြိုင်နက် အာဝါသ ပလိဗောဓ ပြတ်၏။ ကထိန်အာနိသင်တို့ ပျက်၏။ (သင်္ကန်းဟူသော စီဝရပလိဗောဓနှင့် ပတ်သက်၍ ချုပ်ပြီး ဆိုးပြီးသား သင်္ကန်းဖြစ်သောကြောင့် ကျောင်းတိုက်အတွင်းကပင် စီဝရပလိဗောဓ ပြတ်ပြီးဖြစ်နေ၍ အထူးရေးရန်မလို တော့ပေ။)

ဤကား–ဖဲသွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

(ခ) **နိဋ္ဌာနန္တိကာ**–ကထိန်ခင်းပြီးသော ရဟန်းသည် မချုပ်ရသေး သော ကထိန်အာနိသင်သင်္ကန်းလျာအဝတ်ကို ယူ၍ ဖဲသွား၏။ ဥပစာရ သိမ်ပသို့ ရောက်သောအခါ ဤအရပ်၌သာ ဤသင်္ကန်းကို ချုပ်တော့အံ့၊ ကျောင်းတိုက်သို့ မပြန်တော့အံ့ဟု ကြံ၍ သင်္ကန်းကို ချုပ်ရာ သင်္ကန်းချုပ်၍ ပြီးခဲ့သော် ကထိန်အာနိသင် ပျက်၏။

ဤကား–သင်္ကန်းချုပ်၍ ပြီးခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

(ဂ) **သန္နိဋ္ဌာနန္တိကာ**–မပြီးသေးသော အာနိသင်သင်္ကန်းလျာကိုယူ၍ တပေါင်းလပြည့်အတွင်း၌ ကထိန်ခင်းရာကျောင်း

သို့ ပြန်လာမည်ဟု နှလုံးပြုပြီး အရပ်တစ်ပါးသို့ထွက်သွား၍ ကျောင်းတိုက်အပြင်ဘက် အရပ်တစ်ပါးသို့ ရောက်မှ "ဤ သင်္ကန်းကိုလည်း မချုပ်တော့အံ့၊ ကျောင်းတိုက်သို့လည်း မပြန်တော့အံ့"ဟု ဆုံးဖြတ်သောရဟန်းအား ကထိန်အာနိသင် ပျက်၏။

ဤကား-ဆုံးဖြတ်ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

(ဃ) **နာသနန္တိကာ**-ကထိန်ခင်းပြီးသော ရဟန်းသည် မပြီးသေးသော အာနိသင်သင်္ကန်းလျာကိုယူ၍ အရပ်တစ်ပါးသို့ ဖဲသွား၏။ အရပ်တစ်ပါးသို့ ရောက်သောအခါ "ဤ အရပ်၌ ပင်လျှင် သင်္ကန်းကို ချုပ်အံ့၊ ကျောင်းတိုက်သို့ မပြန်တော့အံ့"ဟု နှလုံးပြု၍ သင်္ကန်းကို ချုပ်နေစဉ် ယင်းသင်္ကန်း ပျောက်ပျက်သွားမှု ကထိန်အာနိသင် ပျက်၏။

ဤကား-သင်္ကန်းပျောက်ခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

(င) **သဝနန္တိကာ**-တပေါင်းလပြည့်အတွင်း၌ ကထိန်ခင်းရာ ကျောင်းသို့ ပြန်လာအံ့ဟု နှလုံးပြု၍ သင်္ကန်းမဖြစ်သေးသော ပိတ်စကို ယူလျက် အရပ်တစ်ပါးသို့ ထွက်သွားပြီး အရပ်တစ်ပါး၌ သင်္ကန်းချုပ်ပြီး သော ရဟန်းသည် ကျောင်းတိုက်၌ သံဃာသည် ကထိန်နုတ်ရန် အကြောင်းရှိ၍ ကထိန် နုတ်၏ ဟူသော သတင်းစကားကို ကြားငြားအံ့၊ ကြားသည်နှင့် တစ်ပြိုင်နက် ကထိန်အာနိသင်ပျက်၏။

ဤကား–သတင်းစကားကြားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ် ခြင်း မာတိကာဖြစ်ပါသည်။

(စ) **အာသာဝစ္ဆေဒိကာ**–သင်္ကန်းမချုပ်လောက်သော ပိတ်စကိုယူ၍ လိုနေသောပိတ်စကို အခြားအရပ်၌ ရလိမ့်မည်ဟူသော အာသာဖြင့် ဤကျောင်းသို့ မပြန်တော့အံ့ဟု နှလုံးပြု၍ အရပ်တစ်ပါးသို့ထွက်သွားပြီး အရပ်တစ်ပါး၌လည်း တပေါင်းလပြည့်အတွင်း၌ ပိတ်စကို မရသဖြင့် "ပိတ်စကို ရတော့မည် မဟုတ်"ဟု အာသာဆန္ဒပြတ်ငြားအံ့ ကထိန်အာနိသင်ပျက်၏။

ဤကား–အာသာဆန္ဒပြတ်ခြင်းရှိသော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

(ဆ) **သီမာတိက္ကမန္တိကာ**–သင်္ကန်းမချုပ်လောက်သော ပိတ်စကို ယူ၍ ဤကျောင်းသို့ တပေါင်းလပြည့် မတိုင်မီ ပြန်လာအံ့ဟု နှလုံးသွင်းပြုပြီး အရပ်တစ်ပါးသို့ သွားသော ရဟန်းသည် အရပ်တစ်ပါး၌ သင်္ကန်းကိုချုပ်ပြီး ဆိုးပြီးနောက် ကျောင်းတိုက်သို့ ပြန်မည်ဟု နှလုံးသွင်းလျက် မပြန်ဖြစ်ဘဲ တပေါင်းလပြည့်၍ အာနိသင် ရက်အပိုင်းအခြား ကုန်လွန်သွားခဲ့သော် ကထိန်အာနိသင် ပျက်၏။

ဤကား–သင်္ကန်းအာနိသင် ရက်အပိုင်းအခြား ကုန်လွန်သွားခြင်းလျှင် အဆုံးရှိသော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

(ခ) **သဟုဋ္ဌာရာ**–ကထိန်ခင်းပြီးသော ရဟန်းသည် ပြု၍မပြီးသေးသော သင်္ကန်းကို ယူ၍ တပေါင်းလပြည့်အတွင်း၌ ဤကျောင်းသို့ပြန်လာအံ့ဟု နှလုံးပြု၍ ထွက်သွားပြီး သင်္ကန်း ပြုသောအခါ ပြန်လာ၍ ကျောင်းသို့ ရောက်သည်ရှိသော် ကျောင်းတိုက်ရှိ ရဟန်းတို့နှင့် အတူတကွ တပေါင်းလပြည့်ကို လွန်သွားအံ့၊ ကျောင်းတိုက်ရှိရဟန်းတို့နှင့် အတူတကွ ကထိန် အာနိသင် ပျက်၏။

ဤကား–ကျောင်းတိုက်ရှိ ရဟန်းတို့နှင့် အတူတကွ ဖြစ်သော ကထိန်နုတ်ခြင်း မာတိကာ ဖြစ်ပါသည်။

**မှတ်ချက်**။ ။သီမာတိက္ကမန္တိကာနှင့် သဟုဗ္ဘာရာတို့သည် ကျောင်းတိုက်၏အပ၌ တပေါင်းလပြည့်ကိုလွန်မှု။ ကျောင်းတိုက်အတွင်း ပြန်ရောက်မှ တပေါင်း လပြည့်ကို လွန်မှုမျှသာ ထူး၏။

**ဆောင်ပုဒ်။ ။ဖဲသွား, ပြီး ပြေ၊ ဆုံးဖြတ်ထွေ၊ ပျောက်လေ, နုတ်ပြီး ကြား၊ အာသာပြတ်တုံ၊ ဆောင်းလကုန်၊ နုတ်ကြုံမာရှစ်ပါး။**

**(ဒ) ပလိဗောဓ ဓာနာတိ**–ပလိဗောဓ(၂)ပါးကို သိရမည် ဟူသည်–

(က) **အာဝါသပလိဗောဓ**–ကျောင်း၌ ကြောင့်ကြစိုက်ရမှု ရှိနေသေး ခြင်း ဖြစ်သည်။ ကထိန်ခင်းသော ကျောင်း၌ပင် ကထိန်အာနိသင်ရသော ရဟန်းသည် နေအံ့ဟု နှလုံးပြု၍ အရပ်တစ်ပါးသို့ ဖဲသွားပါသော်လည်း တစ်ဖန်–ထိုကထိန်

ခင်းသော ကျောင်းသို့ ပြန်လာအံ့–ဟူ၍ ကျောင်း၌ ငဲ့ကွက်မှု ရှိခြင်းသည် အာဝါသပလိဗောဓ ဖြစ်သည်။

(ခ) **စီဝရပလိဗောဓ**–သင်္ကန်း၌ ကြောင့်ကြစိုက်မှု ရှိနေသေးခြင်း ဖြစ်သည်။ ပိတ်များကို သင်္ကန်းအဖြစ်လှူသော ခေတ်၌ ထိုသင်္ကန်းလျာပိတ်များကို သင်္ကန်းချုပ်ဆိုး၍ မပြီးသေး သမျှ ထိုရဟန်း၏ သင်္ကန်း၌ ငဲ့ကွက်မှုရှိခြင်းသည် စီဝရပလိ ဗောဓ ဖြစ်သည်။

ဤသို့လျှင် ပလိဗောဓ (၂)ပါးကို သိရမည်။

**(၆) ဥဒ္ဒါရဲ့ ဓာနာတိ**–ကထိန်နုတ်ခြင်း (၂)ပါးကို သိရမည် ဟူသည်–

(က) **မာတိကုဗ္ဘာရ ကထိန်နုတ်ခြင်း**–မာတိကာ ရှစ်ပါးတို့ဖြင့် ပြုအပ်သော ကထိန်နုတ်ခြင်း၊ ကထိန်ပြုတ်ခြင်းတို့ သည် မာတိကုဗ္ဘာရ ကထိန်နုတ်ခြင်း ဖြစ်သည်။

**မှတ်ချက်**။ ။ဤကထိန်နုတ်ခြင်းသည် အရပ်တစ်ပါးသို့ သွား သော ရဟန်းနှင့်သာ ဆိုင်ပါသည်။

(ခ) **အန္တရုဗ္ဘာရ ကထိန်နုတ်ခြင်း**–တပေါင်းလပြည့် မတိုင်မီ ကြားကာလ၌ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဉတ္တိဒုတိယ ကမ္မဝါစာဖြင့် ကထိန်ကို နုတ်ပစ်ခြင်းသည် အန္တရုဗ္ဘာရ ကထိန်နုတ်ခြင်း ဖြစ်ပါသည်။

**မှတ်ချက်**။ ။ကထိန်ခင်းသောကျောင်းတိုက်၌ တပေါင်းလ ပြည့်အတွင်း သံဃိကသင်္ကန်း လှူခဲ့သော် ကထိန် အာနိသင် ရသော ရဟန်းတို့သာ သင်္ကန်းကို ဝေဖန်၍

ယူရပါသည်။ ကထိန်အာနိသင်မရသော ရဟန်းများနှင့် ဝါကျွတ်မှရောက်လာသော ရဟန်းများသည် သင်္ကန်းကို မရပါ။ ထိုကထိန်အာနိသင်မရသော ရဟန်းများနှင့် ဝါကျွတ်မှ ရောက်လာသော ရဟန်းများပါ သင်္ကန်းရစေလိုသောကြောင့် ဥက္ကကမ္မဝါစာဖြင့် ကထိန်နုတ်ရပါသည်။ ကထိန်နုတ်ခြင်းကြောင့် ရရှိသော သင်္ကန်းသည် ကထိန်အာနိသင်ရသော ရဟန်းများ အရနည်းလျှင် ကထိန်မနုတ်ရပါ။ အရတူလျှင်သော် လည်းကောင်း၊ အရပိုလျှင်သော်လည်းကောင်း ကထိန်နုတ်ခြင်းသည်သာ တရားနှင့်လျော်သော ကထိန်နုတ်ခြင်း ဖြစ်သည်ဟု ကင်္ခါအဋ္ဌကထာ၌ မိန့်ဆိုပါသည်။

ထပ်၍ ကထိန်ခင်းလိုသောကြောင့်ကား (လုံးဝ) မနုတ်အပ်ပါ။ ကထိန်ဟူသည် ဝါဆိုခေတ်တစ်ခုဟူသော ကျောင်းတိုက် အရာမ်တစ်ခု အတွင်း၌ တစ်နှစ်တွင် (၁)ခါသာ ခင်းကောင်းပါသည်။ (၂)ခါ (၃)ခါ စသည် မခင်းကောင်းပါ။

(ဂ) **အာနိသံသ ဇာနာတိ**–ကထိန်၏ အကျိုးအာနိသင် (၅)ပါးကို သိရမည်ဟူသည်–

(က) **အနာမန္တစာရ**–ကထိန်ခင်းရခြင်းကြောင့် ထင်ရှားရှိသော ရဟန်းကို မပန်ကြားဘဲ ဆွမ်းစားပင့်ရာ အိမ်သို့ မသွားမူ၍ ဆွမ်းမစားမီ အခြားအိမ်သို့သွားခြင်း၊ ဆွမ်းစားပြီးနောက် ကျောင်းသို့တန်း၍ မပြန်ဘဲ အခြားအိမ်သို့ သွားခြင်းတို့ကြောင့် ပါစိတ်အာပတ်သင့်၏ဟု ပညတ်ထား သော

သုဒ္ဓပါစိတ်၊ အစေလကဝဂ်၊ စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ရခြင်းဟူသော အကျိုး။

(ခ) **အသမာဒါနစာရ**–ကထိန် ခင်းရခြင်းကြောင့် တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းနှင့် ညဥ့်ကင်း ငြားအံ့၊ နိဿဂ္ဂိပါစိတ်အာပတ် သင့်၏ဟု ပညတ်ထားသော နိဿဂ္ဂိပါစိတ်၊ စီဝရဝဂ်၊ ဒုတိယကထိနသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ရခြင်းဟူသော အကျိုး။

(ဂ) **ဂဏဘောဇန**–ကထိန်ခင်းရခြင်းကြောင့် ဩဒန– ထမင်း၊ သတ္တု–ဆန်မှုန့်ဖြင့်ပြုအပ်သော မုန့်၊ မစ္ဆ–ငါး (ရေနေသတ္တဝါများ)။ မံသ–အသား(ကုန်းနေသတ္တဝါများ၏ အသား) ဟူသော ဘောဇဉ်ငါးပါး တို့၏ ဩဒန, ဘတ္တ– စသော ပါဠိမာဂဓအမည်ဖြင့်ဖြစ်စေ၊ ထမင်း စသော မြန်မာ စကားအမည်ဖြင့်ဖြစ်စေ မအပ်သော ပင့်ဖိတ်ခြင်းဖြင့် ဖိတ်အပ် သော ဘောဇဉ်ကို (၄)ပါး၊ (၄)ပါးထက် ပိုလွန်သော ရဟန်း တို့ တစ်ပေါင်းတည်းခံယူ၍သော်လည်းကောင်း၊ ရဟန်းတို့ ဝိဇ္ဇိညတ်ဖြင့် တောင်းအပ်သော ဘောဇဉ်(၅)ပါးတို့ကို (၄)ပါး၊ (၄)ပါးထက်ပိုလွန်သော ရဟန်းတို့ တစ်ပေါင်းတည်း ခံယူ၍ သော်လည်းကောင်း၊ စားငြားအံ့ ပါစိတ်အာပတ်သင့်စေဟု ပညတ်ထားသော သုဒ္ဓပါစိတ်၊ ဘောဇနဝဂ်၊ ဂဏဘောဇန သိက္ခာပုဒ်ဖြင့် အာပတ်မသင့်ရခြင်းဟူသော အကျိုး။

(ဃ) **ယာဝဒတ္ထစီဝရ**–ကထိန်ခင်းရခြင်းကြောင့် သင်္ကန်း အသစ်အပို အလွန်ရခဲ့သော် (၁၀)ရက်အတွင်း၌ အဓိဋ္ဌာန်

တင်မှုကိုဖြစ်စေ၊ ဝိကပ္ပနာမှုကိုဖြစ်စေ မပြုဘဲ ဆောင်ထား ငြားအံ့ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏ဟု ပညတ်ထားသော နိဿဂ္ဂိပါစိတ်၊ စီဝရဝဂ်၊ ပဌမကပထိနသိက္ခာပုဒ်ဖြင့် အာပတ် မသင့်ခြင်းဟူသော အကျိုး။

(င) **ယော စ တတ္ထစီဝရုပ္ပါဒ** – ကထိန်ခင်းရခြင်းကြောင့် ကထိန်ခင်းသော ကျောင်းတိုက်အရာမ်အတွင်းဝယ် တပေါင်း လပြည့်တိုင်အောင် သံဃဿ ဒေမ–ဟုဆို၍ လှူအပ်သော သံဃိကသင်္ကန်းတို့ကို ကထိန်ခင်းသော ရဟန်းတို့သာ ပိုင်ဆိုင် ရခြင်းဟူသော အကျိုးအားဖြင့် အကျိုးအာနိသင် (၅)ပါးတို့ ဖြစ်ပါသည်။

ဤသို့ ကထိန်၏ အကျိုးအာနိသင်(၅)ပါးတို့ကိုသိရမည်။

**သံ, ရွေး, ပေးနှင်း၊ ထိုး, စွန့်ခြင်း၊ တင်, ခင်း, နှမောဒနာ** လင်္ကာဖြင့်–

**(သံ)** သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင် မုန်း လပြည့်တိုင်အောင် (၁)လအတွင်း တစ်ရက်ရက်၌ ကျောင်း တိုက်အရာမ်အတွင်းသို့ အလှူရှင်တို့ လာရောက်၍ သံဃာအား အာရုံပြုကာ–

**မယံ ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ သပရိဝါရံ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ ကထိနံ အတ္ထရိတုံ၊ ဣမိနာ ဘန္တေ သံဃော ကထိနံ အတ္ထရတု။ အနက်**။ ။ဘန္တေ–အရှင်မြတ်တို့ဘုရား။ မယံ–တပည့်တော် တို့သည်။ သံသာရဝဋ္ဋဒုက္ခတော–သံသရာ ဝဋ်ဆင်းရဲ

မှ။ မောစနတ္တာယ–လွတ်မြောက်ပါရခြင်း အကျိုးငှာ။ သပရိဝါရံ–အခြံအရံနှင့်တကွဖြစ်သော။ ဣမံ ကထိန စီဝရံ–ဤကထိန်လျာသင်္ကန်းကို။ ကထိနံ–ကထိန်ကို။ အတ္ထရိတုံ–ခင်းခြင်းငှာ။ သံဃဿ–သံဃာတော်အား။ ဒေမ–လှူပါကုန်၏ ဘုရား။ ဘန္တေ–အရှင်မြတ်တို့ဘုရား။ ဣမိနာ–ဤကထိန်လျာသင်္ကန်းဖြင့်။ သံဃော–သံဃာတော် သည်။ ကထိနံ–ကထိန်ကို။ အတ္ထရတု–ခင်းတော်မူပါ ဘုရား။

အကျယ်မဆိုချင်ခဲ့သော်–**"ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"** ဟူ၍သာဆို၍ လှူပါကလည်း ဖြစ်ပါသည်။ အလှူရှင်တစ်ယောက်ဖြစ်လျှင် ဒေမိ–ဟု ဆိုစေရမည်။

ဤသို့လျှင် ပါဠိဘာသာဖြင့်ဖြစ်စေ၊ ပါဠိနှင့်အနက်တို့ဖြင့်ဖြစ်စေ၊ မြန်မာဘာသာ စကားသက်သက်ဖြင့်ဖြစ်စေ သံဃာကို အာရုံပြုစေ၍ လှူစေပြီး သံဃိကသင်္ကန်းအဖြစ် အလှူခံရမည်။

ယခုခေတ်၌ များသောအားဖြင့် ကထိန်သင်္ကန်း ကပ်လှူရာ၌ တိစီဝရိတ်သင်္ကန်း(၃)ထည်စလုံးလှူကြပါသည်။တစ်ထည်တည်းကိုသာ လှူပါက သပရိဝါရံ မထည့်ဘဲ ဆိုစေရပါမည်။

လင်္ကာ၌–(သံ) ဟူသည် သံဃိကသင်္ကန်းဖြစ်အောင် လှူနိုင်းခြင်း ဖြစ်သည်။

**(ရှေး)** ကထိန–ကံသည် စတုဝဂ္ဂကရဏီယ–ကံ (အနည်းဆုံး လေးပါးပြည့်အပ်သောကံ) ဖြစ်သောကြောင့် ကထိနကံကို ဆောင်ရွက်မည့် ရဟန်း (၄)ပါးနှင့် ကထိန်

သင်္ကန်းကို ခံယူမည့် ရဟန်း(၁)ပါး ပေါင်း အနည်းဆုံး (၅)ပါး ဆောင်ရွက်ရမည်။ ထို့ထက်များလေ ကောင်းလေ ဖြစ်ပါသည်။

သံဃာများစွာရှိသော ကျောင်းတိုက်ကြီးများ၌ ကထိန–ကံဆောင်လို သော် ကျောင်းတိုက်အာရာမ်တွင်း၌ ဗဒ္ဓသိမ် ရှိပါက ဗဒ္ဓသိမ်အတွင်း၌ သံဃာအားလုံးစည်းဝေး၍ ရဟန်း တစ်ပါးပါးက အလှူရှင်တို့ ကထိန်လျာ သင်္ကန်း လှူထား ကြောင်း လျှောက်ထားပြီး "သင်္ကန်းမရှိ နွမ်းရိခေါင်းပါး သောအရှင် ရှိပါက ကထိန်လျာသင်္ကန်း အလှူခံရန် ကြွတော်မူ ပါဘုရား" ဟု (၃)ကြိမ် ဖိတ်ရမည်။

ဤသို့ ဖိတ်ကြားသောအခါ ရဟန်းငယ်ကလေး ကြွလာ သည် ဖြစ်စေ၊ သင်္ကန်းမရှိ နွမ်းရိခေါင်းပါးနေသည့် အမှန် ဖြစ်ပါမူ ကထိန်ခင်းထိုက်သောအင်္ဂါများကို မသိလျှင် သိအောင် သင်ပေးပြီး ကထိနကံ ဆောင်ရွက်ပေးရမည်။

အကယ်၍ ရဟန်းအားလုံးပင် သင်္ကန်းပြည့်စုံနေသော် လည်းကောင်း၊ အားလုံးပင် သင်္ကန်းမရှိ နွမ်းရိခေါင်းပါးနေ သော်လည်းကောင်း မထေရ်ကြီး ထိုက်ကြောင်း လျှောက်ကြား ပြီး ကထိန်ခင်းထိုက်သော အင်္ဂါများ ပြည့်စုံတော်မူသော မထေရ်ကြီးအား ကထိနကံ ဆောင်ရွက်ပေးရမည်။

ဤကား (ရှေး)အရ ကထိန်ဟူသည် ရွက်လွှန်ခြင်းဌာ မအပ်ရကား သင်္ကန်းလှူသောနေ့၌ပင် ကျောင်းတိုက်ရှိ သံဃာ ကုန် စည်းဝေး၍ ကထိန်ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့်

ပြည့်စုံသော ပုဂ္ဂိုလ်ကို (သို့မဟုတ်) မပြည့်စုံခဲ့သော် ပြည့်စုံအောင် သင်ပြနည်းပေး၍ ရွေးချယ်ခြင်းဖြစ်သည်။

**(ပေးနှင်း)** ကထိနကံ ဆောင်ရွက်ရန်မှာ–တိစီဝရိတ် သင်္ကန်း သုံးထည်ဖြင့် ကထိန်မခင်းရပါ။ ဒုကုဋ်ဖြင့်ဖြစ်စေ၊ ဧကသီဖြင့်ဖြစ်စေ၊ သင်းပိုင်ဖြင့်ဖြစ်စေ တစ်ထည်တည်းဖြင့်သာ ကထိန်ခင်းရမည်ဖြစ်သောကြောင့် တိစီဝရိတ် သင်္ကန်းသုံးထည် တို့တွင် အဘယ်သင်္ကန်းဖြင့် ကထိန် ခင်းပါပည်နည်းဟု ကထိနတ္ထာရာရဟ(ကထိနကံထိုက်သော)ရဟန်းကို မေးရမည်။

မေးပြီးခင်းလိုသော သင်္ကန်းကို ကထိန်ဥတ်သင်္ကန်းဟု အတည်ပြုပြီး ကထိနတ္ထာရာရဟ (ကထိနကံထိုက်သော) ရဟန်း၏ နာမည်ရင်းဖြင့် ဖြစ်စေ၊ ဉတ်ကမ္မဝါစာ ရွတ်ဖတ် ရာ၌ လွယ်ကူစေရန် အသုံးအနှုန်းများသော (တိဿ) အစရှိ သော အမည်ကို မှည့်၍ဖြစ်စေ၊ ဉတ္တိဒုတိယကမ္မဝါစာ ရွတ် ကာ ကထိနကံဆောင်ရွက်ပြီး ကထိန်သင်္ကန်းကို ကထိန်ခင်းရန် ပေးရမည်။

ဤကား (ပေးနှင်း)အရ ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိနကံဆောင် ရွက်၍ ကထိနတ္ထာရာရဟ–ဖြစ်သော ရဟန်းအား ကထိန်လျာသင်္ကန်းကို ကထိန်ခင်းရန် ပေးအပ် နှင်းခြင်း ဖြစ်ပါသည်။

**(ထိုး)** ယခုခေတ်၌ ချုပ်ဆိုးပြီးသား သင်္ကန်းများကိုသာ လှူသဖြင့် ပုဗ္ဗကရဏ (၇)ပါးတို့တွင် နောက်ဆုံးဖြစ်သော ကပ္ပဗိန္ဒုထိုးမှုကို ပြုရမည်။

ဤကား (ထိုး)ဟူသော လက်္ခအရ ကပ္ပဗိန္ဒုထိုးခြင်း ဖြစ်ပါသည်။

**(စွန့်ခြင်း)** ကထိန်ခင်းမည့်သင်္ကန်းသည် ဒုကုဋ်သင်္ကန်း ဖြစ်ခဲ့သော် အဓိဋ္ဌာန်တင်ပြီးသား ဒုကုဋ်သင်္ကန်းရှိပါမူ ယင်း ဒုကုဋ်သင်္ကန်းဟောင်းကို **(ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ)**ဟု ဆို၍ ပစ္စုဒ္ဓိုရ်ပြုခြင်းဟူသော အဓိဋ္ဌာန်ကို စွန့်ရမည်။ အဓိဋ္ဌာန် တင် ဒုကုဋ်သင်္ကန်းဟောင်း မရှိခဲ့သော် ပစ္စုဒ္ဓိုရ်ပြုခြင်းဟူသော အဓိဋ္ဌာန်ကို စွန့်ရန်မလိုပါ။

အကယ်၍ ဧကသီဖြင့် ကထိန်ခင်းမည် ဖြစ်ခဲ့သော် အဓိဋ္ဌာန်တင်ပြီး သား ဧကသီရှိပါမူ ယင်းဧကသီကို **(ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ)**ဟုဆို၍ ပစ္စုဒ္ဓိုရ်ပြုခြင်းဟူသော အဓိဋ္ဌာန် ကို စွန့်ရမည်။ မရှိခဲ့သော် စွန့်ရန်မလိုပါ။

အကယ်၍ သင်းပိုင်ဖြင့် ကထိန်ခင်းမည် ဖြစ်ခဲ့သော် အဓိဋ္ဌာန်တင်ပြီးသား သင်းပိုင်ရှိပါမူ ယင်းသင်းပိုင်ကို **(ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ)**ဟု ဆို၍ ပစ္စုဒ္ဓိုရ်ပြုခြင်းဟူသော အဓိဋ္ဌာန်ကိုစွန့်ရမည်။ မရှိခဲ့သော် စွန့်ရန်မလိုပါ။

ဤကား (စွန့်ခြင်း)ဟူသော လက်္ခအရ ပစ္စုဒ္ဓိုရ်ပြုခြင်း ဟူသော အဓိဋ္ဌာန်ကို စွန့်ခြင်းဖြစ်ပါသည်။

**(တင်)** ပစ္စုဒ္ဓိုရ်ပြုခြင်းဟူသော အဓိဋ္ဌာန်ကို စွန့်ပြီးနောက် ကထိန်ခင်း မည့် သင်္ကန်းသည် ဒုကုဋ်သင်္ကန်း ဖြစ်ခဲ့သော် **(ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ)**ဟု ဆို၍ အဓိဋ္ဌာန်တင်ရမည်။ ဧကသီ သင်္ကန်းဖြစ်ခဲ့သော် **(ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ)**

ဟုဆို၍ အဓိဋ္ဌာန်တင်ရမည်။ သင်းပိုင်သင်္ကန်းဖြစ်ခဲ့သော် **(ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ)**ဟုဆို၍ အဓိဋ္ဌာန်တင်ရမည်။

ဤကား (တင်)ဟူသော လင်္ကာအရ အဓိဋ္ဌာန်တင်ခြင်း ဖြစ်ပါသည်။

**(ခင်း)** အဓိဋ္ဌာန်တင်ပြီးနောက် ကထိန်ခင်းမည့် သင်္ကန်းသည် ဒုကုဋ်သင်္ကန်းဖြစ်ခဲ့သော် **(ဣမာယ သံဃာဋိယာ ကထိနံအတ္ထရာမိ)**ဟု ဆို၍ ကထိန်ခင်းရမည်။ ဧကသီသင်္ကန်းဖြစ်ခဲ့သော် **(ဣမိနာ ဥတ္တရာသင်္ဂေန ကထိနံ အတ္ထရာမိ)** ဟုဆို၍ ကထိန်ခင်းရမည်။ သင်းပိုင်သင်္ကန်းဖြစ်ခဲ့သော် **(ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ)**ဟုဆို၍ ကထိန်ခင်းရမည်။

**အနက်**။ ။ဣမာယ သံဃာဋိယာ–ဤဒုကုဋ်သင်္ကန်းဖြင့်။
(ဣမိနာ ဥတ္တရာ သင်္ဂေန–ဤဧကသီသင်္ကန်းဖြင့်။
ဣမိနာ အန္တရဝါသကေန–ဤသင်းပိုင်သင်္ကန်းဖြင့်။)
ကထိနံ–ကထိန်ကို။ အတ္ထရာမိ–ခင်းပါ၏။

ဤကား (ခင်း)ဟူသော လင်္ကာအရ ကထိန်ခင်းခြင်း ဖြစ်ပါသည်။

**(နုမောဒနာ)** ကထိန်ခင်းပြီးနောက် ကထိန်ခင်းသော ရဟန်းသည် မထေရ်ကြီး ဖြစ်ခဲ့သော် **"အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ"** ဟုဆို၍ သံဃာအား အနုမောဒနာ ပြုရန် တိုက်တွန်းရမည်။

ထိုအခါ သံဃာသည် **"အတ္တတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမ"**ဟုဆို၍ အနုမောဒနာ ပြုရမည်။

ဤသို့ အနုမောဒနာပြုခဲ့သော် ဒွိန္နံ ပုဂ္ဂလာနံ အတ္ထတံ ဟောတိ ကထိနံ အတ္ထာရကဿ စ အနုမောဒကဿ စ-ဟု ပရိဝါပါဠိတော်၌ ဟောတော်မူသောကြောင့် ကထိန်ခင်းသော ရဟန်း၊ အနုမောဒနာပြုသော ရဟန်းနှစ်မျိုးတို့အားလုံး ကထိန် ခင်းအပ်သည် ဖြစ်ပါသည်။

**အနက်**။ ။အာဝုသော-ငါ့ရှင်တို့။ သံဃဿ-သံဃေန-သံဃာတော်သည်။ ကထိနံ-ကထိန်ကို။ အတ္ထတံ-ခင်းအပ်ပါပြီ။ ကထိနတ္ထာရော-ကထိန်ကိုခင်းခြင်းသည်။ ဓမ္မိကော-တရားနှင့် လျော်ပါ၏။ (တုမှေ-အရှင်ဘုရားတို့သည်။) အနုမောဒထ-ဝမ်းမြောက်နှမော် သာဓုခေါ်ကြပါကုန်လော့။ (မယံ-တပည့်တော်တို့သည်။ အနုမောဒါမ-ဝမ်းမြောက်နှမော သာဓုခေါ်ကြပါကုန်၏ အရှင်ဘုရား။)

မှတ်ချက်။ ။ကထိန်ခင်းပြီး အနုမောဒနာပြုရန် တိုက်တွန်းမည့် ရဟန်းသည် ငယ်ခဲ့သော်။ အာဝုသော-နေရာ၌။ ဘန္တေ-ဟု ပြင်၍ ဆိုရမည်။ ဘန္တေ-အရှင်ဘုရားဟု အနက်ပေးပါ။ အနုမောဒနာပြုမည့် သံဃာသည် (အတ္တတံ အာဝုသော) စသည်ဖြင့် ဆိုရမည်။

အကယ်၍ မိမိတို့ကျောင်းတိုက်အတွင်း၌ ဗဒ္ဓသိမ်

မရှိခဲ့သော် ရှိရာသို့သွား၍ ဥတ္တိဒုတိယကမ္မဝါစာဖြင့် သင်္ကန်းပေးရုံသာ ပေးပြီး မိမိတို့ကျောင်း တိုက်သို့ ပြန်လာလျက် မိမိတို့ ကျောင်းတိုက်အတွင်း၌ ကထိန်ခင်းခြင်း၊ အနုမောဒနာပြုရန် တိုက်တွန်းခြင်း၊ အနုမောဒနာပြုခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။

ကပ္ပဗိန္ဒုထိုးခြင်း, ပစ္စုဒ္ဓရဏ်ပြုခြင်းဟူသော အဓိဋ္ဌာန်စွန့်ခြင်းတို့ကိုကား မည်သည့်နေရာ၌ပြုပြု အပ်ပါသည်။

ဤကား သံဃာ(၅)ပါး၊ (၅)ပါးအထက်ရှိသော ကျောင်းတိုက်ကြီးများ၏ ကထိန ကံဆောင်ရွက်ပုံ အကြောင်းအရာတည်း။

သံဃာ(၅)ပါးမရှိ၊ (၄)ပါး၊ (၃)ပါး၊ (၂)ပါး (၁)ပါးသာရှိခဲ့မူ မိမိတို့ဝါဆိုခေတ်ကျောင်းတိုက် အာရာမ်အတွင်း၌ ဗဒ္ဓသိမ်ရှိခဲ့သော် လိုနေသော သံဃာကို အခြားကျောင်းတိုက်များမှ ပင့်၍ ကထိနကံ ဆောင်ရွက်ရမည်။ ဗဒ္ဓသိမ်မရှိခဲ့သော် ရှိရာသို့သွား၍ ဆိုခဲ့ပြီးသော အစီအစဉ်အတိုင်း ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန ကံဆောင်သည့်တိုင်အောင် ဆောင်ရွက်ပြီး မိမိ၏ ဝါဆိုခေတ်ကျောင်းတိုက် အာရာမ်အတွင်းသို့ ပြန်လာခဲ့၍သာ ကထိန်ခင်းမှု စသည်တို့ကို ပြုရမည်။

**ဣမာယ သံဃာဋ္ဌိယာ, ဣမိနာ ဥတ္တရာသင်္ဂေန, ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထရာမိ**–ဟူသော ကထိန်ခင်းမှု၊ အနုမောဒနာ ပြုရန် တိုက်တွန်းမှု၊ အနုမောဒနာပြုမှုတို့ကိုကား မိမိ၏ ဝါဆိုခေတ်ကျောင်း တိုက်အတွင်း၌သာ

ပြုရမည်။ အခြား၌ (လုံး၀) မပြုရ။ ကျောင်းတိုက်အတွင်း ၀ယ် သိမ်ရှိသော နေရာ၌ဖြစ်စေ၊ သိမ်မဟုတ်သော နေရာ၌ ဖြစ်စေ၊ မည်သည့် နေရာတွင်မဆို ကထိန်ခင်းနိုင်ပါသည်။

ကထိန်ခင်းမှုဟူသည်-**ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ**-စသည်ကိုဆိုလျက် ခင်းခြင်း၊ အတ္ထကံ-စသည်ကို ဆိုလျက် အနုမောဒနာ ပြုရန် တိုက်တွန်းခြင်း၊ အတ္ထတံ- စသည်ဆိုလျက် အနုမောဒနာပြုခြင်းတို့သာ ဖြစ်ပါသည်။

ကထိန်သင်္ကန်းပေးမှုဟူသော ဉတ္တိဒုတိယကမ္မဝါစာကို ကား အခြား သိမ်ရှိရာသို့လည်း သွား၍ ကံဆောင်နိုင်ပါသည်။ ယင်းသည် ကထိန်ခင်းခြင်း မဟုတ်ပါ။ ကထိန်သင်္ကန်း ပေးခြင်းသာ ဖြစ်ပါသည်။

ပုဂ္ဂိုလ်က ကထိန်ခင်းသော်လည်း သံဃာသည် ဉတ် ကမ္မဝါစာဖြင့် ပေးသော သင်္ကန်းဖြင့်သာ ကထိန်ခင်းရသော ကြောင့် သံဃာသည်ပင် ကထိန်ခင်းသည် မည်ပါသည်။

**ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ**-အစရှိသည်ကို ဆို၍ ကထိန်ခင်းသော ရဟန်းသည် လည်းကောင်း၊ အတ္ထတံ (ပ) အနုမောဒါမ-ဟုဆို၍ အနုမောဒနာပြုကြသော ရဟန်း တို့သည်လည်းကောင်း အားလုံးပင် ကထိန်ခင်းသည် မည်ပါ သည်။ တပေါင်းလပြည့်တိုင်အောင် ကထိန်အာနိသင် (၅)ပါး တို့ကို ရပါသည်။

ကထိန်ခင်းရသည်ဖြစ်စေ၊ မခင်းရသည်ဖြစ်စေ အား လုံးသော ရဟန်းတို့သည် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်

နေ့မှစ၍ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင်သော (၁)လ အတွင်း၌ ကထိန်အာနိသင် ငါးပါးတို့တွင် အသမာဒါနစာရ အကျိုးအာနိသင်မှတစ်ပါး (၄)ပါးသော အကျိုးအာနိသင်တို့ ကိုသာရ၏ဟု ကင်္ခါဋီကာသစ်၌ ဆိုပါသည်။

ကထိန်ခင်းရသော ရဟန်းတော်တို့သည် (ကထိန် အနုမောဒနာ ပြုရသော ရဟန်းတော်တို့သည်လည်း ကထိန်ခင်း သည်ပင်ဖြစ်သောကြောင့်) ကထိန်ခင်းသည်မှစ၍ တပေါင်းလ ပြည့်တိုင်အောင် ကထိန်အာနိသင်အကျိုး (၅)ပါးလုံးကို ရပါသည်။

ကာလသင်္ကန်း၊ အကာလသင်္ကန်းတို့နှင့် ပတ်သက်၍-

ကထိန်ခင်းရ၍ ကထိန်အာနိသင်ရသော ရဟန်းတို့ အတွက် သီတင်း ကျွတ်လပြည့်ကျော် (၁)ရက်မှစ၍ တပေါင်း လပြည့်တိုင်အောင်သော (၅)လသည် **စီဝရကာလ** ဖြစ်ပါသည်။ တပေါင်းလပြည့်ကျော် (၁)ရက်မှစ၍ လာမည့်နှစ် သီတင်း ကျွတ် လပြည့်တိုင်အောင် (၇)လသည် **စီဝရ အကာလ** ဖြစ်ပါသည်။

ကထိန်မခင်းရ၍ ကထိန်အာနိသင်မရသော ရဟန်းတို့ အတွက် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်း လပြည့်တိုင်အောင် (၁)လသည် **စီဝရကာလ** ဖြစ်ပါသည်။ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်မှ စ၍ လာမည့်နှစ် သီတင်းကျွတ်တိုင်အောင်သော (၁၁)လသည် **စီဝရ အကာလ** ဖြစ်ပါသည်။

စိဝရကာလအတွင်း၌ သံဃဿ ဒေမ–ဟုဆို၍ လှူအပ်သော သံဃိကသင်္ကန်းသည် **ကာလသင်္ကန်း** ဖြစ်ပါသည်။

စိဝရအကာလအတွင်း၌ သံဃဿ ဒေမ–ဟုဆို၍ လှူအပ်သော သံဃိကသင်္ကန်းသည် **အကာလသင်္ကန်း** ဖြစ်ပါသည်။

ဥတ္တကမ္မဝါစာဖြင့် ကထိန်နုတ်ပြီးသည်မှ နောင်၌ လှူအပ်သော သံဃိကသင်္ကန်းသည် **အကာလသင်္ကန်း**ပင် ဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်ကျော် (၁)ရက်မှ တန်ဆောင်မုန်းလပြည့် အတွင်းဟူသော ကထိန်ခင်း, မခင်း အားလုံးသော ရဟန်းတို့၏ စီဝရ ကာလ၌ သံဃိကသင်္ကန်းကို ရခဲ့သော် ကျောင်းတိုက်အတွင်းရှိ အားလုံးသော ရဟန်းတို့ကို ဝေဖန်ရမည်။

တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်မှ တပေါင်းလပြည့်အတွင်း ဟူသော ကထိန်ခင်းရ၍ ကထိန်အာနိသင်ရသော ရဟန်းတို့၏ စီဝရကာလ၌ ကထိန်အာနိသင်ရသော ရဟန်းတို့ကိုသာ ဝေဖန်ရမည်။

**မှတ်ချက်**။ ။ဤသို့ဝေဖန်မှုသည် သံဃိကသင်္ကန်းနှင့်သာ ဆိုင်သည်။ ပုဂ္ဂလိကသင်္ကန်း, ဂဏိကသင်္ကန်း တို့နှင့် မဆိုင်ပါ။ ကာလသင်္ကန်း အကာလ သင်္ကန်းဟူသော အသုံးအနှုန်း ဝေါဟာရသည် သံဃိကသင်္ကန်း၌သာ အသုံးအနှုန်းပြုသော

ဝေါဟာရ ဖြစ်ပါသည်။ ပုဂ္ဂိုလ် (၁)ပါးအား လှူသော ပုဂ္ဂလိကသင်္ကန်း(၂)ပါး(၃)ပါး စသည့် အပိုင်းအခြား အသတ်အမှတ်ထားသော ဂိုဏ်းအား လှူသော ဂဏိကသင်္ကန်းတို့၌ ကာလသင်္ကန်း အကာလသင်္ကန်းဟူသော အသုံးအနှုန်း ဝေါဟာရ မပြုပါ။

သာမဏေတို့တွင် စာပေအားထုတ်သင်ယူ၍ ဆရာ၏ ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုလုပ်ကျွေးလျက် တစ်ပါးသော ရဟန်းတို့၏ ဝတ်ကြီး ဝတ်ငယ်ကို မပြုစု မလုပ်ကျွေးသော သာမဏေတို့အား ထက်ဝက်ကိုသာ ပေးရမည်။ အားလုံးသော သံဃာ၏ ပြုဖွယ်ကိစ္စကိုပြုသော သာမဏေတို့အား ရဟန်းတို့နှင့် အမျှညီစွာ ပေးရမည်ဟု အဋ္ဌကထာ၌ မိန့်ပါသည်။

**"ယော စ တတ္ထစီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ"**

ဟု မြတ်စွာဘုရား မိန့်တော်မူသောကြောင့် သံဃိကသင်္ကန်းကိုသာ ကထိန် အာနိသင်ရသောရဟန်းတို့ ဝေဖန်လျက် သင်္ကန်းမှ အခြားသော သံဃာ အား ရည်ရွယ်၍ လှူအပ်သော ဆွမ်း,ခဲဖွယ်ဘောဇဉ် အစရှိသော ဝတ္ထုပစ္စည်းများကို ဥပစာရ သိမ်ဟူသော ကျောင်းတိုက်အရာမ်အတွင်းသို့ ရောက်လာသော အခြားမှသံဃာနှင့်တကွ သမ္မုခိဘူတဖြစ်သော သံဃာ အားလုံး ဝေဖန်ရမည်။

အကာလသင်္ကန်းကို သမ္မုခိဘူတ (မျက်မှောက်ဖြစ်သော) သံဃာ အားလုံးကို ဝေဖန်ရမည်။

အလှူရှင်များသည် တိစီဝရိတ်သင်္ကန်း (၃)ထည်ကို ကထိန်သင်္ကန်း အဖြစ်ဖြင့် လှူခဲ့သော် တိစီဝရိတ် (၃)ထည်တို့တွင် တစ်ထည်တည်းဖြင့်သာ ကထိန်ခင်းရမည်ဖြစ်ရကား- ကထိန်သင်္ကန်းခံမည့် ရဟန်းအား သံဃာတော်က တစ်ထည်တည်းကိုသာ ဉတ်ကမ္မဝါစာဖြင့် ပေးသောကြောင့် ပေးသော တစ်ထည်သာ ကထိန်ခံသော ရဟန်းပိုင်၍ ကျန်(၂)ထည်သည် သံဃိကဖြစ်သောကြောင့် အာနိသင်ရသော သံဃာအားဝေဖန်၍ ပေးရမည်။ အကယ်၍ ကထိန်ခံသော ရဟန်းအား လှူခဲ့သော် သံဃာအား ပန်ကြား၍ လှူနိုင်ပါသည်။



# အဂ္ဃသမောဓာနပရိဝါသကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာ ယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာ ယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဂါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာ ယော၊ သော

သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ဒေတိ၊ ယဿာ ယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ဒုတိယမ္ပိ။ (ပ)။ တတိယမ္ပိ။ (ပ)။ သော ဘာသေယျ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

**ပရိဝါသသမာဒါနာဒိ**။ ။ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။(ဧဝံ တိက္ခတ္တုံ သမာဒါတဗ္ဗံ)။ ။ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ သမ္ဗဟုလာ အာပတ္တိ ယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ၊ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေနသမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော

ဓာရေတု။ (ဧဝံ တိက္ခတ္တုံ အာရောစေတဗ္ဗံ)။ ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ ။ (ဧဝံ တိက္ခတ္တုံ ဝတ္တံ နိက္ခိပိတဗ္ဗံ)။

**မာနတ္တယာစန**။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော။ တာသံ အဂ္ဃေနသမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုဋ္ဌသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဥ္စ အပ္ပဋိစ္ဆန္နာနဥ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ (ဧဝံ တိက္ခတ္တုံ မာနတ္တံ ယာစိတဗ္ဗံ)။

**မာနတ္တကမ္မဝါစာ**။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာန ပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌ ပရိဝါသော၊

အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာ ဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ ယဒိ သံဃဿ ပတ္တကလ္လံ သံဃော တိဿဿ ဘိက္ခုနော သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာ ယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေန သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော တာသံ အဂ္ဃေန သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ၊ ယဿာ ယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ

ဆာရတ္တံ့ မာနတ္တာသ ဒါနံ၊ သော တုဏှာဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဒုတိယမ္ပိ။ (ပ)။ တတိယမ္ပိ။ (ပ)။ သော ဘာသေယျ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဥ္စ အပ္ပဋိစ္ဆန္နာနဥ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ၊ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ (ကတ္တစိ-သမ္ဗဟုလာတိပိ အတ္ထိ သုန္ဒရမေဝ)။

**မာနတ္တသမာဒါနာဒိ**။ ။မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ၊ (ဤသို့ မာနတ်ဆောက်တည်။) ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာ ဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာ ဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာ ယော တာသံ အဂ္ဃေနသမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေနသမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဥ္စ အပ္ပဋိစ္ဆန္နာနဥ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဥ္စ အပ္ပဋိစ္ဆန္နာနဥ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ

မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ (ဤသို့ဆို၍ သုံးကြိမ် မာနတ်ကြားလေ)။
*မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ (ဤသို့ သုံးကြိမ်ဆို၍ ဝတ်ချ)။

**မာနတ္တစရဏ**။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေနသမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃေနသ မောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာ ယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ (ဤသို့ သုံးကြိမ်တိတိဆို၍ မာနတ် ကြားရမည်)။
။မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ (ဤသို့ သုံးကြိမ်တိတိဆို၍ မာနတ်ရော-ဝတ်ရောချ)။

**အဗ္ဘာနယာစန**။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗုဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃသမောဓာနပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃသမောဓာနပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ ဘန္တေ၊ စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ (ဤသို့ သုံးကြိမ်ဆို၍ အဗ္ဘာန်တောင်းလေ)။

**အဗ္ဘာန်သွင်း ကမ္မဝါစာ**။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗုဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဂ္ဃသမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ


အာပတ္တီနံ ယာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌန္နံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌ ပရိဝါယော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံအဗ္ဘေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ သမ္ဗဟုလာ အာပတ္တိယော ဧကာဟပ္ပဋိစ္ဆန္နာယော။ (ပ)။ သမ္ဗုဟုလာ အာပတ္တိယော ဒသာဟပ္ပဋိစ္ဆန္နာ ယော၊ သော သံဃံ တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌန္နံ သမောဓာနပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ ယာ အာပတ္တိယော ဒသာ ဟပ္ပဋိစ္ဆန္နာယော၊ တာသံ အဋ္ဌန္နံ သမောဓာနပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌပရိဝါယော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော

တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဒုတိယမ္ပိ။ပ။ တတိယမ္ပိ။ပ။ သော ဘာသေယျ။

အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## အဗ္ဘာနကမ္မဝါစာ နိဋ္ဌိတာ






**သုဒ္ဓန္တပရိဝါသ်တောင်းခြင်း**။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစာမိ။ ။(ဤသို့ သုံးကြိမ်ဆို၍ တောင်းရမည်)။

**သုဒ္ဓန္တပရိဝါသကမ္မဝါစာ**။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော

တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ဒဒေယျ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ဒေတိ၊ ယဿာယသ္မတော ခမတိ၊ တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ ဒုတိယမ္ပိ။ပ။ တတိယမ္ပိ။ပ။သော ဘာသေယျ။

ဒိန္နော သံဃေန တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသော၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## (၂၉) သုဒ္ဓန္တပရိဝါသ်ဆောက်တည်ခြင်းစသည်။

။ပရိဝါသံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။(ဤသို့ သုံးကြိမ်ဆို၍ ဝတ်ဆောက်တည် ရမည်)။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိ

ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ၊ သောဟံ ပရိဝသာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယ တီတိ မံ သံဃော ဓာရေတု။ ။(ဤသို့ သုံးကြိမ်ဆို၍ ဝတ်တိုင်ကြားရမည်)။ ။ပရိဝါသံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ (ဤသို့ဆို၍ ဝတ်ချရမည်၊ တစ်ကြိမ်ဆိုနှင့်ပင် ဝတ်ကျ ပါသည်)။ နှစ်ကြိမ်ဆိုတော့ သုနိက္ခိတ္တ၊ သောက်တည်ရာမှာ လည်း နည်းတူ။

**မာနတ်တောင်းခြင်း။** ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိ ပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိ ပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိ ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုတ္ထ ပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစာမိ။ (ဤသို့ သုံးကြိမ်ဆို၍ တောင်းရမည်)။

**မာနတ်ပေးကမ္မဝါစာ။** ။သုဏာတု မေ ဘန္တေ

သံဃော၊ အယံ တိဿော ဘိက္ခူ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထ ပရိဝါသော၊ အယံ တိဿော ဘိက္ခူ သမ္ဗဟုလာ သံဃာဒိ သေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာ ယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာ နဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာ ပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒဒေယျ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခူ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ အာပတ္တိ ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိ ကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော

ဘိက္ခု သမ္ဗဟုလာ သံဃာဒိ သေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစတိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ဒေတိ ယဿာ ယသ္မတော ခမတိ တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တဿ ဒါနံ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဒုတိယမ္ပိ။ပ။ တတိယမ္ပိ။ပ။သော ဘာသေယျ။

ဒိန္နံ သံဃေန တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

**သုဒ္ဓန္တမာနတ် ဆောက်တည်ခြင်းစသည်။** ။မာနတ္တံ သမာဒိယာမိ၊ ဝတ္တံ သမာဒိယာမိ။ ။(ဤသို့ သုံးကြိမ်ဆို၍ ဆောက်တည်)။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိ ပရိယန္တံ န ဇာနာမိ၊ ရတ္တိ ပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိ ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ

ပရိဝုဋ္ဌ ပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သောဟံ မာနတ္တံ စရာမိ၊ ဝေဒိယာမဟံ ဘန္တေ၊ ဝေဒိယတီတိ မံ သံဃော ဓာရေတု။ ။(ဤသို့ သုံးကြိမ်ဆို၍ မာနတ်ကြား)။ ။မာနတ္တံ နိက္ခိပါမိ၊ ဝတ္တံ နိက္ခိပါမိ။ ။(ဤသို့ သုံးကြိမ်ဆို၍ မာနတ်ချ)။

**အဗ္ဘာန်တောင်း**။ ။အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အာပတ္တိပရိယန္တံ န ဇာနာမိ၊ ရတ္တိပရိယန္တံ န ဇာနာမိ၊ အာပတ္တိပရိယန္တံ နဿရာမိ၊ ရတ္တိပရိယန္တံ နဿရာမိ၊ အာပတ္တိ ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သောဟံ ဘန္တေ သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ ပရိဝုဋ္ဌ ပရိဝါသော၊ အဟံ ဘန္တေ သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိံ၊ အပ္ပဋိစ္ဆန္နာယော၊ သောဟံ ဘန္တေ သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိံ၊ တဿ မေ သံဃော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သောဟံ ဘန္တေ စိဏ္ဏမာ

နတ္တော သံဃံ အဗ္ဘာနံ ယာစာမိ။ ။(ဤသို့ သုံးကြိမ်ဆို၍ အဗ္ဘာန်တောင်း)။

**အဗ္ဘာန်သွင်းကမ္မဝါစာ**။ ။သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ အဒါသိ၊ သော ပရိဝုဋ္ဌ ပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိ သေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာ ယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာ နဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေယျ။ ဧသာ ဉတ္တိ။ ။

သုဏာတု မေ ဘန္တေ သံဃော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိသေသာ အာပတ္တိယော အာပဇ္ဇိ၊ အာပတ္တိပရိယန္တံ န ဇာနာတိ၊ ရတ္တိပရိယန္တံ န ဇာနာတိ၊ အာပတ္တိပရိယန္တံ နဿရတိ၊ ရတ္တိပရိယန္တံ နဿရတိ၊ အာပတ္တိ

ပရိယန္တေ ဝေမတိကော၊ ရတ္တိပရိယန္တေ ဝေမတိကော၊ သော သံဃံ တာသံ အာပတ္တီနံ သုဒ္ဓန္တပရိဝါသံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ အာပတ္တီနံ သုဒ္ဓန္တ ပရိဝါသံ အဒါသိ၊ သော ပရိဝုတ္ထပရိဝါသော၊ အယံ တိဿော ဘိက္ခု သမ္ဗဟုလာ သံဃာဒိ သေသာ အာပတ္တိယော အာပဇ္ဇိ အပ္ပဋိစ္ဆန္နာယော၊ သော သံဃံ တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ ယာစိ၊ သံဃော တိဿဿ ဘိက္ခုနော တာသံ သမ္ဗဟုလာနံ အာပတ္တီနံ ပဋိစ္ဆန္နာနဉ္စ အပ္ပဋိစ္ဆန္နာနဉ္စ ဆာရတ္တံ မာနတ္တံ အဒါသိ၊ သော စိဏ္ဏမာနတ္တော သံဃံ အဗ္ဘာနံ ယာစတိ၊ သံဃော တိဿံ ဘိက္ခုံ အဗ္ဘေတိ၊ ယဿာယသ္မတော ခမတိ တိဿဿ ဘိက္ခုနော အဗ္ဘာနံ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။ ။ဒုတိယမ္ပိ။ပ။ တတိယမ္ပိ။ ပ။သော ဘာသေယျ။ အဗ္ဘိတော သံဃေန တိဿော ဘိက္ခု၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

**သုဒ္ဓန္တကမ္မဝါစာ နိဋ္ဌိတာ။**

**ဝတ္တက္ခန္ဓက ကဏ္ဍပြီး၏။**





# အနဝဇ္ဇရာယိကာကင်္ခက ကဏ္ဍ

**ပဗ္ဗာဇနိယကမ္မဝါစာ**။ ။သုဏာ မေ ဘန္တေ သံဃော၊ ဣမေ အမနုဿာ ယက္ခာ ဂန္ဓဗ္ဗာ ကုမ္ဘဏ္ဍာ နာဂါ စဏ္ဍာ ရုဒ္ဒါ ရဘဿာ အဒယာလုကာ ဝိဟေသကာ ဣမေသံ စဏ္ဍတာ ရုဒ္ဒတာ ရဘဿံ အဒယာလုကတာ ဝိဟေသကတာ ဒိဿန္တိစေဝ သုယျန္တိစ၊ ကုလာနိ စ ဣမေဟိ ဝိဟေသိတာနိ ဒိဿန္တိစေဝ သုယျန္တိစ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဣမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂါနံ ဣမသ္မာ (ဂေဟာ) ဣမသ္မာ အာရာမာ ပဗ္ဗာဇနိကမ္မံ ကရေယျ၊ န ဣမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂေဟိ ဣမသ္မိံ (ဂေဟေ) ဣမသ္မိံ အာရာမေ ဝတ္ထဗ္ဗန္တိ။ ဧသာ ဉတ္တိ။

သုဏာ မေ ဘန္တေ သံဃော၊ ဣမေ အမနုဿာ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂါ စဏ္ဍာ ရုဒ္ဒါ ရဘဿာ အဒယာလုကာ ဝိဟေသကာ ဣမေသံ စဏ္ဍတာ ရုဒ္ဒတာ ရဘဿံ

အဒယာ လုကတာ ဝိဟောသကတာ ဒိဿန္တိစေဝ သုယျန္တိ စ၊ ကုလာနိစ ဂ္ဂမေဟိ ဝိဟောသိတာနိ ဒိဿန္တိစေဝ သုယျန္တိ စ၊ သံဃော ဂ္ဂမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂါနံ ဂ္ဂမသ္မာ (ဂေဟာ) ဂ္ဂမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မံ ကရောတိ၊ န ဂ္ဂမေဟိ အမနုဿေဟိ ယာက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂေဟိ ဂ္ဂမသ္မိံ (ဂေဟေ) ဂ္ဂမသ္မိံ အာရာမေ ဝတ္တဗ္ဗန္တိ၊ ယဿာယသ္မတော ခမတိ ဂ္ဂမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂါနံ ဂ္ဂမသ္မာ (ဂေဟာ) ဂ္ဂမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မဿ ကရဏံ၊ န ဂ္ဂမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂေဟိ ဂ္ဂမသ္မိံ (ဂေဟာ) ဂ္ဂမသ္မိံ အာရာမေ ဝတ္တဗ္ဗန္တိ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သောဘာသေယျ။ ဒုတိယမ္ပိ။ ပ။ တတိယမ္ပိ။ ပ။

ကတံ သံဃေန ဂ္ဂမေသံ အမနုဿာနံ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂါနံ ဂ္ဂမသ္မာ(ဂေဟာ) ဂ္ဂမသ္မာ အာရာမာ ပဗ္ဗာဇနီယကမ္မဿ ကရဏံ၊ န ဂ္ဂမေဟိ အမနုဿေဟိ ယက္ခ ဂန္ဓဗ္ဗ ကုမ္ဘဏ္ဍနာဂေဟိ ဂ္ဂမသ္မိံ (ဂေဟေ) ဂ္ဂမသ္မိံ အာရာမေ ဝတ္တဗ္ဗန္တိ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

## အန္တရာယိက ကရဏ ကမ္မဝါစာ

သုဏာတု မေ ဘန္တေ သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဂ္ဂမံ (အာရာမံ) သတ္တန္နံ ဗုဒ္ဓါနံ

အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာ, နုပရိဝတ္တိတ ကာယဝစီကမ္မာနံ အနန္တရာယိက ဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရ ဇီဝိတာနံ အနန္တရာယိကံ သဗ္ဗဝေရဝိဃာတကံ ကရေယျ ကုမသ္မိံ (အာရာမေ) ဝသတံ ဘယ ဝိနာသာယ ဗြဟ္မစရိယာ နုဂ္ဂဟာယ။ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော။ သံဃော ကုမံ (အာရာမံ) သတ္တန္နံ ဗုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာ နုပရိဝတ္တိတ ကာယဝစီ ကမ္မာနံ အနန္တရာယိကဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရဇီဝိတာနံ အနန္တရာယိကံ သဗ္ဗဝေရဝိဃာတကံ ကရောတိ ကုမသ္မိံ (အာရာမေ) ဝသတံ ဘယဝိနာသာယ ဗြဟ္မစရိယာ နုဂ္ဂဟာယ။ ယဿာယသ္မတော ခမတိ ကုမဿ (အာရာမဿ) သတ္တန္နံ ဗုဒ္ဓါနံအာနုဘာဝေန ဉာဏ ပုဗ္ဗင်္ဂမာ, နုပရိဝတ္တိတ ကာယဝစီကမ္မာနံ အနန္တရာ ယိက ဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ့ သဗ္ဗဇေရဇီဝိတာနံ အနန္တရာယိ ကဿ သဗ္ဗ ဝေရဝိဃာတကဿ ကရဏံ ကုမသ္မိံ (အာရာမေ) ဝသတံ ဘယဝိနာသာ ယ ဗြဟ္မစတိယာ နုဂ္ဂယာဟ သောတု ဏှဿ။ ယဿ နက္ခမတိ သော ဘာသေယျ။

ကတော သံဃေန အယံ (အာရာမေ) သတ္တန္နံ ပုဒ္ဓါနံ အာနုဘာဝေန ဉာဏပုဗ္ဗင်္ဂမာနုပရိဝတ္တိတ ကာယဝစီဂကမ္မာနံ အနန္တရာယိက ဇီဝိတာနံ သဗ္ဗဝေရံ အဘိဘဝတံ သဗ္ဗဝေရ ဇီဝိတာနံ အနန္တရာယိကော သဗ္ဗဝေရဝိ ဃာတကော ကုမသ္မိံ

(အာရာမေ) ဝသတံ ဘယဝိနာသာယ ဗြဟ္မစရိယာ နုဂ္ဂဟာယ။ ခမတိ သံဃဿ၊ တသ္မာတုဏှီ။ ဧဝမေတံ ဓာရယာမိ။





# သိမ်အကြောင်း သိကောင်းစရာ

**သိမ်ဆိုတာ** သမုတ်၍ ဖြစ်စေ၊ မသမုတ်ဘဲဖြစ်စေ သီးသန့် ခွဲခြားပြီး ဖွဲ့ထားအပ်တဲ့အရပ်ကို "သိမ်"လို့ ခေါ်ပါတယ်။ **(ကင်္ခါ၊ ဘာဋီ၊ ၄၀)**

**ဝိသုံဂါမသိမ်ဆိုတာ** ဘုရင် သို့မဟုတ် ဘုရင့်ကိုယ်စား အာဏာရှိ သူက ဂါမခေတ်တစ်ခုအတွင်းမှာပဲ သီးခြား ကန့်သတ်ပြီး "ဒီနေရာဟာ ဝိသုံဂါမ (အခွန်အကောက်လွတ် သီးခြားရွာ) ဖြစ်စေ"လို့ တစ်စုံ တစ်ယောက်အား ပေးတယ်။ အဲဒီနေရာဟာလည်း ဂါမသိမ်ငယ်တစ်ခု ဖြစ်ပါတော့တယ်။

**(ဝိနယသင်္ဂဟ၊ ဋ္ဌ၊ ၁၉၄) (ကင်္ခါ၊ ဘာဋီ၊ ၅၄)**

**ဝိသုံဂါမမှာ ဘာ့အတွက် ဗဒ္ဓသိမ်သမုတ် ကြပြန်တာ ပါလဲဆိုရင်** ယခုကာလမှာ အာဏာပိုင်သူထံ "ဝိသုံဂါမ" အပိုင်ရအောင် တောင်းခံကြတယ်။ အဲဒီလို အပိုင်ရရင်ပဲ ကံကြီး၊ ကံငယ် ပြုနိုင်ပါပြီ၊ ဒါပေမယ့် နောင်အခါ အစိုးရ

တစ်မျိုးပြောင်းပြီး နောက်အစိုးရ ပြန်သိမ်းရင် ပျက်ပြယ်နိုင်လို့ ခိုင်မြဲအောင် ဗဒ္ဓသိမ်သမုတ်ကြပြန်ပါတယ်။

တချို့ဆရာတော်တွေကတော့ ဝိသုံဂါမပေးပုံကို အားမရလို့ ဗဒ္ဓသိမ် သမုတ်တဲ့အခါ မူလခေတ်ရှိ ရဟန်းများကို နယ်သိမ်းပြီး သမုတ်ကြပါတယ်။ **(ကခ၊ ဘာဋီ၊ ၅၄)**

**ခေတ်ဆိုတာက** သူကြီးတစ်ယောက်ရဲ့ သြဇာအာဏာ ပြန့်နှံ့ရာ နယ်ပယ်အပိုင်းအခြားကို “ခေတ္တ=ခေတ်”လို့မှတ်ပါ။

**ဗဒ္ဓသိမ်ဆိုတာ** ကမ္မဝါစာနဲ့ ဖွဲ့ထား ရွတ်ထားရတဲ့ သိမ်ဟာ ဗဒ္ဓသိမ်ဖြစ်ပါတယ်။ ကမ္မဝါစာနဲ့ မဖွဲ့အပ်ရင်တော့ အဗဒ္ဓသိမ်။ **(ကခ၊ ဘာဋီ၊ ၄၀)**

ကမ္မဝါစာနဲ့ သမုတ်စရာမလိုတဲ့သိမ် (အဗဒ္ဓသိမ်) ဆိုတာ (၁) ဂါမသိမ် (ဂါမခေတ်တစ်ခေတ် အရပ်)။ (၂) သတ္တဗ္ဘန္တရသိမ် (ရွာမရှိတဲ့ တောထဲမှာ ပတ်ဝန်းကျင် အရပ်လေးမျက်နှာ၌ ၇ အဗ္ဘန္တရ၊ ထုတ်ချင်းပေါက်အားဖြင့် ၁၄ အဗ္ဘန္တရရှိရာအရပ်) [တစ်အဗ္ဘန္တရမှာ ၂၈ တောင်ရှိလို့ အတောင် ၃၉၂ တောင်ရှိရာအရပ်။] (၃) ဥဒကုက္ခေပသိမ် [မြစ်၊ သမုဒ္ဒရာ၊ အလိုလိုဖြစ်နေတဲ့ ရေအိုင်ထဲမှာ အားအလယ် အလတ်ရှိသူရဲ့ ပတ်ဝန်း ကျင်မှာ ခပ်ပစ်လိုက်တဲ့ ရေ(သဲ) ကျရာအရပ်]တို့ ဖြစ်ပါတယ်။ **(ကခ၊ ဋ၊ ၉၀)**

**မဟာသိမ်နဲ့ ခဏ္ဍသိမ်က ဘယ်လိုခြားနားပါသလဲဆိုရင်** ကျောင်း တိုက်တစ်ခုလုံးကို ဗဒ္ဓသိမ်သမုတ်ရင် အဲဒီ သိမ်ကို “မဟာသိမ်”လို့ ယခုအခါ ခေါ်ကြပါတယ်။

အဲဒီလို မဟာသိမ်သမုတ်ထားရင် ကျောင်းတိုက်တွင်းရှိ သံဃာ အားလုံး ကံပြုတိုင်း စုရုံးရလို့ တာဝန်ကြီးလေးပါတယ်။ ဒါကြောင့် ပရိဝါသ်၊ မာနတ်စတဲ့ကံတွေမှာ **သံဃာ**အားလုံး မပါဘဲလည်း ကံပြီးစေဖို့ရာ ကျောင်းတိုက်ရဲ့ သင့်လျော်ရာ အရပ်တစ်ခုကို ပိုင်းဖြတ်ပြီး မဟာသိမ် မသမုတ်မီ ခဏ္ဍသိမ်သမုတ်ထားတတ်ကြပါတယ်။ အဲဒီနောက်မှ ခဏ္ဍသိမ်နေရာကို (သီမန္တရိက်နဲ့တကွ) ကွင်းချန်ကာ မဟာသိမ် သမုတ်ကြရပါတယ်။ **(ကင်္ခါ၊ ဘာဋီ၊ ၅၅)**

**သမာနသံဝါသကသိမ်ဆိုတာ** ဗဒ္ဓသိမ်သမုတ်ရာမှာ ပထမကမ္မဝါစာဟာ တူသော ကံကြီး၊ ကံငယ်ရှိအောင် သမုတ်ကြောင်း ကမ္မဝါစာ ဖြစ်ပါတယ်။ အဲဒီကမ္မဝါစာနဲ့ သမုတ်လိုက်လို့ ဗဒ္ဓသိမ်ကိုပဲ "သမာနသံဝါ သကသိမ်"လို့လည်း ခေါ်နိုင်ပါတယ်။ [သမာန=တူသော+သံဝါသ= အတူတကွနေကြောင်း ကံကြီး၊ ကံငယ်ရှိရာ သိမ်]

**အဝိပ္ပဝါသသိမ်ဆိုတာ** အဲဒီပထမ ကမ္မဝါစာအပြီးမှာ အဝိပ္ပဝါသ ကမ္မဝါစာနဲ့ နောက်ထပ် သမုတ်ပြန်ပါတယ်။ အဲဒီ ဒုတိယ ကမ္မဝါစာရဲ့ တန်ခိုးကြောင့် အဲဒီသိမ်အတွင်းမှာ (၃-ယူဇနာကျယ်စေဦးတော့) တိစီ ဝရိက်အဓိဋ္ဌာန်တင်ထားအပ်တဲ့ သင်္ကန်းနဲ့ဝေးကွာပြီး နေခွင့်ရပါတယ်။ အဲဒီ ဒုတိယအကြိမ် သမုတ်အပ်တဲ့သိမ်ကိုလည်း "အဝိပ္ပဝါသသိမ်"လို့ ခေါ်ပါတယ်။ (အဝိပ္ပဝါသ=တိစီဝရိက် အဓိဋ္ဌာန်တင်ထားအပ်တဲ့ သင်္ကန်းနဲ့ [ထုံးစံအတိုင်းဆိုရင် အရုဏ်တက်ချိန်မှာ

ဒုတိယ၊ကထိနသိက္ခာပုဒ်အရ ဝေးကွာ၍ မနေရ။ ဒီသိမ်အတွင်း မှာတော့) ကင်းကွာပြီးနေပေမယ့် နေသည်မမည်ကြောင်း နိဿဂ္ဂိ မထိုက်ကြောင်းဖြစ်တဲ့ သိမ်။] ဒီ ခဏ္ဍ၊ သမာန သံဝါသက၊ အဝိပ္ပဝါသသိမ်ဆိုတာ တစ်သီးတစ်ခြားမဟုတ်၊ ဗဒ္ဓသိမ်ပဲဖြစ်လို့ (ထမန်နဲ့ ယာဂုအလား) နာမည်သာ ကွဲပြားတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၅၅)**

**ဂါမခေတ်၊ နိဂမခေတ်၊ နဂရခေတ် အဓိပ္ပာယ်ကတော့** ဂါမခေတ်၊ ရွာနယ်ဆိုတာ တစ်ရွာတည်းသာမက သူကြီးပိုင် နယ်မြေအတွင်းမှာ ရွာအများရှိနေပေမယ့် ဂါမခေတ်တစ် ခေတ်ပါပဲ။

အဲဒီဂါမခေတ်ဟာ ကမ္မဝါစာနဲ့မဖွဲ့ရဘဲ အလိုလိုပိုင်းခြား ကန့်သတ် ပြီး ဖြစ်နေလို့ ဂါမသိမ် မည်ပါတယ်။

နိဂုံးတစ်နယ်က နိဂမခေတ်၊ မြို့နယ်တစ်နယ်က နဂရခေတ်၊ အဲဒီခေတ် ၂ ပါးလုံးကို ဂါမခေတ်ထဲမှာ သွင်းယူ ရပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၅၆)**

**နိဂုံး၊ မြို့၊ ရွာတို့က ဘယ်လိုထူးပါလဲဆိုရင်** (၁) တံတိုင်းမလုံ၊ ဈေးသာစုံ၊ နိဂုံ အမည်ပေး။ (၂) တံတိုင်း ရံပြု၊ ဈေးလည်းစု၊ မြို့ဟု ခေါ်ရန်ရေး။ (၃) တံတိုင်း ဈေးနှာ၊ မရှိပါ၊ ရွာသာ မည်လေသေး။ **(ကခ်ါ၊ ဘာဋီ၊ ၅၆)**

“ရွာတစ်ရွာ”လို့ ပိုင်းခြားသတ်မှတ်ထားခြင်းနဲ့ အခွန် ရခြင်း, မရခြင်းမှာ ဘယ်ဟာက ဂါမခေတ်တစ်ခု၊ ဂါမသိမ် တစ်”လို့ ယူရာမှာ လိုရင်းကျပါသလဲဆိုရင်=**သောဓကော ဗလိ**

**လဘာန္တိ**။ "ရွာစား (ရွာသူကြီး) တွေဟာ အခွန်အတုတ်ကို ရကြတယ်"လို့ ဆိုတဲ့စကားကို ထောက်ပြီး ရွာငယ် ၂ ရွာ၊ ၃ ရွာ စသည်ကို ရွာသူကြီးတစ်ယောက်တည်းက အုပ်ချုပ်လျက် အခွန်ရရာမှာ အဲဒီရွာငယ်တစ်ခုကိုပဲ "ဂါမခေတ် တစ်ခေတ်"လို့ အများပင် ယူကြပါတယ်။

ထို့ပြင် "ဝိသုဂါမအမိန့်ခံရာမှာလည်း အဲဒီရွာသူကြီးက အမိန့်ခံပြီး ရွာသီးခြားရစေကာမူ အဲဒီဂါမခေတ်တစ်ခုတည်းမှာ ပါဝင်လို့ ဝိသုံဂါမ မဖြစ်လို့"လို့ ယူဆပါတယ်။ အဲဒီလို ယူရာမှာ အခွန်ရခြင်း၊ မရခြင်းက လိုရင်း မဟုတ်ပါ။ "ရွာတစ်ရွာ"လို့ ပိုင်းခြားပြီးထားခြင်းကသာ လိုရင်း ဖြစ်ပါတယ်။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)**

**သူကြီးတစ်ပိုင် ၂ ရွာ၊ ၃ ရွာကို "ဂါမခေတ်တစ်ခု၊ ဂါမသိမ် တစ်ခု"လို့ ယူသင့်ပါသလားမေးရင် ...**

**ဗလိ'လဘန္တိတိ ဣဒံ ယေဘုယျေန ဝုတ္တံ၊ အယံ ဂါမော ဧတ္တကော ကရိသ ဘာဂေါတိ အာဒိနာ ပန ရာဇပဏ္ဏေသု အာရောပိတေသု ဘူမိဘာဂေသု။ လ။ သောပိ ဂါမသီမာ ဧဝ။**

ဒိဝိမတိဋီကာစကားမှာ "ဒီရွာဟာ ဒီလောက် ဒီလောက် ကရိသ ကျယ်တယ်" လို့ သတ်မှတ်ထားရာ အရပ်ကို **"ဂါမသီမာ"** လို့ ဆိုထားလို့ မင်းတွေက ၂ ရွာ၊ ၃ ရွာ စသည်ပေါင်းပြီး "ဒီရွာဟာ ဒီလောက် ဒီလောက်ကျယ်တယ်" လို့ မသတ်မှတ်ကြပါ။ တစ်ရွာတည်းကိုသာ သတ်မှတ်ကြ

ပါတယ်။ ဒါကြောင့် သူကြီးတစ်ပိုင် ၂ ရွာ၊ ၃ ရွာကို "ဂါမခေတ်တစ်ခု၊ ဂါမသိမ် တစ်ခု"လို့ ယူတာကို စဉ်းစားသင့်ပါတယ်။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)**

**မြို့တစ်မြို့၊ နိဂုံးတစ်ခု သတ်မှတ်ရာမှာ မြို့ပိုင် (မြို့သူကြီး)၊ နိဂုံးသူကြီးတို့ရဲ့ပိုင်မှုက လိုရင်းကျပါသလားမေးရင်** မြို့တစ်မြို့ဟာ မြို့ပိုင် တစ်ယောက်၊ သို့မဟုတ် မြို့သူကြီးတစ်ယောက်ရဲ့ပိုင်ခြင်းက လိုရင်း မဟုတ်ပါ။ အစိုးရတွေက "မည်သည့်အရပ်ဟာ မည်သည့်မြို့"လို့ သတ်မှတ်ထားရင် အဲဒီအရပ်ဟာ နဂရတစ်ခု (မြို့တစ်မြို့)ပါပဲ။ နိဂုံးမှာလည်း နည်းတူပါပဲ။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)**

**ရပ်ကွက်လူကြီး၊ အရပ်အုပ်လူကြီးတွေရဲ့ အုပ်ချုပ်ရာတစ်ကွက်ကို "သီးခြားဂါမသိမ်"လို့ ယူသင့်ပါသလားဆိုရင်** မြို့တစ်မြို့မှာ ရပ်ကွက်အလိုက် လူကြီး၊ အရပ်အုပ်တွေရဲ့ အုပ်ချုပ်ရာ တစ်ကွက်ကို "သီးခြား ဂါမသိမ်"လို့ မယူသင့်ပါ။

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၃)**

**သိမ်သမုတ်တယ်ဆိုတာ** သိမ်သမုတ်ကမ္မဝါစာ ရွတ်ဖတ်တာကိုပဲ သိမ်သမုတ်တယ်လို့ ခေါ်ပါတယ်။

**(ကခ်ါ၊ ဘာဋီ၊ ၄၇)**

**ကမ္မဝါစာရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်ရမှာပါလဲမေးရင်** ကမ္မဝါစာရဲ့ အနက်အဓိပ္ပာယ်ကို နားလည်ပြီး ဌာန်,ကရိုဏ်း ပိသစ္စာရွတ်စွမ်းနိုင်တဲ့ (ဗျတ္တ၊ ပဋိဗလ) ရဟန်းဖြစ်ရပါမယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၈)**

**သီမန္တရိက်ဆိုတာ** ခဏ္ဍသိမ်သမုတ်ပြီးနောက် မဟာသိမ်သမုတ်တဲ့အခါ သိမ်နှစ်ခု မစပ်အောင် အကြားမှာ ထားအပ်တဲ့ အပိုင်းအခြား အရပ်တစ်ခုကို "သီမန္တရိက်"လို့ ဆိုပါတယ်။ [သီမာနံ+အန္တရံ သီမန္တရံ။ သီမန္တရေ+ပဝတ္တာ (ဖြစ်တဲ့ အပိုင်းအခြားတည်း) သီမန္တရိကာ။]

အဲဒီလို ပိုင်းခြားထားတဲ့အရပ်ဖြစ်လို့ တစ်တောင်၊ တစ်ထွာ၊ လက် ၄ သစ်မရှိဘဲ လက် ၁ သစ်လောက် ရှိရင်လည်း အပ်ပါတယ်။ တစ်တောင် လောက်ကျယ်ရင် အကြားအရပ်က သာပြီးထင်ရှားလို့ တစ်တောင် အတိုင်းအတာဟာ အပ်တယ်လို့ ဆိုတာပါ။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၁၁)**

**သီမန္တရိက်ခေါ် ကျောက်တိုင်ကို စိုက်ရာ မဟာသိမ်သမုတ်ရန် ရည်ရွယ်ချက်မရှိရင် အကျိုးများပါသလား မေးရင်** ယခုခေတ်မှာတော့ ခဏ္ဍသိမ်၊ မဟာသိမ် ၂မျိုးလုံးကို သမုတ်ဖို့ ရည်ရွယ်ချက်မရှိပေမယ့် သိမ်ရဲ့ပတ်ဝန်းကျင်မှာ ပထမနိမိတ်တိုင်ကို စိုက်ပြီးနောက် တစ်တောင့်ထွာ နှစ်တောင်လောက် ခြားပြီး သီမန္တရိက်ခေါ် ကျောက်တိုင်ကို ပတ်ဝန်းကျင်မှာ စိုက်ကြပါသေးတယ်။

အဲဒီ သီမန္တရိက်ကား မဟာသိမ်သမုတ်ရန် ရည်ရွယ်ချက် မရှိရင် အကျိုးမများလှပါ။

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၁၁)**

**သိမ်သမုတ်ရင် ရဟန်းဘယ်နှစ်ပါးရှိမှ သမုတ်နိုင်ပါ**

**သလဲဆိုရင်** အနည်းဆုံး ပကာတတ်ရဟန်း ၄ ပါး ရှိရပါတယ်။ ၄ ပါးထက်တော့ အလိုရှိသလောက် များနိုင်ပါတယ်။

**(ကခ်ါ၊ ၄၊ ၈၉၊ ဘာသာဋီကာ၊ ၅၃)**

**ပကာတတ် ရဟန်းဆိုတာ** ပါရာဇိက ကျသူလည်း မဟုတ်ရ၊ အာပတ်ကို မရှုခြင်း၊ မကုခြင်း၊ အယူမှားခြင်းကို မစွန့်ခြင်းတို့ကြောင့် နှင်ထုတ်ခံရသူလည်း မဟုတ်ရ။ ရိုးရိုးရဟန်းပါပဲ။ **(ကခ်ါ၊ ၄၊ ၁၄၅၊ ဘာဋီ၊ ၃၈)**

**နယ်သိမ်းသိမ်ဆိုတာ** နယ်ရှိ ရဟန်းအားလုံးကို သိမ်းပြီး သမုတ်ရတဲ့ သိမ် ဖြစ်ပါတယ်။

**နယ်သိမ်း သိမ်သမုတ်ရင် နယ်ထဲရှိ သံဃာတွေနဲ့စပ်ပြီး သိမ်သမုတ်ချိန်မှာ ဘာလုပ်ရန်လိုအပ်ပါသလဲမေးရင်** နယ်သိမ်းသိမ်သမုတ်ရာကို မလာနိုင်၊ မလာလိုတဲ့ ရဟန်းတွေကို သမုတ်ထားသည့်သိမ်ရှိရင် အဲဒီ သိမ်တွင်းကို ဝင်နေစေရပါတယ်။ အဲဒီ ဂါမခေတ်နယ်ထဲမှာ မြစ်၊ သမုဒ္ဒရာ၊ အလိုလိုဖြစ်နေတဲ့ အိုင်ရှိရင် အဲဒီအတွင်းကို ဝင်နေစေရပါတယ်။ အဲဒီလို ဝင်မနေတဲ့ ရဟန်းအားလုံးဟာ သိမ်သစ် (နယ်သိမ်းသိမ်) သမုတ်ရာကို လာပြီး ဟတ္ထပါသ်စပ်အောင် နေစေရပါတယ်။ သို့မဟုတ် သဘော တူကြောင်း ဆန္ဒရအောင် ဆောင်ယူရပါတယ်။ **(ကခ်ါ၊ ၄၊ ၈၉၊ ဘာဋီ၊ ၅၃)**

**ဟတ္ထပါသ်ဆိုတာ** လက်လှမ်းမီတဲ့အရပ်ပါ။ တစ်နည်း ၂ တောင့်ထွာ ဝေးတဲ့အရပ်ပါ။ **(ကခ်ါ၊ ဘာဋီ၊ ၃၉)**

**သမာနသံဝါသက သိမ်သမုတ်ပြီး ဘာလို့ အဝိပ္ပဝါသ**

**သိမ်ကို သမုတ်ရတာပါလဲလို့ မေးရင်** အဝိပ္ပဝါသသိမ်ကို ထပ်ပြီး သမုတ်လိုက်ရင် အဝိပ္ပဝါသသိမ်ကို ထပ်ပြီး သမုတ်ထားမှန်းမသိတဲ့ ရန်သူရဟန်းတွေက သမာနသံဝါသက သိမ်ကို နုတ်ပစ်မယ်လို့ကြံပြီး နုတ်ကြပေမယ့် အဝိပ္ပဝါသ သိမ်ကအပေါ်မှာ အုပ်ထားလို့ အဲဒီ သမာနသံဝါသကသိမ် မပျက်ဘဲ ခိုင်မြဲနိုင်ပါတယ်။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၀)**

**ယခုကာလမှာ သိမ်သမုတ်ပုံ နုတ်ပုံအစဉ်က ဘယ်လိုပါလဲဆိုရင်** ယခုအခါမှာတော့ သမာနသံဝါသကသိမ်ကို ပထမ သမုတ်ပြီးနောက် အဝိပ္ပဝါသသိမ်ကို ဒုတိယထပ်ပြီး သမုတ်လေ့ရှိကြလို့ ရန်သူရဟန်းတွေက အဝိပ္ပဝါသသိမ် ထပ်ပြီးသမုတ်ထားကြောင်းကို မသိစရာမရှိတော့။ **ဒါကြောင့်** ယခုအခါ သိမ်အသစ်သမုတ်လိုလို့ သိမ်နုတ်ကြရာမှာလည်း အပေါ်ကကပ်ထားတဲ့ အဝိပ္ပဝါသသိမ်ကို ရှေးဦးစွာနုတ်ပြီးမှ သမာန သံဝါသကသိမ်ကို နုတ်လေ့ရှိကြပါတယ်။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၀)**

**ယခုအခါ ဗဒ္ဓသိမ်တစ်ခုမှာ ဓာတ်ကြိုးသွယ်ထားရင် ကံပြုခါနီး ဓာတ်ကြိုးကို ဖြုတ်လေ့ရှိကြပါတယ်။ အဲဒါ လိုအပ်ပါသလား** ယခုအခါ ဗဒ္ဓသိမ်တစ်ခုမှာ ဓာတ်ကြိုးသွယ်ထားရင် အဲဒီကြိုးဟာ အခြားဗဒ္ဓသိမ်တွေမှာလည်း ရောက်နေပါက သိမ်ချင်းကူးယှက်ရာ ရောက်ပါတယ်။ အဲဒီလို ကူးရာမှာ "အပြစ်မရှိ"လို့ ယူဆကြတဲ့ ဆရာများလည်း ရှိပါတယ်။ အချို့ဆရာတွေကတော့ "သိမာသင်္ကရ၊ သိမ်ချင်း ရောယှက်မှု

ဖြစ်တယ်"လို့ ယူဆပြီး ကံပြုခါနီးမှာ ခေတ်ကြိုးကို ဖြတ်ကာ အဆက်အသွယ် ဖြတ်ထားကြပါတယ်။

အဲဒီမှာ သိမာသကံရ၊ သိမ်ချင်း ရောယှက်မှုမဖြစ်လို့ ယူဆတဲ့ ဆရာတွေဟာ "ထင်ရှားစွာဝင်လာတဲ့ သစ်မြစ်အားဖြင့် သိမ်ချင်း ရောယှက်မှုဖြစ်တယ်"လို့ ဆိုတဲ့ ဝိမတိ စကားနဲ့ ရော၊ ရှေးမှာ ဥဒကုက္ခေပသိမ်ရဲ့ လှေကြိုးကို မြစ်ကမ်းဘေးမှာ ဂါမသိမ်နဲ့ ရောမှာစိုးလို့ မချည်ဖို့ တားမြစ်တဲ့ အဋ္ဌကထာ စကားနဲ့ပါ စဉ်းစားသင့်ကြပါတယ်။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၈)**

**မြေအောက်မှာ မြုပ်နေတဲ့ အမြစ်တွေနဲ့ ကောက်ဖျာ၊ ကျောင်တောင် စသည်အတွက် သိမ်ချင်းရောယှက်မှု ဖြစ်ပါသလားမေးရင်** သစ်ပင်ရဲ့ ပင်လုံး၊ အကိုင်း၊ အခက်တွေကြောင့်သာ သိမ်ချင်းရောယှက်မှု ဖြစ်နိုင်တာ မဟုတ်ပါ။ မြေပေါ်မှာ အထင်အရှား ပေါ်ထွက်နေတဲ့ အမြစ်အားဖြင့်ပါ သိမ်ချင်းရောယှက်မှုဖြစ်နိုင်ပါတယ်။ ဒါပေမယ့် မြေအောက်မှာ မြုပ်နေတဲ့ အမြစ်တွေအတွက်မှာတော့ သိမ်ချင်းရောယှက်မှု မဖြစ်ပါ။ ကျောက်ဖျာ၊ ကျောက်တောင် စသည်အတွက် "သိမ်ချင်းရောယှက်တယ်"လို့ မဆိုရ။ အဲဒီကျောက်ဖျာ၊ ကျောက်တောင် စသည်ဟာ မြေကြီးနဲ့သဘောတူ(ဘူမိဂတိက)သာ ဖြစ်ပါတယ်။ **ဝိမတိ။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၈)**

**အချင်းချင်းစပ်နိုင်တဲ့ သိမ်၊ မစပ်နိုင်တဲ့သိမ်တွေဟာ ဘာတွေပါလဲ မေးရင်** ဂါမနဲ့ ဗဒ္ဓသိမ်ဟာ အမှိခံနဲ့ မှီတတ်

တာဖြစ်လို့ သဘောတူတဲ့သိမ်ဖြစ်တဲ့အတွက် စပ်ကောင်းသလို အရည်နဲ့ သတ္တဗ္ဘန္တရသိမ်၊ နဒီစသည်နဲ့ ဥဒကုက္ခေပသိမ်တွေ ဟာလည်း အမှီခံနဲ့ မှီတတ်တာဖြစ်လို့ သဘောတူသိမ်ဖြစ်တဲ့ အတွက် စပ်ကောင်းပါတယ်။ ဂါမ၊ ဗဒ္ဓတွေနဲ့ ဥဒကုက္ခေပ၊ သတ္တဗ္ဘန္တရတို့ဟာ သဘောမတူလို့ အချင်းချင်း မစပ်ကောင်း၊ စပ်ရင် သိမ်ရောယှက်မှုဖြစ်လို့ သိမ်ပျက်ပါတယ်။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၀)**

**မြစ်ရေရဲ့အောက် မြေပြင်ရောက်နေတဲ့ သစ်ကိုင်းမှာ လှေကြိုးချည်ပြီး ကံပြုကောင်းပါသလားမေးရင်** မြစ်ကမ်းရဲ့ ဘေး (ဂါမခေတ်)မှာ ပေါက်နေတဲ့သစ်ပင်ရဲ့ အကိုင်းဟာ မြစ်ရေရဲ့အောက် မြေပြင်ရောက်နေစေကာမူ အဲဒီအကိုင်းမှာ လှေရဲ့ကြိုးကိုချည်ပြီး ကံမပြုကောင်းပါ။ မြေမရောက်ဘဲ အပေါ်မှာဝဲနေတဲ့ သစ်ကိုင်းမှာ မချည်ကောင်းကြောင်းကိုကား အထူးဆိုဖွယ် မလိုပါ။ မြစ်ပျဉ်ရဲ့ မြစ်တွင်းဝင်ရောက်နေရာ မှာလည်း နည်းတူပါပဲ။

**ဝိမတိ။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၅၀)**

**သမာနသံဝါသက သိမ်သမုတ်ကမ္မဝါစာဖတ်ပြီးရင် ဘယ်နေရာက သိမ်ဖြစ်ပြီး ဘယ်နေရာက သိမ်မဖြစ်ပါသလဲ။ အောက်ဘယ်အရပ်ထိ သိမ်ဖြစ်သွားပါသလဲမေးရင်** သမာနသံ ဝါသက သိမ်သမုတ် ကမ္မဝါစာရဲ့အဆုံးမှာ နိမိတ်တွေရဲ့ အတွင်းက သိမ်ဖြစ်ပါတယ်။ နိမိတ်တွေက သိမ်ရဲ့အပြင်ဘက် မှာ ဖြစ်ပါတယ်။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၂၉၁။ ။ ဋ္ဌ၊ ၃၁၈)**

သမာနသံဝါသက သိမ်သမုတ်ကမ္မဝါစာရဲ့ အဆုံးမှာပဲ သိမ်နိမိတ်တွေကို အပြင်ဘက်မှာပြုပြီး အောက်အရပ်မှာ မြေကို ခံထားတဲ့ ရေကို အဆုံးအပိုင်းအခြားပြုကာ သိမ်က ရောက်သွားပါတယ်။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၁၀၈၊ ဌ၊ ၃၂၃)**

**နယ်သိမ်းသိမ်သမုတ် ကမ္မဝါစာ ဖတ်နေချိန်မှာ ဘယ်နေရာတွေမှာ ဘာအတွက်၊ ဘယ်လိုလူတွေကို ထားရပါမလဲမေးရင်** ရဟန်းတွေက စည်းဝေးပြီး မလာနိုင်တဲ့ ရဟန်း (ဆန္ဒကိုဆောင်ထိုက်တဲ့ရဟန်း) တွေရဲ့ဆန္ဒခံယူကာ လမ်းတွေ၊ မြစ်ဆိပ်တွေ၊ ရွာတံခါးတွေ စတဲ့နေရာတွေမှာ ဧည့်သည် ရဟန်းတွေကို သိမ်သမုတ်မယ့် ရဟန်းတွေရဲ့ ဟတ္ထပါသ်သို့ မြန်မြန်ဆောင်ဖို့နဲ့ သိမ်နယ်ပြင့်ဘက်မှာ ထားဖို့အရာမ်စောင့် လူဒကာတွေနဲ့ သာမဏေတွေကို ထားရပါတယ်။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၁၀၇၊ ဌ၊ ၃၂၃)**

**အဲဒီလို အစောင့်တွေကိုထားပြီး သိမ်သမုတ် ကမ္မဝါစာ မဖတ်ခင် ဘာတွေလုပ်ဖို့ လိုအပ်ပါသေးသလဲမေးရင်** စည်ကြီးတီးခတ်၊ သို့မဟုတ် ခရုသင်းမှုတ်ပြီး နိမိတ်တွေကို ပြောကြားရပါတယ်။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၁၀၈၊ ဌ၊ ၃၂၃)**

**မဟာသိမ်သမုတ်လိုရင် သီမန္တရိက်ချန်ဖို့ လိုအပ်ပါလား မေးရင်** သိမ်မသမုတ်ရသေးတဲ့ ကျောင်းတိုက်အတွက် တစ်တိုက်လုံးကို မဟာသိမ်သမုတ်တဲ့အခါ ကျောင်းတိုက်အပြင်ဘက်မှာ သီမန္တရိက်ဥပစာကျန်အောင် မှန်းပြီး ချန်ထားရမယ်လို့ ဝိမတိက ဆိုပါတယ်။

သာရတ္ထမှာတော့ "နောက်သမုတ်မယ့် သိမ်ရဲ့ နေရာ ဥပစာချန်၍"လို့ ဆိုပါတယ်။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၅)**

**ဒီ မဟာသိမ်သမုတ်နည်းဟာ ဝိသုံဂါမ သိမ်သမုတ်နည်းနဲ့ တူပါသလားမေးရင်** ဒီမဟာသိမ်သမုတ်နည်းဟာ ဝိသုံဂါမသီးခြားသိမ်မိန့်ခံပြီး သမုတ်နည်းမျိုးမဟုတ်ပါ။ သိမ်မိန့်မခံဘဲ သမုတ်နည်းမျိုးဖြစ်ပါတယ်။ ဝိသုံဂါမအမိန့်ရပြီး သမုတ်ရင်တော့ ဒီနည်းမလိုပါ။ ဒါပေမယ့် ရှေးဆရာတော်တွေက ဝိသုံဂါမအမိန့်ရပြီးဖြစ်ပေမယ့် ဂါမခေတ်က နယ်ကျဉ်းနေရင် ဒီနည်းအတိုင်း သမုတ်ကြပါတယ်။ တချို့ တောနယ်တွေမှာ နယ်သိမ်းပြီး သမုတ်ဖို့လည်း လွယ်ကူပါတယ်။

**ဝိသုံဂါမ အမိန့်ရလို့ သမုတ်ထားတဲ့သိမ် ကျဉ်းလို့ ထပ်ချဲ့ရင် ရနိုင်ပါသလား မေးရင်** အဲဒီသိမ်က နောင်အခါ အဲဒီကျောင်းတိုက်မှာ သံဃာတိုးပွားလာလို့ ကျဉ်းနေရင် အဲဒီသိမ်ကို နုတ်ပြီး တိုးချဲ့ သမုတ်နိုင်ပါတယ်။

သိမ်သမုတ်ရာ ဂါမခေတ်မှာ အခြားဂါမခေတ်ကို သွင်းပြီး သမုတ်နိုင်ပုံကိုထောက်ရင် ယခုအခါ ဝိသုံဂါမအမိန့်ရတဲ့ သိမ်နေရာဟာ ကျဉ်းနေရင် အဲဒီဝိသုံဂါမရဲ့ ပတ်ဝန်းကျင်ဟာလည်း မူလဂါမပင်ဖြစ်လို့ အဲဒီမူလခေတ်မှာ လိုသလောက် အတွင်းသွင်းပြီးလည်း သမုတ်နိုင်ပါတယ်။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၆)**

**သိမ်အပြင်ဘက် အနည်းငယ်ကွက်စေပြီး ကျောင်း**

**ဆောက်လို့ ရပါသလားမေးရင်** ယခုအခါ သမုတ်အပ်ပြီးတဲ့ သိမ်က ကျဉ်းနေလို့ သိမ်ကျောင်းကို သိမ်အပြင်ဘက် အနည်း ငယ်ထွက်စေပြီး ဆောက်ရာမှာ အပြစ်လွတ်ကင်းကြောင်းကို သိပါ။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၀၆)**

**အထက်ထပ်မှာ သမုတ်တဲ့သိမ်ဟာ အောက်ထပ်သို့ သက်ပုံ၊ မသက်ပုံနဲ့ ပတ်သက်ပြီး ဘယ်လို မှတ်သားရပါမလဲ မေးရင်** အထက်ထပ်ပမာဏရဲ့ အတွင်းကျတဲ့ အောက်အထပ် မှာ နံရံ ၄ ဖက်ဟာ (ထုပ်၊ လျှောက်) အားဖြင့် အထက် ထပ်နဲ့တစ်စပ်တည်း ဆက်စပ်နေတဲ့အပြင် ၂၁ ပါးနေနိုင် လောက်ရင် အောက်ထပ်ကို သက်ဆင်းပါတယ်။ အဲဒီလို အင်္ဂါမစုံရင် အောက်ထပ်ကို မသက်ဆင်းပါ။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၇)**

**အတွင်းတိုင်၊ အပြင်တိုင်တွေနဲ့ တည်ဆောက်ထားတဲ့ ပြာသာဒ်မှာ အပြင်တိုင်များရဲ့အတွင်းမှာ နိမိတ်ထားပြီး သမုတ်ရာ၌လည်း အဲဒီသိမ်ရဲ့ အတွင်းကျတဲ့ တိုင်တွေနဲ့ ဆက်သွယ်ထားတဲ့ အထက်ထပ်ဟာ သိမ်မှာတည်ပါသလား မေးရင်** အဲဒီအထက်ထပ်မှာ သိမ်ဟာ တည်ပါတယ်။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၇)**

**သိမ်တွင်းတိုင်၊ သိမ်ပြင်တိုင်တွေနဲ့ အညီအမျှ ဆောက် ထားတဲ့ အထက်ထပ်ဟာ သိမ်မှာ တည်ပါသလား မေးရင်** "အထက်ထပ်တစ်ဝက်သာ သိမ်ဖြစ်တယ်"လို့ ကေစိဆရာ

တွေက ဆိုကြပါတယ်။ အပရေဆရာတွေကတော့ "အားလုံး ဂါမသိမ်ပါပဲ"လို့ ဆိုကြပါတယ်။ အညေဆရာတွေကတော့ "အားလုံး ဗဒ္ဓသိမ်ဖြစ်တယ်"လို့ ဆိုကြပါတယ်။

အဲဒီလို အဆိုကွဲပြားလို့ ယုံမှားစရာဖြစ်တဲ့ အရာဝယ် ယုံမှားဖွယ်မရှိတဲ့ အရပ်မှာသာတည်ပြီး ကံပြုပါ၊ သို့မဟုတ် ဆုံးဖြတ်ဖို့ရန် အကြောင်းကိုရှာပြီး အဲဒီအဆုံးအဖြတ် အားလျော်စွာ ကံပြုပါလို့ ဆိုပါတယ်။

**ဝိမတိ။ (ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၁၇)**

**သမာနသံဝါသက သိမ်သမုတ် ကမ္မဝါစာမှာ "သမာနသံဝါသ"အရ ကံအားလုံးကို ယူရမှာပါလား မေးရင်** "ဧကူပေါသထ"နဲ့ ဥပုသ်ကံကို သီးခြားယူပြီးဖြစ်လို့ "သမာနသံဝါသ"အရ ကြွင်းတဲ့ကံတွေကိုသာ ယူရတော့မယ်လို့ မှတ်ပါ။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၄၂)**

**သိမ်သမုတ်ကမ္မဝါစာမှာ "သမာနသံဝါသံ ဧကူပေါသထံ"လို့ရှိပါတယ်။ အဲဒီပါဠိမှာ ဥပေါသထကို ဘာကြောင့် သီးခြား ယူရတာပါလဲဆိုရင်** သိမ်သမုတ်ရခြင်းရဲ့ အကြောင်းဝတ္ထုက ဥပုသ်ကံကို အခြေပြုပြီး ဖြစ်လာလို့ပါပဲ။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၄၂)**

**ဗဒ္ဓသိမ်နဲ့ ဂါမသိမ် ဘာကြောင့်ရောစပ်မှု အဖြစ် မရှိပါသလဲမေးရင်** ဂါမသိမ်နဲ့ ဗဒ္ဓသိမ် (ခဏ္ဍသိမ်ဖြစ်ဖြစ်၊ မဟာသိမ် ဖြစ်ဖြစ်)ဟာ အမှိခံနဲ့ မှိတတ်တဲ့အရာ အဖြစ်ဖြင့် အမြဲတွဲဖက်နေလို့ပါပဲ။ **(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၂၄)**

**ဘာကြောင့် သိမ်သမုတ်ဖို့ ဘုရားရှင်က ခွင့်ပြုတော်မူပါလဲမေးရင်** "ကျောင်းတိုက်တစ်ခုရှိရာအရပ်နဲ့ ညီညွတ်မှုဖြစ်တယ်လို့ ဘုရားရှင်က ပညတ်ထားတယ်။ ကျောင်းတိုက်တစ်ခုဟာ ဘယ်လောက်အတိုင်းအတာ ရှိတဲ့အရပ်နဲ့ ဖြစ်ပါလိမ့်မလဲ"လို့ ရဟန်းတွေမှာ အကြံဖြစ်ပေါ်လာပါတယ်။ အဲဒီအကြောင်းကို ဘုရားရှင်အား လျှောက်ထားတဲ့အခါ ဘုရားရှင်က ရဟန်းတွေအား သိမ်သမုတ်ဖို့ ခွင့်ပြုတော်မူပါတယ်။

**(ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၄)**

**သမာနသံဝါသက သိမ်သမုတ်တဲ့ ကမ္မဝါစာရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲဆိုရင်** အရှင်ဘုရားတို့ သံဃာဟာ တပည့်တော်ရဲ့ စကားကို နားစိုက်တော်မူပါ၊ ပတ်ဝန်းကျင်မှာ ဒီလောက်အတိုင်းအရှည်ရှိတဲ့ အရပ်နဲ့ နိမိတ်တွေကို ပြောကြားပြီးပါပြီ။ သံဃာရဲ့ သိမ်သမုတ်ကံဟာ သင့်လျော်တဲ့အခါရှိပါရင် သံဃာက အဲဒီနိမိတ်မိတ်တွေနဲ့ တူသော ကံကြီး၊ ကံငယ်ရှိရာ၊ တူသော ဥပုသ်ရှိရာသိမ်ကို သမုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့ စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ။ ပတ်ဝန်းကျင်မှာ ဒီလောက်အတိုင်းအရှည်ရှိတဲ့ အရပ်နဲ့ နိမိတ်တွေကို ပြောကြားပြီးပါပြီ။ သံဃာက အဲဒီနိမိတ်မိတ်တွေနဲ့ တူသော ကံကြီး၊ ကံငယ်ရှိရာ၊ တူသော ဥပုသ်ရှိရာသိမ်ကို သမုတ်ပါတယ်။ အဲဒီနိမိတ်မိတ်

တွေနဲ့ သိမ်သမုတ်တာကို နှစ်သက်တဲ့အရှင်ဟာ ဆိတ်ဆိတ် နေတော်မူပါ။ မနှစ်သက်တဲ့အရှင်ဟာ ပြောဆိုပါ။

သံဃာက အဲဒီနိမိတ်တွေနဲ့ တူသော ကံကြီး၊ ကံငယ် ရှိရာ၊ တူသော ဥပုသ်ရှိရာသိမ်ကို သမုတ်ပြီးပါပြီ။ သံဃာက နှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ် နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။

**(ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၄)**

**အဝိပ္ပဝါသ သိမ်သမုတ်တဲ့ ကမ္မဝါစာရဲ့ အဓိပ္ပာယ်က ဘယ်လိုပါလဲမေးရင်** အရှင်ဘုရားတို့ သံဃာတော်က တပည့် တော်ရဲ့ စကားကို နားစိုက်တော်မူပါ။ သံဃာက တူသော ကံကြီး ကံငယ်ရှိရာ၊ တူသော ဥပုသ်ရှိရာသိမ်ကို သမုတ်ထား ပါတယ်။ သံဃာရဲ့သိမ်သမုတ်ကံဟာ သင့်လျော်တဲ့အခါ ရှိပါ ရင် သံဃာက အဲဒီ သမာနသံဝါသသိမ်ကို ရွာနဲ့ ရွာဥပစာကို ချန်ထားပြီး သုံးထည်သောသင်္ကန်းနဲ့ကင်းပြီးနေလို့ အာပတ် မသင့်ရာသိမ်လို့ သမုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာ တော်ကို အသိပေးတဲ့ စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကား ကို နားစိုက်တော်မူပါ။ သံဃာက တူသော ကံကြီး ကံငယ် ရှိရာ၊ တူသော ဥပုသ်ရှိရာသိမ်ကို သမုတ်ထားပါတယ်။ သံဃာက အဲဒီ သမာနသံဝါသသိမ်ကို ရွာနဲ့ ရွာဥပစာကို ချန်ပြီး သင်္ကန်းသုံးထည်နဲ့ကင်းပြီးနေလို့ အာပတ်မသင့်ရာ သိမ်လို့ သမုတ်ပါတယ်။ **အဲဒီသမုတ်တာကို နှစ်သက်တဲ့**

အရှင်က ဆိတ်ဆိတ် နေတော်မူပါ၊ မနှစ်သက်တဲ့အရှင်ဟာ ပြောဆိုပါ။

သံဃာက အဲဒီသိမ်ကို ရွာနဲ့ ရွာဥပစာကို ချန်ထားပြီး သက်နံ့းသုံးထည်နဲ့ ကင်းပြီးနေလို့ အာပတ်မသင့်ရာသိမ်လို့ သမုတ်ပြီးပါပြီ။ သံဃာက နှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။ **(ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၈)**

## <u>သမာနသံဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာပါဠိ</u>

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာဝတာ သမန္တာ နိမိတ္တာ ကိတ္တိတာ၊ သံဃော ဧတေဟိ နိမိတ္တေဟိ သီမံ သမ္မန္နတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာ ယသ္မတော ခမတိ ဧတေဟိ နိမိတ္တေဟိ သီမာယ သမ္မုတိ သမာနသံဝါသာယ ဧကူပေါသထာယ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သီမာ သံဃေန ဧတေဟိ နိမိတ္တေဟိ

သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ **(ဝိနည်းမဟာ ဝါပါဠိ၊ ၁၄၄)**

## အဝိပ္ပဝါသသိမ်သမုတ်တဲ့ ကမ္မဝါစာ ပါဠိ

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နေယျ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ သံဃော တံ သီမံ တိစီဝရေန အဝိပ္ပဝါသံ သမ္မန္နတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ယဿာယသ္မတော ခမတိ ဧတိဿာ သီမာယ တိစီဝရေန အဝိပ္ပဝါသာယ သမ္မုတိ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မတာ သာ သီမာ သံဃေန တိစီဝရေန အဝိပ္ပဝါသာ ဌပေတွာ ဂါမဉ္စ ဂါမူပစာရဉ္စ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။ **(ဝိနည်းမဟာဝါပါဠိ၊ ၁၄၈)**

**အဘယ့်ကြောင့် သိမ်နုတ်ကြပါလဲဆိုရင်** ရှေးသိမ်ဟောင်းများရှိခဲ့ရင် ယခုသမုတ်မည့် သိမ်အသစ်နဲ့ ရောစပ်မှု

အပြစ်၊ လွှမ်းမိုးမှုအပြစ် ဖြစ်မည်စိုးလို့ သိမ်နုတ်ကမ္မဝါစာ ဖတ်လျက် သိမ်နုတ်ကြရပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၁)**

**သိမ်နုတ်တဲ့အခါ ညောင်စောင်းကွက်မချဘဲ နုတ်လို့ ရပါသလား မေးရင်** အဋ္ဌကထာမှာ "သိမ်နေရာကို သေချာစွာ သိမှ နုတ်ပါ၊ ထပ်ပြီး သမုတ်ပါ"လို့ ဆိုထားပေမယ့် ယခုအခါမှာ သိမ်အသစ်သမုတ်လို့ရှိရင် "ရှေးက သိမ်ဟောင်းများ ရှိခဲ့သော်"လို့ ကြံဆပြီး သိမ်သမုတ်မယ့်နေရာမှာ ရဟန်း ၄ ပါးထိုင်ရုံသာ ညောင်စောင်းကွက်ချပြီးဖြစ်စေ၊ ညောင်စောင်းကွက် မချဘဲလည်း အချင်းချင်းမထိစေဘဲ (ထိရင် သိမ် ၂ ခုရှိခဲ့သော် ရောယှက်မှာစိုးလို့ မထိစေဘဲ) မတ်မတ်ရပ်ကာ သိမ်နုတ်ကမ္မဝါစာကို ကိုယ်စီရွတ်ပြီး သိမ်နုတ်လေ့ရှိကြပါတယ်။ အဲဒီညောင်စောင်းကွက်ချတဲ့ အလေ့ဟာ ဝိမတိဋီကာဆရာတို့ လက်ထက်ကပင် ရှိခဲ့ပါတယ်။ ဝိမတိကြည့်ပါ။

**(ဝိနည်း မဟာဝါ၊ ဘာဋီ၊ ၃၄၁)**

**အဝိပ္ပဝါသသိမ်နဲ့ သမာနသံဝါသသိမ်တွေကိုနုတ်တဲ့ ကမ္မဝါစာတွေရဲ့ အဓိပ္ပာယ်က ဘာပါလဲမေးရင်= အဝိပ္ပဝါသ သိမ်နုတ် ကမ္မဝါစာရဲ့ အဓိပ္ပာယ်မှာ အောက်ပါအတိုင်း ဖြစ်ပါတယ်။**

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ။ သံဃာက သက်နိုးသုံးထည်နဲ့ ကင်းပြီးနေလို့ အာပတ်မသင့်ရာ သိမ်ကို သမုတ်ထားပါတယ်။ သံဃာရဲ့ သိမ်နုတ်ကံဟာ သင့်လျော်တဲ့အခါ ရှိပါရင် သံဃာက

အဲဒီ တိစိဝရေနအဝိပ္ပဝါသသိမ် (သင်္ကန်းသုံးထည်နဲ့ကင်းပြီး နေလို့ အာပတ်မသင့်ရာသိမ်)ကို နုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ။ သံဃာက တိစီဝရေန အဝိပ္ပဝါသသိမ်ကို သမုတ်ထားပါတယ်။ သံဃာက အဲဒီ တိစီဝရေန အဝိပ္ပဝါသသိမ်ကို နုတ်ပါတယ်။ အဲဒီ တိစီဝရေန အဝိပ္ပဝါသသိမ်နုတ်တာကို နှစ်သက်တဲ့အရှင်က ဆိတ်ဆိတ်နေတော်မူပါ။ မနှစ်သက်တဲ့အရှင်ဟာ ပြောဆိုပါ။

သံဃာက အဲဒီ တိစိဝရေနအဝိပ္ပဝါသသိမ်ကို နုတ်ပြီးပါပြီ။ သံဃာကနှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။

**(ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၉)**

**သမာနသံဝါသ သိမ်နုတ် ကမ္မဝါစာရဲ့ အဓိပ္ပာယ်က အောက်ပါအတိုင်း ဖြစ်ပါတယ်။**

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားစိုက်တော်မူပါ။ သံဃာက ကံကြီး၊ ကံငယ်အတူပြုရာ၊ ဥပုသ်အတူပြုရာဖြစ်တဲ့ သိမ်ကိုသမုတ်ပြီးပါပြီ။ သံဃာရဲ့ သိမ်နုတ်ကံဟာ သင့်လျော်တဲ့အခါ ရှိပါရင် သံဃာက ကံကြီး၊ ကံငယ် အတူပြုရာ၊ ဥပုသ်အတူပြုရာ အဲဒီသိမ်ကို နုတ်ချိန်တန်ပါပြီ။ အဲဒါဟာ သံဃာတော်ကို အသိပေးတဲ့စကားပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကား

ကို နားစိုက်တော်မူပါ။ သံဃာက ကံကြီး၊ ကံငယ်အတူပြုရာ၊ ဥပုသ်အတူပြုရာ အဲဒီသိမ်ကို နုတ်ပါတယ်။ အဲဒီသိမ်နုတ်တာကို နှစ်သက်တဲ့ အရှင်က ဆိတ်ဆိတ်နေတော်မူပါ။ မနှစ်သက်တဲ့ အရှင်က ပြောဆိုပါ။

သံဃာက ကံကြီး၊ ကံငယ်အတူပြုရာ၊ ဥပုသ်အတူပြုရာ အဲဒီသိမ်ကို နုတ်ပြီးပါပြီ။ သံဃာကနှစ်သက်လို့ ဆိတ်ဆိတ်နေပါတယ်။ အဲဒီလို ဆိတ်ဆိတ်နေလို့ နှစ်သက်ကြောင်းကို သိမှတ်ရပါတယ်။ **(ဝိနည်း မဟာဝါ၊ ပါဠိ၊ ၁၄၉)**

## အဝိပ္ပဝါသသိမ်နုတ် ကမ္မဝါစာပါဠိ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သုဏာတု မေ ဘန္တေ သံဃော၊ ယောသော သံဃေန တိစီဝရေန အဝိပ္ပဝါသော သမ္မတော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ သံဃော တံ တိစီဝရေန အဝိပ္ပဝါသံ သမူဟနေယျ၊ ဧသာ ဉတ္တိ။

**မှတ်ချက်။** ။ အဝိပ္ပဝါသ သိမ်ကို သံသယကင်းလောက်အောင် ၁-၂-၃ ကြိမ် စသည်ဖြင့် နုတ်ပြီးမှ သမာနသံဝါသသိမ်ကို ထိုနည်းအတူ နုတ်လေ၊ သမူဟနေယျ-ဟုဒီဃသင့်၊ သဒ္ဒနီတိ၌ ပါဠ်ပျက်လျက် ရှိ၏။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ ယဒိ

သံဃသ ပတ္တကလ္လံ၊ သံဃော တံ သီမံ သမ္မုဟနေယျ သမာနသံဝါသံ ဧကူပေါသထံ၊ ဧသာ ဉတ္တိ။

သုဏာတု မေ ဘန္တေ သံဃော၊ ယာ သာ သံဃေန သီမာ သမ္မတာ သမာနသံဝါသာ ဧကူပေါသထာ၊ သံဃော တံ သီမံ သမ္မုဟနတိ သမာနသံဝါသံ ဧကူပေါသထံ၊ ယဿာ ယသ္မတော ခမတိ ဧတိဿာ သီမာယ သမာနသံဝါသာယ ဧကူပေါသထာယ သမုဂ္ဃါတော၊ သော တုဏှဿ၊ ယဿ နက္ခမတိ၊ သော ဘာသေယျ။

သမ္မုဟတာ သာ သီမာ သံဃေန သမာနသံဝါသာ ဧကူပေါသထာ၊ ခမတိ သံဃဿ၊ တသ္မာ တုဏှီ၊ ဧဝမေတံ ဓာရယာမိ။

**မှတ်ချက်။** ။ သီမာ–ဒီဃသင့်၊ ဧကူပေါသထာ–ဒီဃသင့်။ **(ဝိနည်းမဟာဝါပါဠိ၊ ၁၄၉)**

**နိမိတ်ဆိုတာ** သိမ်ရဲ့ အမှတ်အသားကို နိမိတ်လို့ ခေါ်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၁)**

**နိမိတ်ကြားတယ်ဆိုဘာ** မည်သည့်အရပ်မှာ မည်သည့် အမှတ်အသားရှိကြောင်း ပြောပြခြင်းကို "နိမိတ်ကြား"လို့ ခေါ်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၁)**

**နိမိတ် (သိမ်အမှတ်အသား) က ဘယ်လောက် ရှိပါသလဲဆိုရင်** တောင်၊ ကျောက်၊ တော၊ သစ်၊ လမ်းဖြစ်၊ တောင်ပို့၊ မြစ်၊ ရေတို့ မှတ်ဖို့ နိမိတ်ရှစ်။

**(ကခ်ါ၊ ဘာဋီ၊ ၄၇) (ကခ်ါ၊ ဋ္ဌ၊ ၈၈)**

**နိမိတ်တစ်မျိုးတည်းကိုသာ မှတ်သားရတာပါလား၊ အမျိုးမျိုးရောပြီး သတ်မှတ်နိုင်ပါသေးလား မေးရင်** နိမိတ် (၈) မျိုးထဲမှာ ဘယ်နိမိတ်မဆို အဆင်သင့် ရရာနိမိတ်ကို သိမ်နိမိတ် ပြုနိုင်ပါတယ်။ အရပ် (၄) မျက်နှာဖြစ်ဖြစ်၊ (၈) မျက်နှာဖြစ်ဖြစ် နိမိတ်တွေကို သတ်မှတ်ရာမှာ သစ်ပင်နိမိတ် တစ်မျိုးတည်း၊ ရေနိမိတ်တစ်မျိုးတည်း စသည်ဖြင့် တစ်မျိုး တည်းကိုလည်း သတ်မှတ်နိုင်ပါတယ်။

အရှေ့အရပ်မှာ သစ်ပင်၊ တောင်အရပ်မှာ တော၊ အနောက် အရပ်မှာ တောင်၊ မြောက်အရပ်မှာ ရေ၊ အဲဒီလို နိမိတ်အမျိုးမျိုး ရောပြီးလည်း သတ်မှတ်နိုင်ပါတယ်။

**(ကခ၊ ဘာဋီ၊ ၄၇)**

**နိမိတ်အနည်းအများ ဘယ်လိုထားနိုင်ပါလဲမေးရင်** နိမိတ်ထားရာမှာ ၂ ခုတည်း မထားရပါ။ ၂ ခုတည်းထားရင် အလျားလိုက်ဖြစ်လို့ ဘေးဘက်မှာ သိမ် အပိုင်းအခြားကို မသိနိုင်ပါ။ ၃ ခုထားရင် ၃ ထောင့်သိမ် ဖြစ်နိုင်ပါတယ်။ ဒါကြောင့် နိမိတ် ၃ ခုကစပြီး အထက်မှာ အလိုရှိသလောက် နိမိတ်များများ ထားနိုင်ပါတယ်။ ယခုကာလမှာ အရပ် ၈ မျက်နှာဝယ် နိမိတ် ၈ ခု ထားလေ့ရှိကြပါတယ်။

**(ကခ၊ ဘာဋီ၊ ၄၇)**

**သိမ်နိမိတ် မေး၊ ဖြေရာမှာ ပါဠိဘာသာ မဟုတ်ဘဲ မြန်မာဘာသာစကားနဲ့လည်း မေးနိုင် ဖြေနိုင်ပါသလားဆိုရင်**

မေး၊ ဖြေရာမှာ မြန်မာစကားဖြင့်လည်း မေးနိုင် ဖြေနိုင် ပါတယ်။ **(ကခါ၊ ဘာဋီ၊ ၄၇)**

**သိမ်နိမိတ်ကို ဘယ်နေရာမှာနေပြီး နိမိတ်ကြားရပါ သလဲမေးရင်** ကျမ်းစာအလို သိမ်နေရာအတွင်းမှာနေပြီး နိမိတ် ကြားရပါတယ်။ ယခုခေတ်မှာတော့ ၂ ပါးလည်းမက၊ ၃ပါး လည်းမက နာမည်ကြီးပုဂ္ဂိုလ်တွေ သိမ်နေရာအစွန်အဖျား သွားသွားပြီး ပတ်ပတ်လည် နိမိတ်ကြားလေ့ရှိပါတယ်။ အဲဒီ ထုံးစံဟာ ဘယ်တုန်းက ဘယ်အကျိုးမျှော်ပြီး ဖြစ်ပေါ်လာခဲ့ တာ မသိပါ။ အဲဒီလိုကြားတာကို အပြစ်ရှိတယ်လို့ မဆိုလိုပါ။

ဒါပေမယ့် တာဝန်ပိုတာတော့ အမှန်ပဲဖြစ်ပါတယ်။ (၃) ယူနေရာကျယ်တဲ့ သိမ်သမုတ်ကိစ္စ ဖြစ်ခဲ့ရင် အဲဒီပုဂ္ဂိုလ် တွေ ဘယ်လိုဖြစ်သွားပြီး နိမိတ်ကြားကြမည်နည်း။

**(ကခါ၊ ဘာဋီ၊ ၄၂)**

**သိမ်နိမိတ်ရဲ့ အနားရောက်နေပါရင် "ဩော" နေရာ မှာ ဘယ်လို ပြင်ပြီး ဆိုသင့်ပါသလဲဆိုရင်** "အယံ၊ ဣဒံ" စသည်ဖြင့် ပြင်ပြီး ဆိုသင့်ပါတယ်။ **(ကခါ၊ ဘာဋီ၊ ၄၂)**

**သိမ်နိမိတ်မေးပုံ၊ ဖြေပုံ၊ ကြားပုံက ဘယ်လိုပါလဲ ဆိုရင်** နိမိတ်ကြားရာမှာ သံဃာ့အလယ်တွင်နေပြီး ဝိနည်းမိုရ် တစ်ပါးက(မည်သည့် နိမိတ်ရှိတယ်လို့ သိထားတဲ့) **တစ်**ပါးပါ ကို မေးရပါတယ်။ (ဒီနေရာမှာ"ကျောက်နိမိတ်" ဆိုကြပါစို့။)

**ဝိနည်းမိုရ်မေး**။ ။ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ။ ဒီသိမ်ရဲ့ အရှေ့အရပ်က အမှတ်အသားက ဘာပါလဲ။

**တစ်ပါးကဖြေ**။ ။ပါသာဏော ဘန္တေ=ကျောက်ပါ ဘုရား။

**ဝိနည်းမိုရ် နိမိတ်ကြား**။ ။ဧသော ပါသာဏော နိမိတ္တံ= အဲဒီကျောက်ဟာ သိမ်ရဲ့ အမှတ်အသား ဖြစ်တယ်။

အဲဒီလို တောင်၊ အနောက်၊ မြောက် အစဉ်အတိုင်း မေး၊ ဖြေ၊ ကြားသွားပြီး အရှေ့အရပ်မှာ ပထမ ကြားအပ်ပြီး နိမိတ်ကိုထပ်ကာမေး၊ ဖြေ၊ ကြားပြီးမှ တန့်ရပ်လိုက်ရပါတယ်။ အဲဒီလိုပြုလုပ်တဲ့သိမ်ကို "မကျိုးမပြတ် ဆက်စပ်တဲ့ နိမိတ်ရှိတဲ့ သိမ်"လို့ ဆိုရပါတယ်။

အဲဒီအတိုင်း အရှေ့အရပ်နိမိတ်ကို ထပ်ပြီး မကြားဘဲ မြောက်အရပ်နိမိတ်ကိုကြား၍ အပြီးမှာ တန့်ရပ်လိုက်ရင်တော့ မြောက်အရပ်နိမိတ်နဲ့ အရှေ့အရပ်နိမိတ်အကြားမှာ ပြတ်နေလို့ သိမ်ပျက်တစ်မျိုးဖြစ်ပါတော့တယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၁၊ ၄၂)**

**နိမိတ်ဖြေရာမှာ ဘယ်လိုပုဂ္ဂိုလ်က ဖြေနိုင်ပါသလဲဆိုရင်** ရဟန်း၊ သာမဏေ၊ လူဝတ်ကြောင် ဘယ်သူမဆို ဖြေနိုင်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၇)**

**သိမ်ဟာ ဘယ်လောက်အထိ သေးနိုင်ပါသလဲ၊ ကြီးနိုင်ပါသလဲဆိုရင်** သံဃကံတွေထဲက အဗ္ဘာနကံမှာ သံဃာအများဆုံး ဖြစ်ပါတယ်။ အဲဒီကံမှာ ကံပြုတဲ့ သံဃာက (အဗ္ဘာန်သွင်းရမယ့် ရဟန်းနဲ့တကွ) ၂၁ ပါး ရှိပါတယ်။ အကျဉ်းဆုံးသိမ်ဟာ ရဟန်း ၂၁ ပါးဆန့်ရပါမယ်။ ၂၁ ပါးမျှမဆန့်ရင် အလွန်ကျဉ်းတဲ့ သိမ်ပျက်မည်ပါတယ်။

အလွန်ဆုံး ၃ ယူဇနာအထိသာ ကြီးကျယ်တဲ့ သိမ်ကို ဘုရားရှင်က ခွင့်ပြုတော်မူထားလို့ ၃ ယူဇနာထက် တစ်ဆံဖျားမျှ ပိုလွန်သွားရင် အကျယ်လွန်သွားတဲ့ သိမ်ပျက်မည်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၀၊ ၄၁)**

**သိမ်ပျက်တွေမှာ ပြုလုပ်အပ်တဲ့ကံဟာ အထမြောက်ပါသလား မေးရင်** အထမမြောက်ပါ။ **(ကခ်ါ၊ ဘာဋီ၊ ၄၁)**

**သိမ်ပျက်က ဘယ်လောက်ရှိပါလဲဆိုရင်** ၁၁ မျိုး ရှိပါတယ်။ ၁။ အလွန်ကျဉ်းငယ်တဲ့ သိမ်။ ၂။ အလွန် ကြီးကျယ်တဲ့ သိမ်။ ၃။ နိမိတ်ကျိုးပြတ်တဲ့ သိမ်။ ၄။ အရိပ်နိမိတ်ရှိတဲ့ သိမ်။ ၅။ နိမိတ်မရှိတဲ့ သိမ်။ ၆။ သိမ်ပြင်ဘက်မှာ တည်လျက် သမုတ်အပ်တဲ့ သိမ်။ ၇။ သမုဒ္ဒရာမှာ သမုတ်အပ်တဲ့ သိမ်။ ၈။ မြစ်မှာ သမုတ်အပ်တဲ့ သိမ်။ ၉။ အလိုလိုဖြစ်တဲ့ အင်းအိုင်မှာ သမုတ်အပ်တဲ့ သိမ်။ ၁၀။ မိမိသိမ်နဲ့ သူတစ်ပါးသိမ်ကို ဆက်စပ်ပြီး သမုတ်အပ်တဲ့ သိမ်။ ၁၁။ မိမိသိမ်နဲ့ သူတစ်ပါးသိမ်ကို လွှမ်းမိုးပြီး သမုတ်အပ်တဲ့သိမ်။ **(ကခ်ါ၊ ဘာဋီ၊ ၃၉။ ကခ်ါ၊ ဋ။ ၈၇)**

**မြစ်၊ သမုဒ္ဒရာ၊ အင်း၊ အိုင်တွေမှာ သိမ်သမုတ်လို့ မရနိုင်ဘူးလား မေးရင်** မြစ်ထဲမှာ ကျောက် စတဲ့ နိမိတ်ကို ထားပြီး နဒီသိမ်သမုတ်ပေမယ့် သိမ်မမည်ပါ။ (ဗဒ္ဓသိမ် မဟုတ်ပါ)၊ နဂိုရ်အတိုင်းကပဲ သံဃကံပြုကောင်းတဲ့ ဥဒကုက္ခေပသိမ် ဖြစ်နေပါတယ်။ သမုဒ္ဒရာ ၄ စင်းက ဘယ်

သမုဒ္ဒရာမဆို အလိုလိုဖြစ်တဲ့၊ ဘယ် အင်းအိုင်မဆို ဗဒ္ဓသိမ် သမုတ်လို့ မဖြစ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၄)**

**သိမ်ဟောင်းကို လွှမ်းမိုး၍ ဖြစ်စေ၊ ဆက်စပ်၍ ဖြစ်စေ သိမ်အသစ်သမုတ်ရင် သိမ်ဟောင်းက ပျက်သွားပါသလား ဆိုရင်** ရှေးသိမ်းဟောင်းကား မပျက်ပါ။ နောက် သိမ်အသစ်သာ အထမမြောက်တဲ့ သိမ်ပျက် ဖြစ်ပါတယ်။

**(ကခ်ါ၊ ဘာဋီ၊ ၄၆)**

**ရှေးသိမ်ဟောင်းကို ဘယ်လိုလုပ်မှ ပျက်ပါသလဲ ဆိုရင်** တမင်္ဂလာနုတ်ရင်ဖြစ်စေ၊ သာသနာကွယ်ရင်ဖြစ်စေ ပျက်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၆)**

**ရေကို နိမိတ်လုပ်လိုရင် ဘယ်လိုရေက နိမိတ်ဖြစ်နိုင်၍ ဘယ်လိုရေက နိမိတ် မဖြစ်နိုင်ပါလဲမေးရင်** မစီးတဲ့ ရေဖြစ်ရင် မြစ်၊ ချောင်း၊ အိုင်၊ ကန်၊ တွင်းတွေမှာ တည်တဲ့ရေ (မြေမှာ တည်တဲ့ရေ)သာ နိမိတ်လောက်တာမဟုတ်သေးပါ။သိမ်သမုတ် ခါနီးမှ တူးထားတဲ့တွင်းငယ်မှာ လောင်းထည့်ထားတဲ့ရေလည်း ကမ္မဝါစာဆုံးသည်အထိ တည်နေရင် နိမိတ် လောက်ပါတယ်။

အထက် အောက်မှ သဲသောင်ဆည်းထားလို့ မစီးတဲ့ရေ ဖြစ်ရင် မြစ်ထဲကရေလည်း နိမိတ်ဖြစ်နိုင်တာပါပဲ။ ချောင်း၊ လယ်သို့ ရေသွင်းတဲ့ မြောင်း၊ မြစ်၊ သမုဒ္ဒရာတွေမှာ စီးတဲ့ ရေရော၊ ကမ္မဝါစာဆုံးသည်အထိ မတည်တဲ့ ရေရော၊ အိုးခွက်၊ လှေတွေမှာ ထည့်ထားအပ်တဲ့ ရေပါ နိမိတ် မဖြစ်ထိုက်ပါ။

**(ကခ်ါ၊ ဘာဋီ၊ ၅၂၊ ၅၃)**

**ရေကို နိမိတ်ပြုပြီးနောက် ခန်းခြောက်သွားရင် ဘာကို သိမ်ရဲ့ အမှတ်အသား ပြုထားရပါသလဲဆိုရင်** ရေနိမိတ်ပြုပြီးနောက် ခန်းခြောက်သွားဖော်လို့ အဲဒီနိမိတ်နေရာမှာ သဲပုံ၊ ကျောက်ပုံ၊ ကျောက်တိုင်၊ အသားတိုင်၊ တစ်ခုခုကို သိမ်ရဲ့အမှတ်အသား ပြုထားရပါတယ်။ ယခုကာလမှာ လုပတဲ့ ကျောက်တိုင်များကို စိုက်ထားကြပါတယ်။

**(ကင်္ခါ၊ ဘာဋီ၊ ၅၃)**

**နိမိတ်မကြားခင် ဘာလုပ်ရပါမလဲ၊ ကြားပြီးနောက် ဘာလုပ်ရပါမလဲမေးရင်** သိမ်နိမိတ် ၈ မျိုးထဲက တစ်မျိုးမျိုးကို အရပ် လေးမျက်နှာမှာ ထားရပါတယ်။ အဲဒီနောက် သံဃာစည်းဝေးပြီး ရှေးဦးစွာ သိမ်နုတ် ကမ္မဝါစာဖတ်လျက် သိမ်နုတ်ကြရပါတယ်။ အဲဒီနောက် သိမ်သမုတ်လိုတဲ့အခါ နိမိတ်ကြားရပါတယ်။ **(ကင်္ခါ၊ ဘာဋီ၊ ၄၁)**

**နိမိတ်ကို တစ်ကြိမ်ကြားပြီးရင် ပြီးနိုင်တယ်မဟုတ်ပါလား။ ၃ ကြိမ်လိုအပ်ပါသလား မေးရင်** ၃ ကြိမ် နိမိတ်ပြောတာဟာ ခိုင်မြဲအောင်ပြုခြင်းအကျိုးငှာသာဖြစ်ပါတယ်။ တစ်ကြိမ်ဖြင့်လည်း ပြီးနိုင်ပါတယ်။

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၂၉၁)**

**သိမ်နိမိတ်ရှိရာအရပ်ကို မသွားဘဲလည်း နိမိတ်ကို ပြောလို့ရပါသလားမေးရင်** ဝိနည်းမိုရ်ပုဂ္ဂိုလ်က သံဃာစည်းဝေးရာအရပ်မှာပဲ တည်ကာ သက်သက် နိမိတ်ပြောဆိုကြောင်း စကားနဲ့ဘဲ သိမ်ရဲ့နိမိတ်အချင်းချင်း ဆက်စပ်စေ

လျက် နိမိတ်ကိုပြောပြရမယ်။ နိမိတ်ရှိရာအရပ်သို့ မသွားဘဲလည်း အပ်ပါတယ်။ သွားခြင်းကြောင့်လည်း အပြစ်မရှိပါဘူး။ **(ဝိမတိ)**

အဲဒီစကားဟာ မှန်ပါတယ်။ သိမ်ဟာ ၃ ယူဇနာတိုင်အောင် ကျယ်ပြန့်နိုင်လို့ ဝိနည်းမိုရ်ကနိမိတ်ရှိရာအရပ်ကို သွားပြီးမှ နိမိတ်ကို ပြောရမယ်ဆိုရင် ခြေကျင်သွားလို့တော့ တစ်နေ့တည်းနဲ့ ပြီးနိုင်မယ်မဟုတ်။ မော်တော်ကားနဲ့လှည့်ပတ်ပြီး သွားရပါလိမ့်မယ်။ ဆက်ပါဦးမယ်။ ဝိနည်းမိုရ်ပုဂ္ဂိုလ်ဟာ အဲဒီသိမ်နိမိတ်တွေကို မိမိကိုယ်တိုင် သိနေဖွယ်မလို။ အခြားရဟန်းတွေက သတ်မှတ်ပြီးဖြစ်ရင်လည်း ဝိနည်းမိုရ်က "ဘာနိမိတ်လဲ"လို့ မေးတဲ့အခါ သိတဲ့ပုဂ္ဂိုလ်က "သစ်ပင်ပါဘုရား" စသည်ဖြင့် လျှောက်ဖို့သာ တာဝန်ရှိပါတယ်။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၂၉၁)**

**နိမိတ်မေးသူ၊ နိမိတ်ပြောကြားသူဟာ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ရပါမလဲဆိုရင်** "ပုရတ္ထိမာယ ဒိသာယ ကိံ နိမိတ္တံ=အရှေ့အရပ်က ဘာနိမိတ်လဲ"လို့ မေးတဲ့ပုဂ္ဂိုလ်၊ "ဧသော ပဗ္ဗတော နိမိတ္တံ=အဲဒီတောင်ဟာ နိမိတ်ပဲ"လို့ နိမိတ်ပြောတဲ့ ပုဂ္ဂိုလ်ကတော့ "ဝိနယဓရေန ပုစ္ဆိတဗ္ဗံ၊ ဝိနယဓရေန ကိတ္တေတဗ္ဗံ=ဝိနည်းမိုရ်က မေးရမယ်၊ ပြောကြားရမယ်"လို့ ဆိုခဲ့လို့ ဝိနည်း နားလည်တဲ့ ရဟန်းသာ ဖြစ်ရပါမယ်"

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၂၉၁)**

**သစ်ပင်တစ်ပင်တည်းကို သိမ်နှစ်လုံးရဲ့ နိမိတ် လုပ်ထိုက်ပါသလားမေးရင်** တစ်ခုတည်းရှိတဲ့ သစ်ပင် နိမိတ်ဟာ ကြီးကျယ်လာတဲ့အခါ သိမ်နှစ်လုံးကို ရောနှောသွားအောင် လုပ်တတ်လို့ အဲဒီလို သစ်တစ်ပင်တည်းကို သိမ်နှစ်လုံးရဲ့ နိမိတ် မလုပ်ထိုက်ပါ။

ဆက်ပါဦးမယ်။ "သိမာသင်္ကရံ ကရောတိ၊ သိမ်ချင်းရောယှက်မှုကိုပြုတယ်"ဆိုတာ ရှေ့မှာ ဗဒ္ဓသိမ် နှစ်လုံး (ခဏ္ဍသိမ်နဲ့ မဟာသိမ်)ကို ပြရာဝယ် သစ်ပင်ရဲ့ အကိုင်း၊ မြစ်ပျဉ်းတွေက အခြားတစ်သိမ်ပေါ်ရောက်ပြီး ထောက်မိနေခြင်းအားဖြင့် သိမ်ချင်းရောယှက်သွားခြင်းမျိုးကဲ့သို့ ဒီမှာလည်း "ကြီးကျယ်လာတဲ့သစ်ပင်က သိမ်နှစ်လုံးအတွင်းသို့ ဝင်ရောက်သွားခြင်းအားဖြင့် သိမ်ချင်း ရောယှက်မှုဖြစ်တယ်"လို့ ဆိုပါတယ်။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၅၈)**

**အဲဒီလို ရောယှက်သွားတဲ့ အတွက် အဲဒီသိမ်ပျက်သွားပါသလား မေးရင်** အဲဒီသိမ်တော့ ပျက်မသွားပါ၊ ကံပြုတဲ့အခါမှာသာ အခြား တစ်သိမ်တွင်းရှိ သံဃာကို သုတ်သင်ရပါမယ်။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၅၈)**

**သတ္တဗ္ဘန္တရသိမ်၊ ဥဒကုက္ခေပ သိမ်တွေမှာ ဘာကြောင့် ဥပစာအတွက် သတ္တဗ္ဘန္တရအပို၊ ဥဒကုက္ခေပအပိုကို ထားရပါသလဲဆိုရင်** အစွန်ဆုံးပရိသတ်မှစပြီး သတ္တဗ္ဘန္တရ၊ ဥဒကုက္ခေပကို ပိုင်းခြားရပါတယ်။ အဲဒီသိမ်အပိုင်းအခြားအတွင်းမှာ ဟတ္ထပါသ်မစပ်ဘဲနေတဲ့ ရဟန်း၊ အဲဒီ သိမ်ဥပစာကို မလွန်ဘဲ

နေတဲ့ ရဟန်းဟာ ကံကို ပျက်စေနိုင်ပါတယ်။ ဒါကြောင့် ဥပစာအပိုတစ်ခု ထားရပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၆၄၊ ၄၊ ၉၁)**

**ဗဒ္ဓသိမ်များ၌ သိမ်အတွင်းမှာ ဟတ္ထပါသ် မစပ်ဘဲနေတဲ့ ရဟန်းသာ ကံကို ပျက်စေတယ်။ သိမ်ပြင်ဘက် သီမန္တရိက်မှာနေတဲ့ရဟန်းက ကံကို မပျက်စေနိုင်ပါ။ ဒီ ဥဒကုက္ခေပနဲ့ သတ္တဗ္ဘန္တရသိမ်တွေမှာတော့ ဥပစာ အပိုင်းအခြားကို မလွန်ဘဲ နေသူလည်း ကံပျက်စေနိုင်တယ်ဆိုတဲ့ စကားဟာ မလွန်လွန်း ပါသလော မေးရင်** မဟာအဋ္ဌကထာစတဲ့ အဋ္ဌကထာတိုင်းရဲ့ အဆုံးအဖြတ် ဖြစ်လို့ စောဒကတက်ဖွယ် မလို။ အဲဒီ အဆို အတိုင်းသာ မှတ်ရမယ်။ **(ကခ်ါ၊ ဘာဋီ၊ ၆၄၊ ၄၊ ၉၁)**

**ရေကို နိမိတ်ပြုလုပ်ရာမှာ စီးသွားတဲ့ ရေကို ဘာကြောင့် နိမိတ်မလုပ်နိုင်ပါသလဲ မေးရင်** "ဧတံ (ဣမံ) ဥဒကံ နိမိတ္တံ" လို့ ရေနိမိတ်ကြားတဲ့အခါ မစီးတဲ့ရေကိုသာ "ဧတံ"လို့ ညွှန်ပြလို့ ဖြစ်ပါတယ်။ စီးတဲ့ရေကတော့ "ဧတံ"လို့ ညွှန်ပြပြီးလျှင် ပြီးချင်း အခြားရေတစ်မျိုး စီးလာတယ်။ အဲဒီလို ဆိုရင် နိမိတ်ကြားအပ်တဲ့ရေက တစ်မျိုး၊ ကမ္မဝါစာ ဖတ်ခိုက် ရေက တစ်မျိုး ဖြစ်နေပါလိမ့်မယ်။ ဒါကြောင့် "မစီးတဲ့ရေ" လို့ မိန့်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၅၂)**

**နိမိတ်ဟာ သိမ်အတွင်းကလား၊ အပြင်ကလားမေးရင်** နိမိတ်ဆိုတာ သိမ်ရဲ့ အပိုင်းအခြား အမှတ်အသားဖြစ်လို့ နိမိတ်တစ်ခုလုံး သိမ်အပြင်ဘက်မှာသာ တည်ရှိစေရပါတယ်။

**(ကခ်ါ၊ ဘာဋီ၊ ၄၈)**

**ကျောက်ကို နိမိတ်လုပ်လိုရင် ကျောက်ရဲ့အငယ်ဆုံး ပမာဏ၊ အကြီးဆုံး ပမာဏက ဘယ်လောက်ရှိရမှာပါလဲ ဆိုရင်** လောကီကျမ်းတွေမှာတော့ "တစ်ပိုလ်ဟာ အချိန် ၄ ကျပ်သားရှိတယ်" လို့ တစ်ညီတစ်ညွတ်တည်းဆိုပါတယ်။ ၃၂ ပိုလ်ဆိုတာ ၁၂၈ ကျပ်သားအချိန်ရှိပါတယ်။ အဲဒီလောက် အချိန်စီးတဲ့ ထန်းလျက်(ကြံသကာ)အခဲနဲ့ အရွယ်ချင်း ညီမျှတဲ့ ကျောက်တုံး၊ သံတုံးဟာ အငယ်ဆုံး ကျောက်နိမိတ်ပါပဲ။ အဲဒီအရွယ်ကစပြီး ဆင်လောက် မကြီးသေးသမျှ ကျောက်ဟာ ကျောက်နိမိတ်မှာ ပါဝင်နိုင်ပါတယ်။ ဆင်လောက် ကြီးရင် တောင်နိမိတ်ဖြစ်သွားတယ်လို့ ဆိုပါတယ်။ ကျောက်တုံး မဟုတ်ဘဲ ကျောက်ဖျာဖြစ်ရင် အလွန်ကြီးပေမယ့် တောင် မဟုတ်တော့လို့ ကျောက်နိမိတ်မှာ ပါဝင်ရပါတယ်။ ဒါပေမယ့် ကျောက်ဖျာတစ်ပိုင်းကို သိမ်တွင်းသွင်းလိုရင် အဲဒီ ကျောက်ဖျာကို နိမိတ် မလုပ်ရ။ **(ကင်္ခါ၊ ဘာဋီ၊ ၄၉)**

**နိမိတ်ဖြစ်တဲ့တောင်နဲ့ နိမိတ်မဖြစ်တဲ့တောင် ဘာပါလဲ မေးရင်** ရိုးရိုးဆင်ရဲ့ ပမာဏဟာ ၇ တောင်၊ သို့မဟုတ် ၇ တောင့်တစ်ထွာရှိပါတယ်။ ဆင်လောက်ကြီးတဲ့ တောင်ဟာ နိမိတ်ဖြစ်ပါတယ်။ ဆင်ပမာဏထက် ကြီးချင်သလောက် ကြီးနိုင်ပါတယ်။ ဆင်အောက်ငယ်ရင် တောင်နိမိတ် မလောက်တော့ပါ။ ကျောက်နိမိတ်ထဲ ပါဝင်သွားပါမယ်။

**(ကင်္ခါ၊ ဘာဋီ၊ ၄၈)**

**ဘယ်လို တောက နိမိတ်ဖြစ်နိုင်ပြီး ဘယ်လိုတောက**

**နိမိတ်မဖြစ်နိုင်ပါလဲဆိုရင်** သစ်ပင် ၄ ပင်ရှိတောမှာ "အတွင်းအနှစ်ရှိ သစ်ပင်က ၃ ပင်၊ အတွင်းအနှစ်မရှိတဲ့ သစ်ပင်က ၁ ပင် ရှိမယ်"လို့ရော။ ၅ ပင်ရှိရာမှာ "အတွင်းအနှစ်ရှိ သစ်ပင်က ၃ ပင်၊ အတွင်းအနှစ်မရှိတဲ့ သစ်ပင်က ၂ ပင် ပါနိုင်ပါတယ်"လို့ရော ငှိကာ ဆိုပါတယ်။ ဒီစကားစဉ်အရ အနည်းဆုံး အတွင်းအနှစ်ရှိသစ်ပင် ၃ ပင်နဲ့ အခြား သစ်ပင်တွေရှိရင် တောနိမိတ်လောက်ပါပြီ။ လုံးလုံး အနှစ်မရှိတဲ့ မြက်တော၊ အခေါက်သာ အနှစ်ပါတဲ့ ထန်း၊ အုန်း၊ ဓနိ၊ ကွမ်းသီးတောတွေကတော့ တောနိမိတ် မလောက်ကြပါ။

**(ကင်္ခါ၊ ဘာဋီ၊ ၅၀)**

**နိမိတ်ဖြစ်နိုင် မဖြစ်နိုင်တဲ့သစ်ပင်တွေက ဘာပင်တွေပါလဲဆိုရင်** သေနေတဲ့သစ်ပင်၊ အခေါက်သာ အနှစ်ပါတဲ့သစ်ပင်၊ အိုးမှာထည့်ထားတဲ့ သစ်ပင်များဟာ နိမိတ် မဖြစ်နိုင်ကြပါ။ အသက်ရှင်ဆဲလည်းဖြစ်၊ အတွင်းမှာ အနှစ်လည်းပါတဲ့ မြေကြီးမှာ တည်ရှိ သစ်ပင်ဟာ နိမိတ်ဖြစ်နိုင်ပါတယ်။

အမြင့်က လက် ၈ သစ်၊ လုံးပတ်က သီဟိုဠ် ကညစ်ရိုးပမာဏ (လက်သန်းလောက်) ရှိရပါမယ်။ အဲဒီအောက်ငယ်ရင် နိမိတ် မဖြစ်ပါ။ ဒါကြောင့် အိုးထဲမှာ ထည့်ထားတဲ့ သစ်ပင်ကို မြေချပြီးစိုက်ကာ ရေဝပ်စရာရှိအောင် ကန်သင်း(ကစင်း)ဖွဲ့ကာ ရေလောင်းပြီးမှ နိမိတ်လုပ်ကြပါတယ်။ မြက်သစ်၊ အရွက်သစ်ထွက်အောင်ကား ဆိုင်းငံ့ဖို့ မလိုပါ။

**(ကင်္ခါ၊ ဘာဋီ၊ ၅၀)**

**နိမိတ်ဖြစ်နိုင်တဲ့လမ်း၊ မဖြစ်နိုင်တဲ့လမ်းက ဘယ်လို ပါလဲဆိုရင်** ဂါမရဲ့ ပတ်လည်လမ်းအတိုများ၊ တောသွား၊ မြစ်ချောင်းသွားလမ်းများဟာ နိမိတ်မဖြစ်။ အသုံးပြုဆဲဖြစ်ပြီး ဂါမခေတ် ၂ ခု၊ ၃ ခုကို ထုတ်ချင်းဖောက် လမ်းသာ (လှည်းသွားလမ်း၊ ခြေသွားလမ်းသာ) နိမိတ်ဖြစ်ပါတယ်။ ရှေးတုန်းက အသုံးပြုဖူးပေမယ့် အဲဒီနိမိတ်လုပ်ချိန်မှာ အသုံး မပြုဘဲ ပစ်ထားရင် လမ်းနိမိတ် မဖြစ်။ **(ကခ်ါ၊ ဘာဋီ၊ ၅၁)**

**တောင်ပို့နိမိတ်မှာ နိမိတ်ဖြစ်တဲ့ တောင်ပို့နဲ့၊ နိမိတ် မဖြစ်တဲ့ တောင်ပို့က ဘယ်လိုပါလဲမေးရင်** အရှည် လက် ၈ သစ်၊ လုံးပတ် နွားချိုလောက်ရှိတဲ့ တောင်ပို့တောင်မှ နိမိတ်လောက်ပါတယ်။ အဲဒီအောက် ငယ်ရင် မလောက်၊ ကြီးရင် ဟိမဝန္တာတောင်လောက်ပင်ရှိပါစေ လောက်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၅၂)**

**နိမိတ်ကျုံးပျက်တဲ့ သိမ်တစ်မျိုးရှိသေးပါသလားမေးရင်** ရှိပါသေးတယ်။ နိမိတ်မလောက်တဲ့ အခွံလျှင်အနှစ်ရှိတဲ့ ထန်းပင်၊ အုန်းပင် စသည်ကိုဖြစ်စေ၊ သစ်ငုတ်တိုကို ဖြစ်စေ၊ မြေပုံ၊ သဲပုံတစ်ခုခုကို တောင်နိမိတ်ပြု၍ဖြစ်စေ သမုတ်ထားတဲ့ သိမ်ဟာလည်း အဲဒီနိမိတ်တစ်ခုအတွက် နိမိတ် မဟုတ်လို့ နိမိတ်ကျုံးပျက်တဲ့ သိမ်ပဲဖြစ်ပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၄၃)**

**ရေတွင်းနက်နက်ထဲက ရေဟာ ရေနိမိတ် ဖြစ်နိုင်ပါ သလား မေးရင်** ရေတွင်း စသည်မှာ တည်တဲ့ရေဟာ နက်ပြီး နေလို့ ကြိုးတပ်ထားတဲ့ပုံးနဲ့ ခပ်ယူရရင် အဲဒီရေကို ရေနိမိတ်

မလုပ်ကောင်းဘူးလို့ အန္ဓကအဋ္ဌကထာမှာ ဆိုထားပါတယ်။ အဲဒီအဆိုဟာ မကောင်းသဖြင့် ဆိုအပ်တဲ့ အဆိုပါပဲ။ သူ့အယူမှုသာပါပဲ။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၀၂၊ ၄၊ ၃၂၂)**

**တွင်းတူးပြီး ရေလောင်းထည့်ထားရင် ရေနိမိတ် ဖြစ်ပါသလား၊ ရေနည်းနည်းရှိရင် ဖြစ်ပါသလား မေးရင်** ယခုအခါမှာ ရေနိမိတ်လုပ်ရာဝယ် တွင်းငယ်တူးပြီး အဲဒီတွင်းမှာ ရေလောင်းထားကြပါတယ်။ သမာနသံဝါသက သိမ်သမုတ်တဲ့၊ ကမ္မဝါစာ ဆုံးတဲ့အထိ အဲဒီရေ တည်ရင် ရေနိမိတ် လုပ်ရန် အပ်လို့ အဲဒီအတိုင်း ပြုစီမံကြပါတယ်။ တည်တဲ့ ရေဟာ နည်းနည်းများများ နိမိတ်လုပ်နိုင်ပါတယ်။

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၀၃၊ ၄၊ ၃၂၂)**

**ဥဒကုက္ခေပသိမ်မှာ ရေ(သဲ)ကို ပစ်ချမှ သိမ်ဖြစ်ပါသလားမေးရင်** ဥဒကုက္ခေပသိမ်မှာ ရေ(သဲ) ပစ်ချပုံကို ပြထားပေမယ့် အဲဒီလို ရေ(သဲ) ပစ်ချမှ သိမ်ဖြစ်တာ မဟုတ်ပါ။ ကံပြုမယ်လို့ ရဟန်းတွေ ဆင်းသွားရင်ပဲ ရဟန်းတွေ တည်နေရာ ပတ်ဝန်းကျင် ရေ(သဲ)ကျလောက်ရာ အရပ်ဟာ အလိုလို သိမ်ဖြစ်ပါတော့တယ်။ **(ကခ်ါ၊ ဘာဋီ၊ ၆၁)**

**အဲဒီ ရေ(သဲ)ကို ပစ်တဲ့အခါ လက်ကို အထက်မြှောက် ပစ်ဖွယ်လိုပါသလား။ ရေ(သဲ)ပစ်နည်းကို အနည်းငယ် ရှင်းပြပါဦးမယ်။** ရေ(သဲ)ကို ပစ်တဲ့အခါ လက်ကို အထက်မြှောက်ဖွယ်မလိုပါ။ ကစားသမားတွေ သစ်သားလုံး၊ အန်စာ ပစ်သလို လက်ကို အောက်ချကာ ပစ်ရပါတယ်။ **(ကခ်ါ၊ ဘာဋီ၊ ၆၁)**

**ရဟန်းများ စုဝေးမိတဲ့အခါ သဲ၊ ရေတွေကို ပစ်ချပြီးမှ ဥဒကုက္ခေပသိမ် ဖြစ်ပါသလားမေးရင်** ရဟန်းများ စုဝေးမိတဲ့ အခါ သဲ၊ ရေတွေကို ပစ်ချပြီးမှ ဥဒကုက္ခေပ သိမ်ဖြစ်တာ မဟုတ်ပါ။ သဲတစ်ကျ၊ ရေတစ်ကျ ခန့်မှန်းချက်အရပ်အတွင်း မှာ အလိုလို သိမ်ဖြစ်တာပါပဲ။ ဒါကြောင့် "ကံပြုမယ်"လို့ စိစဉ်ပြီးနေတုန်း နောက်ထပ်သံဃာများတိုးပြီးလာရင် သိမ်ဟာ အလိုလို ကျယ်ဝန်းသွားပါတယ်။

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၆)**

**မြစ်တစ်စင်းလုံးသံဃာတွေနဲ့ ပြည့်နေရင် ဥဒကုက္ခေပ သိမ်ပြုလုပ်ဖို့ လိုပါသလားမေးရင်** မြစ်တစ်စင်းလုံး သံဃာတွေ နဲ့ပြည့်နေလို့ ပတ်ဝန်းကျင်မှာ မြစ်ရေမရှိတဲ့ အတွက် ဥဒကုက္ခေပ မလုပ်ဘဲ (ရေတစ်ကျ မပြုလုပ်ဘဲ) အလိုလို သိမ်ဖြစ်နေလို့ "ဥဒကုက္ခေပသီမာကမ္မ နတ္ထိ-ဥဒကုက္ခေပသိမ် ပြုဖွယ် မရှိ"လို့ ဆိုပါတယ်။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၇)**

**ရေသိမ်မှာ ဘယ်လိုလုပ်ပြီး ကံပြုကြပါသလဲမေးရင်** ရေသိမ်လို့ခေါ်တဲ့ ဥဒကုက္ခေပသိမ်မှာ ကံပြုတဲ့အခါ လှေကို ထိုးဝါးနဲ့ထောက်ထားသည်ဖြစ်စေ၊ လေးလံလှတဲ့ ကျောက်တုံး ကို လှေမှာဆွဲကာ အောက်မှာချပြီး (ကျောက်ချပြီး)ဖြစ်စေ ကံပြုကြပါတယ်။

အောက်နိုင်ငံမှာတော့ မိုး ၄ လပတ်လုံး အမြဲ ရေ တည်တဲ့ ရေစမှာ ဥပုသ်ကျောင်းငယ် ဆောက်ပြီးလည်း ဥပုသ်

ပြုကြပါတယ်။ မိုး ၄ လ ရေမှတည်တဲ့နေရာမှာတော့ အဲဒီ ဥပုသ်ကျောင်း မဆောက်ရပါ။ **(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၉)**

**ဥဒကုက္ခေပသိမ်အတွင်းမှာ ဝဲလှည့်သလို လှည့်နေတဲ့ လှေမှာ ကံပြုနိုင်ပါသလား မေးရင်** "လှေက သွားနေရင် အဲဒီလှေဟာ အဲဒီဥဒကုက္ခေပအရပ်ကို လျင်စွာပဲ လွန်စေနိုင်တယ်"လို့ ဆိုလို့ "အဲဒီ ဥဒကုပေက္ခပအတွင်းမှာ ဝဲလှည့်သလို လှေကို လှည့်လည်စေနိုင်ရင် သွားနေတုန်းပဲဖြစ်ပေမယ့်လည်း ကံပြုနိုင်တယ်"လို့ သိသာပါတယ်။

**ဝိမတိ။ (ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၉)**

**မြစ်တွင်းမှာပေါက်နေတဲ့ သစ်ပင်ပေါ်တက်ပြီး ကံပြုရင် သစ်ကိုင်းက ဥဒကုက္ခေပသိမ်ရဲ့ အပြင်ဘက်ထွက်နေတဲ့ ကံပြုရပါသလား မေးရင်** သစ်ပင်ပေါ်တက်ပြီး ကံပြုရာမှာ "ဥဒကုက္ခေပသိမ်ရဲ့ အပြင်ဘက်ထွက်တဲ့ သစ်ကိုင်းပေါ်မှာတော့ မပြုရ"လို့ ဋီကာတို့ ဆိုကြပါတယ်။

**(ဝိနည်းမဟာဝါ၊ ဘာဋီ၊ ၃၄၉)**

**ရေတစ်ကျ၊ သဲတစ်ကျနဲ့ သတ်မှတ်တဲ့ ဥဒကုက္ခေပ သိမ် ဖြစ်နိုင်ရာ မြစ်က အမြဲတမ်း ရေစီးဆင်းနေရမှာပါလား မေးရင်** အဲဒီမြစ်မှာ မိုး ၄ လတွင် ရေအယဉ် မပြတ်စဲရ။ ဆိပ်ကမ်းကဖြစ်စေ၊ ဆိပ်ကမ်းမဟုတ်တဲ့နေရာက ဖြစ်စေ ဆင်းသွားပြီး ပုဆစ်ဒူးဝန်း ၂ ဘက်၊ ချက်ဆိုတဲ့အဝန်း ၃ ပါးကို ဖုံးအောင်ဝတ်ကာ သင်းပိုင်ကို မမြှောက်ဘဲ တက်

သွားတဲ့ ရဟန်းမရဲ့(ရဟန်းရဲ့) သင်းပိုင်းမှာ လက် ၁ သစ် လောက် ရေစိုရင် အဲဒါ "မြစ်"ခေါ်ရတာပါပဲ။

**(ကခ်ါ၊ ဘာဋီ၊ ၅၉၊ ၄၊ ၉၀)**

**မြစ်၊ အင်းအိုင်၊ သမုဒ္ဒရာတွေမှာ ရေတစ်ကျ၊ သဲတစ်ကျနဲ့ ပိုင်းခြားသတ်မှတ်ရတဲ့ ဥဒကုက္ခေပသိမ် ပြုနိုင်ရာ နေရာက ဘယ်နေရာပါလဲ မေးရင်** မြစ်နဲ့ အင်းအိုင်တွေမှာ မိုးမှန်မှန် ရွာတဲ့ မိုးကာလဝယ် ရေလွှမ်းတဲ့ အရပ်ကစပြီး အတွင်းကျတဲ့ အရပ်သာ ဥဒကုက္ခေပသိမ်ပြုနိုင်ရာနေရာ (ကပ္ပိယဘူမိ) ဖြစ်ပါတယ်။ အလွန်မိုးကောင်းမှ မိုးရေလွှမ်းတဲ့ အရပ်ဟာ ဥဒကုက္ခေပသိမ် ပြုပြင်ရာနေရာ (ကပ္ပိယဘူမိ) မဟုတ်ပါ။

သမုဒ္ဒရာမှာ တက်ရိုးတက်စဉ် လှိုင်းတက်ကာ ပြန်ကျပြီး ငြိမ်သက်စွာ တည်နေတဲ့အရပ်ရဲ့ အတွင်းဘက်သာ ဥဒကုက္ခေပသိမ်ပြုနိုင်ရာနေရာ (ကပ္ပိယဘူမိ)ဖြစ်ပါတယ်။ တစ်ခါတစ်ရံ လေမုန်းတိုင်းကျလို့ အလွန်အကျွံ လှိုင်းတက် ပြီးနောက် ပြန်ကျပေမယ့် နဂိုအနေရောက်အောင် မကျတဲ့ အရပ်ဟာ ကပ္ပိယဘူမိ မဟုတ်ပါ။ **(ကခ်ါ၊ ဘာဋီ၊ ၆၂)**

**"ဇာတဿရ" (အလိုလိုဖြစ်တဲ့ ရေအိုင်) ဆိုတာ ဘယ်လို အိုင်မျိုးပါလဲ မေးရင်** မည်သူမှ၊ တောဝက် စတဲ့ တိရစ္ဆာန်သော်မှ မတူးရဘဲ တောင်ကျရေ စသည်တိုက်စားလို့ အလိုလိုအိုင်ဖြစ်သွားတဲ့ ရေအိုင်ရော။ မြစ်၊ သမုဒ္ဒရာ ကမ်းတွေကို လွှမ်းကျော်ဖောက်ခွဲပြီး ထွက်လာတဲ့ မြစ်ရေ၊ သမုဒ္ဒရာ တိုက်စားလို့ (ကာလကြာတဲ့အခါ မြစ်၊ သမုဒ္ဒရာ

နဲ့ မဆက်ဘဲ) သီးခြား ရေမြောင်းဖြစ်သွားတဲ့ အိုင်ပါ မိုး ၄ လ ရေတည်ရှိရင် ဥဒကုက္ခေပသိမ်ဖြစ်နိုင်ရာ ဇာတဿရ= အလိုလိုဖြစ်တဲ့ ရေအိုင် မည်ပါတယ်။ **(ကင်္ခါ၊ ဘာဋီ၊ ၅၉)**

**မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ ကင်္ခါ ဘာသာဋီကာနှင့် ဝိနည်းမဟာဝါဋီကာတို့မှ ထုတ်နုတ်ဖော်ပြပါသည်။**

**သိမ်အကြောင်း ဤတွင် နိဋ္ဌိတံ။**



## ရေစက်ချကထာ

### ခေါင်းအုံး ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာဝဋ်ဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရစေခြင်းအကျိုးငှာ။ တိသရဏေန၊ သရဏဂုဏ်သုံးပါးနှင့်။ သဟ၊ တတွ။ (ပဉ္စသီလာနိ ၅–ပါးသော သီလတော်မြတ်တို့ကို) (အဋ္ဌင်္ဂသီလာနိ၊ ၈–ပါးသော သီလတော်မြတ်တို့ကို)။ (ဒသသီလာနိ၊ ၁၀–ပါးသော သီလတော်မြတ်တို့ကို)။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ (အာယသ္မာတော၊ အရှင်ဘုရား၏။ တစ်ပါး:) (သံဃဿ၊ သံဃာတော်၏။ သံဃာ) သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမံဗိဗ္ဗောဟနံ၊ ဤခေါင်းအုံးကို။ (အာယသ္မတော၊

အရှင်ဘုရားအား။ တစ်ပါး) (သံဃဿ၊ သံဃာတော်အား၊ သံဃာ) ဒေမ၊ လှူပါကုန်၏။ (အာယသ္မာ၊ အရှင်ဘုရားသည်) (သံဃော-သံဃာတော်သည်၊ သံဃာ) သကလေန၊ အလုံးစုံသော။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသုတွာ၊ ထိ၍။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇတု၊ သုံးဆောင်တော်မူပါစေသတည်း။ ဣမိနာစ၊ ဤသို့ယခုပြုရသော ကောင်းမှုကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးကပြုဖူး ကောင်းမှုတို့ကြောင့်လည်းကောင်း။ အဇာတျာဒိ၊ ပဋိသန္ဓေ မနေရ၊ မအိုရ၊ မသေရရာအမှန်၊ ပြည်နိဗ္ဗာန်သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည်ကို ဖြစ်ရပါလို၏အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ အပတ္တံ၊ နိဗ္ဗာန်သို့မရောက်ရသေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ ဘဝါဘဝေ၊ ဘဝကြီးငယ် အသွယ်သွယ်၌။ သံသရန္တော၊ တပြောင်းပြန်ပြန် ကျင်လည် ကျက်စားပြေးသွားရသည်ရှိသော်။ သုဒ္ဓေ၊ စင်ကြယ်သော။ သဒ္ဓေ၊ ရတနာသုံးပါး၌ ကြည်ညိုသော။ အဒ္ဓေ၊ ကြွယ်ဝသော။ မဟဒ္ဓနေ၊ များစွာသောဥစ္စာရှိသော။ ဓမ္မရက္ခိတေ၊ တရားကိုစောင့်သော။ ဥစ္စေ၊ မြင့်မြတ်သော။ ကုလေ၊ အမျိုး၌။ ဘာဝိတွာ၊ ဖြစ်ရ၍။ ဇောတိကာဒယောဝိယ၊ ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏစသော သူဌေးကဲ့သို့။ အခိဏဘောဂသမ္ပန္နော၊ သုံးဆောင်ပေးကမ်း၍ မကုန်ခမ်းနိုင်သော ရတနာ ၇-ပါး တို့နှင့်ပြည့်စုံသည်။ ဘဝါမ၊ ဖြစ်ရပါကုန်၏။ အပရံ၊ ထိုမှ တစ်ပါး။ အာယုဝဏ္ဏာဒီတိ၊ အရှင်မဟာကဿပ၊ ဝိသာခါ

ကဲ့သို့ အသက်ရှည်စွာနေရခြင်း၊ အရှင်ကစ္စည်းစသည်တို့ကဲ့သို့ အဆင်းလှခြင်း၊ ဇောတိက၊ ဇဋိလ စသည်တို့ကဲ့သို့ ချမ်းသာကြီးခြင်း၊ အဇာတသတ်မင်း၊ ဆဒ္ဒန်ဆင်မင်း စသည်တို့ကဲ့သို့ ခွန်အားဗလကြီးခြင်း၊ မဟောသဓာ၊ အရှင်သာရိပုတ္တရာ စသည်တို့ကဲ့သို့ ပညာကြီးခြင်း စသည်တို့နှင့်။ သမ္ပန္နော၊ ပြည့်စုံရသည်။ ဘဝါမ၊ ဖြစ်ရပါလိုကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ ဒုဇ္ဇနံ သံသေဝေ၊ သူယုတ်မာတို့နှင့် မပေါင်းဖော်ရမူ၍။ သုဇနံသံသေဝေ၊ သူတော်ကောင်း သူမြတ်လောင်းတို့နှင့် ပေါင်းဖော်ရသည်ဖြစ်၍။ ဒုစ္စရိတာရိ၊ ဒုစရိုက်တရားဆယ်ပါးတို့ကို။ ဟိတွာ၊ ပယ်စွန့်၍။ သုစရိတာနိ၊ သုစရိုက်တရားတို့။ စရိတွာ၊ ကျင့်ကြံရကုန်သည်ဖြစ်၍။ ဟိရိဩတ္တပ္ပသမ္ပန္နော၊ ဟိရိဩတ္တပ္ပ အရက်အကြောက်တို့နှင့်ပြည့်စုံလျက်။ သပ္ပုရိသဓမ္မော၊ သူတော်ကောင်းတရားတို့နှင့် ပြည့်စုံနိုင်သည်။ ဟောမ၊ ဖြစ်ရပါလိုကုန်၏။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့တို့ကို။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျစည်းဝေးလာကြကုန်သော ပရိတ်သတ် လေးပါးတို့ကို။ အာဒိကတွာ၊ အစထား၍။ မာတုအာဒိနဥ္စ၊ မိခင် ဘခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ ဉာတကာနဥ္စ၊ ဆွေမျိုး ဉာတကာအဖြာဖြာတို့အားလည်းကောင်း။ ဘူပါလသဿစ၊ ရေမြေသနင်းပြည့်ရှင်မင်းအားလည်းကောင်း။ ယမရာဇဿစ၊ ငရဲသနင်းယမမင်းအားလည်းကောင်း။ ဗြဟ္မာနဥ္စ၊ ဗြဟ္မာ အပေါင်းတို့

အားလည်းကောင်း။ ဒေဝါနဉ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရွာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်၊ မြေစောင့်နတ်၊ ရေစောင့်နတ်၊ လေစောင့်နတ် စသည်တို့အားလည်းကောင်း။ သဗ္ဗသတ္တာနဉ္စ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသောသတ္တဝါတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေ၊ ထိုထိုသတ္တဝါတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှသော။ ဘာဂံ၊ အဖို့ဘာဂကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သော်။

## သင်္ကန်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။ ဓာတျာဒိဒုက္ခတော၊ ပင္စိသန္ဓေ အိုနာသေရေး ဉာလေးဝသောဝဋ်ဒုက္ခမှ။ မောစနတ္ထာယစ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာလည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ အလုံးစုံသော လောကုတ်လောကီ ၂-လီမျိုးသော မင်္ဂလာအပေါင်းတို့ကို။ သိဒ္ဓိယာ၊ ပြီးစီးအောင်မြင် လိုရင်းအာနိသင်သို့ ရောက်စေခြင်းငှာလည်းကောင်း။ အာရဗ္ဘ၊ နိဗ္ဗာန်ရည်ရော် စိတ်ကမျှော်သည်။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ (သီလံ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသော သီလတော်မြတ်ကို)။ သမာဒိယိ

ဘွာ၊ ကောင်းစွာ ခံယူဆောက်တည်ပြီး၍ (အာယသ္မတော၊ အရှင်ဘုရား၏။ သံဃဿ၊ သံဃာတော်မြတ်၏)။ သမုခေ၊ မျက်မှောက် ဟော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမံစီဝရံ၊ ဤသင်္ကန်းကို၊ သပရိဝါရံ၊ ဆန်-ပဲ-ငှက်ပျော-အုန်း စသော အခြံအရံဝတ္ထု အစုစုနှင့် တကွ။ အာယသ္မတော၊ အရှင်ဘုရားအား။ သံဃဿ၊ သံဃာ တော်အား) ဒေမ၊ လှူပါကုန်၏။ (အာယသ္မာ၊ အရှင်ဘုရား သည်။ သံဃော၊ သံဃာတော်သည်) ယထိစ္ဆိတံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇတု၊ သုံးဆောင်ပါစေသတည်း။ ဣမိနာစ၊ ဤသို့ယခု ပြုစုလှူဒါန်းရသော သင်္ကန်းတို့ကြောင့်လည်းကောင်း။ အညေ ဟိစ၊ ရေးကပြုဖူး ကောင်းမှုတို့ကြောင့် လည်းကောင်း။ သီဝံ၊ ဧမြလှစွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည်ကို ဖြစ်ရပါလို ကုန်၏။ ယာဝ၊ အကြင်ရွေ့လောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလ ပတ်လုံး။ သံသာရေ၊ သံသရာကြီးထဲ၌။ စရန္တော၊ ကျည်လည် ကျက်စား ပြေးသွားရသည်ရှိသော်။ စတူဟိ၊ အပါယာ ဒီဟိစ၊ အပါယ် လေးပါး၊ ကပ်သုံးပါး၊ ဝိပ္ပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါး၊ ရန်သူမျိုးငါးပါး၊ ရပ်ပြစ်ရှစ်ပါး၊ အန္တာမျိုး ၉၆- ပါးတို့မှ။ ဝိပ္ပမုတ္တော၊ ကင်းလွတ်သည်ဖြစ်၍။ သုဂတိယံ ယေဝ၊ လူ့ဘုံနတ်ရပ်ဘုံအထပ်ထပ်၌သာလျှင်။ တိဟေတုက ပုရိသုတ္တမော၊ တိဟိတ်ပဋိသန်၊ ပညာဉာဏ်နှင့် ပြည့်စုံသော

အမျိုးကောင်းသား၊ ယောကျ်ားကောင်း ယောကျ်ားမြတ်ကြီး သည်။ ဟုတွာ၊ ဖြစ်၍။ အာယုဒ္ဒါဒီဟိ၀၊ အသက်ရှည်ကြာ အဆင်းသာ၍ ချမ်းသာခွန်အား ပညာတရား စသော အကျိုး ဂုဏ်အင် အာနိသင်တို့နှင့်လည်းကောင်း။ တိက္ခဇဝန ပညေဟိ၊ ထက်မြက်လျင်မြန်သော ပညာရပ်တို့နှင့် လည်းကောင်း။ အဋ္ဌာရသသိပ္ပေဟိစ၊ တစ်ဆယ့်ရှစ်ရပ် တတ်အပ်သော ပညာ အဖြာဖြာတို့နှင့်လည်းကောင်း။ ဟိရိဩတ္တပ္ပေဟိစ၊ အရှက် အကြောက်တရားတို့နှင့် လည်းကောင်း။ သစ္စာ၀နေ ဟိစ၊ နှစ်လုံးနှစ်ခွသော မပြောသော စကားတို့နှင့်လည့်ကောင်း။ စန္ဒိမသူရိယော၊ လ–နေသည်။ ပါလဇ္ဇောဝိယ၊ ကမ္ဘာတစ်ခွင် မြေအပြင်တွင် အလွန်ပင်ထင်ရှားသကဲ့သို့။ ပါကဋော၊ ပေါ်လွင် ထင်ရှားကျော်ဇောခြင်းတရားနှင့် ပြည့်စုံကုန်သည် လည်း ကောင်း။ ကလျာဒိဂုဏောဟိ၊ ဤသို့စကား ဂုဏ်အများ နှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်သည်။ ဟောမ၊ မုချမုန်စွာ ဖြစ်ရပါလို ကုန်၏ အရှင်ဘုရား။ ကုဒံပုည ဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ကုဓ၊ ဤအရပ်သို့။ အာဂတာနံ၊ သိညာဖျဖျ စည်းဝေးလာ ရောက်ကြကုန်သော လူသူအပေါင်းတို့ကို။ အာဒိံကတွာ၊ အစထား၍။ မာတုအာဒိနဥ္၊ မိဘဆရာ ညာတကာနှင့် ဆရာ သခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ ဘူပါလဿစ၊ ရေမြေသနင်း ပြည့်ရှင်မင်းအား လည်းကောင်း။ ကုန္ဒဿစ၊ နတ်တို့သနင်း သိကြားမင်းအားလည်းကောင်း။ ယမရာ ဇဿစ၊ ငရဲသနင်း ယမမင်းအားလည်း ကောင်း။ ဗြဟ္မာနဥ္၊

ဗြဟ္မာအပေါင်းတို့အားလည်းကောင်း။ ဒေဝါနဥ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ တောင်စောင့်နတ်၊ ရေ–မြေစောင့်နတ်၊ လေစောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ်စသည်တို့အား လည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှုတို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည်ဖြစ်ကြစေကုန်သတည်း။ အယံမေဒနီ၊ ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေစောင့်နတ်သားသည်။ နော၊ အကျွန်ုပ်တို့၏။ ပမတ္တာပိ၊ ပြုပြုသမျှ ကုသလကို မောဟအဝိဇ္ဇာ ဖုံးကွယ်ကာ၍ သညာမှတ်ကင်း မေ့လျော့ခြင်းရှိပါကုန်သော်လည်း။ နော၊ အကျွန်ုပ်တို့၏။ သက္ခိဌာနေ၊ ဝတ်လုံကောင်း ရှေ့နေပမာ သက်သေအရာ၌ တည်လာ ခံလာ ပြောလာသည်။ ဟောတု၊ မုချမသွေဖြစ်ပါစေသတည်း။

(ပုဆိုး–စောင်–အိပ်ရာခင်းဖြစ်လျှင် ဣမံ ပရိက္ခရာစောင့်–ဟုဆိုလေ၊ အများဖြစ်လျှင် ဣမာနိပရိက္ခရာ စောဠာနိ–ဟုဆိုသည်သာ ထူး၏။)

## ရေတွင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်တို့သည်။

ဓာတုဗ္ဗာဒိဒုက္ခတော၊ ပဋိသန္ဓေ အိုနာသေရေး ဤလေးဝသော ဒုက္ခမှ။ မောစနတ္တာယစ၊ ထွက်မြောက်ပါရစေခြင်းအကျိုးငှာ လည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ လုံးစုံများစွာ မင်္ဂလာ အဖြာဖြာ တို့ကို။ သိဒ္ဓိယာစ၊ ပြီးစီးစေခြင်းအကျိုးငှာလည်းကောင်း။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ (ပဉ္စသီလံ၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကို။ အဋ္ဌင်္ဂသီလံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော သီလတော်မြတ်ကို။ ဒသသီလံ၊ ဆယ်ပါးသောသီလတော်မြတ်ကို) သမာဒိ ယိတွာ၊ ကောင်းစွာ ခံယူတည်ဆောက်ပြီး၍။ ကမ္မဋ္ဌ၊ ကံကိုလည်းကောင်း။ ကမ္မ ဖလဋ္ဌ၊ ကံ၏အကျိုးကို လည်းကောင်း။ သဒ္ဒတိတွာ၊ ယုံကြည် မြတ်နိုး အားကိုးပါကုန်သည်ဖြစ်၍။ (အာယသ္မတော၊ အရှင် ဘုရားအား။ ဣဒံ ဥဒပါနံ၊ ဤရေတွင်းကို။ ရေကန်ဖြစ်လျှင်– ဣမံပေါက္ခရဏိ၊ ဤလေးထောင့်ကန်ကို) စီဝရဓောဝနာဒိ ပရိဘောဂတ္ထာယ၊ သင်္ကန်းဖွတ်လျှော် ခြင်း၊ သောက်ခြင်း၊ သုံးခြင်း၊ ဆေးကြောခြင်းအလို့ငှာ (အာယသ္မတော၊ အရှင် ဘုရား၏။ သမုခေ၊ မျက်မှောက် တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍ (သံဃာအတွက် ဖြစ်လျှင် သံဃဿ၊ သံဃာတော် အား၊ ထည့်သည်ထူး၏) ဒေမ၊ လှူပါကုန်၏။ ပရိဘုဉ္ဇတု၊ အလိုရှိသမျှ စိတ်ပြည့်ဝ အောင် သုံးဆောင်တော်မူပါ အရှင်ဘုရား။ အပရံ၊ ထိုမှ တစ်ပါး။ မဏိတေဟိ၊ မွန်မြတ်ကုန်သော။ ဝဏ္ဏ ဂန္ဓ ရသ ပုဏ္ဏေဟိ၊ အဆင်းအနံ့အရသာ အဖြာဖြာနှင့် ပြည့်စုံကုန်သော။

ခါဒနီယာ ဒီဟိ၊ ခဲဘွယ်ဘောဇဉ် ချိုချဉ် သစ်သီး အသီးသီး သော ဆွမ်း အာဟာရတို့ဖြင့်လည်းကောင်း။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ယခု ပြုစုပါရ ရေတွင်း ကောင်းမှုဒါနကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးကပြုဖူး ကောင်းမှုစသည်တို့ကြောင့် လည်းကောင်း။ သင်္ခါရေဟိ၊ သင်္ခါရ တရားအပေါင်းတို့မှ။ အသင်္ခတံ၊ မပြုပြင်ရာအမှန် ပြည်နိဗ္ဗာန်သို့။ သီဃံ၊ လျင်မြန်စွာ။ ပါပ္ပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလို၏ အရှင် ဘုရား။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ သံသာရေ၊ သံသရာ၌။ စရန္တော၊ ကျင်လည် ကျက်စားနေခဲ့သည်ရှိသော်။ ဒုဂ္ဂတိ၊ ငရဲစသား အပါယ်လေးပါးကို။ ဟိတွာ၊ ပယ်၍။ သုဂတိယံယေဝ၊ လူနတ်နှစ်ဝ ဘုံဟူသမျှ၌သာလျှင်။ ဥစ္စာကုလေ၊ မြင့်မြတ် သောအမျိုးရိုး၌။ တိဟေတုက ပဋိသန္ဓိကာ၊ တိဟိတ်ပဋိသန်၊ ပညာဉာဏ်နှင့် ပြည့်စုံသော အမျိုးကောင်းသား ယောကျ်ား စင်စစ် ဆက်တိုင်းဖြစ်သည်။ ဟုတွာ၊ ဖြစ်ကုန်၏။ အင်္ဂသမ္ပန္နော၊ ကောင်းခြင်း (၅)ဖြာ မင်္ဂလာတို့နှင့် ပြည့်စုံခြင်းသည်လည်းကောင်း။ အဋ္ဌာရ သသိပ္ပါစ၊ တစ်ဆယ့်ရှစ်ရပ် တတ်အပ်ပညာ အဖြာဖြာတို့နှင့် ပြည့်စုံခြင်းသည် လည်းကောင်း။ တိက္ခဇဝနပညာ၊ ထက်မြက် လျင်မြန်သော ဉာဏ် ပညာနှင့်ပြည့်စုံကုန်ခြင်းသည် လည်းကောင်း။ ဟာသဉာဏသမ္ပန္နာစ၊ ရယ်ရွှင်ဘွယ်ရာ ဟာသဉာဏ်၏အဖြာဖြာ

တို့နှင့်ပြည့်စုံရခြင်းသည် လည်းကောင်း။ သုခုမ မုဒုစိတ္တာစ၊ သိမ်မွေ့နူးညံ့သောစိတ် ရှိခြင်းတို့သည် လည်းကောင်း။ သခိလောစ၊ ပြေပြေပြစ်ပြစ် မထစ်သော စကားရှိရခြင်းတို့သည် လည်းကောင်း။ ဥဇုဘူတာစ၊ အရာရာမှာ ဖြောင့်မတ်စွာစည်းမျဉ်းကျင့်ရခြင်းတို့သည်လည်းကောင်း။ အာယုဝဏ္ဏ သုခဗလ ပညာဒိသမ္ပန္နာစ၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း စသည်နှင့် ပြည့်စုံခြင်းတို့သည်လည်းကောင်း။ ဟိရိ သြတ္တပ္ပ သမ္ပန္နာစ၊ အရှက်အကြောက်တရားတို့နှင့် ပြည့်စုံရ ခြင်းတို့ သည်လည်းကောင်း။ ဟောမ၊ မုချမသွေ ဘဝါဘဝေ အဆက်ဆက်မှာ ဖြစ်ရပါလိုကုန်၏အရှင်ဘုရား။ ဣဒံပုည ဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးရောက်လာကုန်သောသူအပေါင်းတို့ကို။ အာဒိံကတွာ၊ အစထား၍။ မာတာပါဒိနဥ္စ၊ မိခင်–ဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ ဉာတကာနဥ္စ၊ ယခုနှင့် ရှေးရှေးဘဝတို့က မိဘဘိုးဘွား သားမြေးစဉ်ဆက် ခုနစ်ဆက် တော်စပ်သူဉာတိဟူသမျှတို့အား လည်းကောင်း။ ယမရာ ဇဿစ၊ ငရဲသနင်း ယမမင်းအားလည်းကောင်း။ ဒေဝိန္ဒဿ၊ နတ်တို့သနင်း သိကြားမင်းအား လည်းကောင်း။ ဗြဟ္မာနဥ္စ၊ ဗြဟ္မာအပေါင်းတို့အားလည်းကောင်း။ ဒေဝါနဥ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊

တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ စကြာဝဠာ စောင့်နတ်၊ ရေ၊ မြေ၊ လေစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုး နတ် စသည်တို့အား၊ လည်းကောင်း။ ဘာဇေမ၊ အမျှရစေ ပို့ဝေငှပါကုန်၏။ တေတေဇနော၊ ထိုထိုရှိသမျှဉသုံ အလုံးစုံ သောသူတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှ သော။ ဘာဂံ၊ အဖို့ဘာဂကို။ လဘန္တု၊ ရကြခံစားကြသည် ဖြစ်ကြပါစေကုန်သော်။

## တံတား ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘဝံ၊ ကာမရူပ၊ အရူပတည်းဟူသော ဘဝသုံးပါးကို။ အဂ္ဂိက္ခန္ဓံဝိယ၊ အလျှံပြောင်ပြောင် တောက်လောင်ထိန်ညီး၊ မီးပုံကြီးကဲ့သို့ လည်းကောင်း။ ဗန္ဓနာဂရံဝိယစ၊ အလွန်တရာကြပ်တည်း ကျဉ်းမြောင်းသော နှောင်အိမ်ထောင်ကြီးကဲ့သို့လည်းကောင်း။ မဟာဝနံဝိယစ၊ ခြသေ့်သစ်ကျား၊ လွန်များပြား၍ ထူးခြား စုံစုံ အဖုံဖုံ ဘေးကျမ်းများသော တောအုပ်ကြီးကဲ့သို့လည်း ကောင်း။ မညာမာနာ၊ မှတ်ထင်အောက်မေ့ပါကုန်သည်ဖြစ်၍။ ကမ္မဥ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကို လည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ၅–ပါး၊ ၈–ပါး၊ ၁၀–ပါး စသော သီလတော်မြတ်ကို။ သမာ

ဒိယိတွာ၊ ကောင်းစွာခံယူတ့ည်ဆောက်ပြီး၍။ အာယ သသ္မတော၊ အရှင်ဘုရား၏။ သမုခေန၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ (အာယသ္မတော၊ အရှင်ဘုရားအား) (အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား) သံဃဿ၊ စတုဒ္ဒိသာ သံဃာတော် မြတ်အား။ ဣမံသေတုံ၊ ဤတံတားကို။ ဒေမ၊ လှူဒါန်းပူဇော် ပါကုန်၏။ သံဃော၊ သံဃာတော်သည်။ ယထာသုခံ၊ အလိုတော်ရှိတိုင်း။ ပရိဘုဉ္ဇ၊ အလိုရှိတိုင်းသုံးဆောင်တော် မူပါစေသတည်း။ ဣမိနာစ၊ ဤသို့ယခုပြုစုရသော ကောင်းမှု ကုသိုလ်ကြောင့်။ အညေဟိစ၊ ရှေးကပြုဖူး ကုသိုလ်ထူးတို့ ကြောင့်လည်းကောင်း။ သီတလံ၊ အေးမြလှစွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်တော်မြတ်သို့။ သီဃံ၊ လျင်မြန်စွာ။ ပါပ္ပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်မြတ်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ အပ္ပတ္တံ၊ နိဗ္ဗာန်သို့မရောက်ရ ကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ သံသာရေ၊ သံသရာလှိုင်း ဘဝတိုင်း၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးလွှားရသည်ရှိသော်။ အပါယာဒီဟိစ၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ဝိပတ္တိတရား(၄)ပါး၊ ဗျသနတရား(၅)ပါး၊ ရန်သူမျိုးငါးပါး၊ ရပ်ပြစ်(၈)ပါး၊ အနာမျိုး(၉၆)ပါးတို့မှ။ မုတ္တာ၊ ကင်းလွတ်ရသည်ဖြစ်၍။ သုဂတိယံယေဝ၊ လူ့ပြည် နတ်ပြည် ဤနှစ်လီ၌သာလျှင်။ တိဟေတုကော၊ တိဟိတ် ပဋိသန်၊ ပညာဉာဏ်နှင့် ပြည့်စုံသော အမျိုးကောင်းသား

ယောကျ်ားကောင်းစင်စစ် ဆက်တိုင်းဖြစ်သည်။ ဟုတွာ၊ ဖြစ်ရ၍။ အာယုဝဏ္ဏာ ဒီဃိစ၊ အသက်ရှည်ကြာ အဆင်းသာ၍ ချမ်းသာခွန်အား ပညာတရားတို့နှင့်လည်းကောင်း။ အဋ္ဌာရသသိပ္ပေဟိစ၊ တစ်ဆယ့်ရှစ်ရပ် တတ်အပ်သောပညာတို့နှင့်လည်းကောင်း။ တိက္ခဇဝနပညေဟိ၊ ထက်မြက်လျင်မြန်သော ပညာတို့နှင့်လည်းကောင်း။ သဒ္ဓါဒီဟိစ၊ သဒ္ဓါ သီလ သုတ စသော သူတော်ကောင်းတရား ခုနစ်ပါးတို့နှင့် လည်းကောင်း။ ဟိရိဩတ္တပ္ပေဟိစ၊ အရှက်အကြောက်ဖြစ် သော ဟိရိဩတ္တပ္ပတရားတို့နှင့်လည်းကောင်း။ စန္ဒိမသူရိယ ပါကဋေ ဟိဝိယစ၊ လ,နေ နှစ်ပါး ထင်ရှားနေခြင်းကဲ့သို့ လည်းကောင်း။ အဘောဂရက နေဟိစ၊ သုံးမကုန်စားမကုန်နိုင်သော ဥစ္စာရတနာတို့နှင့်လည်းကောင်း။ ကပ္ပရက္ခေဟိစ၊ အရပ်လေးမျက်နှာတို့မှ ရွှေ ငွေ စသား ရတနာများအပြင် လိုအပ်ပြည့်ဝသော ရတနာ၊ ကမ္ဘာ့ ပဒေသာပင် ပေါက်ရောက်ခြင်းတို့နှင့် လည်းကောင်း။ ပိယသဝန ဒသဿနေဟိစ၊ မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြားသနားပါစေဆိုသော ဆုမွန်ဆုမြတ်တို့နှင့်လည်းကောင်း။ ဣတျာဒီ ဂုဏေဟိ၊ ဤသို့စကားဂုဏ်အများတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံ ကုန်သည်။ ဟောမ၊ မချမသွေ ဘဝတိုင်းဖြစ်ရပါလိုကုန်၏။ ဣဒံပုညဘာဂံ၊ ဤသို့ပြုရ မြတ်ပုညနှင့် ရေးကပြုဖူး ကောင်းမှုထူး ကောင်းမှုမြတ်တို့ကိုလည်း။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာကြသူခပ်သိမ်းသော လူဟူသမျှကို။ အာဒိတွာ၊

အစထား၍။ မာတာပိုဒ်နည်း၊ မိဘဆရာ ဉာတကာနှင့် ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ တွာပိန္ဒသဿစ၊ ရေမြေပိုင်သအစိုးရအားလည်းကောင်း။ သတ္တသဿစ၊ နတ်တို့သနင်းသိကြားမင်းအားလည်း ကောင်း။ ဗြဟ္မာနည်း၊ ဗြဟ္မာမင်းအပေါင်းတို့အားလည်းကောင်း။ ယမရာဇဿစ၊ ငရဲသနင်းယမမင်းအားလည်းကောင်း။ ဒေဝါနည်း၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ အရံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ တောစောင့်နတ်၊တောင်စောင့်နတ်၊ ရေမြေစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်စသည်တို့အားလည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေကုန်၏။ တေတေဇနာ၊ ထိုထိုသတ္တဝါတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ–တူမျှသော။ ပုညဘာဂံ၊ ကောင်းမှုအဖို့တို့ကို။ လဘန္တု၊ အမျှရ၍ချမ်းသာ သည် ဖြစ်ကြစေကုန်သော်။

## ဇရပ်နှင့်စကြံ ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရကန္တာရတော၊ သံသရာခရီးခဲထဲမှ။ မောစနတ္ထာယ၊ လျင်မြန်ခဏ လွတ်မြောက်ရလျက် ထိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ တက်လှမ်းနိုင်စေခြင်းငှာ။ မင်္ဂလတ္ထာယ၊ စီးပွားချမ်းသာတိုးပွားဖို့ဖြစ်စေခြင်းငှာ။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကမ္မည်း၊ ကံကိုလည်းကောင်း။ ကမ္မဖလည်း၊ ကံ၏အကျိုး

ကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးပါကုန်သည်ဖြစ်၍။ တိ သရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူ ကျင့်သုံးဆောက်တည်ပြီး၍။ (အာယသ္မတော။ အရှင်မြတ်၏။ အာယသ္မန္တာနံ၊ အရှင်မြတ်တို့၏။ သံဃဿ၊ ဘုရားအမှူးထား သံဃာတော်အရှင် မြတ်တို့၏။) သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏော ဒကံ၊ မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ (ဣမံ စက်မံ၊ ဤစကြာကို။ ဣမံသာလံ၊ ဤဇရပ်ကို။) အာယသ္မတော၊ အရှင်ဘုရားအား။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား။ သံဃဿ၊ လာလာသမျှ။ စတုဒ္ဒိသာ၊ သံဃာတော်မြတ်အား။ ဒေမပူဇေမ၊ လှူဒါန်း ပူဇော်ပါကုန်၏။ ပရိဘုဥ္ဇတု၊ အရှင်မြတ်များအလိုတော်အတိုင်း သုံးဆောင်နိုင်ကြပါစေကုန်သတည်း။ ဣမိနာစ၊ ဤသို့ယခု ပြုစုရသော ကုသိုလ်ကောင်းမှုကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးက ပြုဖူး ကောင်းမှုထူးတို့ကြောင့်လည်းကောင်း။ သီတလံ၊ ရာဂ, ဒေါသ, မောဟ စသည် ၁၁-ပါးသောမီးတို့၏ ကုန်ရာအမှန်အေးရာအမှန် အဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီလံ၊ ဆောဆောလျင်စွာ အမြဲသာလျှင်။ ပါပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလို၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ သံသာရေ၊ သံသရာ

ဒီလှိုင်း ဘဝတိုင်း၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည် ရှိသော်။ စတူဟိ၊ လေးပါးကုန်သော။ အပါယေဟိစ၊ အပါယ်ဘုံတို့မှလည်း။ မုတ္တော၊ ကင်းလွတ်သည် ဖြစ်၍။ သုဂတိယံ ယေဝ၊ လူ့ပြည်နတ်ပြည် ဤနှစ်လီ၌သာလျှင်။ တိဟေတုက ပဋိသန္ဓိတော၊ တိဟိတ်ပဋိသန် ပညာဉာဏ်တော်နှင့် ပြည့်စုံကုန်သော။ ပုရိသုတ္တမော၊ ယောကျ်ားကောင်း ယောကျ်ားမြတ်သည်။ ဟုတွာ၊ ဖြစ်၍။ အာယုဝဏ္ဏာဒီဟိစ၊ အသက်ရှည်ကြာ အဆင်းသာ၍ ချမ်းသာခွန်အား ပညာအား ဟူသော အကျိုးငါးအင် အာနိသင်တို့နှင့်။ အဋ္ဌာရသိပ္ပေဟိစ၊ တစ်ဆယ့်ရှစ်ရပ် တတ်အပ်ဖြာဖြာ ပညာတကာအပေါင်းတို့နှင့်လည်းကောင်း။ ဟိရိဩတ္တပ္ပ ပုညေဟိစ၊ အရှက်အကြောက် ပြည့်စုံခြင်းတို့နှင့်လည်းကောင်း။ သဒ္ဓါဒိပုညေဟိစ၊ သဒ္ဓါသီလစသော သူတော်ကောင်းတရား ၇-ပါးနှင့်ပြည့်စုံခြင်းတို့နှင့်လည်းကောင်း။ တိက္ခဇဝနပညေဟိစ၊ ထက်မြက်လျင်မြန်ရှုးရှသော ဉာဏ်ပညာတို့နှင့်လည်းကောင်း။ သုခုမပညေဟိစ၊ သိမ်မွေ့သောပညာရပ်တို့နှင့်လည်းကောင်း။ ဂုဏဝန္တေဟိစ၊ အရာရာမှာ ထင်ပေါ်စွာသော ဂုဏ်တို့နှင့်လည်းကောင်း။ ဣတျာဒိဂုဏေဟိစ၊ ဤသို့စသား ဂုဏ်အများတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံရသည်ကုန်သည်။ ဟောန္တု၊ မုချမှန်စွာ ဖြစ်ရပါလိုကုန်၏။ ဤဒံပုညဘာဂံ၊ ဤသို့ပြုရ ကုသလနှင့် ဘဝါဘဝက ပြုခဲ့ရသော ကုသိုလ်ကောင်းမှု အစုစုအဖို့ဘာဂကိုလည်း။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာသူ

လူဟူသမျှ အပေါင်းတို့ကို။ အာဒိကတ္တာန၊ အစထား၍။ မာတုအာဒိနဥ္စ၊ မြင့်မိုရ်တောင်ဦးမကကျူးသည့် မွေးသမိခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ ဉာတိနဥ္စ၊ ယခုဘဝ ရှေးရှေး ဘဝတို့၌ သားချင်းတော်စပ် အဆက်အနွယ်မပြတ် ဖြစ်လာ ကြကုန်သော ဆွေတော်မျိုးတော်တို့အား လည်းကောင်း။ သက္ကသဿစ၊ နတ်တို့သနင်း သိကြားမင်းကြီးအား လည်း ကောင်း။ ဗြဟ္မာနဥ္စ၊ ဗြဟ္မာအပေါင်းတို့အားလည်းကောင်း။ ဒေဝါနဥ္စ၊ ကိုယ်စောင့်နတ်၊ အိမ်, ခြံ, အရာမ်စောင့်နတ်၊ ရွာ,မြို့,ပြ,တိုင်းစောင့်နတ်တို့အားလည်းကောင်း။ အပရံ၊ ထိုမှတစ်ပါး။ သဗ္ဗဒေဝတာနဥ္စ၊ ကမ္ဘာစောင့်၊ ရေ, မြေ, လေ, တော, တောင်၊ ဘုမ္မစိုး, ရက္ခစိုး, အာကာသစိုးအား လည်းကောင်း။ သဗ္ဗသတ္တာနဥ္စ၊ အလုံးစုံသော သတ္တဝါ အပေါင်းတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှဝေပါကုန်၏။ တေတေဇနာ၊ ထိုထို ရှိသမျှဥဿုံ အလုံးစုံကုန်သောသူတို့ သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှသော။ ဘာဂံ၊ အဖို့ဘာဂကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်စေကုန်သော်။

## ကုဋီ ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘဝံ၊ ကာမရူပ အရူပတည်းဟူသော ဘဝသုံးပါးကို။ အဂ္ဂိက္ခန္ဓမ

ဝိယစ၊ အလျှံပြောင်ပြောင် တောက်လောင်ညီးညီး မီးပုံကြီး ကဲ့သို့လည်းကောင်း။ ဗဒ္ဓနာဂါရံဝိယစ၊ အလွန်ကြပ်တည်း ကျဉ်းမြောင်းလှစွာသော ထောင်အိမ်ကြီးကဲ့သို့လည်းကောင်း။ မဟာဝနံဝိယစ၊ ခြင်္သေ့,သစ်,ကျား လွှန်များပြား၍ အစားစား အဖုံဖုံ ဘေးဘျမ်းစုံသည့် ဂနိုင်ရစ်ဆိုး တောအုပ်ကြီးကဲ့သို့လည်း ကောင်း။ မညမာနာ၊ မှတ်ထင်အောက်မေ့ပါကုန်သည်ဖြစ်၍။ ကမ္မကမ္မဖလဉ္စ၊ ကံ-ကံ၏အကျိုးကိုလည်း။ သဒ္ဓဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါး နှင့်။ မဟာ၊ တကွ။ သီလံ၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါး သီလ တော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည် ပြီး၍။ (အာယသ္မတော၊ အရှင်ဘုရား၏။) (အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။) (သံဃဿ၊ သံဃာတော်၏။) သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက် ကို။ ပါတေတွာ၊ သွန်ချ၍။ (ဣမံပဿာဝကုဋိံ၊ ဤကျင်ငယ် အိမ်ကို။) (ဣမံဝစ္စကုဋိံ၊ ဤကျင်ကြီးအိမ်ကို။) (အာယသ္မ တော၊ အရှင်ဘုရားအား။) (အာယသ္မန္တာနံ၊ အရှင်ဘုရား တို့အား။) (သံဃဿ၊ သံဃာတော်အား။) ဒေမ၊ လှူပါ ကုန်၏။ အာယသ္မာ၊ အရှင်ဘုရားသည်။ (အာယသ္မန္တော၊ အရှင်ဘုရားတို့သည်။ သံဃော၊ သံဃာတော်သည်။) ယထာ သုခံ၊ အလိုရှိတော်မူကြကုန်သည်အားလျော်စွာ။ ပရိဘုဉ္ဇတု၊ သုံးဆောင်တော်မူပါစေသတည်း။ အပရံ၊ ထိုမှတစ်ပါး။ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နေဟိ၊

အဆင်း,အနံ့,အရသာတို့နှင့် ပြည့်စုံကုန်သော။ ခါဒနိယာဒီဟိ၊ ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး စသည်တို့ဖြင့်။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ပြုရ မြတ်ပုညနှင့် ရှေးရှေးဘဝကပြုခဲ့သော ကုသိုလ်ကောင်းမှု အစုစုတို့ကြောင့် လည်းကောင်း။ အဇာတျာ သီသံပုဏ္ဏံ၊ ပဋိသန္ဓေနေခြင်း စသည်ကင်းရာ ပြည်ခေမာစခန်း နိဗ္ဗာန် နန်းသို့။ သီဃံ၊ လျင်မြန်စွာ။ ပါပေ့ါမ၊ ယခုဘဝဖြင့် ရောက်ရ သည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ သစေ၊ အကယ် ၍။ အပတ္တာ၊ ပါရမီမပြည့်ဝသေး၍ ယခုဘဝဖြင့် နိဗ္ဗာန်သို့ မရောက်ရသေးကုန်သည်ဖြစ်အံ့။ ဒုတိယတတိယေဘဝေ၊ ဒုတိယ, တတိယဘဝ၌။ ပါပေ့ါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ သစေ၊ အကယ်၍။ အပတ္တာ၊ နှစ်ဘဝ, သုံးဘဝဖြင့် ပါရမီမပြည့်ဝသေး၍ နိဗ္ဗာန်သို့ မရောက် ရကုန်သည်ဖြစ်အံ့။ သတ္တဘဝေ ယေဝ၊ ခုနစ်ဘဝအတွင်း ခုနစ်ဘဝတိတိဖြင့်သာ။ ပါပေ့ါမ၊ လျင်စွာခဏ နိဗ္ဗာန်နန်းသို့ ရောက်ရသည့်ကိုယ် ဖြစ်ရပါလို ကုန်၏ အရှင်ဘုရား။ သစေ၊ အကယ်၍။ အပတ္တာ၊ ဤခုနစ်ဘဝဖြင့် ပါရမီမပြည့်သေး၍ နိဗ္ဗာန်သို့ မရောက်ရ ကုန်သေးသည်ဖြစ်အံ့။ ဣစေတ္တေယေဝ၊ ဂေါတမနွယ်ဖွား ဘုရားလက်ထက် ဓမ္မစက်၌ သာလျှင်။ ပါပေ့ါမ၊ နိဗ္ဗာန်သို့ လျှင်စွာခဏ ရောက်ရသည့်ကိုယ် ဖြစ်ရပါ လိုကုန်၏ အရှင်ဘုရား။ သစေ၊ အကယ်၍။ အပတ္တာဝ၊ ယခုသာသနာမှာ ပါရမီမပြည့်စုံပါသေး၍ နိဗ္ဗာန်သို့ မရောက်ရ

ကုန်သေး။ အရိမေတ္တေယျသာသနေ၊ အရိမေတ္တေယျခေါ် ဘုရားမြတ်စွာ သာသနာတော်၌သာလျှင်။ ပါပွေါမ၊ လျှင်စွာ ထုတ်ချောက် နိဗ္ဗာန်သို့ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင် ဘုရား။ တဿ၊ ထိုအရိမေတ္တေယျ သာသနာတော်ကို။ နာတိ ဝတ္တယာမ၊ သံသရာ ရေယဉ်ကြော ပင်လယ်မျောနေဖို့ လွန်ကျော်ခါမနေရ မဖြစ်ရပါလိုကုန်၏။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ဘာဂကို။ ဣမ၊ ဤအရပ်ဖို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာသူဟူသမျှကို။ အာဒိကတွာ၊ အစ ထား၍၊ မာတုအာဒိနဋ္ဌ၊ မြင့်မိုရ်တောင်ဦးမကကျူးသည့် မွေး သမိခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဋ္ဌ၊ ဆရာသခင်ကျေးဇူးရှင်တို့အားလည်းကောင်း။ ဉာတိနဋ္ဌ၊ ဆွေမျိုးတော်စပ်သူ လူဟူသမျှတို့အား လည်းကောင်း။ ဗန္ဓဝါနဋ္ဌ၊ မိတ်ဆွေ ခင်ပွန်းတို့အား လည်းကောင်း။ တွာပိန္ဒသဿစ၊ ရေ, မြေစိုးကွပ် အရှင်မြတ်အားလည်းကောင်း။ ဗြဟ္မာနဋ္ဌ၊ ဗြဟ္မာမင်းအပေါင်းတို့အားလည်းကောင်း။ ယမရာဇဿစ၊ ငရဲသနင်း ယမမင်းအား လည်းကောင်း။ ဒေဝါနဋ္ဌ၊ ကိုယ်စောင့်နတ်, အိမ်စောင့်နတ်, ခြံစောင့်နတ်, အရံစောင့်နတ်, ရွာစောင့်နတ်, မြို့စောင့်နတ်, တိုင်းစောင့်နတ်, ပြည်စောင့်နတ်, ကမ္ဘာစောင့်နတ်, သာသနာစောင့်နတ်, ရေမြေလေစောင့်နတ်, သမုဒ္ဒရာပင်လယ်စောင့်နတ်, တော တောင်စောင့်နတ်, ဘုမ္မစိုးနတ်, ရုက္ခစိုးနတ်, အာကာသစိုး နတ် စသည်တို့အားလည်းကောင်း။ သဗ္ဗသတ္တာနဋ္ဌ၊ အကြွင်း

အကျန်မရှိ သက်ရှိထွေထွေ သတ္တဝါဝေနေတို့အားလည်း ကောင်း။ ဘာဖေမ၊ အမျှဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေ့ဟိ၊ တပည့်တော်တို့နှင့်။ သမံ၊ တူမျှသော။ ဘာဂံ၊ ကုသိုလ်အဖို့ဘာဂကို။ လဘန္တု၊ ရကြသည်, ခံစားကြသည်ဖြစ်စေကုန်သတည်း။ နော၊ ငါတို့၏။ ပမတ္တာနံပိ၊ မေ့လျော့နေခဲ့၍ သတိမပြုပါကုန်သော်လည်း။ အယံဝသုန္ဓရေ၊ ယုဇနာနှစ်သိန်းလေးသောင်းအထုရှိသော ဤမြေစောင့်နတ်သားသည်။ သက္ခိဌာနေ၊ သက်သေအရာ၌ တည်လာခံလာ, ပြောလာဆိုလာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသောဝ်။

## သံဃိကဇရပ် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ ကမ္မဥ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဥ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဓဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသော သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ (အာယသ္မ ဝေ ဂ၊ အရှင်ဘုရား၏။) (အာယသ္မန္တာနံ၊ အရှင်ဘုရားတို့၏။) (သံဃဿ၊ သံဃာတော်မြတ်၏။) သမုခေ၊ မျက်မှောက်တော်၌။

ဒက္ခိဏောဒရံ၊ အလှူရေစက်**ကို**။ ပါတေတွာ၊ သွန်ချ၍။ ဣမံသာလံ၊ ဤဇရပ်ကို။ **အာဂတာ**နာဂတဿ၊ လာဆဲလာလတ္တံ့သော။ သံဃဿ၊ **သံဃာ**တော်နှင့်တကွ များစွာသောင်းသောင်း လူအပေါင်း**တို့၏။ ယ**ထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇနတ္ထာယ၊ သုံးဆောင်**နေထိုင်**စားသောက်သွားလာအိပ်နေခြင်းစသည်အလို့ငှာ။ ဒေမ စတုဒ္ဒိသာ၊ လာသမျှခပ်သိမ်းလူကို ကြည်ဖြူစိတ်ထူးရည်ရွယ်ထူး၍ ရှင်မြူးသဒ္ဒါ၊ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ဝမ်းမြောက်ဝမ်းသာ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ပြုရ ဇရပ်အလှူဒါနကြောင့်လည်းကောင်း။ အညေနစ၊ ရှေးကပြုဖူး ကောင်းမှုထူးတို့ကြောင့်လည်းကောင်း။ ဇာတိဇရာဒိမုတ္တံ၊ ပဋိသန္ဓေ အိုနာ သေရ ဤလေးဝမှ လွတ်မြောက်ကင်းရာအမှန်ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ်ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ အပတ္တာ၊ ပါရမီသမ္ဘာရ၊ မပြည့်ဝ၍။ မုခဇကေန် နိဗ္ဗာန်သို့ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ သံသာရေ၊ သံသရာလှိုင်း ဘဝတိုင်း၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည်ရှိသော်။ အပါယာဒီဟိ၊ အပါယ်လေးပါး, ကပ်သုံးပါး, ဝိပတ္တိတရားလေးပါး, ဗျသနတရားငါးပါး, ရပ်ပြစ်ရှစ်ပါး, အနာမျိုး ၉၆–ပါးတို့မှ။ မုတ္တော၊ ကင်းလွတ်သည်ဖြစ်၍။ သုဂတိယံယေဝ၊ လူ့ပြည် နတ်ဘုံ အလီလီ၌သာလျှင်။ တိတေတုကပုရိသုတ္တမော၊ တိဟိတ်

ပတိဘာန်၊ ပညာဉာဏ်နှင့်ပြည့်စုံသော အမျိုးကောင်းသား ယောကျ်ားကောင်းစင်စစ် ဆက်တိုင်းဖြစ်သည်။ ဟုတ္တာ၊ ဖြစ်ရ၍။ အာယာဒီဟိစ၊ ဝိသာခါနှင့် အရှင်မဟာကဿပ စသည့် အကျော်အမော်တို့ကဲ့သို့ အသက်ရှည်စွာနေရခြင်း၊ အရှင်ကစ္စည်း, ပဘာဝတီကဲ့သို့အဆင်းလှပရခြင်း၊ ဇောတိက, ဇဋိလ စသည်တို့ကဲ့သို့ ချမ်းသာကြီးခြင်း၊ ဆဒ္ဒန်မင်းတို့ကဲ့သို့ ခွန်အားကြီးရခြင်း၊ အရှင်သာရိ ပုတ္တရာမထေရ်တော်ကဲ့သို့ ပညာကြီးရခြင်း စသည်တို့နှင့် လည်းကောင်း။ အဋ္ဌာရသပ္ပေ ဟိစ၊ ၁၈–ရပ် တတ်အပ်ပညာ အဖြာဖြာတို့နှင့်လည်းကောင်း။ သမ္မဂတော၊ ပြည့်စုံလုံလောက် တစ်ဖက်ကမ်းရောက်သည်။ ဟောမ၊ မုချမှန်စွာဖြစ်ရပါလို ကုန်၏ အရှင်ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ ဟိရိဩတ္တပ္ပ သမ္မန္နော၊ အရက်အကြောက်နှင့် ပြည့်စုံရခြင်းသည်လည်းကောင်း။ သဒ္ဓါသမ္မန္နောစ၊ သဒ္ဓါသီလ စသောဂုဏ်တို့နှင့် ပြည့်စုံရခြင်းတို့လည်းကောင်း။ တိက္ခဇဝနေ ပညေဟိစ၊ ထက်မြက်စူးရှ လျင်မြန်စွာသော ပညာအထူးထူး တို့နှင့် လည်းကောင်း။ ဘူရိသမပညေဟိစ၊ မြေကြီးအထုနှင့် တူသောပညာရပ်တို့လည်းကောင်း။ သမ္မန္နာဂတော၊ ပြည့်စုံလုံ လောက်သည်။ ဟောမ၊ မုချစင်စစ် ဖြစ်ရပါလိုကုန်၏ အရှင် ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ စတုဒ္ဒိသေဟိ၊ အရပ်လေး မျက်နှာတို့မှ။ ဉဂ္ဂတေဟိ၊ ပေါက်လာကုန်သော။ ကင္ခရက္ခေ ဟိစ၊ ရွှေ, ငွေ, စိန်, ပတ္တမြား ရတနာအစားစားတို့နှင့် လိုငြားမကုန် ပြည့်စုံသော ပဒေသာပင်တို့နှင့်လည်းကောင်း။

သမ္မန္နော၊ ပြည့်စုံသည်။ ဟောမ၊ မုချစင်စစ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ မိလိန္ဒနာဂသေနာဝိယ၊ မိလိန္ဒမင်း၊ ရှင်နာဂသိန်ထေရ် စသည်တို့ကဲ့သို့။ နာနာပဉှေ ဟိစ၊ ခက်ခဲ နက်နဲထူးကဲလှသော ပညာရပ်အဖြာဖြာတို့နှင့်။ သမ္မန္နာဂတာ၊ ပြည့်စုံရကုန်သည်။ ဟောမ၊ မုချစင်စစ် ဖြစ်ရပါ လိုကုန်၏ အရှင်ဘုရား။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣမေ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေး လာကြသူ ခပ်သိမ်းလူတို့ကို။ အာဒိကတွာ၊ အစထား၍။ မာတုအာဒီနာ၊ မိခင်ဖခင်ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဉ္စ၊ သွန်သင်ပြသသြဝါဒရေအေး အမြိုက်ဆေးကို ပေးသနားတော်မူတတ် ဆရာမြတ်တို့အားလည်းကောင်း။ ဉာတကာနဉ္စ၊ ယခုဘဝနှင့် ရှေးဘဝကတော်စပ်ခဲ့ကြဖူး ဆွေမျိုး အထူးတို့ အားလည်းကောင်း။ ဘူပါလသဿစ၊ ရေမြေပိုင်သ အစိုးရအားလည်းကောင်း။ ဣန္ဒဿစ၊ နတ်တို့သနင်း သိကြား မင်းအား လည်းကောင်း။ ဗြဟ္မာနဉ္စ၊ ဗြဟ္မာအပေါင်းတို့အား လည်းကောင်း။ ယမရာဇဿစ၊ ငရဲသနင်း ယမမင်းအား လည်းကောင်း။ ဒေဝါနဉ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ တော စောင့်နတ်၊ တောင်စောင့်နတ်၊ သမုဒ္ဒရာစောင့်နတ်၊ ပင်လယ် စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ် စသည်တို့အားလည်းကောင်း။ သဗ္ဗသတ္တာနဉ္စ၊ အကြွင်း

အကျန်မရှိ အလုံးစုံသော သတ္တဝါတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထို သတ္တဝါတို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူ ထပ်မျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ ရကြသည်, ခံစားကြသည်ဖြစ်ကြစေကုန်သတည်း။ အယံဝသုန္ဓရီ၊ ယုဇနာ နှစ်သိန်းလေးသောင်းအထုရှိသော ဤမြေစောင့်နတ်သားသည်။ နော၊ အကျွန်ုပ်တို့၏။ ပမတ္တာနံ၊ အဝိဇ္ဇာအတိ မောဟဖိ၍ အကယ်တစိ မေ့လျော့၍နေမိခဲ့သော်လည်း။ သက္ခိဌာနေ၊ သက်သေအရာ၌ တည်သည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေ သတည်း။

## ဆွမ်းစားကျောင်း ရေစက်ချ

ဘန္တေ၊အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘာဝံ၊ ကာမရူပ အရူပတည်းဟူသော ဘဝသုံးပါးကို။ အဂ္ဂိက္ခန္ဓဝိယစ၊ အလျှံပြောင်ပြောင် တောက်လောင်ထိန်ညီး မီးပုံကြီးကဲ့သို့ လည်းကောင်း။ ဗန္ဓနာဂါရံဝိယစ၊ လွန်စွာကြပ်တည်း ကျဉ်း မြောင်းလှသော ထောင်ချောက်ကြီးကဲ့သို့ လည်းကောင်း။ မဟာဝနံ ဝိယစ၊ ခြင်္သေ့ သစ် ကျား လွန်ပေါများ၍ ထူးခြား သော ဘေးဘျမ်း အလွန်ပြွန်းသော တောအုပ်ကြီးကဲ့သို့လည်း ကောင်း။ မညမာနာ၊ မှတ်ထင်အောက်မေ့ပါကုန်သည် ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသော သီလတော်မြတ်တို့ကို။

သမာဒိယိတွာ၊ ကောင်းစွာခံယူကျင့်သုံးဆောက်တည်ပြီး၍။ (အာယသ္မတော၊ အရှင်သူမြတ်၏။) (အာယသ္မန္တာနံ၊ အရှင်သူမြတ်တို့၏။) (သံဃဿ၊ သံဃာတော်မြတ်၏။) သမုခေ၊ မျက်မှော်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ ဣမံဘတ္တသာလံ၊ ဤဆွမ်းစားကျောင်းကို။ (အာယသ္မတော၊ အရှင်ဘုရားအား။) (အာသသ္မန္တာနံ၊ အရှင်ဘုရားတို့အား။) သံဃဿ၊ သံဃာတော်မြတ်အား။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ယထာသုခံ၊ အလိုတော်ရှိသည့် အတိုင်း။ ပရိဘုဥ္ဇတု၊ သုံးဆောင်တော်မူပါလော။ အပရံ၊ ထိုမှတစ်ပါး။ ခါဒနီယ ဘောဇနိယာ ဒီဟိစ၊ ဆွမ်းခဲဖွယ် ဘောဇဉ်၊ ချိုချဉ် သစ်သီး၊ အသီးသီးသော အာဟာရတို့ဖြင့်။ ဒေမ၊ သဒ္ဒါရွှင်လန်း ဝမ်းပန်းတသာ လှူပါကုန်၏။ ပူဇေမ၊ ဝမ်းမြောက်ကြည်သာ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ပြုရ မြတ်ပုညကြောင့်လည်းကောင်း။ အညေဟိစ၊ ရေးကပြုဖူး ကောင်းမှုထူးတို့ကြောင့်လည်းကောင်း။ သဗ္ဗေဟိ၊ အခ်တတရားအပေါင်းတို့သည်။ အကတံ၊ မပြုပြင်ရန်ဖြစ်သော၊ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ အပတ္တာ၊ နိဗ္ဗာန်သို့ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ သံသာရေ၊ သံသရာ၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည်ရှိသော်။ စတုပာီအပါယာဒီဟိစ၊

အပါယ်လေးပါး, ကပ်သုံးပါး, ရန်သူမျိုးငါးပါး, ဝိပတ္တိတရား လေးပါး, ဗျသနတရားငါးပါး, ရပ်ပြစ်ရစ်ပါး, အနာမျိုး ၉၆-ပါးတို့မှ။ မုတ္တော၊ ကင်းလွတ်ရသည်ဖြစ်၍။ သုဂတိယံ ယေဝ၊ လူ့ပြည် နတ်ရပ် ဘုံနှစ်ထပ်၌သာလျှင်။ တိဝေတုက ပုရိသုတ္တမော၊ တိဟိတ်ပဋိသန်၊ ပညာဉာဏ်နှင့်ပြည့်စုံသော အမျိုးကောင်းသား ယောကျ်ားကောင်းစင်စစ် ဆက်တိုင်း ဖြစ်သည်။ ဟုတွာ၊ ဖြစ်ရ၍။ အာယုဝဏ္ဏာဒီဟိစ၊ အသက် ရှည်ကြာ အဆင်းသာ၍ ချမ်းသာခွန်အား ပညာတရားဟူသော အကျိုးငါးခွင် အာနိသင်တို့နှင့်။ ပုဏ္ဏော၊ ပြည့်စုံသောသူသည်။ ဟောမ၊ မုချစင်စစ် ဖြစ်ရပါလိုကုန်၏အရှင်ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ ဘဝါဘဝေ၊ ဘဝကြီးငယ် အသွယ်သွယ်၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည် ရှိသော်။ အဋ္ဌာရသာသိပ္ပေဟိစ၊ တစ်ဆယ့်ရှစ်ရပ် တတ်အပ်သော ပညာ အဖြာဖြာတို့နှင့်။ သမ္ပန္နော၊ ပြည့်စုံလုံလောက် တစ်ဘက်ကမ်း ရောက်သည်။ ဟောမ၊ မုချမသွေ ဖြစ်ရပါလိုကုန်၏ အရှင် ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ စန္ဒိမသူရိယာဒယော၊ လ,နေ နှစ်ပါးတို့သည် ကမ္ဘာတစ်ခွင်မှာ နေ့ရှိသမျှ ကျော်ကြားကုန် သကဲ့သို့။ ပါကဋော၊ ထင်ရှားကျော်ကြားသူသည်။ ဝါ၊ သီလ, သမာဓိ, ပညာ စသား ဂုဏ်အများတို့နှင့် ကျော်ကြားရသော သူသည်။ ဟောမ၊ မုချမုန်စွာ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ ဟိရိဩတ္တပ္ပ သမ္ပန္နော၊ အရှက် အကြောက်နှင့်ပြည့်စုံသောသူသည်။ ဟောမ၊ မုချမုန်စွာဖြစ်ရပါ

လိုကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ စိတြပညာ၊ ဆန်းကြယ်နက်နဲ ခက်ခဲသောပညာရှိသော။ မိလိန္ဒ နာဂသေနာဝိယ၊ မိလိန္ဒမင်း နာဂသိန်မထေဥ်တို့ကဲ့သို့။ ဘူရိသမော၊ မြေကြီးအထုနှင့်တူသော။ ပညာဝါ၊ ပညာရှိ အမွန်အကျော်အမော်ပုဂ္ဂိုလ်ကြီးသည်။ ဟောမ၊ မုချမှန်စွာ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ကုဒ်ပုညဘာဂံ၊ ဤကောင်းမှု တို့ကို။ ကုမ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေး လာကြသူ ခပ်သိမ်းသောသူဟူသမျှကို။ အာဒိ ကတွာ၊ အစထား၍။ မာတု အာဒိနဉ္စ၊ မြင့်မိုရ်တောင်ဦး မကကြူးသည့် မွေးသမိခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဉ္စ၊ သွန်သင်ပြသ ဆုံးမပေးတတ် ဆရာမြတ်တို့အား လည်းကောင်း။ ဉာတကာနဉ္စ၊ ယခုဘဝ ရှေးဘဝက ဆွေမျိုးတော်စပ်သူ ခပ်သိမ်းသူတို့အားလည်းကောင်း။ ဘူပါလသဿစ ရေမြေပိုင်သ စိုးရသနင်း ပြည့်ရှင်မင်းတို့အားလည်းကောင်း။ ကုန္ဒသဿစ နတ်တို့သနင်း သိကြားမင်းအားလည်းကောင်း။ ဗြဟ္မာနဉ္စ၊ ဗြဟ္မာမင်းအပေါင်းတို့အားလည်းကောင်း။ ယမရာဇသဿစ၊ ငရဲသနင်း ယမမင်းအားလည်းကောင်း။ ဒေဝါနဉ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ အရာမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ သမုဒ္ဒရာ, ရေမြေလေထု အစုစုစောင့်သောနတ်၊ တောစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ် စသည်တို့အား လည်းကောင်း။

သဗ္ဗေသဥ္စ၊ ကြွင်းမဲ့ ဉသုံ အလုံးစုံသောနတ်တို့အား လည်းကောင်း၊ ဘာဇေမ၊ အမျှဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေပဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှု အဖို့ဘာဂကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြ ပါစေကုန်သတည်း။

## ကမ္မဋ္ဌာန်းကျောင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္တာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာလည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ ခပ်သိမ်းဉသုံ အလုံးစုံသော မင်္ဂလာတို့၏။ သိဒ္ဓိယာစ၊ ပြီးစီးအောင်မြင်စေခြင်းငှာလည်းကောင်း။ ကမ္မ-ကမ္မဖလဉ္စ၊ ကံ-ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးပါသည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ၅-ပါး၊ ၈-ပါး၊ ၁၀-ပါးသော သီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ (အာယသ္မတော၊ အရှင်ဘုရား၏။) သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏော ဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမံကမ္မမဋ္ဌာန ဃရံ၊ ဤကမ္မဋ္ဌာန်းကျောင်းကို။ (အာယသ္မာတော၊ အရှင်ဘုရားအား) ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ယထာသုခံ၊ အလိုတော်ရှိသည့်အတိုင်း။ ပရိဘုဥ္ဇတု၊ သုံးဆောင်

တော်မူစေလိုပါ၏။ အပရံ၊ ထိုမှတစ်ပါး။ ပဏီတာနိ၊ မွန်မြတ်ကုန်သော။ ခါဒနိယ ဘောဇနိယာဒီနိစ၊ ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး စသည်တို့ကိုလည်း။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ပြုရ ကမ္မဋ္ဌာန်း ကျောင်းဒါနနှင့် ဆွမ်းခဲဖွယ် စသော လှူဖွယ်ဝတ္ထုအစုစုကြောင့် လည်းကောင်း။ အညေဟိစ ရေးကပြုဖူး ကောင်းမှုထုးတို့ ကြောင့်လည်းကောင်း။ အဇာတိံ၊ ပဋိသန္ဓေ မနေရာဖြစ်သော။ အဇရံ၊ မအိုရာဖြစ်သော။ အဗျာဓိံ၊ မနာရာဖြစ်သော။ အမတံ၊ မသေရာဖြစ်သော။ သိဝံ၊ မီး(၁၁)ပါးတို့၏ အေးငြိမ်းရာ မှန်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာကာ၊ ပါရမီပုည သမ္ဘာရကြောင့် မပြည့်ဝသဖြင့် နိဗ္ဗာန်သို့မရောက် ရကုန်သေး။ တာဝ၊ ထိုမျှလောက်။ သံသာရေ၊ သံသရာ ဒီလှိုင်း ဘဝတိုင်း၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွား ရသည်ရှိသော်။ စတုဟာပါယာဒီဟိစ၊ အပါယ်လေးဝ၊ သုံးဝသောကပ်၊ ငါးရပ်သောရန်သူမျိုး၊ မကောင်းကျိုးဖြစ်သော ပျက်စီးရာ ဝိပတ္တိတရားလေးပါး၊ ဗျသနတရား ငါးပါး၊ ရပ်ပြစ် ၈ ပါး၊ အနာမျိုး ၉၆ ပါးတို့မှ။ ဝိပ္ပမုတ္တော၊ ကင်းလွတ် သည်ဖြစ်၍။ သုဂတိယံယေဝ၊ လူ့ပြည်နှင့်နတ်ပြည် နှစ်လီ ဘုံအရပ်ရပ်၌သာလျှင်။ တိဟေတုတ ပဋိသန္ဓိ ပုရိသုတ္တမော၊ တိဟိတ်ပဋိသန် ပညာနှင့်ပြည့်စုံသော အမျိုး ကောင်းသား

ယောကျာ်းစင်စစ် ဆက်တိုင်းဖြစ်သည်။ ဟုတွာ၊ ဖြစ်ရ၍။ အာယုဝဏ္ဏာဒိဟိစ၊ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အားကြီးခြင်း၊ ပညာကြီးခြင်း၊ တန်ခိုးအာဏာတော်ကြီးခြင်း၊ အခြံအရံများခြင်း၊ ကျော်စောသတင်းပျံ့နှံ့ခြင်း၊ ဂုဏ်သတင်းလွှမ်းမင်းလျက်၊ ကမ္ဘာပျက်သည့်တိုင်အောင် ပြည့်စုံရခြင်း၊ သူတော်ကောင်းတရား (၇)ပါးနှင့် ပြည့်စုံခြင်း၊ မြေလျှိုး, မိုးပျံ, ဈာန်ရနိုင်ခြင်း၊ ထင်ရာမြင်ရာ ပေါက်ရောက်နိုင်ခြင်း၊ မိလိန္ဒမင်း၊ ရှင်နာဂသိန်တို့ကဲ့သို့ ဆန်းကြယ်လှစွာ ပညာရှိခြင်း၊ နှလုံးနှစ်ခွ စကားမကြားရခြင်း၊ တစ်ဆယ့်ရှစ်ရပ် တတ်အပ်သောပညာ အဖြာဖြာတို့နှင့် ပြည့်စုံရခြင်း စသည်တို့နှင့်။ သမ္ပန္နော၊ မုချပိုင်ပိုင် ပြည့်စုံနိုင်သည်။ ဟောမ၊ မုချမှန်စွာ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ဣဒံ ပုညဘာဂံ၊ ဤကောင်းမှု အဖို့ကို။ ဣမ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖွဲ့ဖွဲ့ စည်းဝေးလာကြသူ ခပ်သိမ်းလူတို့ကို။ အာဒိကတွာ၊ အစထား၍။ မာတုအာဒီနဥ္စ၊ မိခင်ဖခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆုံးမပေးတတ် ဆရာမြတ်တို့အားလည်းကောင်း။ ဉာတကာနဥ္စ၊ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့အားလည်းကောင်း။ ယမရာဇဿစ၊ ငရဲသနင်း ယမမင်းအားလည်းကောင်း။ ဒေဝိန္ဒဿစ၊ နတ်တို့သနင်း သိကြားမင်းအားလည်းကောင်း။ ဗြဟ္မာနဥ္စ၊ ဗြဟ္မာမင်းအပေါင်းတို့အားလည်းကောင်း။ ဒေဝါနဥ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ အရာမ်စောင့်နတ်၊ ရွာစောင့်နတ်၊

မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ တိုင်းစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သမုဒ္ဒရာ၊ ရေ၊ မြေ၊ လေစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်၊ အာကာသစိုးနတ် စသည်တို့အားလည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့ နှင့်။ သမံ၊ ထပ်တူထပ်မျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့စုကို။ လဘန္တု၊ ရကြခံစားကြသည့်ဖြစ်ပါစေကုန်သတည်း။ အယံမေဒနီ၊ ယူဇနာပေါင်း နှစ်သိန်းအထုရှိသော ဤမြေစောင့်နတ်သားသည်။ နော အမှာကံ၊ သံသရာဝဲသြဃထဲ၌ နစ်မျောဆဲဖြစ်သော အကျွန်ုပ်တို့၏။ ပမတ္တာနံ၊ ဝိဇ္ဇာအတိ မောဟဖိ၍ တကယ်တစိ မေ့လျော့ဘိသော်လည်း။ သက္ခိဌာနေ၊ သက်သေအရာ၌ တည်လာ၊ ခံလာ၊ ပြောလာ၊ ဆိုလာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

## ရေချိုးခန်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ ကမ္မဋ္ဌ၊ ကံကိုလည်းကောင်း။ ကမ္မဖလဋ္ဌ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်မြတ်နိုးအားကိုးပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါး သီလတော်မြတ်ကို။

သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပါကုန်သည် ဖြစ်၍။ (အာယသ္မတော၊ အရှင်မြတ်၏)။ (အာယသ္မန္တာနံ၊ အရှင်မြတ်တို့၏)။ (သံဃဿ၊ သံဃာတော်မြတ်၏)။ မုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ မြတ်သောအလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမံနာနကေဒွကံ၊ ဤရေချိုးအိမ်ကို။ (အာယသ္မတော၊ အရှင်ဘုရားအား။ အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား)။ (သံဃဿ၊ ဘုရားအမှူးထား သံဃာတော်မြတ်အား)။ ဒေမ၊ သဒ္ဓါကြည်ဖြူ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ဝမ်းပန်းတသာ ပူဇော်ပါကုန်၏။ ယထာမုခံ၊ အလိုတော်ရှိတိုင်း။ ပရိဘုဥ္ဇတု၊ သုံးဆောင်တော်မူစေလိုပါ၏ အရှင်ဘုရား။ အပရံ၊ ထိုမှတစ်ပါး။ ပဏီတာနိ၊ မွန်မြတ်ကုန်သော။ ခါဒနိယဘောဇနိယံ၊ ဆွမ်းခဲဘွယ်ဘောဇဉ်၊ ချိုချဉ်ယမကာ အဖြာဖြာဟူသမျှကို။ ဒေမ၊ လှူဒါန်းပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ပြုရ ရေချိုးအိမ် အလှူဒါနကြောင့်လည်းကောင်း။ ကာမဘော ဘဝေါဃာ ဒိမုတ္တံ၊ ကာမောဃ၊ ဘဝေါဃ စသည်တို့မှ လွတ်သော။ နိဗ္ဗာနံ၊ မီးတစ်ဆယ့်တစ်တန် အေးငြိမ်းရာအမှန် ပြည်နိဗ္ဗာန်ကို။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ်ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကျင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ သံသာရေ၊ သံသရာဒီလှိုင်း ဘဝတိုင်း၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည်ရှိသော်။ စတုပဟိအပါယာ

ဒိဟိစ၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ ရပ်ပြစ် ရှစ်ပါး၊ အနာမျိုး ၉၆ ပါးတို့မှ။ ဝိပ္ပမုတ္တော၊ ကင်းလွတ်ရလျက်။ ဇာတိ ဇာတိယံ၊ ဖြစ်လေရာရာ ဘဝများစွာအဖြာဖြာ၌။ ဥစ္စကုလေဝ၊ မြင့်မြတ်သောအမျိုး၌သာလျှင်။ တိဟေတုက ပုရိသုတ္တမော၊ တိဟိတ်ပဋိသန် ပညာဉာဏ်နှင့်ပြည့်စုံသော အမျိုးကောင်းသား ယောကျ်ားကောင်းစင်စစ် ဆက်တိုင်း ဖြစ်သည်။ ဟုတွာ၊ မချမသွေ ဖြစ်ရလေ၍။ အဋ္ဌာရသသိ ပ္ပေါစ၊ ၁၈ ရပ် တတ်အပ်သောပညာအဖြာဖြာတို့နှင့် ပြည့်စုံ ရခြင်းသည်လည်းကောင်း။ သဒ္ဓါဒိဂုဏောစ သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရီ ဩတ္တပ္ပ ဟူသော သူတော်ကောင်း ဂုဏ်နှင့် ပြည့်စုံရခြင်းသည်လည်းကာင်း။ သီလာသမာဓိပညော စ၊ သီလသမာဓိပညာဂုဏ်နှင့် ပြည့်စုံရခြင်းသည်လည်း ကောင်း။ အဒ္ဒုစ္ဆဝစနော၀၊ မေးမွှားသည်မှ။ အာဒိ၊ စ၍။ နတ္တိတိဝစနဥ္ဆ၊ မရှိဟူက နား၀မှ လေသံမကြားရခြင်းသည် လည်းကောင်း။ ပိယဘာဝေါစ၊ မျက်နှာမြင်ချစ်ခင် အသံကြား သနားရသည့်ကိုယ် ဘ၀ထိုထို၌ ဖြစ်လိုရခြင်းသည်လည်း ကောင်း။ ဂုဏပက္ကဋ္ဌ သဒ္ဒေါစ၊ အစစအရာရာ ဂုဏ်အဖြာဖြာ တို့နှင့် စုံစွာပြည့်အင် ပျံ့လွင့်သောအသံနှင့်ပြည့်စုံရခြင်းသည် လည်းကောင်း။ စန္ဒသူရိယောဝိယ၊ လ နေ နှစ်ပါး လွန်ထင် ရှားသလို ကမ္ဘာအလွှားမှာ ဂုဏ်ရောင်မော်၍ အကျော်ပါရဂူ ဘက်မပြိုင်ဝံ့အောင် ရှိရခြင်းသည်လည်းကောင်း။ စတုဒ္ဒိသုဂ္ဂ

တော၊ အရှေ့ အနောက် တောင်မြောက် ဝဲ ယာ ရပ် ဆယ် မျက်နှာမှ ငွါးငွါးစွင့်စွင့် ကြွားကြွားဝင့်လျှက် ပေါက်ရောက် ပေါ်ထွက်လာသော။ ကပ္ပရုက္ခာ၊ လိုရာတောင့်တ လွန်ပြည့်ဝ စေသော ပဒေသာပင်ပေါက်လာခြင်းသည်လည်းကောင်း။ အာယုစ၊ ဝိသာခါ၊ ကဿပ၊ စရိုများပြား၊ လွန်ထင်ရှားသော သူတို့ကဲ့သို့ အသက်ရာကျော် စွန်း၍ မော်အောင် ကျော်လွန်နေရခြင်းသည်လည်းကောင်း။ သုခဋ္ဌ၊ ဇောတိက၊ ဇဋိလ၊ ကာကောဋ္ဌ၊ မေဏ္ဍက စသည်များပြား သူဌေး သူကြွယ်ကြီး အစားစားတို့ကဲ့သို့ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာရ ခြင်းသည်လည်းကောင်း။ ဗလဋ္ဌ၊ ဆဒ္ဒန်မဟော် အဇာတသတ် မင်းကြော် ထိုသူမော်တို့ကဲ့သို့ ခွန်အားကြီးမားရခြင်းသည် လည်းကောင်း။ ပညာဝါစ၊ မဟော်ဝိဓူရ သာရိပုတ္တရာအကျော် အမော်ခေါင်းဖျား ထိုသူ အစားစားတို့ကဲ့သို့ ပညာကြီးရခြင်း သည်လည်းကောင်း။ စိတြနယပဉ္စော၊ ဆန်းကြယ်နက်နဲ ခက်ခဲသိမ်မွေ့ ထူးထွေဖြာဖြာ အရာရာဟူသမျှ၌ ပညာနှင့် စပ်လျဉ်းဖွယ်ရာတို့မှာ လွန်စွာပြုန်းတီး ပညာရှိကြီးကဲ့သို့ ဘဝတိုင်းဖြစ်ရခြင်းသည် လည်းကောင်း။ ဥမ္မုဒ္ဒန နိမုဒ္ဒန ပုဏ္ဏော၊ မြေလျှိုးမိုးပျံ၊ ရှာန်ပျံရသေ့တို့ကဲ့သို့ တန်ခိုးဣဒ္ဓိပ္ပါဒ်နှင့် ပြည့်စုံရခြင်းသည်လည်းကောင်း။ ဝေဒတ္တယပါရဂူစ၊ ဗေဒင် သုံးကျမ်း အခန်းခန်းတို့၌ ထူးဆန်းနက်နဲ ခက်ခဲသိမ်မွေ့ စွာ သိနိုင်မြင်နိုင်သော တစ်ဖက်ကမ်းရောက် ပါရဂူမြောက် နိုင်သောသူ ဖြစ်ရခြင်းသည်လည်းကောင်း။ တိပိဋကပါရဂူစ၊

ပိဋကတ်သုံးပုံကို နှုတ်လုံရရ သိမြင်နိုင်သူ ပါရဂူအကျော် ဖြစ်ရခြင်းသည်လည်းကောင်း။ ဣတျာဒိ ဂုဏောပေတံ၊ ဤသို့ စသော ဂုဏ်အများတို့နှင့်။ သမန္နော၊ ပြည့်စုံသော။ ပုရိသုတ္တမော၊ ယောကျ်ားမြတ်သည်။ ဟုတွာ၊ ဖြစ်၍။ မိစ္ဆာဒိဋ္ဌိပဟာနော၊ မိစ္ဆာဒိဋ္ဌိဟု ခပ်သိမ်းသော သီဟိုဠ်နေ လူတို့ကို ပယ်ဖျက်နိုင်သော။ ဒုဋ္ဌဂါမဏိမင်းကဲ့သို့ ဖြစ်နိုင် ရခြင်းသည်လည်းကောင်း။ ဘဝါမ၊ မျချမှန်စွာ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာ ကြသူ ခပ်သိမ်းသော လူအပေါင်းတို့ကို။ အာဒိကတွာ၊ အစထား၍။ မာတုအာဒီနဉ္စ၊ မိခင်ဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ အာစရိယာနဉ္စ၊ ဆရာသခင်ကျေးဇူးရှင် တို့အားလည်းကောင်း။ ဉာတိနဉ္စ၊ ဆွေမျိုးတော်သူ ခပ်သိမ်း လူတို့အား လည်းကောင်း။ တွာဝိန္ဒဿစ၊ ရေမြေပိုင်သစိုးရသနင်း ပြည့်ရှင်မင်းအားလည်းကောင်း။ ဣန္ဒဿစ၊ နတ်တို့သနင်း သိကြားမင်းအား လည်းကောင်း။ ဗြဟ္မာနဉ္စ၊ ဗြဟ္မာမင်း အပေါင်းတို့အား လည်းကောင်း။ ယမရာဇဿ၊ ငရဲသနင်း ယမမင်းအား လည်းကောင်း။ ဒေဝါနဉ္စ၊ ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ အရာမ်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ တိုင်းစောင့်နတ်၊ ကမ္ဘာစောင့်နတ်၊ သာသနာစောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ ကြွင်းမျှ ဥဿုံ အလုံးစုံသောနတ်တို့

အား လည်းကောင်း။ ဘာဒေမ၊ အမျှပေးဝေပါကုန်၏။ တေဘောသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှု အဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည်ဖြစ်ပါစေကုန် သတည်း။ အယံဝသုန္ဓရီ၊ ယူဇနာပေါင်း နှစ်သိန်းလေးသောင်း ရှိသော ဤမြေစောင့် နတ်သားသည်။ နော၊ သံသရာဒီလှိုင်း ဘဝတိုင်း၌ ဆုတ်ဆိုင်းမရှိ ပြေးသွားနေဘိ တပည့်တော်တို့၏။ ပမတ္တာပိ၊ အဝိဇ္ဇာအတိ မောဟဖိ၍ အကယ်တစ် မေ့လျော့နေခဲ့မိသော်လည်း။ နော၊ အကျွန်ုပ်တို့၏။ သက္ခိဌာနေ၊ သက်သေအရာ၌ တည်လာ၊ ခံလာ၊ ပြောလာ၊ ဆိုလာသည်။ ဟောတု၊ မုချ မသွေ ဖြစ်ပါစေသတည်း။

## ရေအိုးစင် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘဝံ၊ ဘဝသုံးပါးကို။ အဂ္ဂိက္ခန္ဓံဝိယစ၊ အလျှံပြောင်ပြောင် တောက်လောင်ထိန်ငြီး မီးပုံကြီးကဲ့သို့လည်းကောင်း။ ဗန္ဓနာဂါရံ ဝိယစ၊ အလွန်တရာ ကျပ်တည်းကျဉ်းမြောင်းစွာလှ နှောင်အိမ်ကြီးပမာကဲ့သို့လည်းကောင်း။ မဟာဝနံဝိယစ၊ ခြင်္သေ့၊ သစ်၊ ကျားလွန်များပြား၍ ထူးခြားဖုံဖုံ ဘေးမျိုးစုံသည့် ဂနိုင်ရက်ဆီးတောအုပ်ကြီးကဲ့သို့လည်းကောင်း။ မညမာနာ၊ မှတ်ထင်အောက်မေ့ပါကုန်သည်ဖြစ်၍။ ကမ္မဋ္ဌ၊ ကံကိုလည်းကောင်း။ ကမ္မဖလဋ္ဌ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊

ယုံကြည်မြတ်နိုး အားကိုးပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ဆယ်ပါးသီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ အာယသ္မတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမံပပဋ္ဌံ၊ ဤရေအိုးစင်အိမ်ကို။ အာဂတာ နာဂတဇနာနံ၊ လာလာသမျှသူ ခပ်သိမ်းသော ရဟန်းရှင်လူတို့၏။ အတ္တာယ၊ အလို့ငှာ။ ဒေမ၊ လှူပါကုန်၏။ သဗ္ဗဇနော၊ အလုံးစုံသော လူဟူသမျှသည်။ ယထာသုခံ၊ အလိုရှိတော် မူသည့်အတိုင်း။ ပိဝတု၊ သောက်နိုင်ပါစေသတည်းဟု။ ပတ္တေ့ာမိ၊ စေတနာထား သဒ္ဓါပွားလျက် ဆုမြွက်ခါခါ ဆုတောင်းပတ္တနာပြုပါ၏။ အပရံ၊ ထိုမှတစ်ပါး။ ပဏီတာနံ၊ မွန်မြတ်လှသော။ ခါဒနိယာဒိနိစ၊ အဆင်း အနံ့ အရသာနှင့် ကောင်းမြတ်ပြည့်စုံ လွန်တင့်တယ်ကုန်သော ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး စသည်တို့ကိုလည်း။ ဒေမ၊ သဒ္ဓါရွှန်းအိ လွှမ်းပီတိဖြင့် အတီစေတနာ ဖောသွင်ဖြာလျက် လှူဒါန်းပါကုန်၏။ ပူဇေမ၊ ဝမ်းပန်းတသာ ပူဇော်ပါကုန်။ ဣမိနာစ၊ ဤသို့ယခု ပြုစုရသား ဆွမ်းဒါနများနှင့်ထူးခြားဝေလွှင် ရေအိုးစင်ကို လှူဒါန်းရသော ကောင်းမှုကြောင့်လည်းကောင်း။ အညေဟိစ၊ ရေးကပြုဖူး ကောင်းမှုထူးတို့ကြောင့် လည်းကောင်း။ ယောဂက္ခေမံ၊ ရောဂါလေးပါးကုန်ငြားအမှန် ပြည်နိဗ္ဗာန်သို့။ သီဃံ၊ လျှင်စွာ။ ပါပေါမ၊

ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြွင်မျှလောက် နိဗ္ဗာန် နိဗ္ဗာန်သို့။ အပတ္တံ၊ ပါရမီသမ္ဘာရ မပြည့်ဝသေး၍။ မုချဇကန်၊ မရောက်ရပါသေး။ တာဝ၊ ထိုရွေ့လောက် ကာလပတ်လုံး။ သံသာရေ၊ သံသရာဝဲသြဃ ထဲ၌။ စရန္တော၊ မျောတုံ နစ်တုံ ပေါ်တုံအဖုံဖုံလှည့်၍၊ ကျင် လည်ကျက်စား၊ ပြေးသွားရသည်ရှိသော်။ စတူဟာပါယာ ဒီဟိစ၊ အပါယ် ၄ ပါး ကပ် ၃ ပါး ဝိပတ္တိတရား ၄ ပါး ဗျသနတရား ၅ ပါး ရန်သူမျိုး ၅ ပါး ရပ်ပြစ် ၈ ပါး အနာမျိုး ၉၆ ပါးတို့မှ။ မုတ္တော၊ စင်စစ်မသွေ လွတ်ရလေ၍။ သုဂတိယံယေဝ၊ လူ့ပြည် နတ်ပြည် ဘုံထွေထွေ၌သာလျှင်။ ဘဝိတွာ၊ မငြိမငြင် ပင်ပန်းခြင်းကင်း ဒုက္ခကင်းစွာဖြစ်ရပါ၍။ တိတေတုကပုရိသုတ္တမော၊ တိဟိတ် ပဋိသန် ပညာနှင့်ပြည့်စုံ သော အမျိုးကောင်းသား ယောကျ်ား စင်စစ် ဆက်တိုင်း ဖြစ်သည်။ ဟုတွာ၊ ဖြစ်၍။ အာယုစ၊ အသက်ရာကျော် စွန်း၍မော်အောင် နေရသော ဝိသာခါ ကဿပ၊ စသည် ဂုဏ်ကြီး ပုဂ္ဂိုလ်အသီးသီးတို့ကဲ့သို့ ဖြစ်ရခြင်းသည်လည်း ကောင်း။ ဝဏ္ဏောစ၊ ပဘာဉမ္မာ သမ္မုလာနှင့် အမရာမဒီ တို့ကဲ့သို့ လှပရခြင်းသည် လည်းကောင်း။ သုခဥ္စ ဇောတိက ဇဋိလ မေဏ္ဍကနှင့် ကာကောဏ္ဍာ သူဌေး စသည်ပဂေးတို့ကဲ့သို့ ချမ်းသာကြွယ်ဝခြင်းသည်လည်းကောင်း။ ဗလဥ္စ၊ ဆဒ္ဒန်ဆင် မင်းကဲ့သို့ အားခွန်ဗလ ကြီးမားနိုင်ရခြင်းသည်လည်းကောင်း။ ပညာဝါစ၊ အရှင်သာရိ မည်ရှိထင်ပေါ် အကျော်အမော်

ပညာထူးတွေ ပုဂ္ဂိုလ်ဖြစ်ရခြင်းသည်လည်းကောင်း။ အဋ္ဌာရသ သိပ္ပေါ၊ သိဒ္ဓတ္ထမင်း စသည်တို့ကဲ့သို့ ၁၈ ရပ် တတ်အပ်ပညာ အဖြာဖြာ အဖုံဖုံ ပြည့်စုံ နိုင်ရခြင်းသည်လည်းကောင်း။ သီလ သမာဓိ ပညာဝါစ သီလအရာ သမာဓိအရာ ပညာအရာ၌ ထူးကဲစွာပြည့်စုံရခြင်းသည် လည်းကောင်း။ ဓိတိမန္တော၊ တည်ကြည်သောပညာနှင့် ပြည့်စုံရခြင်းသည်လည်းကောင်း။ စိတြဂုဏော၊ ထူးဆန်းထွေလာ အဖြာဖြာအဝဝ သူတစ်ပါးတို့ သိခက်ခဲလှ ဆန်းကြယ်လှသော ဂုဏ်ထူးဂုဏ်မြတ်တို့နှင့် ပြည့်စုံရခြင်းသည် လည်းကောင်း။ ဣတျာဒိဂုဏေဟိ၊ ဤသို့ စသား ဂုဏ်အများတို့နှင့်။ သမ္ပန္နော၊ ပြည့်စုံသောသူသည်။ ဟောမ၊ မုချမှန်စွာ ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ဣဒံပုည ဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣဓ၊ ဤအရပ်၌။ အာဂတာနံ၊ ညီညာဖျူဖျူ စည်းဝေးလာကြသူခပ်သိမ်းလူတို့ကို။ အာဒိကတ္វာ၊ အစထား၍။ မာတုအာဒီနဥ္စ၊ မိခင်ဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ အာစရိယာနဥ္စ၊ ဂုဏ်များစွာရှိ အာစရိခေါ် ဆရာကျော် ဆရာမြတ်တို့အားလည်းကောင်း။ ဉာတကာနဥ္စ၊ ယခုဘဝ ရှေးဘဝ နှစ်ဘဝမှာ ဉာတကာဆွေ မျိုးတော်ဖူး ပေပြား လူအများတို့အားလည်းကောင်း။ မဟိန္ဒသဿစ၊ နတ်တို့ သနင်း သိကြားမင်းအားလည်းကောင်း။ ဗြဟ္မာနဥ္စ၊ ဗြဟ္မာမင်း အပေါင်းတို့အားလည်းကောင်း။ ယမရာဇဿ၊ ငရဲသနင်း ယမမင်းအားလည်းကောင်း။ ဒေဝါနဥ္စ၊ ကိုယ်စောင့်နတ် အိမ်စောင့်နတ် ခြံစောင့်နတ် အရာမ်စောင့်နတ် ရွာစောင့်နတ်

မြို့စောင့်နတ် ပြည်စောင့်နတ် တိုင်းစောင့်နတ် ကမ္ဘာစောင့်နတ် သာသနာတော်စောင့်နတ် စကြာဝဠာစောင့်နတ် သမုဒ္ဒရာစောင့်နတ် ရေ မြေ လေစောင့်နတ် ကောင်းကင်စောင့်နတ် ဘုမ္မစိုးနတ် ရုက္ခစိုးနတ် အာကာသစိုးနတ် တောစောင့်နတ် တောင်စောင့်နတ် စသည်တို့အား လည်းကောင်း။ သဗ္ဗဇနာနဉ္စ၊ ကြွင်းကျန်မရှိ၊ ခပ်သိမ်းလူတို့အား လည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေ သတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ ထပ်တူထပ်မျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ဘာဂကို။ လဘန္တု၊ အမျှရ၍။ ချမ်းသာကြသည်ဖြစ်ပါစေကုန်သတည်း။ အယံမဟိ၊ ယူဇနာပေါင်း နှစ်သိန်းလေသောင်းအထုရှိသော ဤမြေစောင့်နတ်သားသည်။ နော၊ သံသရာခရီးလမ်းတော စခန်းတွင် မောပန်းနွမ်းလှ မှန်းဆမနိုင် ငေးမှိုင်ဝေရီ မျက်စိလည်စွာ နေရပါသော အကျွန်ုပ်တစ်စုတို့၏။ ပမတ္တာနံ၊ အဝိဇ္ဇာတိမ်သလာ ဖုံးကွယ်ပါ၍ ပညာအရောင် တိုးမပြောင်ဘိ မေ့လျော့နေမိခဲ့သည်ရှိသော်လည်း။ သက္ခိဌာနေ၊ သက်သေအရာ၌ တည်လာခံလာ ပြောလာဆိုလာသည် ဟောတု မုချမုန်စွာ ဖြစ်စေပါသတည်း။

## အန္တရာယ်ကင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ကမ္မ ဖလဉ္စ၊ ကံ၏အကျိုးကို လည်း

ကောင်း။ သဒ္ဓဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးပါကုန်သည် ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ (ငါးပါး၊ ရှစ်ပါး၊ ဆယ်ပါးသောသီလတော်မြတ်တို့ကို၊ လိုရာ သီလထည့်၊ မလိုတာချန်)။ သမာဒိယိတွာ၊ ကောင်းစွာ ခံယူ ဆောက်တည်ပြီး၍။ နိမန္တိကဿ၊ ပင့်ဖိတ်သော။ အာယသ္မတော၊ အရှင်ဘုရားအား။ ဒေယျဓမ္မေ ဒါတဗ္ဗဝတ္ထုနို၊ အသီးသီးသော လှူဖွယ်ဝတ္ထု အစုစုတို့ကို။ ဒေမ၊ လှူပါကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ အန္တရာယဝိသောနေတ္တာယ၊ ဇဖြ သွယ် အန္တရာယ်တို့ကို ပျောက်ကွယ်ရှင်းလင်း လွတ်ကင်းစေခြင်း ငှါ။ ဣမာပရိတ္တာနိ၊ ဤပရိတ်တော်တို့ကို။ သာဒရံ၊ ရိုသေခြင်းနှင့်တကွ။ သုဏောမ၊ ကောင်းစွာနာယူပါကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ဣမိနာစ၊ ယခုပြုရ ကုသိုလ်အစစ အဖြာဖြာကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးကပြုဖူး ကောင်းမှုထူးတို့ကြောင့်လည်းကောင်း။ အမှာကံ၊ ကျွန်ုပ်တို့၏။ ဂေဟေဝါ၊ အိမ်၌လည်းကောင်း။ တံဥပစာရေဝါ၊ ထိုဥပစာ၌ လည်းကောင်း။ ဂါမေဝါ၊ ရွာ၌လည်းကောင်း။ ဂါမူပစာရေဝါ၊ ရွာ၏ဥပစာ၌လည်းကောင်း။ ဝါ၊ အပိုင်းအခြား၌လည်း ကောင်း။ နာနာဒီဟိ၊ အထူးထူးအပြားပြား များလှကုန်သော။ စောရာဒိဘယေဟိ၊ ခိုးသူဘေးအစရှိသည်တို့မှလည်းကောင်း။ ပိသာစာဒီဟိစ၊ သားရဲသားဘက် တစ္ဆေ မြေဘုတ် ဘီလူး ဘေးစသည်တို့မှလည်းကောင်း။ နာနာရောဂေဟိစ၊ အထူးထူး အပြားပြား အနာရောဂါဘေးတို့မှလည်းကောင်း။ နာနုပ္ပဒ္ဒဝေ

ဟိစ၊ အထူးထူးသော။ ဥပဒ္ဒဝေါ၊ ဘေးရန်တို့မှ လည်းကောင်း။ ပါလေန္တု၊ နိစ္စမသေ့ စောင့်မကြစေကုန်သတည်း။ ပဒိုက္ကမန္တု၊ အရပ်တစ်ပါးသို့ ရောက်စေအောင် ဖဲကြဉ်တော်မူကြပါကုန်သတည်း။ အပရံပိ၊ ထိုမှတစ်ပါးလည်း။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ပဏီတပရိတ္တာဿ၊ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသော မင်္ဂလသုတ်စသော ပရိတ်တော်၏။ အာနုဘာဝေန၊ အာနုဘော်အားဖြင့်။ ဣခ၊ ဤအရပ်သို့။ ဓမ္မဿဝနတ္တာယ၊ တရားတော်မြတ်ကို နာခံ မှတ်သားခြင်းအကျိုးငှာ။ အာဂတာ၊ လာကုန်သော။ ဓမ္မဿဝနပရိသာစ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့သည်။ သဗ္ဗသတ္တာစ၊ ခပ်သိမ်းသော သတ္တဝါတို့သည် လည်းကောင်း။ အဝေရာ၊ ရန်မရှိကုန်သည်။ နိဒုက္ခာ၊ ဆင်းရဲမရှိကုန်သည်။ အဗျာပဇ္ဈာ၊ စိုးရိမ်ကြောင့်ကြ၊ ဗျာပါရ မရှိကုန်သည်။ ဟောတု၊ ဖြစ်ကြပါစေကုန်တည်း။ တဿနုဘာဝေန၊ ထိုသို့ယခု ရွတ်ဖတ်ရသော ပရိတ်တော် တရားတော်၏ အာနုဘော်အားဖြင့်။ ဣစ္ဆိတာနိ၊ အလိုရှိအပ်ကုန်သော။ သဗ္ဗမင်္ဂလာနိ၊ အလုံးစုံဟူသမျှ စီးပွားချမ်းသာ မင်္ဂလာတို့သည်။ ခိပ္ပံ၊ လျှင်မြန်စွာ။ ပရိပူရေန္တု၊ ပြည့်ဝပါစေကုန်သတည်း။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည်ရှိသော်။ စတုဟာ ပါယေဟိ၊ အပါယ်လေးပါးတို့မှ။ ဝိမုတ္တာ၊ ကင်းလွတ်ကုန်သည်။ ဘဝါမ၊ ဖြစ်ပါလိုကုန်၏။ သုဂတိယံ၊ သုဂတိဘုံ၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်

သည် ရှိသော်။ တိပေါတုကပဋိသန္ဓိ၊ တိဟိတ် ပဋိသန္ဓေကို။ လဘိတွာ၊ ရ၍။ ပုရိသုတ္တမာ၊ ဇေယာကျားမြတ်တို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဒါနာဒိပါရ မိယော၊ ဒါနအစ ရှိသော ပါရမီတို့ကို။ သဒါ၊ အခါခပ်သိမ်း။ ပုရိတုံ၊ ပြည့်ခြင်းငှာ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သည်။ ဘဝေယျာမ၊ ဖြစ်ရပါလို ကုန်၏။ အန္တိမဘဝေ၊ အဆုံးစွန်ဘဝ၊ နောက်ကာလ၌။ သီဝံ၊ ရာဂ ဒေါသ မောဟ စသား ဆယ့်တစ်ပါးသော မီးတို့၏ ငြိမ်းရာ ဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ပါပေါမ၊ ရောက်ရ သည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှ လောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရ ကုန်သေး။ တာဝ၊ ထိုမျှလောက်။ ဘဝါဘဝေ၊ ဘဝကြီးငယ် အသွယ် သွယ်၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည် ရှိသော်။ အမိတဘောဂဟေဟိ၊ အတိုင်းအဆ မရှိသော စည်းစိမ် ချမ်းသာတို့နှင့်။ သမ္ပန္နာနံ၊ ပြည့်စုံကုန်သည်။ ဘဝါမ၊ ဖြစ်ရပါ လိုကုန်၏။ အာယုဝဏ္ဏ သုခဗလ ပဋိဘာဏာ ဒိဟိ၊ အသက် ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ပညာကြီးခြင်း အစရှိသော အကျိုးထူးတရားတို့နှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်သည်။ ဘဝါမ၊ ဖြစ်ရပါလိုကုန်၏။ ဣဒံ ပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဂုဏဝိသိဋ္ဌာတရာနံ၊ ဂုဏ် ကျေးဇူးအထူး ရှိကြပေကုန်သော။ အာစရိယာနဥ္စ၊ ဆရာမြတ်တို့အား လည်း ကောင်း။ မာတာပိတူနဥ္စ၊ အမိအဖအား လည်းကောင်း။ ဣဓ၊ ဤအရပ်သို့။ ဓမ္မသဝနတ္ထာယ၊ တရားတော်ကို၊

နာခံမှတ်သားခြင်းငှာ။ အာဂတာနံ၊ လာကုန်သော။ ဓမ္မသဝန ပရိသာနဉ္စ၊ တရားနာပရိသတ်အပေါင်း သူတော်ကောင်း တို့အား လည်းကောင်း။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဂါမေဝါ၊ ရွာ၌လည်းကောင်း။ ဂါမူပစာရေဝါ၊ ရွာ၏ ဥပစာ အပိုင်း အခြား၌ လည်းကောင်း။ ဂူမေသိမ်ဃရေဝါ၊ ဤအိမ်၌ လည်းကောင်း။ ဂူမသိမ်ဃရူပစာရေဝါ၊ ဤအိမ်၏ အပိုင်း အခြား၌ လည်းကောင်း။ အာရက္ခာနံ၊ နိစ္စမပြတ် စောင့်ကြပ် ကြကုန်သော။ ဒေဝါနဉ္စ၊ နတ်အပေါင်းတို့အား လည်းကောင်း။ သာသနံ၊ သာသနာတော်မြတ်ကို။ အာရက္ခန္တာနံ၊ မြဲစွာမသွေ စောင့်ကြပေကုန်သော။ ဒေဝါနဉ္စ၊ နတ်အပေါင်းတို့အား လည်းကောင်း။ သဗ္ဗသတ္တာနဉ္စ၊ ဆိုခဲ့ပြီးသည်မှ ကြွင်းသော အလုံးစုံသော သတ္တဝါတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှ ပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေှဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အညီအမျှ။ ပုညံ၊ ကောင်းမှု အဖို့ဘာဂကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါ စေကုန်သတည်း။

## ဆွမ်းကပ် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋ ဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲမှ။ မောစနတ္တာယစ၊ ထွက်မြောက်ပါရခြင်း အကျိုးငှာလည်း ကောင်း။ အရဟတ္တ မဂ္ဂဖလနိဗ္ဗာနဿ၊ အရဟတ္တမဂ်

အရဟတ္တဖိုလ် နိဗ္ဗာန်ကို။ သစ္စိကရဏတ္တာယစ၊ မျက်မှောက်ပြုပါရခြင်းအကျိုး ငှာလည်းကောင်း။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့် တကွ။ ပဉ္စင်္ဂသမန္နံ၊ အင်္ဂါငါးပါးနှင့်ပြည့်စုံသော။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာစောင့်ရှောက်ဆောက် တည်ပြီး၍။ ကမ္မဥ္စ၊ ကံကို လည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏ အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည် ဖြစ်၍။ ဒေဝမနုဿ နိဗ္ဗာနသုခတ္တာယ၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ အကျိုးငှာ။ ပဏီတာနိ၊ မွန်မြတ်လှကုန်သော။ ရသသမ္ပန္နာနိ၊ အရသာနှင့်ပြည့်စုံကုန်သော။ ဣမာနိအာမိသာဒီနိ၊ ဤဆွမ်းစသော လှူဘွယ်ဝတ္ထု အစုစုတို့ကို။ အရဟာဒိဂုဏ္ဏာဿ၊ အရဟံစသော ဂုဏ်ကိုးပါးနှင့် ပြည့်စုံသော။ (ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား- ဘုရားအတွက်) (အယသ္မတော၊ အရှင်ဘုရားအား-တစ်ပါး အတွက်)။ (အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား-၃ ပါး အတွက်)။ (ဗုဒ္ဓပ္ပမုခသံဃဿ၊ ဘုရားအမှူးရှိသော သံဃာတော်အား၊ ဘုရားနှင့်တကွ သံဃာအတွက်)။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာပုညကမ္မေန၊ ဤသို့ပြုရဆွမ်းဒါနကြောင့်။ အနာဂတေ၊ နောင်အခါ၌။ ဗုဇ္ဈနကဿ၊ ပွင့်လတ္တံ့သော။ ဗုဒ္ဓဿ၊ အရိမေတ္တယျ အစရှိသော ဘုရားသခင်၏။ သန္တိကေ၊ အထံတော်၌။ စတုပဋိသမ္ဘိဒါပဟိစ၊ ပဋိသမ္ဘိ ၄ ပါးတို့နှင့်လည်းကောင်း။ ဆဠာဘိဘိညာဟိစ၊ အဘိညာဉ် ၆ ပါးတို့နှင့်လည်းကောင်း။ အဋ္ဌသမာပတ္တိဟိစ၊

သမာပတ္တိ ရှစ်ပါးတို့နှင့်လည်းကောင်း။ သမ္ပန္နာ၊ ပြည့်စုံကုန်သော။ ခိပ္ပါဘိညာ၊ လျှင်သော အဘိညာဏ်ရှိကုန်သော။ သုခပဋိပဒါ၊ လွယ်သောအကျင့်ရှိကုန်သော။ ခီဏာသဝါ၊ ရဟန္တာမြတ်တို့သည်။ ဟုတ္វာ၊ ဖြစ်ကုန်၍။ ဝရံ၊ မြတ်လှစွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ အပတ္တာ၊ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက်ကာလပတ်လုံး။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရကုန်သည်ရှိသော်။ အပါယာဒိဒုက္ခတော၊ အပါယ်လေးပါး၊ ကပ်သုံးပါး၊ ဝိပတ္တိတရား လေးပါး၊ ရန်သူမျိုးငါးပါး၊ ဗျသနတရား ငါးပါး၊ ရပ်ပြစ်ရှစ်ပါး၊ အနာမျိုး ၉၆ ပါးတို့မှ။ မောစိတွာ၊ ကင်းလွတ်၍။ သုဂတိံ ယံယေဝ၊ လူ့ပြည်နတ်ရပ်၊ အထပ်ထပ်သော ဘုံဘဝ၌သာလျှင်။ ဥတ္တမေကုလေ၊ မြင့်မြတ်သော အမျိုး၌။ တိဟေတုကော၊ တိဟိတ်ပဋိသန် ပညာဉာဏ်နှင့်ပြည့်စုံသော။ ပုရိသုတ္တမော၊ ယောကျ်ားမြတ်သည်။ ဟုတ္វာ၊ အမှန်မုချ ဖြစ်လေရ၍။ အာနန္ဒထေရောဝိယ၊ အရှင်အာနန္ဒာမထေရ်ကဲ့သို့။ အာယုစ၊ အသက်ရာကျော် စွန်း၍ကျော်အောင်နေရခြင်းသည်လည်းကောင်း။ ကစ္စာနထေရောဝိယ၊ အရှင်မဟာကစ္စည်းမထေရ်မြတ်ကဲ့သို့။ ဝဏ္ဏောစ၊ ကိုယ်ရေ အဆင်းလှပခြင်းသည်လည်းကောင်း။ ဇောတိကဒယော၊ ဇောတိက, ဇဋိလ စသော သူဌေးကဲ့သို့။ သုခဥ္စ၊ ချမ်းသာ ကြီးခြင်းသည်လည်းကောင်း။ အဇာတသတ္တုဝိယ၊ အဇာတသတ်မင်းကဲ့သို့။ ဗလဥ္စ၊ ဆင်ပြောင်ငါးစီး ဆောင်နိုင်သော အားရှိခြင်းသည်

လည်းကောင်း။ မဟောသဓာ ဒယောဝိယ၊ မဟော်သဓာ၊ အရှင်သာရိပုတ္တရာ စသည်တို့ကဲ့သို့။ ပညာစ၊ ပညာကြီးခြင်းသည် လည်းကောင်း။ အနုရုဒ္ဓ ထေရောဝိယ၊ အနုရုဒ္ဓအကျော် မထေရ်မော်ကဲ့သို့။ နတ္ထိတိဝစနံ၊ မရှိဟူသောစကားကို မကြားရခြင်းသည် လည်းကောင်း။ သတ္တပုရိသဓမ္မေဟိ၊ သူတော်ကောင်းဥစ္စာ ခုနစ်ပါး၊ သူတော်ကောင်းတရား ၃၂ ပါးတို့နှင့်။ သမ္မန္နော၊ ပြည့်စုံရခြင်းသည် လည်းကောင်း။ အဒ္ဒေဇ္ဈဝစနံ၊ နှစ်လုံးနှစ်ခွသောစကားကို။ အဘဏော၊ မပြော မဆိုရခြင်းသည်လည်းကောင်း။ ပိယေဟိ၊ ချစ်ခင်အပ်သော သူတို့နှင့်။ ဝသန္တော၊ မကွေမကွာ နေရခြင်းသည်လည်းကောင်း။ အပိယေဟိ၊ မချစ်ခင်သော သူတို့နှင့်။ ဝိပ္ပယောဂေါ၊ ကွေကွင်း ကွဲကွာ၍ နေရခြင်းသည် လည်းကောင်း။ ဒုဇ္ဇနေဟိ၊ သူတော် မဟုတ် သူယုတ်မာတို့နှင့်။ နဝသန္တော၊ မပေါင်းဖော်ရ ခြင်းသည်လည်းကောင်း။ သုဇနေဟိ၊ လူသူတော်ကောင်း တို့နှင့်။ ဝသန္တော၊ အတူတကွ နေခြင်းသည်လည်းကောင်း။ ဘာဝေယျာမ၊ သံသရာထဲ မလွှဲသာခေတ် ဘဝသစ်၌ ဖြစ်ရ ပါလိုကုန်၏။ ဣဒံပုညံ၊ ဤကောင်းမှုတို့ကို။ ဣဓ၊ ဤအရပ် သို့။ အာဂတာနံ၊ ညီညာဖွဖွ စည်းဝေးလာကြကုန်သော ပရိသတ်တို့ကို။ အာဒိ ကတွာ၊ အစထား၍။ မာတုအာဒိနဥ္စ၊ မိခင်ဖခင်ကျေးဇူးရှင်တို့အား လည်းကောင်း။ (ရှေးအတိုင်း ဆရာစသည် ထည့်၍ဆို)။ ဘာဇေမ၊ အမျှပေးဝေကုန်ပါ၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါ တို့သည်။ အမေဟိ၊ အကျွန်ုပ်

တို့နှင့်။ သမံ၊ တူမျှသော။ ဘာဂံ၊ အဖို့ဘာဂကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြစေကုန်သတည်း။ အယံဝ သုန္ဒရိ၊ နှစ်သိန်းလေးသောင်း အထုရှိသော ဤမြေကြီးစောင့် နတ်သားသည်။ နော အမှာကံ၊ သံသရာဒီလှိုင်း ဘဝတိုင်း၌ ဆုတ်ဆိုင်းမရှိ ပြေးသွားနေဘိ အကျွန်ုပ်တို့၏။ ပမတ္တောပိ၊ သတိမေ့လျော့၍ အမှတ်မရခဲ့သော်လည်း။ သက္ခိဌာနေ၊ သက်သေအရာ၌ တည်လာ ခံလာ ပြောလာ ဆိုလာသည်။ ဟောတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

## စေတီပုထိုး ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သကလ-ဝဋ္ဋ-ဒုက္ခ-နိဿရဏတ္ထာယ၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်းအကျိုးငှာ။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ သဓာတုကံ၊ ဓာတ်တော်နှင့်တကွဖြစ်သော။ သပဋိမံ၊ ဆင်းတုတော်နှင့်တကွသော။ ဣမံဗုဒ္ဓစေတိယံ၊ ဤမြတ်စွာဘုရား စေတီတော်ကို။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ သဒေဝ မနုဿေဟိ၊ နတ်-လူ-ဗြဟ္မာနှင့်တကွသော လူအပေါင်းတို့ သည်။ ပူဇိတုံ၊ ရှိခိုးကိုးကွယ် ပူဇော်စိမ့်သောငှာ။ ပတိဋ္ဌာပေမ၊ တည်ပါကုန်၏။ (အာယသ္မတော၊ အရှင်မြတ်၏)။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို၊

ပါတေတွာ၊ သွန်ချ၍။ ခါဒနီယဘောဇနီယာဒိဟိ၊ ဆွမ်းခဲဘွယ်ဘောဇဉ် အစရှိသော အထူးထူးလျှဖွယ်ဝတ္ထုတို့ဖြင့်။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ပါစေခြင်းငှာ။ ဒေမ၊ လှူပါကုန်၏။ ဣမိနာပုညကမ္မေနစ၊ ဤ ဆွမ်းစသော လှူဘွယ်ဝတ္ထုအစုစုနှင့် ဆင်းတုဒါန ပြုစုရသော ကောင်းမှု၏ စေတနာကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးကပြုဖူး ကုသိုလ်ထူးကြောင့်လည်းကောင်း။ (သမ္မာသမ္ဗောဓိ၊ သစ္စာလေးပါးကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အလိုလိုသိတော်မူသော သဗ္ဗညုတဆုမွန်ဆုမြတ်ကို။ လဘာမ၊ မုချပိုင်ပိုင် ရနိုင်ပါလိုကုန်၏။) ပစ္စေကဗောဓိ၊ ပစ္စေကဗုဒ္ဓါ ဖြစ်သော ဆုမွန်ဆုမြတ်ကို။ သာဝကဗောဓိ၊ ဘုရားတပည့်အားသာဝကအတန်းစားဟူသော ဆုမွန်ဆုမြတ်ကို လိုရာတောင်းရန်) လဘာမ၊ မုချပိုင်ပိုင်၊ ရနိုင်ပါလိုကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ယာဝ၊ အကြွင်းမျှလောက်ကာလပတ်လုံး။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်ကျက်စားရသည်ရှိသော်။ (ရှေးယခင်ကအတိုင်း ဆုများကို ထည့်၍ဆို)။ အပရံ၊ ထိုမှတစ်ပါး။ ဇာတကာလတော၊ ဖွားသောနေ့က။ အာဒိ၊ စ၍။ အဘူတံ၊ မဟုတ်မမှန်သော။ ဓမ္မံ၊ တရားဆိုး တရားညစ်စုကို။ ဟိတွာ၊ ပယ်၍။ သုဓမ္မံယေဝ၊ တရားကောင်း တရားမြတ်ကိုသာလျှင်။ စရိတွာ၊ ကျင့်ကြံအားထုတ်၍။ ဝသေယျာမ၊ အသက်ရှိသမျှ အဆုံးကျအောင် နေရပါလိုကုန်၏။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။

မာတုအာဒိနဋ္ဌ၊ မိဘဆရာ ညာတကာနှင့် ဒေဝါနတ်များ သိကြား၊ ဗြဟ္မာ၊ ယမဒေဝါ၊ အစဖြာ၍၊ များစွာဝေနေ၊ သတ္တဝါမိုလ်ခြေ ရှိသမျှသူတွေအားလည်း။ ဘာဇေမ၊ အမျှပေးဝေကုန်ပါ၏။ ကေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရကြ၍ ခံစားကြသည် ဖြစ်ပါစေကုန်သတည်း။

## ဆင်းတုတော် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရဝဋ္ဋဒုက္ခတော၊ မှ။ မုစ္စိတွာ၊ လွတ်၍။ နိဗ္ဗာန သစ္ဆိကရဏတ္ထာယ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်းအကျိုးငှာ။ သဗ္ဗမင်္ဂလတ္ထာယစ၊ အလုံးစုံသော လောကီ လောကုတ္တရာ မင်္ဂလာအဖြာဖြာတို့၏ အကျိုးငှာလည်းကောင်း။ တိသရဏေနသဟ၊ သရဏဂုံသုံးပါးနှင့်တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယာ၊ ကောင်းစွာခံယူ ဆောက်တည် ပြီး၍။ ဣမံဗုဒ္ဓဗိမ္ဗံ၊ ဤဘုရားဆင်းတုတော်ကို။ သဗ္ဗေဟိ၊ အလုံးစုံသော။ သဒေဝမနုဿေဟိ၊ နတ်နှင့်တကွသော လူတို့သည်။ ပူဇိတုံ၊ ရှိခိုးကိုးကွယ် ပူဇော်စိမ့်သောငှာ။ ပတိဋ္ဌာပေမ၊ ရှိတည်ပါကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ နာနာ ပကာရေမိ၊ အထူးထူးအပြားပြား များကုန်သော။ **ခါဒနိယ ဘောဇနိယာ ဒီဟိစ၊ ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး အစရှိသည်ဖြင့်လည်းကောင်း။ အယသွတော၊**

အရှင်ဘုရား တို့၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏော ဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဧဒမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာပုညကမ္မေန၊ ဤသို့ နတ်လူဗြဟ္မာ သတ္တဝါတို့၏ ရှိခိုးပူဇော် ဦးတိုက်ညွတ် နူး ဖွယ်ရာ ဆင်းတုတော်မြတ်ရတနာနှင့် ထူးထွေစွာသော ခဲဘွယ် ဘောဇဉ် ချိုချဉ်သစ်သီး စသည်တို့ဖြင့် လှူဒါန်းရသော ကောင်းမှုကံတို့ကြောင့်လည်းကောင်း။ အညေနစ၊ ရေးကပြုဖူး ကောင်းမှုထူးကြောင့်လည်းကောင်း။ အဇာတိ၊ ပဋိသန္ဓေ မနေရာဖြစ်သော။ အဇရံ၊ မအိုရာဖြစ်သော။ အဗျာဓိံ၊ မနာရာ ဖြစ်သော။ အမရဏံ၊ မသေရာဖြစ်သော။ သိဝံ၊ အေးမြလှစွာ သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ (ဆုတောင်းများ ရေးနည်းအတိုင်းထည့်ပါ။) ဟောမ၊ မုချမုန်စွာ ဖြစ်ရပါလို ကုန်၏ အရှင်ဘုရား။ ဣဒံပုညဘာဂံ၊ ဤသို့ယခုပြုရသော ကုသိုလ် ရေးရေးကပြုခဲ့ရသော ကောင်းမှုကုသိုလ် အဖို့ဘာဂ ဟူသမျှကို။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးရောက်လာကြသော ပရိသတ်လေးပါးတို့ကို။ အာဒိံ ကတွာ၊ အစထား၍။ မာတုအာဒိနဥ္စ၊ မိခင်ဘခင် ကျေးဇူးရှင် နှင့် ဆရာသခင်တို့အားလည်းကောင်း။ (ဆွေမျိုး ညာတကာ၊ နက်စသည် ရေးအတိုင်းထည့်ပါ။) ဘာဇေမ၊ အမျှပေးဝေ ပါကုန်၏။ တေတေသတ္တာ၊ ထိုရှိသမျှအလုံးစုံသော သတ္တဝါ

တို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေကုန်သတည်း။

## ဗောဓိပင် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သကလ ဝဋ္ဋ ဒုက္ခ နိဿရဏတ္ထာယ၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ပါရခြင်း အကျိုးငှာ။ နိဗ္ဗာနဿ၊ မဂ်ဖိုလ်နိဗ္ဗာန်ကို။ သစ္ဆိကရဏတ္ထာယ၊ မျက်မှောက်ပြုပါရခြင်း အကျိုးငှာလည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ အလုံးစုံသော လောကုတ် လောကီ နှစ်လီသော မင်္ဂလာတို့ကို။ သိဒ္ဓိယာစ၊ ပြီးစီးအောင်မြင်စေခြင်းအကျိုးငှာလည်းကောင်း။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယာ၊ သရဏဂုံ (၃)ပါးနှင့်တကွ ဆောက်တည်ပြီး၍။ ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏ်ဗောဓိရုက္ခ၊ ဉာဏ်မြတ်သောဗောဓိပင်ကို။ သဒေဝ မနုဿတိ၊ နတ်နှင့်တကွ ရှိသမျှအပြားပြား၊ ဝေနေယျသတ္တဝါ အပေါင်းတို့သည်။ ပူဇိတုံ၊ ရှိခိုးပူဇော်စိမ့်သောငှာ လည်းကောင်း။ အပစာယိတုံ၊ အရိုအသေပြုစိမ့်သောငှာလည်းကောင်း။ ဝန္ဒိတုံ၊ ရှိခိုးစိမ့်သောငှာလည်းကောင်း။ ပတိဋ္ဌာနပေမ၊ စိုက်ပျိုးတည်ထားပါကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ အာယသ္မတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊

အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမာနိခါဒနိယာဒိနံ၊ ဤဆွမ်းခဲဘွယ် စသော လှူဘွယ်ဝတ္ထု အစုစုတို့ကို။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ ယခု ပြုစုရသော ဗောဓိပင် စိုက်ပျိုးထူထောင်ရသော ကုသိုလ်၊ ဆွမ်း ကွမ်းနှင့်တကွ အထူးထူးသော သင်္ကန်း သပိတ် စသည် တို့ကို လှူဒါန်းရသော ကုသိုလ်ကံကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးကပြုဖူး ကုသိုလ်အထူးတို့ကြောင့် လည်း ကောင်း။ (ဆုတောင်းများ ရှေးနည်းအတိုင်း ထည့်ပါ။) ဘာဇေမ၊ အမျှပေးဝေကုန်ပါ၏။ တေတေသတ္တာ၊ ထိုထို သတ္တဝါတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ ရကြ ခံစားကြသည် ဖြစ်ပါစေကုန်သတည်း။

## ကမ္မဝါစာ ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရတော၊ သံသရာဝဋ်ဆင်းရဲမှ။ မောစနတ္တာယ၊ လျှင်မြန် ထုတ်ချောက် လွတ်မြောက်ပါရခြင်းအကျိုးငှာ။ သဗ္ဗမင်္ဂလာနံ၊ အလုံးစုံသော လောကီမင်္ဂလာ အဖြာဖြာတို့ကို။ သိဒ္ဓိယာ၊ ပြီးစီးအောင်မြင်ပါစေခြင်းအကျိုးငှာ။ တိသရဏေန၊ သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယာ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ ကမ္မဋ္ဌ၊ ကံကို လည်းကောင်း။ ကမ္မဖလဋ္ဌ၊ ကံ၏အကျိုးကိုလည်းကောင်း။

သဒ္ဓဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ အမှာကံ၊ အကျွန်ုပ်တို့၏။ ပုညံ၊ ကောင်းမှုဖြစ်သော။ ဣမံကမ္မဝါစံ၊ ဤကမ္မဝါစာကို။ ဥဋ္ဌာရာယ၊ ပွားတိုးမြင့်မြတ်စေခြင်းငှာ။ သက္ကစ္စံ၊ ရိုသေစွာ။ ပဋိသရဏံ၊ ကိုးကွယ်ရာကို။ ကရောတု၊ ပြုပါစေသတည်း။ အပရံ၊ ထိုမှတစ်ပါး။ နာနာဟိ၊ အထူးထူး၊ အပြားပြား များကုန်သော။ ခါဒနိယာဒီဟိ၊ ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး အစရှိသည်တို့ဖြင့်။ အာယသ္မတော၊ အရှင်ဘုရား၏။ သာမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဒေမ၊ လှူဒါန်း ပူဇော်ပါကုန်၏။ ဣမိနာ၊ ဤသို့ယခု ကမ္မဝါလှူမှုနှင့် အစုစု အဝဝ ဆွမ်းခဲဘွယ်ဘောဇဉ်ဟူသမျှတို့နှင့် အစစအဖြာဖြာ ကုသိုလ်ကံစေတနာကြောင့် လည်းကောင်း။ အညေဟိစ၊ ရှေးကပြုဖူး ကောင်းမှုထူးတို့ကြောင့် လည်းကောင်း။ (ဆုတောင်းများ ရှေးနည်းအတိုင်း ထည့်ပါ။) ဣဒံပုညဘာဂံ၊ ဤကောင်းမှု အဖို့ဘာဂဟူသမျှကို။ မာတုအာဒိ၊ မိခင်ဖခင်ကျေးဇူးရှင်များကို။ အာဒိကတွာ၊ အစထား၍။ ဉာတိနဉ္စ၊ ဆွေတော် မျိုးတော်တို့အားလည်းကောင်း။ အာစရိယာနဉ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ (နတ်သိကြား စသည်ထည့်ပါ။) ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထို သတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှသော။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြစေကုန်သတည်း။

## ပဒေသာပင် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘဝံ၊ ကာမရူပ အရူပတည်းဟူသော ဘဝသုံးပါးကို။ အဂ္ဂိက္ခန္ဓံ ဝိယ၊ အလျှံပြောင်ပြောင် တောက်လောင်ထိန်ငြီး မီးပုံကြီး ကဲ့သို့လည်းကောင်း။ ဗန္ဓနာဂါရံဝိယစ၊ လွန်စွာကြပ်တည်း ကျဉ်းမြောင်းလှစွာသော နှောင်အိမ်ထောင် အိမ်ကြီးကဲ့သို့ လည်းကောင်း။ မဟာဝနံဝိယစ၊ သားရဲကျားသစ် လွန်ပေါ မျှား၍ ကြောက်မက်ဖွယ်ကောင်းသော တောအုပ်ကြီးကဲ့သို့ လည်းကောင်း။ မညမာနာ၊ အောက်မေ့မှတ်ထင်ပါကုန်သည် ဖြစ်၍။ တိသဏောန၊ နှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော် မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူ ဆောက်တည်ပြီး၍။ ကမ္မကမ္မဖလဥ္စ။ ကံ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒ ဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးပါကုန်သည် ဖြစ်၍။ (အာယသ္မတော၊ အရှင်ဘုရား၏။) သမုခေ၊ မျက်မှောက် တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန် ချ၍။ နာနာပရိက္ခာရပူရိကံ၊ အထူးထူးအပြားပြား အသုံး အဆောင် အစားစားနှင့် များပြားစွာလှ၊ ပရိက္ခရာ ဟူသမျှ တို့ဖြင့် ပြည့်စုံသော။ ဣမံကပ္ပရက္ခံ၊ ဤပဒေသာပင်ကို။ (အာယသ္မတော၊ အရှင်ဘုရားအား။) ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ခါဒနိယဘောဇနိယေဟိစ၊ ချိုချဉ်ခဲဘွယ် အမယ်မယ်အဝဝ ဆွမ်းဘောဇဉ်အာဟာရတို့ဖြင့်လည်း။ ဒေမ၊

လှူဒါန်းပူဇော်ပါကုန်၏။ ဣမိနာ၊ ဤသို့ ပြုရ မြတ်ပုည ကြောင့် လည်းကောင်း။ အညေဟိစ၊ ရေးကပြုဖူး ကုသိုလ်ထူး တို့ကြောင့် လည်းကောင်း။ အဇာတျာဒိ၊ ပဋိသန္ဓေ အိန္ဒြာသေရ ဤလေးဝတို့၏ ကင်းပရာအမှန်ဖြစ်သော။ သိဝံ၊ အေးမြလှစွာ သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ပါပေါမ၊ လျှင်မြန် ဆောစွာ ဘဝတိုတိုနှင့် ရောက်နိုင် ရနိုင်သည့်ကိုယ် ဖြစ်ရပါလို ကုန်၏ အရှင်ဘုရား။ (ဆုတောင်းများကို ရေးအတိုင်းဆို) ဣဒံ ပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣမေ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာရောက်ကြကုန်သော ပရိသတ်လေးပါးတို့ကို။ အာဒိကတွာ၊ အံစပြု၍။ မာတု အာဒိနဉ္စ၊ မိခင်ဘခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ အာစရိယာနဉ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ (ဆွေမျိုးစသည် ရေးအတိုင်းထည့်) ဘာဇေမ၊ အမျှပေးဝေပါ ကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါ တို့သည်။ အမေှဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှု ကုသိုလ်အဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြစေကုန် သတည်း။

## စည်ခေါင်းလောင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘာဝံ၊ ဘဝသုံးပါးကို။ အဂ္ဂိက္ခန္ဓ–ဗန္ဓနာဂါရ–မဟာဝနံဝိယ၊ ရဲရဲ ပြောင်ပြောင် တောက်လောင်ကုန်ပြီး မီးပုံကြီး ကြပ်တည်း

ကျဉ်းမြောင်းလှသော တောင်ကြီးနှင့် ကြောက်ဘွယ်ကောင်း
လှ ဘေးဘယနှင့်ပြည့်ဝသော တောအုပ်ကြီးကဲ့သို့။ မညမာနာ၊
မှတ်ထင်အောက်မေ့ပါကုန်သည် ဖြစ်၍။ တိသရဏေန၊
သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ (၅-ပါး၊ ၈-
ပါး၊ ၁၀-ပါး)သော သီလတော်မြတ်ကို။ သမာဒိယာ၊
ကောင်းစွာခံယူဆောက်တည်ကုန်ပြီး၍။ ကမ္မံကမ္မဖလဉ္စ၊ ကံ-
ကံ၏အကျိုးဆက် အာနိသင်ကိုလည်း။ သဒ္ဒဟိတွာ၊
ယုံကြည်မြတ်နိုး အားကိုးပါကုန်သည်ဖြစ်၍။ ဣမိနာသဒ္ဓ
ဒါနဂန္ဓေန၊ ဤခေါင်းလောင်းတီးဟူသောအသံဖြင့်။ စေတီ
ယဿ၊ ဓာတုစေတီ ဥဒ္ဒိဿစေတီတော်မြတ်အား။ နိစ္စဒ္ဓပူဇံ၊
အမြဲပူဇော်ခြင်းကို။ ကရောမ၊ ပြုပါကုန်၏။ ယေဇနာ၊ အကြင်
ရှင်လူ ခပ်သိမ်းသူတို့သည်။ ယထာသုခံ၊ အလိုတော်ရှိသည့်
အတိုင်း။ ဃဏ္ဍေန္တု၊ ထိုးခတ်တီးနှက်ကြပါစေကုန်သတည်း။
ဣတိ၊ ဤသို့သော၊ ပဏိမိ၊ ဆုမွန် ဆုမြတ်ကို။ ပတ္ထေမ၊
တောင်းပါကုန်၏။ မယံဝိယ၊ ကျွန်ုပ်တို့ ကဲ့သို့။ ဣဒံဒါနံ၊
ဤသို့သော ခေါင်းလောင်းစည်မျိုးအလှူကို။ ဒဒန္တု၊ လှူနိုင်ကြ
ပါစေကုန်သတည်း။ အပရံ၊ ထိုမှတစ်ပါး။ နာနာပကာရေဟိ၊
အထူးထူးအပြားပြားများကုန်သော။ ခါဒနိယဘောဇနီယာဒိဟိ၊
ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီးစသော လှူဘွယ်ဝတ္ထုအစုစု
တို့ဖြင့်။ အာယသ္မတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်
မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါပေတွာ၊
သွန်ချ၍။ ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။

ဣမိနာပုညကမ္မေန၊ ဤသို့ ခေါင်းလောင်းစည်ကြီးနှင့်တကွ ဆွမ်း ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီး စသည်တို့ကို လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့်လည်းကောင်း။ အညေဟိစ၊ ရေးကပြုဖူး ကုသိုလ်ထူးတို့ကြောင့်လည်းကောင်း။ အဇ္ဇာတဲ့ာဒိ၊ ပဌိသန္ဓေ အိုနာ သေရေး ဤလေးဝတို့၏ ကင်းပရာမှန်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန် ရွှေမြို့သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ပဋိသမ္ဘိဒါလေးမည် ခြောက်လီသောဘိညာဉ်၊ ရှစ်အင်သမာပတ် အရပ်ရပ်တို့နှင့် ပြည့်စုံစွာ ရောက်ရသည့်ကိုယ် ဖြစ်ရပါလို ကုန်၏အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တာ၊ မရောက်ရသေး။ (ဆုတောင်း ရေးအတိုင်း ထည့်ပါ) ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣဓ၊ ဤ အရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာရောက် ကုန်သော ပရိသတ်တို့ကို။ အာဒိ ကတ္တွာ၊ အစထား၍။ မာတာ ဒိနဥ္စ၊ မြင့်မိုရ်တောင်ဦး မကကျူးသည့် မွေးသမိခင် ကျေးဇူးရှင် တို့အားလည်းကောင်း။ (ဆွေမျိုးစသည်ထည့်) ဘာဇေမ၊ အမျှ ပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှသော။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြ ပါစေကုန်သတည်း။

## ရွှေဆိုင်း ငွေဆိုင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဇာတာဒိ

ဒုက္ခတော၊ ပင်ပန်းသည့်နေရခြင်း အိုခြင်း နာခြင်း သေခြင်း ဟူသော ဝဋ်ဆင်းရဲအပေါင်းမှ။ မောစနတ္တာယစ၊ ထွက်မြောက်ပါရခြင်းအကျိုးငှာလည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ လောကုတ္တ လောကီနှစ်လီသော မင်္ဂလာတို့ကို။ သိဒ္ဓိယာစ၊ ပြီးစီးအောင်မြင်လိုရာခရီးသို့ပင် ရောက်စေနိုင်ခြင်းအကျိုးငှာ လည်းကောင်း။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူ ဆောက်တည်ပြီး၍။ ကမ္မံကမ္မဖလဉ္စ၊ ကံ-ထိုကံ၏အကျိုးကိုလည်း။ သဒ္ဒဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးတစ်ခု ပြုလုပ်ပါကုန်သည် ဖြစ်၍။ အာယသ္မာတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ မြတ်သော အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ ဣမံသုဝဏ္ဏ စုဏ္ဏပင်္ဂ၊ ဤရွှေမှုံပြားကို (ဝါ) ရွှေဆိုင်းကို။ ဣမံရဇတစုဏ္ဏပင်္ဂ၊ ဤငွေမှုံပြား(ဝါ) ငွေဆိုင်းကို။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ဥဒ္ဒိဿ၊ ရည်မှန်း၍။ စိဝရတ္ထာယ၊ သင်္ကန်းတော်အလို့ငှာ။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ နာနာပကာရေဟိ၊ အထူးထူးအပြားပြား များကုန်သော။ ခါဒနိယဘောဇနီယာဒီဟိ၊ ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်သစ်သီး အရသာအဖြာဖြာတို့ဖြင့်လည်း။ ဗုဒ္ဓဿ၊ ဘုရားအားလည်းကောင်း။ သံဃဿစ၊ သံဃာတော် အားလည်းကောင်း။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါ ကုန်၏။ ဣမိနာစ၊ ဤသို့ရွှေဆိုင်း၊ ငွေဆိုင်းတို့ကို သင်္ကန်း တော်အလို့ငှာ လှူဒါန်းရသောစေတနာ၊

ခဲ့ဘွယ်သောဇဥ် အဖြာဖြာနှင့်တကွသော ကောင်းမှုကြောင့်။ အညေဟိစ၊ ရှေးကပြုဖူး ကောင်းမှုထူးတို့ကြောင့် လည်းကောင်း။ သိဝံ၊ အေးမြ လှစွာသော။ နိဗ္ဗာနပူရံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ်ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်မျှလောက်ကာလပတ်လုံး။ သံသာရေ၊ သံသရာထဲ၌။ စရန္တော၊ ကျင်လည်ကျက်စား ပြေးသွားရသည်ရှိသော် (ဆုတောင်း ရှေးအတိုင်းထည့်ပါ) ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣမ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာကြကုန်သော ပရိသတ် လေးပါးတို့ကို။ အာဒိ ကတွာ၊ အစထား၍။ မာတုအာဒိနဥ္စ၊ မိခင်ဘခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ (ဆရာစသည်ထည့်) ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှသော။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ ရကြ ခံစားကြသည် ဖြစ်ပါစေသတည်း။

## ဆောင်းတန်း ရေစက်ချ

ဘန္တေ၊ နိဗ္ဗာန်ရည်မှန်း ကျွတ်တန်းဝင်မည့် စိတ်ကရည်ရော် ကျင့်တော်မူသော အရှင်ဘုရား။ မယံ၊ တပည့်တော်တပည့်တော်မတို့သည်။ ဇာတိဒုက္ခတောစ၊ အလလ ရေကြည်တည်နေသည်မှ။ အာဒိစ၊ ဒုက္ခထွေထွေ ပဋိသန္ဓေနေရခြင်းဟူသော ဒုက္ခမှလည်းကောင်း။ ဇရာဒုက္ခတောစ၊ သွားကျိုး

ဆံဖြူ နားအူမျက်မွဲ ခါမစဲသော အိုးရခြင်းဆင်းရဲမှုလည်း ကောင်း။ ဗျာဓိဒုက္ခတော၊ ခေါင်းကိုက်မူးဝေ၊ လေနာ ထူလျက်၊ ဖျားမူးကိုက်ခဲ၊ ခါမစဲတလာစပ်၊ မပြတ်သော ဝေဒနာ ဖြင့် နှိပ်စက်ခံစားလျက်နေရသော နာခြင်းဆင်းရဲမှုလည်း ကောင်း။ မရဏဒုက္ခတော၊ အဖန်တလဲလဲ၊ မပြတ်မလပ်၊ ဘဝအထပ်ထပ်ပင်၊ သေရခြင်းဟူသောဆင်းရဲမှုလည်းကောင်း။ မောစနတ္တာယစ၊ ကျွတ်လွတ်ပါရခြင်းအကျိုးငှာလည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ လောကုတ် လောကီ နှစ်လီသော မင်္ဂလာ အဖြာဖြာတို့ကို။ သိဒ္ဓိယာစ၊ လိုရာခရီး ပြီးစီးပေါက်ရောက် စေခြင်း အကျိုးငှာလည်းကောင်း၊ ဥဒ္ဒိဿ၊ နိဗ္ဗာန်ရည်ရော် စိတ်ကဖျော်၍။ ကမ္မံကမ္မဖလဉ္စ၊ ကံ-ကံ၏အကျိုးကိုလည်း ကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်မြတ်နိုး အားကိုးပါကုန်သည် ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူ ဆောက်တည်ပြီး၍။ အာယသ္မတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ မဟာဇနဿ၊ လူများအပေါင်းသည်။ စေတိယင်္ဂဏပဝေသနတ္တာယ၊ စေတီရင်ပြင်သို့ စိမ့်ဝင်သော ငှာ။ သီဟာဒီရူပေဟိ၊ ခြင်္သေ့-သစ်-ကျား အစားစားသော အရုပ်များတို့ဖြင့်။ စိတြံ၊ ဆန်းကြယ်သော။ သောဘဏံ၊ တင့်တယ်ကောင်းမြတ်သော။ ဣမံသောပါဏံ၊ ဤစောင်းတန်း တော်ကို။ ပတိဋ္ဌာပေမ၊ ဆောက်လုပ်တည်ထားပြုလုပ်ပါ

ကုန်၏။ တံ၊ ထိုစောင်းတန်းတော်ကို (အာယသ္မတော၊ အရှင်ဘုရားအားတစ်ပါး) (အာယသ္မန္တာနံ၊ အရှင်ဘုရားတို့အား ၂-၃) (သံဃဿ၊ သံဃာတော်များအား သံဃာ) ဒေမ၊ လှူဒါန်းပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ တေတေ ဇနာ၊ လာလာသမျှလူ၊ ထိုထိုသူအပေါင်းတို့သည်။ ဣမသ္မိံ သောပါနေ၊ ဤစောင်းတန်းတော်ကြီး၌။ ယထာသုခံ၊ အလိုရှိတော်မူသည့်အတိုင်း။ ဂစ္ဆန္တု၊ သွားလာတော်မူကြပါစေကုန်သတည်း။ အပရံ၊ ထိုမှတစ်ပါး၊ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ရသသမ္ပန္နေဟိ၊ အရသာတို့နှင့်ပြည့်စုံသော။ ဂန္ဓေဟိ၊ အနံ့တို့နှင့်ပြည့်စုံကုန်သော။ ခါဒနီယဘောဇနီယေဟိ၊ ခဲဘွယ်ဘောဇဉ်၊ ချိုချဉ်သစ်သီး၊ အသီးသီးအဝဝ၊ သကၤန်းပရိက္ခရာ စသည်တို့ဖြင့်လည်း။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ တေတေဇနာ၊ လာလာသမျှလူ၊ ထိုထိုလူအပေါင်းတို့သည်။ ဣဒိယံပုညံ၊ ဤကဲ့သို့သော ပုညကုသိုလ်အဝဝကို၊ ကရောန္တု၊ မချမသွေ ပြုနိုင်ကြပါစေကုန်သတည်း။ ဣမိနာစ၊ ဤသို့ယခု ပြုစုပါရ စောင်းတန်းအလှူဒါနနှင့် ဆွမ်းဒါန အဖြာအဖြာ ကုသိုလ်ထွေလာ များပြားစွာကြောင့်လည်းကောင်း။ အညေဟိစ၊ ရှေးက ပြုဖူး ကောင်းမှုထူးတို့ကြောင့်လည်းကောင်း။ သီဃံ၊ ဆေးမြလှစွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ယာဝ၊ အကြင်ရွှေ့လောက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ အပတ္တံ၊ မရောက်ရ

သေး။ (ဆုတောင်းထည့်ပါ) ဣဒံပုညဘာဂံ၊ ဤကောင်းမှု အဖို့ကို။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာကြကုန်သော ပရိသတ်လေးပါးတို့ကို။ အဒိံ ကတွာ၊ အစထား၍။ မာတုအာဒိနဥ္စ၊ မြင့်မိုရ်တောင်ဦး မကကျူးသည်၊ မွေးသမိခင်နှင့် မွေးသဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း။ (ဆရာစသည်ထည့်ပါ) ဘာဇေမ၊ အမျှဝေ ပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါအပေါင်းတို့သည်။ အမေှဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှုတို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည် ဖြစ်ပါ စေသတည်း။

## အုတ်ကျောက်အခင်းနှင့် အုတ်တံတိုင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သကလ၊ ဝဋ္ဋ၊ ဒုက္ခတော၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲ ကြီးထဲမှ။ မုစ္စိတွာ၊ ကျွတ်လွတ်ရ၍။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန် ရွှေပြည်မြို့သို့။ ပဝေသနတ္ထာယ၊ ဝင်စံပါရခြင်းအကျိုးငှာလည်း ကောင်း။ ကမ္မဥ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဥ္စ၊ ကံ၏ အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်မြတ်နိုးအားကိုး ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာ ကျင့်သုံးဆောက်တည်၍။ အာယသ္မတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်

ကို။ ပါတေတွာ၊ သွန်ချ၍။ စေတိယင်္ဂဏော၊ စေတီရင်ပြင်တော်၌။ ပါသဏေ၀ါ၊ ကျောက်အင်္ဂတေတို့ဖြင့်။ အတ္တရာမ၊ ခင်းပါကုန်၏။ (ၪင်းအခင်းပါမူထည့်) ဣမသ္မိံစေတိယင်္ဂေ၊ ဤစေတီရင်ပြင်၌။ အာရာမတ္တာယစ၊ အရာမ်အလို့ငှာ။ ဂေါပကတ္တာယ၊ နွား-ကျွဲ စသော သတ္တဝါတို့ လုံခြုံစေခြင်းငှာ။ ဣမံပါကာရံ၊ ဤတံတိုင်းကို။ မရောမ၊ တည်ထားပြုစုပါကုန်၏။ တံ၊ ထိုတံတိုင်းတော်ကို။ စေတိယသ၊ ဓာတု၊ ဥဒ္ဒိသ၊ ပရိဘောဂနှင့် ဓမ္မစေတီတော်အား။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ တေဇာနာ၊ ထိုထိုရဟန်းရှင်လူ ခပ်သိမ်းလူတို့သည်။ ယထာသုခံ၊ အလိုတော်မှုသည့်အတိုင်း။ ပရိဘုဥ္ဇန္တု၊ မီးထွန်းခြင်း၊ ပန်းတင်ခြင်း၊ ဆွမ်းတင်ခြင်း၊ ရေချမ်းကပ်ခြင်း စသည် ပြုစုတော်မူကြစေကုန်သတည်း။ အပရံ၊ ထိုမှတစ်ပါး။ နာနာပကာရ၊ ခါရိယာဒိဟိစ၊ အထူးထူးအပြားပြား၊ များမြောင်းစွာလှ၊ ဆွမ်းခဲဘွယ် စသောလှူဘွယ်ဒါနတို့ဖြင့်လည်းကောင်း။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ အပရံ၊ ထိုမှတစ်ပါး။ ဘာ၀နုဒိ၊ ပေးကမ်းလှူသူ၊ အလှူခံပုဂ္ဂိုလ်၊ လှူအပ်သောပစ္စည်းဥစ္စာအဖြာဖြာတို့လည်း။ သစ္စိသတော၊ မွေ့လျော်၍ မမြဲရခြင်းဒုက္ခသဘော၊ ဆင်းရဲရခြင်း အနတ္တသဘော၊ အစိုးမရခြင်းဟူသော ဘာ၀နာကမ္မဋ္ဌာန်း၌လည်း။ အရောပေမ၊ သုံးသပ်ဆင်ခြင် အားထုတ်နှလုံးသွင်းပါကုန်၏။ ဣမိနာစ၊ ဤတံတိုင်းနှင့် သမံတလင်း အလှူကောင်းမှုကြောင့်လည်း

ကောင်း။ အညေဟိစ၊ ရေးကပြုဖူး ကုသိုလ်ထူးတို့ကြောင့်လည်းကောင်း။ သီတလံ၊ အေးရာအမှန် ပြည်နိဗ္ဗာန်သို့။ ပါပေါမ၊ လျှင်မြန်ထုတ်ချောက် ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ မာတုအာဒီနဉ္စ၊ မိဘဆရာ ဉာတကာနှင့်။ ဒေဝသတ္တာ၊ မာရဗြဟ္မာ ကြွင်းရာဥဿုံ အလုံးစုံသောသူတို့အား။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှသော။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာကြသည်ဖြစ်ပါစေကုန်သတည်း။

## သပိတ် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သံသာရ၊ ဝဋ္ဋ၊ ဒုက္ခတော၊ သံသရာတည်းဟူသောဝဋ်ဆင်းရဲမှ။ မောစနတ္တာနယ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာ။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဓဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ အာယသ္မတော၊ အရှင်ဘုရား၏။ သမုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်ချ၍။ အာယသ္မတော၊ အရှင်ဘုရားအား။ ဣမံပတ္တံ၊

ဤသပိတ်တော်ကို။ ဒေမ၊ လှူပါကုန်၏။ အထာသုခံ၊ လိုတော်ရှိသည့်အတိုင်း။ ပရိဘုဥ္ဇန္တု၊ သုံးဆောင်ပါစေသတည်း။ အပရံ၊ ထိုမှတစ်ပါး။ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ဝဏ္ဏ ဂန္ဓ ရသ သမ္ပန္နေဟိ၊ အဆင်းအနံ့အရသာတို့နှင့် ပြည့်စုံကုန်သော။ ခါဒနီယာဒိဟိ၊ ခဲဘွယ်ဘောဇဉ် ချိုချဉ်သစ်သီးစသော ဝတ္ထုပစ္စည်းတို့ဖြင့်။ ဒေမ၊ လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ဣမိနာစ၊ ဤသို့ပြုရ သပိတ်အလှူဒါနနှင့် ဆွမ်းခဲဘွယ်ဘောဇဉ် စသည်တို့ဖြင့် လှူဒါန်းရသောကုသိုလ်ကံစေတနာတို့ကြောင့်။ အညေဟိစ၊ ရှေးကပြုဖူး ကုသိုလ်ထူးတို့ကြောင့်လည်းကောင်း။ သီတလံ၊ အေးမြလှစွာသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ သီဃံ၊ လျင်မြန်စွာ။ ပါပေမ၊ ရောက်ရသည့်ကိုယ် ဖြစ်ရပါလိုကုန်၏ အရှင်ဘုရား။ (ဆုတောင်းထည်ပါ) ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဣဓ၊ ဤအရပ်သို့။ အာနုဂတာနံ၊ ညီညာဖျဖျ စည်းဝေးလာသူ ခပ်သိမ်းလူတို့ကို။ အာဒိံကတွာ၊ အစထား၍။ မာတုအာဒီနဥ္စ၊ မိဘဆရာ ဉာတကာနှင့်။ ဒေဝါမာရ၊ သတ္တာဗြဟ္မာ၊ ယမာနတ်မင်း ကြွင်းသမျှနတ်တို့အားလည်းကောင်း။ ဘာဇေမ၊ အမျှဝေပါကုန်၏။ တေတေသသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမေ့ဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ အတူအမျှ။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာပါစေကုန်သတည်း။

## ညှောင်စောင်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ သကလ၊ ဝဋ္ဋ၊ ဒုက္ခတော၊ အလုံးစုံသော သံသရာ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ လွတ်မြောက်ပါရခြင်းအကျိုးငှာလည်းကောင်း။ သဗ္ဗမင်္ဂလာနံ၊ လောကုတ်လောကီ နှစ်လီနှစ်ဖြာ မင်္ဂလာဟူသမျှတို့ကို။ သိဒ္ဓိယာ၊ ပြီးစေခြင်းအကျိုးငှာလည်းကောင်း။ ကမ္မဥ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဥ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယ၊ ကောင်းစွာခံယူဆောက်တည်ပြီး၍။ အာယသ္မတော၊ အရှင်ဘုရား၏။ သမ္မုခေ၊ မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ သွန်းချ၍။ သပရိက္ခာရံ၊ သင်ဖြူး၊ ခေါင်းအုံး၊ မွေ့ရာ၊ အဆောက်အအုံနှင့်တကွသော။ ဣမံမဥ္စံ၊ ဤညှောင်စောင်းကုလားထိုင်ကို။ အာယသမ္မတော၊ အရှင်ဘုရားအလို့ငှာ။ ဒေမ၊ လှူဒါန်းပူဇော်ပါကုန်၏။ အာယသ္မာ၊ အရှင်ဘုရားသည်။ ယထာသုခံ၊ အလိုတော်မှသည့်အတိုင်း။ ပရိဘုဥ္ဇတု၊ သုံးဆောင်တော်မူပါစေသတည်း။ ဣမိနာစ၊ ဤသို့ယခုပြုစုရသော ညှောင်စောင်းခုတင်ကောင်းမှုနှင့် ခဲဘွယ်ဘောဇဉ် စသော လှူဘွယ်ဝတ္ထုအစုစုကြောင့်လည်းကောင်း။ အညေဟိစ၊ ရေးကပြုဖူး ကောင်းမှုထူးတို့ကြောင့်လည်း

ကောင်း။ သီတလံ၊ လောကတွင် အအေးဘုရင်ထက် ဆထက် လွန်ကျူး အထူးသဖြင့် အေးမြရာဖြစ်သော။ နိဗ္ဗာနံ၊ အအေးမာတ် နိဗ္ဗာန်မြတ်သို့။ သီဃံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ကစ်ဘဝနှစ်ဘဝစသောအားဖြင့် ခုနစ်ဘဝအတွင်း နိဗ္ဗာန်သို့ ရောက်ရပါလိုကုန်၏ အရှင်ဘုရား။ (ဆုတောင်းများ ရေးနည်းအတိုင်းထည့်) ဣဒံပုညဘာဂံ၊ ဤသို့ယခု ပြုစုရသော ကုသိုလ်ကောင်းမှု အဖို့ဘာဂကို။ ဣမ၊ ဤအရပ်သို့။ အာဂတာနံ ညီညာဖွဖွ စည်းဝေးလာပြီး ပရိသတ်အများတို့ကို။ အာဒိ ကတွာ၊ အစထား၍။ မာတာဒိနဥ္စ၊ မိခင်ဘခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အား လည်းကောင်း (ဆွေမျိုးစသည်ထည့်) ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေသတ္တာ၊ ထိုထိုသတ္တဝါတို့သည်။ အမှေဟိ၊ အကျွန်ုပ်တို့နှင့်။ သမံ၊ တူမျှသော။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရ၍ ချမ်းသာ ကြသည်ဖြစ်ပါစေကုန်သတည်း ။

## တရားဟောပလ္လင် ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ တိဘဝံ၊ ဘဝသုံးပါးကို။ အင်္ဂါခန္ဓဝိယာစ၊ အလျှံပြောင်ပြောင် တောက်လောင်ထိန်းငြိး မီးပုံကြီးကဲ့သို့လည်းကောင်း။ ဗန္ဓနာဂါရံ ဝလ္လယစ၊ ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲများ၍ ကြောက်ဖွယ်ရာ လန့်ဖွယ်ရာ လွန်စွာပေါ်များသော တောအုပ်ကြီးကဲ့သို့လည်း

ကောင်း။ မညမာနာ၊ မှတ်ထင်အောက်မေ့ပါကုန်သည်ဖြစ်၍။ ကမ္မဉ္စ၊ ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလံ၊ သီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူ ကျင့်သုံးဆောက်တည်ပြီး၍။ ဣမံဓမ္မာသနံ၊ ဤတရားဟောပလ္လင်ကို။ အာယသ္မတော၊ အရှင်ဘုရားအား။ သကလေန၊ အလုံးစုံသော။ ကာယေန၊ ကိုယ်ဖြင့်။ ဖုသိတွာ၊ တွေ့ထိ၍။ ယထာသုခံ၊ အလိုတော်ရှိတိုင်း။ ပရိဘုဉ္ဇိသတုံ၊ သုံးဆောင်စိမ့်သောငှာ။ ဒေမ၊ လှူပါကုန်၏။ ဣမိနာပုညကမ္မေန၊ ဤကောင်းမှုကြောင့်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ခိပ္ပံ၊ လျှင်မြန်စွာ။ ပါပေါမ၊ ရောက်ကြရပါလိုကုန်၏။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ မာတာပိတု အာစရိယာဒိနဉ္စ၊ အမိအဘ ဆရာသမား အစရှိသည်တို့အားလည်းကောင်း။ ဆွေမျိုးစသည်ထည့်) ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ တေတေ သတ္တာ၊ ထိုနတ်အပေါင်း၊ သိကြားအပေါင်း၊ ဗြဟ္မာအပေါင်းတို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ အနုမောဒနာ ခေါ်ဆိုနိုင်ကြပါစေကုန်သတည်း။

## လိုရာ ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဩဃတော၊ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃ အဝိဇ္ဇောဃ

တည်းဟူသော လေးဖြာသော သြဃအပေါင်းမှ။ မောစနတ္ထာ ယစ၊ လည်းကောင်း။ ကမ္မဉ္စ၊ ယခုပြုလုပ် အားထုတ်အပ်သော ကုသိုလ်ကံကိုလည်းကောင်း။ ကမ္မဖလဉ္စ၊ ယခုပြုလုပ် အားထုတ်အပ်သော ကုသိုလ်ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ သီလာနိ၊ တို့ကို။ သမာဒိယိတွာ၊ ၍။ ပဏီတာနိ၊ မွန်မြတ်ကုန်သော။ ဣမာနိဒါနဝတ္ထူနိ၊ တို့ကို။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ တို့အား။ ဒေမ၊ ပူဇေမ၊ ပရဝေဖြာ သုံးပါးသော စေတနာတို့ဖြင့် သဒ္ဒါကြည်ဖြူ ပေးလှူပါကုန်၏အရှင်ဘုရား။ နိဗ္ဗာနံ၊ သို့။ ယာဝ၊ အကြင်၍ လောက်။ နပပ္ပေါမိ၊ မရောက်ရကုန်သေး။ တာဝ၊ ထို၍ လောက်။ သံသာရေ၊ ၌။ သံသရန္တော၊ သော်။ ဗုဒ္ဓဿ၊ သုံးလူ့ပရမေ မြတ်စိန္တေ၏။ သာသနံ၊ အံ့ဘွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီးကို။ စတုဟိ၊ လေးပါးကုန်သော။ ပစ္စယေဟိ၊ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါး တို့ဖြင့်။ အနုဂ္ဂဟေတုံ၊ အလိုရှိတိုင်း ထောက်ပံ့ခြင်းငှာ။ သမ္မတ္ထာ၊ စွမ်းနိုင်သော။ ပုရိသအာဇာနေယျော၊ ယောကျ်ားပီပီ အာဇာနည်သည်။ ဟုတွာန၊ ဖြစ်ပါကုန်၍။ ဉာဏသမ္ပန္နာ၊ အကျိုးဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော။ အတ္ထာနတ္ထ၊ ကုသလဉာဏ် အကြောင်းဟုတ်သည် မဟုတ်သည်ကို သိစွမ်းနိုင်သော ဌာနဌာနကောသလ္လဉာဏ် အစရှိသော ဉာဏ်အပေါင်းနှင့် ပြည့်စုံကုန်သည်။ ဘဝါမ၊ ဖြစ်ရပါလို

ကုန်၏။ ဣမံပုညဘာဂံ၊ ကို။ ဂုဏဝိသိဋ္ဌာနံ၊ ဂုဏ် ကျေးဇူး အထူး ရှိကြပေကုန်သော။ မာတာပိတုနဋ္ဌ၊ လည်းကောင်း။ အာစရိယာနဋ္ဌ၊ လည်းကောင်း။ ဣဓ၊ ဤအရပ်သို့။ အာဂတာနံ၊ ရောက်လာကြကုန်သော။ ပရိသာနဋ္ဌ၊ လည်းကောင်း။ ဣမသ္မိံ နဂရေ၊ ဤမြို့၌။ အာရက္ခာနံ၊ နည်းစွာမပြတ် စောင့် ရှောက်ကြကုန်သော။ ဒေဝါနဋ္ဌ၊ နတ်တို့အားလည်းကောင်း။ ဣမသ္မိံ ဂေဟာ၊ ဤအိမ်၌။ အာရက္ခာနံ၊ နည်းစွာမပြတ် စောင့်ရှောက်ကြကုန်သော။ ဒေဝါနဋ္ဌ၊ လည်းကောင်း။ အာဒိံ ကတွာ၊ အစပြု၍။ တေဘူမိတာနံ၊ ဘုံသုံးပါးတို့၌။ စရန္တာနံ၊ ကျင်လည်ကျက်စား ပြေးသွားကြကုန်သော။ သဗ္ဗ သတ္တာနဋ္ဌ၊ လည်းကောင်း။ ပုရေ၊ ရှေးရှေးက။ ကာလင်္ကတာနံ၊ အတည်မကျ ဘဝတစ်ပါးသို့ ပြောင်းသွားကြကုန်သော။ ဉာတိနဋ္ဌ၊ ဆွေမျိုးအပေါင်းတို့အား လည်းကောင်း။ ပစ္စေကံ၊ အသီးအခြား။ ဘာဇေမ၊ ၏။ တေသတ္တာ၊ တို့သည်။ အမှေဟိ၊ တို့နှင့်။ သမံ၊ သော။ ဘာဂံ၊ ကို။ လဘန္တု၊ သတည်း။

## သက်န်း ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တို့သည်။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ မှ။ မောစနတ္တာယ၊ လည်းကောင်း။ တိသရဏေန၊ နှင့်။ သဟ၊ တကွ။ ပဋ္ဌသီလာနိ၊ တို့ကို။ သမာဒိယိတွာ၊ ၍။ ဣမာနိစီဝရာဒီနိ၊ ဤသက်န်းအစရှိသော ဒါနဝတ္ထုတို့ကို။

အာယသ္မန္တာနံ၊ တို့အား။ ဒေမ ကုန်၏ ဘုရား။ ဣမိနာ ပုညေန၊ ကြောင့်။ နိဗ္ဗာနံ၊ သို့။ ပါပုဏေယျာမ၊ ကုန်၏။ နိဗ္ဗာနပတ္တိယာ၊ နိဗ္ဗာန်ထုတ်ချောက် ရောက်ရသည့် ဘဝတိုင်အောင်။ ဇာတိ ဇာတိယာ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝတို့၌။ တိဟေတုက ပဋိသန္ဓိကော၊ တိဟိတ်ပဋိသန္ဓေ တည်နေရသော ယောကျ်ားမြတ် အာဇာနည်သည်။ ဟုတွာန၊ ဖြစ်ပါကုန်၍။ အာယုဝဏ္ဏ သုခဗလ ပဋိဘာနေဟိ၊ အသက် ရှည်ခြင်း အဆင်းလှခြင်း ချမ်းသာကြီးခြင်း ခွန်အားကြီးခြင်း ပညာကြီးခြင်းဟုဆိုအပ်သော အကျိုးထူးတရား ငါးပါးနှင့်။ သမ္ပန္နာ၊ ကုန်သည်။ ဘဝါမ၊ ၏။ ဣမံ ပုညဘာဂဥ္စ၊ ကိုလည်း။ မာတာပိတု အာစရိယာနဉ္စ၊ လည်းကောင်း။ အာဒိကတွာ၊ အစပြု၍။ တေဘုံမ္ဟိကာနံ၊ သုံးသုံးပါးတို့၌။ စရန္တာနံ၊ ကုန်သော။ သဗ္ဗသတ္တာနံ၊ တို့အား။ ဘာဇေမ၊ ကုန်၏။ ဣဒံပုညဘာဂံ၊ တို့ကို။ လဘန္တု၊ သတည်း။

## သံဃိက ဆွမ်းကျွေး ရေစက်ချ

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ တပည့်တော်-တပည့်တော် မတို့သည်။ အရဟတော၊ ပစ္စည်းလေးပါးကို ခံတော်မူထိုက် ထသော။ အရဟတော၊ သံသရာစက်၏ အကန့်အကွက် တို့ကို ချိုးဖဲ့ဖျက်ဆီးတော်မူတတ်ထသော။ အရဟတော၊ မကောင်းမှုကို အပပြုပြီးထသော။ အရဟတ္တာဒိနဝဂုဏေဟိ၊ အရဟံ အစရှိသော ကိုးပါးသောဂုဏ်တော်တို့နှင့်။ သမ္ပန္နဿ၊

ပြည့်စုံတော်မူသော။ ဗုဒ္ဓသ၊ မြတ်စွာဘုရား၏။ ဂုဏာဠ၊ ဂုဏ်တော်ကျေးဇူးတော်ကိုလည်းကောင်း။ သွက္ခာ တတ္တာဒိ ဆဟိဂုဏေဟိ၊ သွက္ခာတတ္တာ အစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နသ၊ ပြည့်စုံတော်မူသော။ ဓမ္မသ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ္တိဟု ဆိုအပ်သော ဆယ်ပါးသောတရားတော်မြတ်၏။ ဂုဏာဠ၊ ဂုဏ်တော်ကျေးဇူးတော်တို့ကိုလည်းကောင်း။ သုပ္ပဋိပန္နတ္တာဒိ နဝဂုဏေဟိ၊ သုပ္ပဋိပန္နတ္တာ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမ္ပန္နသ၊ ပြည့်စုံတော်မူသော။ သံဃသ၊ မဂ္ဂဋ္ဌာန် လေးယောက် ဖလဋ္ဌာန် လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သောအရိယာသံဃာတော်မြတ်၏။ ဂုဏာဠ၊ ဂုဏ်တော် ကျေးဇူးတော်ကိုလည်းကောင်း။ ကမ္မဖလဠ၊ ကုသိုလ်တို့၏အကျိုးကိုလည်းကောင်း။ သဒ္ဓဟိတွာ၊ ယုံကြည်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလာနိ၊ ငါးပါးသောသီလတော်မြတ်ကို။ သမာဒိယိတွာ၊ ကောင်းစွာ စောင့်သိ တည်ဆောက်ပြီး၍။ ဣမာနိ ပိဏ္ဍပါတ ခါဒနိယ ဘောဇနိယာဒီနိ၊ ဤ ခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ အစရှိသည်တို့ကို။ အာယာသွန္တာနံ၊ အရှင်ဘုရားအား။ ဒေမ၊ ကပ်လှူပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ ယထာသုခံ၊ အလိုတော်အတိုင်း။ ပရိဘုဉ္ဇ၊ ဘုဉ်းပေးသုံးဆောင် တော်မူပါကုန်၏။ ဣမိနာပုညကမ္မေန၊ ဤသို့ လှူဒါန်းရသော ကောင်းမှုကံစေတနာကြောင့်။ မယံ၊ အကျွန်ုပ်

တို့သည်။ အနာဂတေ၊ နောင်အခါ၌။ ဗုဇ္ဈနကသ၊ ပွင့်လတ္တံ့သော။ ဗုဒ္ဓဿ၊ အရိမေတ္တေယျမြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ တိဟိပွင္ရိသန္တိကော၊ တိဟိတ်ပင်္ရိသန္တေသည်။ ဟုတွာ၊ ဖြစ်၍။ အရဟတ္တဖလေ၊ အရဟတ္တဖိုလ်၌။ ဌတွာ၊ တည်၍။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ ပပေါမ၊ ရောက်ရပါလိုကုန်၏။ ယာဝ၊ အကြင်မျှလောက်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ရွှေပြည်မြတ်သို့။ နပပ္ပေါမ၊ မရောက်ရကုန်သေး။ တာဝ၊ ထိုမျှလောက်။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်ရသည်ရှိသော်။ မနုဿဒေဝသမ္ပတ္တိံ၊ လူနတ်တို့၏ စည်းစိမ်ချမ်းသာကို။ လဘာန္တု၊ ရသည်ဖြစ်ပါစေသတည်း။ ဣမိနာပုညကမ္မေန၊ ဤသို့လှူဒါန်းပူဇော်ရသော ကောင်းမှုကံ စေတနာကြောင့်။ ဆနဝုတိစ၊ ၉၆-ပါးသော အနာရောဂါ တို့သည်လည်းကောင်း။ ဒွိတ္တိံသစ၊ ၃၂-ပါးသော ကံကြမ္မာ တို့သည်လည်းကောင်း။ ပဉ္စဝီသတိဘယာစ၊ ၂၅-ပါးသော ဘေးတို့သည်လည်းကောင်း။ သောဠသ ဥပဒ္ဒဝါစ၊ ၁၆-ပါးသော ဥပဒ္ဒဝေါ တို့သည်လည်းကောင်း။ အဋ္ဌဒေါသာစ၊ ရှစ်ပါးသော အပြစ်တို့သည်လည်းကောင်း။ ပဉ္စဝေရာစ၊ ငါးပါးသော ရန်သူတို့သည်လည်းကောင်း။ တိကပ္ပါစ၊ ၃-ပါးသော ကပ်တို့သည်လည်းကောင်း။ ဝိနဿံ၊ ပျောက်ပျက်ခြင်းသို့။ ဧသန္တု၊ ရောက်စေကုန်သတည်း။ ဣဒံပုညဘာဂံ၊ ဤကောင်းမှုအဖို့ကို။ ဂုဏာဝိသိဋ္ဌာနံ၊ ဂုဏ်ကျေးဇူး အထူးအားဖြင့် ကြီးကြကုန်သော မိခင်ဘခင်တို့အားလည်းကောင်း။

အာစရိယာနဥ္စ၊ ဆရာသခင် ကျေးဇူးရှင်တို့အားလည်းကောင်း။ ရာဇာနဥ္စ၊ ရေမြေသနင်း ပြည့်ရှင်မင်းတို့အားလည်းကောင်း။ ဒေဝါနဥ္စ၊ နတ်တို့အားလည်းကောင်း။ သဗ္ဗသတ္တာနဥ္စ၊ ခပ်သိမ်းသော သတ္တဝါတို့အားလည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ ပုညဘာဂံ၊ ကောင်းမှုအဖို့ကို။ လဘန္တု၊ အမျှရကြ၍ ချမ်းသာကြသည် ဖြစ်ပါစေကုန်သော်ဝ်။

## ဆွမ်းသွတ် ရေစက်ချ

ဘန္တေ၊ အရိယာနွယ်ဝင်အရှင်မြတ်ဘုရား။ မယံ၊ သံသရာဝဋ်မြုတ် အကျွန်ုပ်တို့သည်။ ကမ္မဥ္စ၊ ကုသိုလ်ကံကိုလည်းကောင်း။ ကမ္မဖလဥ္စ၊ ကုသိုလ်ကံ၏အကျိုးကိုလည်းကောင်း။ သဒ္ဒဟိတွာ၊ ယုံကြည်သက်ဝင်ပါကုန်သည်ဖြစ်၍။ တိသရဏေန၊ သုံးပါးအစုံ မြတ်သရဏဂုံနှင့်။ သဟ၊ တကွ။ ပဥ္စသီလာနိ၊ ငါးပါးသော သီလတော်မြတ်ကို။ သမာဒိယိတွာ ဂဏှိတွာ၊ ကောင်းစွာခံယူကုန်ပြီး၍။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ မရဏဓမ္မာ၊ သေဆုံးရခြင်းသဘောရှိကြကုန်၏။ မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ မရိဿာမ၊ မုချမသွေ သေကြရပါကုန်လတ္တံ့။ ဣတိ၊ ဤသို့။ မရိဿတိ၊ သေခြင်းကိုစွဲ၍ ဖြစ်သော သတိတရားကို။ ပစ္စုပဋ္ဌာပေတွာ၊ တည်စေကြကုန်၍။ ကာလင်္ကတဿ၊ စုတေမနေခန္ဓာကြွေ၍ သေဆုံးရလေသော ပုဂ္ဂိုလ်အား။ တိဝိဓေသု ခ လဘာနတ္တာယ၊ လူနတ်

နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရပါစေခြင်းအကျိုးငှာလည်းကောင်း။ အမှာကံ၊ အကျွန်ုပ်တို့အား။ တိဝိဓသုခလာဘနတ္ထာယ၊ လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ရပါစေခြင်းအကျိုးငှာလည်းကောင်း။ အာယသ္မန္တာနံ၊ အရှင်မြတ်ဘုရားတို့အား။ ဣမာနိပိဏ္ဍပါတ ခါဒနိယဘောဇနိယာဒိနိ၊ ဤခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာအစုစု ဒါတဗ္ဗဝတ္ထုတို့ကို။ ဒေမ၊ ဒါနစေတနာ ပြဋ္ဌာန်းကာဖြင့် လှူဒါန်းပါကုန်၏။ ဣမိနာပုညကမ္မေန၊ ဤသို့သုံးပါးအစုံမြတ်သရဂုံနှင့်တကွ ငါးစုံသော သီလတော်တို့ကို ဆောက်တည်ကြောင်းဖြစ်သော သီလကုသိုလ် ဆွမ်းခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာအစုစု ဒါတဗ္ဗဝတ္ထုတို့ကို ပေးလှူကြောင်းဖြစ်သော ဒါနကုသိုလ်စေတနာအဖြာဖြာ အပေါင်းကြောင့်။ ကာလင်္ကတော၊ စုတေမနေ ခန္ဓာကြွေ၍ သေလွန်ရှာသော ပုဂ္ဂိုလ်သည်။ ဒိဗ္ဗသုခါဒိသမ္ပတ္တိ၊ နတ်ချမ်းသာ စသည်တို့၏ ပြည့်စုံခြင်းကို။ လဘန္တု၊ ရကြပါစေကုန်သတည်း။

ဒိဗ္ဗသုခါဒိသမ္ပတ္တိ၊ နတ်ချမ်းသာ စသည်တို့၏ ပြည့်စုံခြင်းကို။ လဘိတွာ၊ ရ၍။ သံသာရေတော၊ အိုနာသေရေး ဆင်းရဲဘေးနှင့် ရောထွေး၍နေရာ သံသရာမှ။ သီဃံ၊ လျှင်မြန်စွာ။ မုစ္စတု၊ လွတ်မြောက်ပါစေသတည်း။

မယမ္ပိ၊ အကျွန်ုပ်တို့သည်။ သံသာရေတော၊ အိုနာသေရေး ဆင်းရဲဘေးတို့နှင့် ရောထွေး၍နေရာ သံသရာမှ။ သီဃံ၊ လျှင်မြန်စွာ။ မုစ္စာမ၊ လွတ်ရပါလိုကုန်၏။ ဣဒံပုည

ဘာဂံ၊ ဤသို့ယခု အကျွန်ုပ်တို့သည် အားထုတ်ခါပြုလုပ်ကြရသော ကုသိုလ်ကောင်းမှု၏အဖို့ကို။ ကာလကတဿ၊ စုတေမနေ ခန္ဓာကြွေ၍ သေဆုံးရှာလေသောပုဂ္ဂိုလ်သည်။ သာဓုသာဓုတိ၊ သာဓုသာဓုဟူ၍။ ဝါ၊ ကောင်းပါပြီ ကောင်းပါပြီ ဟူ၍။ အနုမောဒတု၊ ဝမ်းမြောက်ဝမ်းသာ ခေါ်ဆို နိုင်ပါစေသတည်း။ အနုမောဒိတွာ၊ ဝမ်းမြောက်ဝမ်းသာ ခေါ်ဆိုနိုင်ပြီး၍။ သုခီ၊ ကိုယ်ရောစိတ်ပါ နှစ်ဖြာသုခ ချမ်းသာရသည်။ ဟောတု၊ ဧကံမသွေ ဖြစ်ပါစေသတည်း။ တထာ၊ ထိုမှတစ်ပါး။ ဂုဏသီဝိဋ္ဌာနံ၊ ဂုဏ်ကျေးဇူး အထူးရှိပေကုန်သော။ မာတာပိတုနဥ္စ၊ မြင့်မိုရ်မက ကျေးဇူးကြီးလှ မိနှင့်ဘတို့အားလည်းကောင်း။ အာစရိယာနဥ္စ၊ မြင့်မိုရ်အလား ကျေးဇူးများသော ဆရာသမားတို့အားလည်းကောင်း။ ဉာတကာနဥ္စ၊ အရာရာမျိုး လွန်အားကိုးရသော ဆွေမျိုးတို့အား လည်းကောင်း။ ဘာဇေမ၊ အမျှပေးဝေပါကုန်၏။ သဗ္ဗသတ္တာနဥ္စ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းမဲ့ဥဿုံအလုံးစုံသော သတ္တဝါအပေါင်းတို့အား။ ဘာဇေမ၊ ခွဲဝေခြမ်း၍ အမျှပေးဝေပါကုန်၏။ တေသဗ္ဗေသတ္တာ၊ ထိုအလုံးစုံသော သတ္တဝါတို့သည်။ အနုမောဒန္တု၊ သာဓု သာဓုဟူ၍။ ဝါ၊ ကောင်းပေစွ ကောင်းပေစွဟု အနုမောဒနာ ပြုနိုင်ပါစေကုန်သတည်း။ အယံပထဝီ၊ နှစ်သိန်းလေးသောင်းအထုရှိသော ဤမြေကြီးသည်။ အနာဂတေ၊ နောင်အခါ၌။ အမေ့သု၊ အကျွန်ုပ်တို့သည်။ ပမတ္တေသုပိ၊ မေ့လျော့ပါကုန်သော်လည်း။ အမှာကံ၊ အကျွန်ုပ်တို့၏။

သက္ကိဋ္ဌာနေ၊ သက်သေအရာ၌။ ဟုတွာ၊ တည်၍။ သံကမ္မတု၊ ယန္တရားပုခက် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင် တုန်လှုပ်ပါစေသတည်း။

## ရှင်ပြု ရေစက်ချ

ဘန္တေ၊ ရား။ မယံ၊ သည်။ ဥပ္ပါဒါဝယသခ်ါရေ၊ တေဘုမ္မက ဝဋ်ဒုက္ခဟု ဖြစ်ရပျက်မှု သခ်ါရအစု၌။ ပရမတ္တ ဓမ္မာနံ၊ ရုပ်နာမ်နှစ်ပါး ပရမတ္တတရားတို့၏။ ခဏတ္တယဝ သေန၊ ဥပါဒ်ဌီဘင် အစဉ်ဘွားဘွား ခဏတ္တယ၏အစွမ်း အားဖြင့်။ ဥပ္ပါဒါဝယဓမ္မံ၊ ဖြစ်ကပျက်ကြား သဘာဝတရားကို။ ဘာဝနာယမညာဏေန၊ အမြင်ထက်သန် ဘာဝနာမယဉာဏ် ဖြင့်။ ပဿိတွာစ၊ စိတ်၌စွဲဝင် မြင်ကြကုန်၍လည်းကောင်း။ အနမတဂ္ဂတော၊ မသိအပ်သည် အစရှိသော။ သံသာရတော၊ ခန္ဓာအာယတန ဖြစ်ထလေရာ သံသရာမှ။ ပဋ္ဌာယ၊ စိမံ ဖြစ်မှုအစပြု၍။ ပဝတ္တဿ၊ ရပ်ခါမတည် ချာချာလည်သော။ စက္ကဿ၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏။ အာရာဒယော၊ ထွေပြားထူးလည် အကန့်စသည်တို့ကို။ ဘာဝနာယ၊ ရှုးရုကြည်လင်ဉာဏ်အမြင်ဖြင့်။ ပဿိတွာစ၊ ကောင်းစွာ ထင်ထင် မြင်ကြကုန်၍လည်းကောင်း။ ဥဒယဗ္ဗယသခ်ါရေ၊ ဖြစ်ကပျက်မှု သခ်ါရတရားအစု၌။ နိဗ္ဗိန္ဒိတွာန၊ စဉ်းစား အောက်မေ့ ငြီးငွေ့ကုန်ပြီး၍။ ဇာတျာဒိ ဒုက္ခဘယေဟိ၊ ပဋိသန္ဓေ ရင့်ထွေအိုဆေး ဇာတိအစရှိသော ဆင်းရဲဘေးတို့မှ။

သီဃံ၊ ဆောလျင်မကြာ လျှင်မြန်စွာ။ မောစနတ္တာယစ၊ ကျွတ်လွတ်ကျော်နင်း ထွက်မြောက်ပါရခြင်းအကျိုးငှာလည်း ကောင်း။ ဣမသ္မိံအတ္တဘာဝေ၊ ယခုပစ္စက္ခ ဤဘဝ၌။ သဗ္ဗ မင်္ဂလာနံ၊ အာယုဒီဃ ဘယကင်းကွာ ချမ်းသာပြည့်ဝ စနေပေါ်များ အလုံးစုံသောမင်္ဂလာတရားတို့၏။ ဝုမိုယာစ၊ တစ်နေ့တခြား တိုးပွားစေခြင်းအကျိုးငှာလည်းကောင်း။ တိသရဏေန၊ သဒ္ဓါလွှမ်းခြုံ ယုံကြည်အားထား သရဏဂုံ သုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလာနိ၊ အမြဲစောင့်အပ် ငါးပါးသောသီလတော်မြတ်တို့ကို။ သမာဒိယိတွာ၊ ကောင်းစွာ စွဲမှီ ခံယူဆောက်တည်ကြကုန်ပြီး၍။ အဋ္ဌဂ္ဂရိယသ၊ အံ့ဘွယ် ရှစ်ဖြာ ပြည့်စုံစွာသော။ သာသနဿ၊ သီလ သမာဓိ ပညာ အသီးသီး နိယျာနိကဖြစ်သော ဘုရားရှင်သာသနာတော်မြတ်ကြီး၏။ စိရံစိရတာလံ၊ နှစ်,လများစွာ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဌိတာယစ၊ ငါးထောင်ရှည်ကြာ တည်ပါစေ ခြင်းအကျိုးငှာလည်းကောင်း။ ဝေပုလ္လာယစ၊ သူတော်ကောင်း တို့ နှစ်ထောင်းပျော်မွေ့ တစ်နေ့တခြား တိုးပွားပါစေခြင်း အကျိုးငှာ လည်းကောင်း။ ဝိရုဠှိယာဝ၊ ပြည့်ကျင့်များစွာ သတ္တဝါတို့ သိက္ခာဖြူစင် စည်ပင်ပါစေခြင်း အကျိုးငှာလည်း ကောင်း။ ဝိပုလ္လတ္တာယာစ၊ ရှည်စွာတင့်မော ပြန့်ပြောပါစေခြင်း အကျိုးငှာ လည်းကောင်း။ အဋ္ဌပရိက္ခာရေ၊ တိစိဝရိတ် သပိတ်ခါးပန်း အပ်တွန်း ပဲခွပ် ရှစ်ရပ်သော ပရိက္ခရာတို့ကို။ ပရိယေသိတွာ၊ စိက်ထုတ်ရှာမှီ စုဆောင်းကုန်ပြီး၍။ အတ္တနော၊

မိမိ၏။ ဩရသေ၊ လွန်စွာချစ်ခင် ရင်၌ဖြစ်ကုန်သော။ ဣလမေပုတ္တေ၊ သားအားရည်မျှော် ဤသားတော်တို့ကို။ သာသနဒါယာဒဘာဝံ၊ သုံးဖြာသီးသီး သာသနာ့တော်မြတ်ကြီး ထံမှ အားသစ် အမွေခံ၏အဖြစ်ကို။ ပဋ္ဌေတွာ၊ သဒ္ဓါလွှမ်းကြည် တောင့်တကုန်သည်ဖြစ်၍။ ပစ္စယာနုဂ္ဂဟေနစ၊ ပစ္စည်းဥစ္စာ များစွာချီးမြှင့် ပစ္စယာနုဂ္ဂဟ ဖြင့်လည်းကောင်း။ ဓမ္မာနုဂ္ဂဟေနစ၊ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို ရည်ညောင်း ထောက်ဆ ဓမ္မာနုဂ္ဂဟဖြင့် လည်းကောင်း။ အနုဂ္ဂဟေတွာ၊ လျော်စွာအသီးသီး ချီးမြှင့်ကုန်ပြီး၍။ သာသနံ၊ သုံးဖြာသီးသီး သာသနာ့တော်မြတ်ကြီးသို့။ ဩသာရေမ၊ ကောင်းစွာအပ်နှင်း သွတ်သွင်းပါကုန်၏။ ဩသရိတွာ၊ ကောင်းစွာသီးသီး သွတ်သွင်းကုန်ပြီး၍။ ဣလမေကုလပုတ္တေ၊ ရည်မျှော်အားထား ဤ အမျိုးကောင်းသားတို့ကို။ သာသနဒါယာဒံ၊ ညာတိမိတ်ဆွေ သာသနာတော်၏အမွေကို။ ကာရေမ၊ မှန်းဆလုံးစုံ ပြုပါကုန်၏။ မယမ္ပိ၊ ကောင်းစွာမြှင့်ချီး တပည့်တော်တို့သည်လည်း။ သာသနဒါယဇ္ဇံ၊ ညာတိမိတ်ဆွေ သာသနာတော်၏ အမွေကို။ ဂဏှာမ၊ စိတ်မှာ စွဲထုံ ယူကြပါကုန်၏။ တံပုညာဘိသန္ဒံ၊ ထိုကုသိုလ်အစု ကောင်းမှုအယဉ်ကို။ နိဿာယ၊ အမှီတကဲ သဟဲပြု၍။ နိမန္တိတာနံ၊ ရှိသေဆည်းကပ် ပင့်ဖိတ်အပ်ကုန်သော။ အာယသ္မန္တာနံ၊ သက်တော်ရှည်လျား အရှင်ဘုရားတို့၏။ သမ္မုခေ၊ နှစ်သက်ရည်ရော် မျက်မှောက်တော်၌။ ဒက္ခိဏောဒကံ၊ ကောင်းစွာကိုင်ယူ ကြည်ဖြူနှစ်သက် အလှူ

ရေစက်ကို။ ပါတေတွာ၊ လှူဒါနကျိုး မြတ်နိုးအားမိုး ကျစေကုန်ပြီး၍။ ဘဂဝတော၊ ဣဿရိယ ဂုဏ်သည်ဘုန်းဟုန် ကျေးဇူးဂုဏ်နှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ သက်တော်ထင်ရှား မြတ်ဘုရားအား။ ဣမာနိပိဏ္ဍပါတာဒီနိ၊ ဤဆွမ်းအစရှိသော လှူဘွယ်ဝတ္ထုအစုစုတို့ကို။ ဒေမ၊ သဒ္ဓါလွှမ်းခြုံ ကပ်လှူပါကုန်၏။ ပူဇေမ၊ ရည်စွဲကိုးဂုဏ် ပူဇော်ပါကုန်၏။ ဒတွာ၊ သဒ္ဓါလွှမ်းခြုံ ကပ်လှူကုန်ပြီး၍။ နိမန္တိတာနံ၊ ရိုသေဆည်းကပ် ကောင်းစွာပင့်ဖိတ်အပ်ကုန်သော။ အာယသ္မန္တာနဉ္စ၊ နှစ်ရာနှစ်ဆယ် ခုနစ်သွယ်နှင့် ကြီးငယ်သိက္ခာ သာဓိဝါကို လွန်စွာအားထား အရှင်ဘုရားတို့အားလည်း။ ဣမာနိ ဒါတဗ္ဗဝတ္ထူနိ၊ ဤလှူအပ်ဘွယ်ဝတ္ထုအစုစုတို့ကို။ ယထိစ္ဆိတံ၊ စိတ်ဖြင့် ချင့်နှိုင်း အလိုရှိတိုင်း။ ပရိဘုဉ္ဇနတ္ထာယ၊ ကြည်ရွှင်ဝမ်းသာ သုံးဆောင်ပါစေခြင်း အကျိုးငှာလည်းကောင်း။ ဒေမ၊ စိတ်၌ ယုံကြည် ကပ်လှူ ပါကုန်၏။

ဘန္တေ၊ တို့။ မယမ္ပိ၊ ကောင်းစွာပေးကမ်း လှူဒါန်းပြုလုပ် အကျွန်ုပ်တို့သည်လည်း။ ဣမိနာ ပုညကမ္မေန၊ စိတ်မှာယူစွဲ အားခဲရည်သန် ဤကောင်းမှုကံကြောင့်။ ဘဝါဘဝေသု၊ ဘဝကြီး-ငယ် အသွယ်သွယ်တို့၌။ သံသရန္တာ၊ ကျင်လည်ရကုန်သည်ရှိသော်။ အပါယာဒိဝဋ္ဋဒုက္ခတော၊ အပါယ်စသော ဝဋ်ဆင်းရဲအပေါင်းမှ။ မုစ္စိတွာ၊ မတွေ့မကြုံ ကင်းလွတ်ကုန်ပြီး၍။ သုဂတိ ဘဝေသယေဝ၊ သူတော်မွှာတို့ လားရာစိတ်စိုက် သုဂတိဘဝတို့၌သာလျှင်။ ဘဝိတွာ၊ ချမ်းသာပေါင်းဆုံ ဖြစ်ကြ

ကုန်ပြီး၍။ ရတနတ္တယပသန္နာ၊ ရတနာ သုံးပါး အားထား လုံးစုံ ယုံကြည်နိုင်ကုန်သည်။ ဘဝေယျာမ၊ ဖြစ်ရပါလို၏။ ဇာတိဇာတိယံ၊ ရေးကံပစ်ချ ဖြစ်တိုင်းဖြစ်တိုင်း သော ဘဝ၌။ အာယုဒီဃော၊ အသက်ရာကျော် ရှည်တော်မူသော။ အာယသ္မာ ကဿပေါဝိယ၊ ပထမသင်္ဂါယနာ တင်ရာပြီးစီး အရှင်မဟာ ကဿပ မထေရ်ကြီးကဲ့သို့။ ဒီဃာယုကာ၊ ရတနာသုံးပါး ညွတ်တွားခိုလှုံ ရှည်သောအသက် ရှိကုန်သည်။ ဘဝေယျာမ၊ မသွေစင်စစ် ဖြစ်ရပါလိုကုန်၏။ အာရောဂေါ၊ မျက်စိ, နားနှာ ဘယာလွတ်ကင်း ရောဂါ ကင်းသော။ ဗာကုလထေရောဝိယ၊ ကိုးဆယ့်ခြောက်ဖြာ ရောဂါမထိ အရှင်ဗာကုလ မထေရ်ကဲ့သို့။ အာရောဂါ၊ ကိုးဆယ့်ခြောက်ဖြာ ဘယာလွတ်ရှင်း ရောဂါကင်း ကုန်သည်။ ဘဝေယျာမ၊ မသွေစင်စစ် ဖြစ်ရပါလိုကုန်၏။ ဝဏ္ဏသမ္ပန္နော၊ ကောင်းစွာမယွင်း အဆင်းနှင့်ပြည့်စုံသော။ ကစ္စာယနထေရော ဝိယ၊ ရုပ်ရည်သန့်ရှင်း အဆင်းပြည့်ညီး အရှင်ကစ္စည်းမထေရ်ကဲ့သို့။ ဝဏ္ဏဝန္တာ၊ တင့်တယ်လုံးစုံ အဆင်းနှင့် ပြည့်စုံကုန်သည်။ ဘဝေယျာမ၊ မသွေစင်စစ် ဖြစ်ရပါလိုကုန်၏။ မဟာပညော၊ အသိအလိမ္မာ ပညာပြည့်ညီ အရှင်သာရိပုတ္တရာမထေရ်ကဲ့သို့. ဘဝေယျာမ၊ မသွေစင်စစ် ဖြစ်ရပါလိုကုန်၏။ အန္တိမဘဝေ၊ အဆုံးကာလ နောင်ဘဝ၌။ သဒ္ဓမ္မေဟိ၊ သဒ္ဓါ,သီလ,သုတ, ဇာဂီ ဖြည့်မှီစုပေါင်း ဘုရား အစရှိသော သူတော်ကောင်းတို့သည်။ ဒေသိတေ၊ ဆုံးမမြွက် ကြား ဟောကြားအပ်ကုန်သော။ ပရမတ္ထဓမ္မေ၊ ရုပ်နာမ်နှစ်ပါး

ပရမတ္ထသဘောတရား တို့ကို။ ယထာဘူတံ၊ ကောင်းစွာချင့် ပိုင်း ဟုတ်တိုင်းမှန်စွာ။ သဉ္ဇာနိတွာ၊ ပိုင်းခြားလုံးစုံ သိမြင်ကြကုန်ပြီး၍။ အဇာတိ၊ တစ်ဖန်လူ့ပြည် သန္ဓေကပ်ငြိတည်နေခြင်း မရှိထသော။ အဇရံ၊ ဒွတ္တိံသဟု ကာယစွဲတတ်ချော်ရင့်ရော်ကိုင်းအိ အိုမင်းခြင်း မရှိထသော။ အဗျာဓိ၊ ကိုးဆယ့်ခြောက်ဖြာသော ရောဂါမငြိ ဖျားနာခြင်းမရှိထသော။ အမတံ၊ ဇီဝိတိန္ဒြေပြတ်ကြွေကင်းဘိ သေခြင်းလည်းမရှိထသော။ သိဝံ၊ ဒုက္ခခပ်သိမ်း ကင်းငြိမ်း ရာမှန် ပြည်နိဗ္ဗာန်သို့။ ပါပုဏေယျာမ၊ မသွေမုချ ရောက်ရပါလိုကုန်၏။

ဘန္တေ၊ အရှင်ဘုရား။ မယံ၊ ဤမြတ်ပုည အလှူဒါနကို ကောင်းစွာပြုလုပ် အကျွန်ုပ်တို့သည်။ ဣဒံပုညဘာဂံ၊ ဤသို့ပြုစု ကောင်းမှုအဖို့ကို။ မာတာပိတုနဉ္စ၊ မြင့်မိုရ်တောင်ဦး မကကြျူးသည့် ကျေးဇူးသခင် မိခင်ဖခင်တို့အားလည်းကောင်း။ အာစရိယာနဉ္စ၊ တနပဲ့ပြင် သွန်သင်မပြတ် ဆရာသခင် အရှင်မြတ်တို့အားလည်းကောင်း။ ဘူပါလဿစ၊ ရေမြေသနင်း ပြည့်ရှင်မင်းအားလည်းကောင်း။ ဒေဝတာနဉ္စ၊ ဘုမ္မာရက္ခ အာကာသနှင့် စောင့်ထစိုးငြား နတ်အများတို့အား လည်းကောင်း။ သဗ္ဗသတ္တာနဉ္စ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော သတ္တဝါတို့အားလည်းကောင်း။ ဝိသေသတော၊ အထူးအားဖြင့်။ ဣမသ္မိံဌာနေ၊ သူတော်တရား မှတ်သား နာအပ်ဤအရပ်၌။ ဓမ္မဿဝနတ္တာယ၊ ရှင်တော်ဘုရား ဟောကြားမြွက်ဟော် တရားတော်ကို ကော်ရော်သဒ္ဓါ နာအံ့သော

အဇကျိုးဟု၊ အာဂတာနံ၊ ရှိသေညှဟ်ခ လာရောက်ကြကုန်သော၊ သပ္ပုရိသာနဥ္စ၊ ဟောကြားမြွက်ဟ မြတ်မေ့ကို စိတ်ကနှုတ်သား သူတော်ကောင်းအပေါင်းတို့အား လည်းကောင်း။ ဘာဓေမ၊ မျှတလုံးစုံ ပေးဝေပါကုန်၏။ ယေတေ သတ္တာ၊ လုံးစုံများစွာ အကြင်သတ္တဝါတို့သည်။ အနုမောဒန္တု၊ ဝမ်းမြောက်ဝမ်းသာ ကြည်သာလွှမ်းခြုံ ဖြစ်ကြပါစေကုန်သတည်း။

## ရွှေထီး ရေစက်ချ

ဘန္တေ (ပ) ဣမံ သုဝဏ္ဏဆတ္တံ၊ ဤရွှေထီးကို။ ကမ္မာကမ္မသာ၊ ဒုခမှုငယ် အမှုကြီးအာ။ ဒေမ၊ ၏။

## ကောဇောအိပ်ရာခင်း ရေစက်ချ

ဘန္တေ (ပ) ဣမံ ကောဇဝံ၊ ဤကော်ဇောကို။ ဣမံ ပစ္စတ္တရဏံ၊ ဤအိပ်ရာခင်းကို။ အာယသ္မတော၊ အား။ သံဃဿ၊ အာ။ ဝိဟာရဿ၊ အား၊ နဝကမ္မဿ၊ အား။ ဒေမ၊ ၏။

## ဖိနပ် ရေစက်ချ

ဘန္တေ (ပ) ဣမံ ဥပါဟနံ၊ ဤဖိနပ်ကို။ အာယသ္မတော၊ အား။ သံဃဿ၊ အား။ ဝိဟာရဿ၊ အာ။ (ဆုတောင်း ရေးအတိုင်းဆို)။

## ကထိန် ရေစက်ချ

သုံးထည်သော သင်္ကန်းတို့တွင် ကထိန်ခင်းအပ်လတ္တံ့သော တစ်ထည်သော သင်္ကန်းကို။ **မယံဘန္တေ ကထိနစိဝရံ သံဃဿဒေမ** ဟူ၍ သုံးကြိမ်သုံးခါဆို၍ လှူဒါန်းလေ။ ဘန္တေ၊ တို့။ မယံ၊ သည်။ ဣမံကထိနစီဝရံ၊ ဤကထိန်သင်္ကန်းကို။ သံဃဿ၊ သံဃာတော်မြတ်အား။ ဒေမ၊ သဒ္ဓါလွမ်းခြုံ ကပ်လှူပါကုန်၏။ ကထိန်လျာသင်္ကန်းမှကြွင်းသော ကျန်အာနိသင် သင်္ကန်းတို့ကို လှူဒါန်းရာ၌။ **မယံဘန္တေ ဣမာနိကထိနစိဝရဿ အာနိသံသစိဝရာနိ သံဃဿဒေမ** ဟုဆို၍ လှူဒါန်းပါကုန်။ ။ဘန္တေ၊ တို့။ မယံ၊ သည်။ ကထိနစိဝရဿ၊ ကထိန်သင်္ကန်း၏။ ဣမာနိအာနိသံသစိဝရာနိ၊ အာနိသင်ဖြစ်ကုန်သော ဤသင်္ကန်းတို့ကို။ သံဃဿ၊ သံဃာတော်မြတ်အား။ ဒေမ၊ ၏ဘုရား။ (ဆုတောင်းပုံစံသည် လိုရာဆိုလေ)။

## ရှင်ပြုပဉ္စင်းခံ ရေစက်ချ

ဘန္တေ၊ ရား။ (၁) သဗ္ဗိကရဏတ္တာယ၊ ငှာ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ ၏။ သာသနဿ၊ သာသနာတော်မြတ်၏။ စီရဋ္ဌိတတ္ထာယစ၊ ကြာမြင့်စွာအနှစ်ငါးထောင်ပတ်လုံး တည်ပါစေခြင်းငှာလည်းကောင်း။ ဝုဍ္ဍိတ္ထာယာစ၊ စည်ပင်ထွန်းကားတိုးပွားစေခြင်းငှာလည်းကောင်း။ (အဘ္တာဝနေဿ၊ မိမိ၏။

ဩရသံ၊ ရင်၌ဖြစ်သော။ ပိယပုတ္တံ၊ ချစ်လှစွာသော သားရတနာကို။ ဤနေရာ၌ တော်စပ်သလိုဆို) ကနိဋ္ဌံ၊ ညီငယ်ကို။ ဘာဂိနေယျံတု၊ ကို။ ကနိဋ္ဌဘာတရံ၊ မောင်ငယ်ကို။ ပရေသံ၊ သူတစ်ပါးတို့၏။ ပုတ္တံ၊ သားကို။ အတ္တနော၊ မိမိ၏။ ပုတ္တံဝိယ၊ သားတို့ကဲ့သို့။ ကတွာ၊ ပြု၍) ဗုဒ္ဓသာသနေ၊ ဘုရားရှင်သာသနာတော်၌။ သမဏေရဘာဝံ၊ ရှင်သာမဏေအဖြစ်သို့။ (ပဉ္စင်းခံဖြစ်လျှင်) သာမဏေရဘာဝတော၊ သာမဏေအဖြစ်ထက်။ ဥတ္တရံ၊ လွန်ကဲသော။ ဥပသမ္ပန္နဘာဝံ၊ မြင့်မြတ်သော ပဉ္စင်းအဖြစ်သို့။ ပါပုဏိတုံ၊ ရောက်စေခြင်းငှာ။ ဒိဟိအနုဂ္ဂဟေတိ၊ ပစ္စယာနုဂ္ဂဟ ဓမ္မာနုဂ္ဂဟ တရားနှစ်ပါးတို့ဖြင့်။ အနုဂ္ဂဟေ၊ ချီးမြှောက်ပါကုန်၏။ ဣဒံပုညံ၊ ဤကောင်းမှုကို။ မူလကတွာ၊ အကြောင်းရင်းပြု၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပူဇနိယာနိ၊ ပူဇော်ဖွယ် ဖြစ်ကုန်သော ထီး တံခွန် စသည်တို့ကို။ ပူဇေမ၊ ပူဇော်ပါကုန်၏။ တုမှာကံစ၊ အရှင်ဘုရားတို့အားလည်း။ ဣမာနိဒါ တဗ္ဗဝတ္ထူနိ၊ တို့ကို။ ဒက္ခိဏောဒကံ၊ ကို။ ပါတေတွာ၊ ၍။ ဒေမ၊ ၏။ တုမှေ၊ သည်။ ယထာသုခံ၊ တိုင်း။ ပရိဘုဉ္ဇထ၊ ကုန်။ ဘန္တေ၊ ရား။ ဣမိနာပုညကမ္မေန၊ ကြောင့်။ (လိုရာဆုတောင်းပုံ၊ အမျှဝေပုံ၊ ရေးနည်းမှီလေ)။

## သိမ်အလှူ ရေစက်ချ

ဘန္တေ၊ ရား။ မယံ၊ သည်။ နိဗ္ဗာနံ၊ ကို။ ပတ္ထေတွာန၊

၍။ ဣမံသိမံ၊ ဤမင်္ဂလာသိမ်တော်မြတ်ကို။ နိမန္တိတေဟိ၊ သော။ ဘိက္ခူဟိ၊ တို့သည်။ အရေတွာန၊ သမုတ်စေပြီး၍။ တံသိမံ၊ ကို။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ သံဃဿ၊ အား။ ဒေမ၊ ၏။ ဣဓ၊ ဤယခုကာလ၌။ ပတိဋ္ဌိတဿ၊ တည်ရှိသော။ စတုဒ္ဒိသဿ၊ အား။ ကမ္မာကမ္မတ္ထာယ၊ ကံကြီး ကံငယ်ပြုပါရစေခြင်းအကျိုးငှာ။ ဒေမ၊ ၏။ (ဆုတောင်းပုံ၊ အမျှဝေပုံတို့ကို ရေးနည်းမှီ၍ ဆိုကြပါ ကုန်)။

## ဥပုသ်စောင့်သောဇရပ် ရေစက်ချ

ဘန္တေ၊ ရား။ မယံ၊ သည်။ မဂ္ဂဖလ နိဗ္ဗာနတ္ထာယ၊ ငှာ။ သဗ္ဗဇနသုခါယ၊ အလုံးစုံသော လူရှင်ရဟန်းတို့ ချမ်းသာခြင်းငှာ။ ဣမံဥပေါသထသာလံ၊ ဤဥပုသ်စောင့်သုံးရာ ဇရပ်ကို။ ကာယမလာဒိဟိ၊ ဖြင့်။ ဗုဿိတွာ၊ တွေ့ထိ၍။ ယထာသုခံ၊ တိုင်း။ ပရိဘုဥ္စနတ္ထာယ၊ ကျိုးငှာ။ ဥပေါသထိကာနံ၊ ဥပုသ်စောင့်ထိန်းကုန်သော။ ဥပသကာ ဥပသကာနဥ္စ၊ ဥပသကာယောကျာ်း ဥပသကာမိန်းမတို့အားလည်းကောင်း။ ဂဟဋ္ဌာနဥ္စ၊ လူတို့အားလည်းကောင်း။ ဘိက္ခူနဥ္စ၊ ရဟန်းတို့အားလည်းကောင်း။ သဗ္ဗဇနာနံ၊ အလုံးစုံသောသူတို့အား။ ဒေမ၊ ၏။

## လမ်းသွား ခရီးသည်တို့ တည်းခိုနားနေရန်ဇရပ်ရေစက်ချ

ဘန္တေ၊ ရား။ မယံ၊ သည်။ (ရေးနည်းမှီ)။ ဣမံ ဥပဿယ သာလံ၊ ဤတည်းခိုနားနေရန်ဇရပ်ကို။ ယထာသုခံ၊

တိုင်း။ ပရိဘုဥ္ဇ နတ္တာယ၊ ငှာ။ စတုဒ္ဒိသာနံ၊ သော။ အာဂတာနာဂတာနံ၊ လာဆဲ လာလတ္တံ့ကုန်သော။ သင်္ဃဿ၊ သော။ ဂဟာဠပဗ္ဗ ဇ္ဇိတာနံ၊ လူရှင်ရဟန်းတို့အား။ ဒေမ၊ ကုန်၏။ (ဆုတောင်း အမျှပေး ရေးနည်းမိုး၍ဆိုပါလေ)။

## ဆင်းတုအိမ် ရေစက်ချ

မယံဘန္တေ၊ (ပ)၊ ဣမံပဋိမဃရံ၊ ဣမဿပဋိမဿဒေမ၊ ဘန္တေ ရား၊ လ၊ ဣမံပဋိမဃရံ၊ ဤဆင်းတုအိမ်ကို။ ဣမဿ ပဋိမဿ၊ ဤဆင်းတုတော်အား။ ဒေမ၊ ကုန်၏။

## စေတီတော်ထိပ်၌ ရွှေထီးတင် ရေစက်ချ

ဘန္တေ၊ ရား (ပ) စေတိယဿ၊ မြတ်စွာဘုရား သိတင်းသုံးရာဖြစ်သော စေတီတော်ဂန္ဓကုဋိတိုက်၏။ သောဘနတ္တာယစ၊ တင့်တယ်စေခြင်းငှာလည်း ကောင်း။ ပသာဒနိယတ္တာစ၊ ကြည်ညိုဖွယ်ဖြစ်စေခြင်းငှာ လည်းကောင်း။ ဣမံသုဝဏ္ဏစ္ဆတ္တံ၊ ဤရွှေထီးကို။ သုဝဏ္ဏာဒိ မာလာ သာခါဟိ၊ ရွှေအစရှိသော ပန်းခိုင်တို့နှင့်။ သဟ၊ တကွ။ ဗုဒ္ဓဿ၊ သက်တော်ထင်ရှား မြတ်စွာဘုရားအား။ ဥဒ္ဒိဿ၊ ရည်မှတ်သမျှထင်ရှားပြ၍။ ဒေမ၊ သဒ္ဒါရှင်လန်း လှူဒါန်းခြင်းကိုပြုပါကုန်၏။ ပူဇေမ၊ ညွတ်တွား ကော်ရော် ပူဇော်ခြင်းကို ပြုပါကုန်၏။ စေတိယမတ္ထကေ၊ စေတီတော်ထိပ်၌။ ထပေမ၊ တင်ထားခြင်းကို ပြုပါကုန်၏။ (ပ)(လိုရာ ဆုတောင်း၍ အမျှဝေကြလေ)။

## တံခွန်နှင့်တကွ တံခွန်တိုင် ရေစက်ချ

ဘန္တေ၊ ရား၊ (ပ) သဓဇတံ၊ တံခွန်နှင့်တကွသော။ ဣမံဓဇထမ္ဘံ၊ ဤတံခွန်တိုင်ကို။ ဗုဒ္ဓစေတိယဿ၊ မြတ်စွာဘုရားစေတီတော်အား။ ဒေမ၊ ၏။ (တံခွန်သက်သက်ဖြစ်လျှင်) ဣမံဓဇံ စေတီယဿဒေမ၊ ဟူ၍ဆို။

## တရားဟောပလ္လင် ရေစက်ချ

ဘန္တေ၊ ရား၊ (ပ) ဣမံဓမ္မာသနံ၊ ဤတရားဟောပလ္လင်ကို။ လ၊ အာယသ္မာ၊ သည်။ ပရိဘုဉ္စတု၊ သုံးဆောင်တော်မူစေသတည်း။

## ပုဂ္ဂလိကကျောင်းဆောင်း ရေစက်ချ

မယံ၊ ဘန္တေ၊ (ပ) ဣမံမဥ္စံသံဃဿ၊ သကလေန ကာယေန၊ ဖုသိတွာ၊ ယထာသုခံပရိဘုဉ္စတုဒေမ၊ ယထာ ပရိဘုဉ္စတုသံဃော၊ ဘန္တေ၊ (ပ) ဣမံမဥ္စံ၊ ဤကျောင်းဆောင်းကို (ပ) ပရိဘုဉ္စတု၊ တည်း။ သင်ဖြူး စသည်ပါလျှင် သပရိက္ခာရံဆိုလေ။ ။ရွှေ ငွေစသည်ဖြင့် မွမ်းမံသော ကျောင်းဆောင်းဖြစ်လျှင် **မယံဘန္တေ (ပ) ဣမံမဥ္စံ တုမှာကံ ဝိဟာရဿ ဒေမ ယထာသုခံ ပရိဘုဉ္စတုသံဃော** ဆို၍ ရေစက်ချ။ ဘန္တေ (ပ) ဣမံမဥ္စံ၊ ကို။ တုမှာကံ၊ တို့၏။ ဝိဟာရဿ၊ အား။ ဒေမ၊ ၏။ သံဃော၊ သည်။ ယထာသုခံ၊ တိုင်း။ ပရိဘုဉ္စတု၊ ပါသည်။ ။အင်းပျဉ်ဖြစ်လျှင် ဣမံပိဋ္ဌံ၊ ဤအင်းပျဉ်ကို ဆိုလေ။

## ပိဋကတ်ကျမ်းဂန် ရေစက်ချ

ဘန္တေ၊ ရား၊ ဥဒ္ဒိဿကဿ၊ ရည်မှန်းတိုင်းသော။ အာယသ္မန္တဿ၊ သက်တော်ရှည်ကြား အရှင်မြတ်အား။ ဣမာနိ ပေါတ္ထကာနိ၊ ဤပေစာဘုတ်စာအုပ် ကျမ်းဂန်တို့ကို။ ပေက္ခနတ္ထာယစ၊ ဉာဏ်ဖြင့်မှတ်ခါ ကြည့်ရှုပါစေခြင်းအကျိုးငှာ လည်းကောင်း။ ဝါစနတ္ထာယစ၊ တပည့်အများစာသင်သားအား ကြိုးစားလုံ့လ ပို့ချပါစေခြင်းအကျိုးငှာ လည်းကောင်း။ ဓာရဏတ္ထာယစ၊ နှုတ်ဖြင့်လေ့လာ ဆောင်နိုင်ပါစေခြင်းငှာ လည်းကောင်း။ စိန္တနတ္ထာယစ၊ ဓိပ္ပါယတ္ထ ထောက်ဆနည်းမှီ ကြံစည်ပါစေခြင်းအကျိုးငှာလည်းကောင်း။ ဒေမ၊ မြတ်နိုး ကော်ရော် လှူဒါန်းပူဇော်ပါကုန်၏။ ဣမေသုပေါတ္ထကေသု၊ ကောင်းစွာချုပ်လုပ် ပေစာအုပ်တို့၌။ လိမ္ပိဘာနိ နာရကာ၊ ရွှေစင်တင်ခါ မွမ်းမံလိမ်းကျံအပ်ကုန်ထသော။ ဣမာနိ သုဝဏ္ဏာနိ၊ နာရနိ နှစ်၊ ဤရွှေအစစ်တို့ကို။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ သဒ္ဒါလွှမ်းခြုံ လှူပါကုန်၏။

## ပိဋကတ်ကျမ်းဂန် ရေစက်ချ

ဘန္တေ၊ ရား၊ သဒ္ဓမ္မဓောတနတ္ထာယ၊ သူတော်ကောင်း ဘုရား ထွန်းကားတောက်ပစေခြင်းငှာ။ ဗဟုဇိနဟိတာယ၊ များစွာသောလူတို့၏အကျိုးငှာ။ ဗဟုဇနသုခါယ၊ များစွာသော သူတို့၏ ချမ်းသာစေခြင်းငှာ။ ဓမ္မစေတီယံ၊ ဓမ္မစေတီ ဖြစ်သော။ ဣမံဓမ္မက္ခန္ဓံ၊ ဤဓမ္မက္ခန္ဓာ ပိဋကတ်တော်ကို။

ဗုဒ္ဓ သာသနေ၊ ဘုရားရှင်သာသနာတော်၌။ ထပေမ၊ တည်ထား ပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ (တစ်နည်း)၊ အာယသ္မတော၊ ၏။ တိဿထေရဿ၊ တိဿမထေရ်၏။ သန္တိကေ၊ အထံတော်၌။ ထပေမ၊ တည်ပါကုန်၏။ ပူဇေမ၊ ပူဇော်ပါကုန်၏။ (တစ်နည်း)။ အာယသ္မတော၊ အား။ တိဿထေရဿ၊ အား။ နိယျာဒေမ၊ အပ်နှင်းပါကုန်၏။

## စာတိုက် သေတ္တာ ဗီရို ရေစက်ချ

ဘန္တေ၊ ရား၊ သာသနဿ၊ ၏။ စိရဋ္ဌိတတ္ထာယ၊ ကြာမြင့်စွာ တည်ခြင်းငှာ။ ဓမ္မစေတိယဿ၊ ဓမ္မစေတီတော်၏။ ဝုတ္တတ္ထာယ၊ လုံခြုံစေခြင်းငှာ။ အဝိနာသနတ္ထာယ၊ မပျက်စီးစေခြင်းငှာ။ ဣမံဓမ္မဘဏ္ဍာဂါရံ၊ ဓမ္မစေတီတော် ဓမ္မက္ခန္ဓာ၏တည်ရာ ဤဓမ္မဘဏ္ဍာအိမ်, စာတိုက်, စာသေတ္တာ စာဗီရိုကို။ အာယသ္မတော၊ အား။ သံဃဿ၊ အား။ တိဿထေရဿ၊ အား။ ဓမ္မစေတီယဿ၊ ဓမ္မစေတီတော် အား။ (ဒကာသဘောရှိရာလှူ) ဒေမ၊ ကုန်၏။ ပူဇေမ၊ ကုန်၏။

## ကျောင်းဆောက်ရန် ရွှေငွေကို ရေစက်ချ

ဘန္တေ၊ ရား၊ မဂ္ဂဖလနိဗ္ဗာနတ္ထာယ၊ မဂ်ဖိုလ် နိဗ္ဗာန် အကျိုးငှာ။ ဝိဟာရကရဏတ္ထာယ၊ ပုဂ္ဂလိက ကျောင်းဆောက်ခြင်းငှာ။ ဣမေကဟာပဏေ၊ ဤရွှေငွေ အသပြာတို့ကို။ နပဝကမ္မဿ၊ အမှုသစ်အား။ ဝိဟာရဿ၊ ဆောက်အပ်လတ္တံ့သော ကျောင်းအား။ ဒေမ၊ လှူပါကုန်၏။

## စေတီဆင်းတုတော်ပူဇော်ရန် ရွှေငွေကို ရေစက်ချ

ဘန္တေ၊ ရား။ စေတိယ ကရဏတ္တာယ၊ ပရိဘောဂ စေတီတော် ဥဒ္ဒိဿစေတီတော်ကို ပူဇော်ပြုစုခြင်းငှာ။ ဣမေ ကဟာပဏေ၊ တို့ကို။ စေတိယဿ၊ ပြုအပ်လတ္တံ့သော စေတီတော်အား။ ဗုဒ္ဓဿ၊ ကိုးကွယ်လတ္တံ့သော ဆင်းတုတော် ဘုရားအား။ ဒေမ၊ ၏။

## ထီး ရေစက်ချ

ဘန္တေ၊ ရား။ ဣမံဆတ္တံ၊ ဤထီးတော်ကို။ အာယသ္မတော၊ အား။ သံဃဿ၊ အား။ ဝိဟာရဿ၊ ကျောင်းအား။ ဒေမ၊ ၏။

## ခြုံထည် ရေစက်ချ

ဘန္တေ၊ ရား။ အာယသ္မန္တာနံ၊ တို့၏။ သုခတ္တာယ၊ ချမ်းသာခြင်းအကျိုးငှာ။ ဣမံပါရုဏံ၊ ဤခြုံထည်ကို။ အာယသ္မတော၊ အား။ သံဃဿ၊ အား။ ဝိဟာရဿ၊ ကျောင်းအား။ (သဘောရှိရာလှူပါ)။ ဒေမ၊ ၏။

## ကန့်လန့်ကာ ရေစက်ချ

ဘန္တေ၊ ရား။ ဣမံတိရောကရဏီယံ၊ ဤကန့်လန့်ကာကို။ အာယသ္မတော၊ အား။ သံဃဿ၊ အား။ ကမ္မာကမ္မဿ၊ အမှုကြီးငယ်အား။ သံဃဿ၊ အား။ ဝိဟာရဿ၊ အား။ စေတိယဿ၊ အား။ (သဘောရှိရာလှူ)။ ဒေမ၊ ၏။

## ခေါင်းလောင်းကြေးစည် ရေစက်ချ

ဘန္တေ၊ ရား။ သဗ္ဗဇနာနံ၊ ခပ်သိမ်းသောလူတို့၏။ ပသီဒနတ္ထာယ၊ ကြည်နူးကြစေခြင်းငှာ။ အနုမောဒနတ္ထာယ၊ ဝမ်းမြောက်ကြစေခြင်းငှာ။ ဣမံလောဟဃဏ္ဍံ၊ ဤကြေးခေါင်းလောင်းကို။ ဣမံလောဟဘေရိ၊ ဤကြေးစည်ကို။ အာယသ္မတော၊ အား။ သံဃဿ၊ အား။ နဝကမ္မဿ၊ အား။ ဝိဟာရ၊ အား။ စေတိယဿ၊ အား။ ဒေမ၊ ၏။ (သဘော ရှိရာလှူ)။

## အသုဘ ရေစက်ချ

ဘန္တေ၊ ဘုရား၊ မယံ၊ ရတနာသုံးတန် ကံ-ကံ၏ အကျိုးကို မြတ်နိုးကြည်ညို ခိုလှုံညွတ်ပျပ် ဆည်းကပ် ကိုးကွယ် ပြုဖွယ်မယုတ် တပည့်တော် အကျွန်ုပ်တို့သည်။ သံသာရ ဝဋ္ဋဒုက္ခတော၊ သံသရာဝဲ ဝဋ်ဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်လွတ်ခါ ကင်းပါရစေခြင်းအကျိုးငှာ။ တိသရ ဏေန၊ ဗုဒ္ဓ ဓမ္မ သံဃလုံးစုံ သုံးပါးသော သရဏဂုံ နှင့်။ သဟ၊ အဋ္ဌတက္က။ ပဉ္စင်္ဂသီလံ၊ ငါးပါးအင်္ဂါ ပဉ္စသီကို။ သမာဒိယိတွာ၊ ၍။ အာယသ္မတော၊ ၏။(အများ)အာယသ္မန္တာ နံ၊ တို့၏။ သမုခေ၊ ၌။ ဒက္ခိဏောဒကံ၊ ကို။ ပါတေတွာ၊ ၍။ ဣမာနိဒေယျဓမ္မဒါတဗ္ဗဝတ္ထုနိ၊ တို့ကို။ ဒေမ၊ ၏။ ဘန္တေ၊ ဘုရား။ မယံ၊ တို့သည်။ ဣမိနာ ပုညကမ္မေန၊ ဤသိယမနေ ယခု လှူဒါန်းရသော ကောင်းမှုကြောင့်။ ပေတော

ကာလက်တော၊ ဤဘဝမှစတေ တမလွန်ဘဝသို့ ပြောင်းသွား လေသောသူသည်။ မရဏာသမယေ၊ ဇီဝိန် ယွင်းကြွေ သေခါနီး အခါ၌။ ယံကိဥ္စိ၊ အမှတ်မရှိ တစ်စုံ တစ်ခုသော။ အနိဋ္ဌာ ရမ္မဏံ၊ အလိုမရှိအပ်ကုန် အနိဋ္ဌာရုံကို။ အယောနိသော မနသိကာရေန၊ မသင့်မတင့်နှလုံးသွင်းမိသည့် အာယောနိသော မနသိကာရဖြင့်။ အာရမ္မဏံကတွာ၊ အာရုံပြုမိသောကြောင့်။ စေနိတ္တေဃျ၊ ဂတိမှောက်မှား ဖြစ်မိခဲ့ကြားအံ့။ သောသတ္တော၊ ထိုသတ္တဝါတို့သည်။ တသ္မိံခဏေ ယေဝ၊ ရေစက်သွန်းချ အမျှပေးဝေသော ထိုခဏ၌ပင်လျှင်။ တမှာယောနိယာ၊ ထိုယုတ်နိမ့်လွန်ဆိုး အဖြစ်ဆိုး အမျိုးမှ။ မုဥ္စိတွာ၊ ကျွတ် လွတ်၍။ ဒိဗ္ဗသုခါဒိ၊ နတ်၌ဖြစ်သော အံ့ဖွယ်မခန်း ထူးဆန်း လှသော နတ်၏ဘုံနန်းဗိမာန် နတ်အဝတ်တန်ဆာ နတ်၏ ဘောဇဉ် ချိုချဉ်ရသာ ပေါင်းများစွာသော ချမ်းသာစသည်ကို။ အနုဘဝတု၊ ခံစားရပါစေသတည်း။ ပုနစပရံ၊ တစ်ပါး။ တံ မယမ္ပိ၊ တို့သည်လည်း။ ဣမိနာပုညကမ္မေန၊ ကြောင့်။ နိဗ္ဗာနံ၊ အသခ်တဓာတ် နိဗ္ဗာန်မြတ်သို့။ ပါပုနေယျာမ၊ ၏။ ယာဝ၊ လောက်၊ နိဗ္ဗာနံ၊ သို့။ အပတ္တာ၊ မရောက်ရသေးကုန်။ တာဝ၊ ထိုမျှလောက်။ သံသာရေ၊ ၌။ သံသရန္တော၊ သော်။ ဘဝါဘဝေ၊ ကြီးငယ်ဘဝ ဖြစ်သမျှ၌။ သုခံ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်သာလျှင်။ အတ္ထု၊ ဖြစ်ပါစေသတည်း။ ဣဋ္ဌံ တေဟိ၊ အလိုရှိအပ် တောင့်တအပ်သော ဆုမြတ်မင်္ဂလာ အပေါင်းတို့နှင့်။ သမိဇ္ဈယျာမ၊ မချို့ ဥသုံ ပြည့်စုံရပါလို

ကုန်၏။ ဣမံပုညကမ္မဥ္စ၊ ဤသို့ယနေ့ယခုပြုအပ်သော ကောင်းမှုကိုလည်း။ သဗ္ဗသတ္တာနံ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံသော သတ္တဝါတို့အား။ ဘာဇေမ၊ ၏။ တေသဗ္ဗေ၊ တို့သည်။ အမေ့ဟိ၊ နှင့်။ သမံ၊ ထပ်တူထပ်မျှ။ လဘန္တု၊ သော်။

## ရေစက်ချ အဘိဓာန်

*ပြဆိုခဲ့ပြီးသော ရေစက်ချတို့ကို မှုရင်းလက်ကိုင်ပြုတော်မူကြပြီးလျှင် မိမိတို့ အလိုရှိတော်မူကြသော ဝတ္ထုပစ္စည်းအားလျော် စွာ ဆိုင်ရာဆိုင်ရာ ထုတ်နှုတ်ယူငင်၍ အသုံးပြုတော်မူနိုင်ကြရန် ဖြစ်ပါသည်။*

စီဝရ၊ သင်္ကန်း။ မဥ္ဇူသ၊ သားရေအိတ်။ ပရိက္ခာရစောဠ၊ ပရိက္ခရာဖြစ်သော ပုဆိုး၊ အိပ်ရာခင်း၊ စောင်။ သုဝဏ္ဏစီဝရ၊ ရွှေသင်္ကန်း။ သုဝဏ္ဏသုတ္တ၊ ရွှေထီး။ လောဟသုတ္တာ၊ ကြေးထီး။ အယောမယသုတ္တ၊ သံထီး။ ဝဇိရ၊ စိန်။ ဂဏ္ဌိ၊ ကျောက်စည်။ ဆွဲလဲ။ ခေါင်းလောင်း။ လောဟဂဏ္ဌိ၊ ကြေးစည်။ ကဋ္ဌမယဂဏ္ဌိ၊ ကုလားတက်၊ တုံး။ ဃဋိ၊ နာရီ။ အဂ္ဂိလေခန၊ မီးချစ်။ အဂ္ဂါဂါယာ၊ မီးအိမ်။ ဓာတုပဇ္ဇောတ အဂ္ဂိ၊ လက်နှိပ်ဓာတ်မီး။ ဂဏ္ဌိ၊ တောင်ဝှေး။ ပုသိနသုတ္တ၊ ပုသိမ်ထီး။ မန္တလသုတ္တာ၊ မန္တလေးအိမ်တော်ရာထီး။ ကာယ ဗန္ဓန၊ ခါးပန်းကြိုး။ ဗီဇနိ၊ ယပ်။ ထဝိက၊ သပိတ်အိတ်။ ပတ္တဆာဒနံ၊ သပိတ်ဖုံး။ ထာလက၊ ပုဂံခွက်ယောက်။ ပတ္တပါဒ၊ သပိတ်ခြေ။ ဓမ္မ ပေါတ္ထက၊ ပေစာ။ (ဝါ) စာအုပ်။ ဥဒပါန၊ ရေတွင်း။

ပေါက္ခရဏီ၊ ရေကန်။ တာလက၊ တဘက်ဆည်း ရေကန်။ ခေတ္တ၊ လယ်။ စက်မ၊ စကြာ။ ဝစ္စကုဋိ–ဝစ္စကုဋီ။ (ဝါ) ကုဋေအိမ်၊ (ဝါ) အိမ်သာ။ ပဿဝကုဋိ၊ ပဿာဝကုဋီ၊ ဝါ၊ ကျင်ငယ်အိမ်။ အံသုက၊ ချောမွေ့နူးညံ့သောအဝတ်–အပေါ်ရုံ အဝတ်–ပုဆိုးအဝတ်–ဖြူသောအဝတ်–သစ်ရွက်။ အက္ခ၊ ပင်လယ်ဆား။ အက္ခမာလာ၊ စိတ်ပုတီး။ အက္ခရဇနနီ၊ မှင်တံ–ခဲတံ–ကလောင်တံ။ အက္ခာရ လဝဏ၊ သိန္ဓောဆား၊ သမုဒ္ဒရာမှ ဖြစ်သောဆား။ အက္ခိ၊ မျက်စိ။ အက္ခိကူဋက၊ မျက်လုံး။ အက္ခိဂေဟ၊ မျက်လုံးအိမ်။ အက္ခဘေသဇ္ဇ၊ မျက်စဉ်း– မျက်စိ ကုသော ဆေးပင်တစ်မျိုး။ အက္ခောဋ၊ သစ်ကျားပင်၊ သစ်ကျားသီး။ ဘဂ္ဂဂဗ္ဘ၊ ကျောက်သလင်း၊ ငြုပ်ကောင်း။ အဂ္ဂိသာရ၊ မျက်စဉ်းဆေး။ အဂ္ဂိသံခ၊ မီးခွက်–မီးအိမ်– မီးကျည်–မီးပျံ–မီးပုံး။ အင်္ကုဋ၊ သော့။ အင်္ကုသ၊ ချွန်း၊ ချွန်းတောင်း၊ ပေါက်ချွန်း၊ တံချူ။ အင်္ဂမဒ္ဒ၊ အနှိပ်သည်။ အင်္ဂလောဋ၊ ဂျင်းစိမ်း။ အင်္ဂါရကပ္ပလ္လ၊ မီးလင်းဖို။ အင်္ဂါရဓာနိက၊ ယူဆောင်သွားနိုင်သော မီးဖိုကလေး၊ ဓာတ်မီးဖို၊ မီးအိုးကင်း။ အင်္ဂါရိကာ၊ ကြံရိုး၊ ကြံချောင်း၊ ပေါက်ပွင့်။ အစလ၊ တွယ်အပ်၊ စို့၊ တံသင်း၊ တံကျင်၊ ပနက်။ ဝင်္ကဝ၊ ကျောက်သလင်း။ အစ္ဆာဒန၊ ပုဆိုး၊ အဝတ်၊ အပိတ်၊ အဖုံး၊ အမိုး၊ အကာ။ အဋ္ဌမာတု၊ ရွှေ၊ ငွေ၊ ကြေးနီ၊ သံဖြူ၊ ခဲ၊ ကြေးဝါ၊ သံ၊ သံမဏိ။ အတိဆတ္တ၊ မှို၊ စမုံစပေါး။ အဋ္ဌိမာလာ၊ အရိုးပန်းကုံး၊ အရိုးပုတီး။ အန္နကောဋ္ဌ၊ ကြောင်အိမ်၊ စပါးကျီ။

အပါကဿကာ၊ ဂျင်းစိမ်း။ ဟင်းရွက်စိမ်း။ အပါလမ္ဗ၊ မိုးရာ
တကဲ၊ အမိုး၊ မိုးအုံး။ အပိဓာန၊ အပိတ်၊ အဖုံး။ အဗဇ၊
သစ်သီးနု။ အမ္ဗပါန၊ သရက်သီး၊ အဖျော်။ အမ္ဗုသေဇနံ၊
ရေပက်ခွန်၊ ရေလောင်းခွက်။ အမ္ဗုကဏ၊ ရေပေါက်၊ ရေစက်၊
ရေပန်း။ အယောကုမ္ဘ၊ သံအိုး။ အယောဃန၊ သံတူ၊ သံခဲ။
အလဥ္ဇရ၊ အိုးစရည်းကြီး၊ ရေအိုးကြီး။ အဝဒါရဏ၊ တူရွင်း၊
ပေါက်တူး။ အဝဒေါဟ၊ နို့ချိုရည်။ အဝခလေန၊ ကနုတ်။
အဝါပုရဏ၊ သံကောက်၊ သော့။ အာယတစ္ဆဒါ၊ ငှက်ပျောပင်။
အာရကဏ္ဍက၊ စူး။ အာရောဟဏ၊ စောင်းတန်း၊ အုတ်
လှေကား၊ လှေကားရှင်။ အာလာန၊ ကြိုး။ အာလေခနီ၊
စုတ်တံ၊ ခဲတံ၊ မင်တံ။ အာဝိဓ၊ သားရေနွယ် ဖောက်ရန်စူး၊
လက်ပွတ်စူး။ အာသန၊ နေရာ၊ အင်းပျဉ်၊ ကုလားထိုင်။
အာသိတ၊ ထိုင်ခုံ။ ဣက္ခု၊ ကြံ၊ ကြံပင်။ ဣဓုမ၊ မီးဇာ။
ဣန္ဒခိလ၊ တံခါးခုံ၊ တံခါးတိုင်၊ ကျောက်စာတိုင်။ ဣန္ဒန၊
မီးဇာ၊ ထင်း၊ မီးသွေး။ ဥက္ခလိ၊ ထမင်းအိုး။ ဥဂ္ဂပန္န၊ အနံ့
ပြင်းသော၊ ကြက်သွန်ဖြူ၊ ရှိန်းခိုး။ ဥစ္ဆုလ၊ အောင်လံ၊ အလံ။
ဥစ္ဆိင္ဃမောဒန၊ ပျားဖရောင်း။ ဥစ္ဆုဂုဠ၊ ကြံသကာ-သကြား။
ဥစ္ဆုရသ၊ ကြံရည်-ကြံ၏အရသာ။ ဥဋုဇ၊ သစ်ခက်တဲ၊
ကျောင်းသခ်မ်း။ ဥဏှိကာ၊ ဆန်ပြုတ်ရေ။ ဥဏှိသ၊ မကိုဋ်၊
သင်းကျစ်၊ ဦးရစ်ပေါင်း၊ ဦးထုပ်၊ စောင်းတန်း၊ အုတ်လှေကား။
ဥဏှောဒက၊ ရေနွေး။ ဥတ္တရသင်္ဂ၊ စုလျားအပေါ်ရုံ ဒုကုဋ်
သင်္ကန်းကြီး။ ဥဒကာစရ၊ ရေတွင်း၊ ရေကန်၊ ရေစည်ပိုင်း။

ဥဒကုမ္ဘ၊ ရေအိုး။ ဥဒပတ္တ၊ ရေခွက်၊ လက်ဆေးခံ။ ဥဒုခလ၊ ဆုံငယ်၊ သံဆုံ၊ မောင်းဆုံ။ ဥဒ္ဒေက၊ ကွမ်းသီးပင်။ ဥပ္ပလဝါ၊ လှေသင်္ဘော။ ဥဗ္ဗဋ္ဋန၊ ခြေပွတ်ခြင်း၊ ခြေပွတ်ဆေး၊ ဆပ်ပြာ။ ဥပာဟနိ၊ တံမျက်စည်း။ ဧရာဝတ၊ ခရမ်းပိမ့်ပင်၊ လိမ္မော်ပင်။ ဩကုလ၊ မုန့်ပေါင်းမုန့်။ ဩပါန၊ ရေတွင်း၊ ရေကန်၊ ရေချမ်းစင်။ ကံသ၊ ရေသောက်ခွက်။ ကြေးဖြူ၊ ကြေးလင်ပန်း။ ကင်္ကဏိ၊ ဆွဲလဲ။ ကင်္ကမုခ၊ ညှပ်ကြီး၊ မီးညှပ်။ ကဋ္ဌာကောလ၊ ထွေးခံ။ ကဋ္ဌခါဒက၊ ဖလ်ခွက်။ ကဋ္ဌစ္ဆု၊ ယောင်းမ၊ ဇွန်း။ ကဋ္ဌသာရက၊ သင်းဖြူး၊ ဖျာ။ ကဋ္ဌာဟ၊ ဒယ်အိုးကင်း။ ကလ္လာကောစရဏ၊ ဆူးနှုတ်ခြင်း၊ သံနှုတ်ခြင်း၊ သံနှုတ်။ ကဏ္ဏာမလဟာရဏိ၊ နဖာကလော်။ ကတ္တရိယ၊ ကပ်ကြေး။ ကမဏ္ဍလု၊ ရေကရား။ ကမုက၊ ကွမ်းပင်၊ ကွမ်းသီးပင်။ ကမ္ဗလ၊ သားမွေးစောင်၊ သက္ကလပ်စောင်။ ကမ္ဗိ၊ ယောင်းမ၊ ဇွန်း။ ကရက၊ ရေကရား၊ ရေဘူး၊ အုန်းမှုန့်။ ကာစ၊ ဆပ်ပြာ။ ကာစန၊ ဝင်းထရံ၊ အကာ၊ တံတိုင်း။ ကာစကူဝိ၊ ပုလင်း။ ကာစဘာဇန၊ ဖလ်အိုး၊ ဖလ်ခွက်၊ စဥ့်အိုး၊ စဥ့်ခွက်။ ကာဇ၊ ထမ်းပိုး။ ကာဒမ္ဗရ၊ နို့၊ မလိုင်။ ကူဒိရိ၊ ပုဆိန်၊ ဓားမကြီး။ ကုဒါလ၊ ပေါက်တူး။ ခုရ၊ သင်တုန်းဓား။ စေဋ္ဌမလ္လက၊ ထွေးခံ။ ခေါလက၊ သံခမောက်၊ အိုး၊ လင်ပန်း။ ဂဂ္ဂရိ၊ ယောပတ်ထိုးသောစည်၊ နွားနို့အိုး၊ ရေတကောင်း။ ဂင်္ဂါ၊ မြစ်။ ဂိဋ္ဌကာ၊ အုဋ်။ ဣဋ္ဌကာ၊ အုဋ်။ ဂိဋ္ဌကာဝသထ၊ အုဋ်တိုက်။ ဂိလာနသာလာ၊ သူနာရုံ၊ ဆေးရုံ။ ဂေဟမဏိ၊

မီးအိမ်။ ဂေါရဘ၀၊ ဒိန်ရည်။ ဃဏ္ဍာ၊ ခေါင်းလောင်း၊ နာရီကြီး။ စမ္ပုပါဒုကာ၊ သားရေဖိနပ်။ စာမရ၊ သားမီးရပ်။ စိတက၊ ထင်းပုံ။ စိတ္တာပုပ၊ ကိတ်မုန့်။ ဆိဒ်ရ၊ မီး၊ ကြိုး၊ ထားလွယ်၊ ပုဆိန်။ ဆာယ၊ အရိပ်၊ ရုပ်တု၊ အရောင်အလင်း။ ဆာရိကာ၊ ပြာ။ ဆုရာ၊ ထုံး။ ဇမ္ဗာဇာလ၊ မီးခွက်။ ဇမ္ဗိ၊ ရောက်၊ သံပုရာ။ ဇလရသ၊ ဆား။ ဇာတိ၊ မီးဖို။ ဈလိ၊ ကွမ်းသီး။ ဈင္ဂုတ္တက၊ ငရဲမီး။ ဋက်၊ လက်ချား၊ တူရွင်း၊ ပေါက်တူး၊ ရှူး။ ဋက်က၊ ငွေဒင်္ဂါး၊ ရွှေဒင်္ဂါး။ တစ္ဆနီ၊ ပဲကွပ်၊ သစ်ရွေဘား။ တဏ္ဍုလ၊ ဆန်။ ရမ္ဗုလ၊ ကွမ်း၊ ကွမ်းသီး။ တရ၊ ဖောင်၊ တံတား။ တိလတေလ၊ နှမ်းဆီ။ တိလကိဋ္ဋ၊ နှမ်းဖတ်။ တုစ္ဆညေက၊ ကောက်ရိုး။ တုဝိ၊ ဘူးပင်၊ ဘူးသီး။ တုသာရ၊ ဆီးနှင်း၊ ရေခဲ၊ နှင်းခဲ။ တူလပိစု၊ ဝါ၊ ဗိုင်း၊ လဲမှို့။ တေလဒေါဏိ၊ ဆီပုန်း။ တေလမာလိ၊ မီးထွန်းရန် မီးဇာ။ ထာလ၊ လင်ပန်း၊ ပန်းကန်ပြား၊ ဒယ်အိုး။ ထာလိ၊ ထမင်းအိုး၊ ဟင်းအိုး။ ဒဏ္ဍဒီပိကာ၊ ဆီမီးတိုင်။ ဒါရု၊ ထင်း၊ သစ်သား။ ဒီပ၊ ကျွန်း၊ ဆီမီး၊ မီးခွက်။ ဒီပကိဋ္ဋ၊ ဆီမင်၊ ကျပ်ခိုး။ ဒုန္ဒုဘိ၊ စည်ကြီး။ ဒေါဏိ၊ ရေပက်ခွက်၊ ရေချိုးခွက်၊ ရေပုံး၊ စည်ပိုင်း။ ဒေါလ၊ ဒါန်း၊ ဇယာဉ်၊ ပုခက်။ ဒွါရကောဋ္ဌာက၊ တံခါးမုခ်။ ဒွါရပိဏ္ဍိ၊ တံခါးခုံ။ ဒွါရဗန္ဓန၊ အိမ်ဦး။ ဒွါရဗာဟာ၊ တံခါးလက်ရုံး၊ လက်ကိုင်။ ဒွါရသာခါ၊ တံခါးရွက်။ ဓဇ၊ တံခွန်၊ အောင်လံ၊ တံခွန်တိုင်။ ဓညင်္ဂ၊ ဆန်ကွဲ။ ဓညတ္တစ၊ စပါးခွံ၊ ဖွဲကြမ်း။ ဓမ္မာသန၊ တရားဟော ပလ္လင်။ ဓာတုဃာတ၊

ပုံးရည်။ ဓာတုပ္ပဒိပ၊ ဓာတ်မီး။ ဓာရာဓာရ၊ မိုးတိမ်၊ ဓား၊ သံလျက်။ မုရသတ္တာ၊ ဆွမ်းဦး။ နလဒါ၊ ပျားရည်၊ ပန်းဝတ်ရည်။ နလပင်္ကာ၊ ကျူဖျာ၊ သင်ဖျာ။ နလမီန၊ ပုဇွန်ထုပ်။ နဟာန၊ ရေချိုးကသည်းမှုန့်၊ ဆပ်ပြာ။ နဋမီန၊ ငါးဖောင်ရိုး။ နာရိကေရ၊ အုန်းပင်။ နာလိပဋ္ဋ၊ ဦးထုပ်။ နာဝါ၊ လှေ၊ သင်္ဘော သမ္ဗာန်။ နိဂဋ္ဋ၊ သံခြေကျင်း၊ လက်ထိပ်။ နိဇ္ဈရ၊ ရေပွက်။ နီသာရ၊ သက္ကလပ် စောင်၊ ခြင်ထောင်။ ပသု၊ မြူ၊ မြူမှုံ၊ မြေမှုန့်။ ပဋ္ဋရ၊ ချိုင့်။ ပဋ၊ အဝတ်၊ ပုဆိုး။ ပဋလ၊ အမိုး။ ပဋိစ္ဆာယာ၊ ဓာတ်ပုံ။ ဂရသု၊ ပေါက်ဆိန်၊ ပုဆိန်။ ပရိယင်္က၊ ပလ္လင်၊ နေရာ၊ ထိုင်ရာ။ ပရိယောဂ၊ ဟင်းခွက်။ ပရိသာဝန၊ ရေစစ်။ ပလဏ္ဍု၊ ကြက်သွန်နီ။ ပလိဃ၊ ဖန်ခွက်၊ ရေအိုး။ ပလ္လက်၊ ညောင်စောင်း၊ ခုတင်။ ပလ္လင်၊ နေရာ။ ပါတိ၊ ခွက်။ ပါဒပီဌကာ၊ ခြေဆေး အင်းပျဉ်။ ပါနကူပ၊ ရေတွင်း။ ပါဒုပဓာန၊ ခြေအုံး၊ ခြေတင်။ ဝိစုလ၊ ဝါဂွမ်း၊ ပင်လယ်ရှားပင်။ ပိဋ္ဌ၊ ငှက်တောင်၊ ငှက်မြီး။ ပုဋောလိ၊ ပေါက္ခရ၊ တောင်း၊ ပလုံး။ ပေါတ္ထနီ၊ သားလှီးဓား။ ပေါတ္ထက၊ စက္ကူ၊ ပေ၊ စာအုပ်။ ဖရဝဘ၊ ကွမ်းအစ်။ ဖလကဝိဋ္ဌ၊ မှီရာ။ ဖာဏိတ၊ သကာ၊ တင်လဲ။ ဗဟုက၊ လယ်ပုဇွန်၊ ဂဏန်း၊ ရေကြက်။ ဗဟုကရီ၊ တံမျက်စည်း။ ဗိဇနီ၊ ယပ်တောင်။ ဗေလ္လ၊ ရောက်သီး၊ နာနတ်သီး။ ဗျာသိဂီ၊ ထမ်းပိုး။ ဘင်္ဂါဝါသာ၊ နှင်း။ ဘဏ္ဍာဂါ၊ ခရမ်းပင်။ မတ္တောလ၊ မြေဖြူ။ မဋ္ဌ၊ ညောင်စောင်း၊ ခုတင်။ မဏ္ဍပ၊ မဏ္ဍပ်၊ ယာယီတဲ။

မဒနိ၊ ကတိုး၊ ရေမွှေး။ မဒ္ဒါလုက၊ ကန်ဇွန်းဥ။ မသိကူဝိ၊ မှင်အိုး။ မသိပထ၊ မှင်တန်။ မုတ္တဖလ၊ ပရုပ်။ မုဒ္ဒါယန္တ၊ စာပုံနှိပ်စက်။ ယမိ၊ တုတ်၊ တောင်ဝှေး၊ ပုတီး။ ယာယျယာန၊ ထမ်းစင်။ လဝဏ၊ ငန်သောဆား။ လပိတ္တ၊ တံခဲ၊ တဒင်။ လာခါ၊ ချိပ်။ လေချပတ္တ၊ စာရွက်၊ စက္ကူ၊ ပေ။ လေဠု၊ ခဲ၊ မြေဆိုင်ခဲ။ လေယျ၊ လျက်ဆား။ လောကဝါဒ၊ သတင်းစာ။ ဝဓိရကုဏ္ဍလ၊ စိန်နားကပ်၊ စိန်နားဒောင်း။ ဝဏ္ဏတူလိ၊ ကလောင်သွား၊ နစ်။ ဝန္ဒာ၊ သစ်ခွပန်းပင်။ ဝဖ္ဖ၊ လယ်ပြင်။ ဝရက၊ ပြောင်းဖူး။ ဝရတ္တာ၊ သားရေလွန်း၊ သားရေကြိုး။ ဝါသိ၊ ပဲကွပ်၊ သင်ဓုန်း။ ဝိသာကာ၊ ဦးချို ဆင်စွယ်၊ ဝိရ၊ ချင်း၊ ငြုပ်ကောင်း။ ဝိဟိ၊ ကောက်စပါးပင်။ ဝိဟိဂဗ္ဘ၊ စပါးဖုံး။ ဝိဟိသီလ၊ စပါးနှံ။ သထမုခါ၊ တံမျက်စည်း၊ ဓုတ်၊ ဘီး။ သလာကဘတ္တ၊ စာရေးတန်ဆွမ်း၊ မဲချ၍ လှူသော ဆွမ်း။ သလာဋု၊ သစ်သီးစိမ်း။ သာက၊ ဟင်းသီးဟင်းရွက်။ သာဗန္ဓန၊ ခွေးလည်ပတ်ကြိုး။ သိက္ကာ၊ ကြိမ်ဆိုင်း၊ ကြိုးဆိုင်း၊ ထမ်းရန်ဆိုင်း။ သိခဏ္ဍက၊ ဥဒေါင်းမြီးစည်း၊ ကြက်တောင် စည်း။ သိခါတရု၊ မီးတိုင်။ သိတသက္ကရာ၊ သကြားလုံး။ သုတ္တဝေဌန၊ ယက်ဖောက်လွန်း၊ အပ်ချည်လုံး။ သုပတ္တ၊ ကရဝေးရွက်။ သုစိ၊ အပ်။ သူတိကာဂေဟ၊ သားဖွားခန်း၊ သားဖွားရုံ။ သေကပတ္တ၊ ရေပုံး၊ ရေခွက်။ သေဘိမ၊ မုန်လာ ပင်။ သေပျ၊ သဘော်သီး။ သောပါဏ၊ စောင်းတန်း၊ အခုတ် လှေကား။ သောပါဏဂ်၊ စောင်းတန်းမုခ်ဦး။ သောမ္ဘဂန္ဓိ၊

နှင်းဆီပန်း၊ နှင်းဆီဖြူပန်း။ သောဝီရ၊ ဓီးသီး။ သနာနဝတ္ထ၊ ရေလဲပိုင်း အဝတ်။ ဟတ္ထပုဉ္ဆန၊ လက်သုတ်ပဝါ။ ဟိန္ဒောဟံ၊ ဇယဉ်၊ ပုခက်။ ဟိမတောလ၊ ပရပ်ဆီ။ ဟေမသုတ္တက၊ ရွှေဆွဲကြိုး။ ဟေမဝလယ၊ ပုလဲ။

**ဤမျှ လိုရာကောက်နှုတ်ယူပါလေ။**

**(အဘိဓာန်ပြီး၏)**

# အရှင်ဇဝန၊ပဲခူး၊

## ကျောင်းထိုင်ဘုန်းကြီးမှတ်စု

